H.C.T.C Students

# SHALOM MAGAZINE

2010-2011



# SING for JOY

Zechariah 2:10

အသင်းတော်တွင်းကန့်သတ်



First Year



Second Year

SHALOM
COLOUR PAGE



**Rev. Dr. Samuel San Myat Shwe ( B.Th., Ph.D.)**
**Principal**


Rev. Canon Dr. Saw Maung Doe
(B.A, B.D., M.T.S. PhD )
Dean of Studies


Rev. Richard Gregory Wai Moo
(B.Th., M.A.T.S.)
Dean of Students


Dr. Paul Myint Htet Htin Ya
(B.A, M.Div., M.Th, D.Th. )


Rev. Salai David
(B.A., B.Th., M.A.C.S.)


Saga Hkawng Tawng
(B.Sc., B.R.E., M.A.C.E.)



Saw Hillary Min Min
(B.A., B.Th., M.Th in Music)


Naw Myat Su Mon
( B.Sc., B.Th., M.T.S (USA)


Naw Lwin Thida Myint
(B.Sc., B.Th., M.T.S )


Rev. Dr. Simon Be Bin Htu
(B.Sc., M.Div., M.Th., D.Min.)


Most Rev. Dr. Samuel San Si Htay
( B.A., B.R.E., D.D.)


U Aung Hla Tun
B.E., M.E. (Metallurgy)


Rev. U Kyaw Nyunt
( M.Phil)





H.C.T.C Students


Rev. Smith Ngulh Za Htawng
(B.Sc., B.R.E., M.Th., F.D.C.S.)



Rev. Reginald Bennett
(B.Sc., B.Th., B.R.E., M.Th.)


Daw Mya Mya Nyein
(B.Sc., B.Ed.,)


Naw Sheba Movin
( B.A)


Daw kareng Tawn
(M.A., B.R.E)



Dr. Khin Thida Nyunt
(B.Sc., M.Div., M.Th., D.Min)


Decon David Judson Hogarth


Naw Mercy See Sein Soe
(Library-Staff)
Saw John Thet Lwin
(Librarian)
Daw Wai Wai Myint
( Asst. Librarian)


Mai Myat Su Mon
(Office Staff)
Nant Thandar Win
Naw Martha


Saw David
(Gardener)
Nant Yi Yi Win
(Cook)
U Saw Myat Thin
(Keeper)






SHALOM
COLOUR PAGE
စိန့်ရာတု
ပုံရိပ်များ



၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် ဘွဲ့ရရှိသူများ



SHALOM
COLOUR PAGE

# စိန်ရတု ပုံရိပ်များ






















SHALOM
COLOUR PAGE















# လှုပ်ရှားမှု ပုံရိပ်များ








# ဥယျာဇဉ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ရှာလုမ်မဂ္ဂဇင်း စာဖတ်ပရိသတ်များအပေါ် ဘုရားသခင်ထံမှ ငြိမ်သက်ခြင်းနှင့် ကောင်းချီးမင်္ဂလာ သက်ရောက်ပါစေ။

တစ်နှစ်ပြီးတစ်နှစ် ဤ ရှာလုမ်မဂ္ဂဇင်းအပေါ် ဘုရားသခင်ပို့ဆောင်လျက် (၂၉)အုပ်မြောက်တိုင်အောင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏ ဝိညာဉ်ရေးစာပေတစ်ခုအနေဖြင့် အသုံးပြုသည့်အတွက် ကျေးဇူးတော်ချီးမွမ်းမိပါသည်။ ရှာလုမ်မဂ္ဂဇင်း စတင်ဖြစ်ပေါ်လာသည့် အချိန်မှစ၍ ခေတ်အဆက်ဆက် ကျောင်းသား/သူများ၏ ဝိညာဉ်ရေးဆိုင်ရာ အသိအမြင်များ၊ သက်သေခံချက်များ၊ ဝိညာဉ်ရေးဆိုင်ရာစာပေအရသာအမျိုးမျိုးကို ဤ ရှာလုမ်မဂ္ဂဇင်းအားဖြင့် ကြိုးစားတင်ပြခဲ့ကြပါသည်။ ဤစာသင်နှစ်ဖြစ်သည့် ၂၀၁၀-၁၁ စာသင်နှစ်တွင်လည်း **သီချင်းဆို၍ ရွှင်လန်းလော့** (ဇာခရိ ၂း၁၀) ကိုအခြေခံ၍ ရှာလုမ်မဂ္ဂဇင်းကို စာဖတ်ပရိသတ်များအား ထပ်မံတင်ပြထားပါသည်။ မိမိတို့၏အသက်တာ၌ အခက်အခဲ၊ စိန်ခေါ်မှုများ၊ စိတ်ပျက်အားလျော့ဖွယ်ရာများ၊ ရှုပ်ထွေးစေသောအရာများ စသည်ဖြင့် ရှိမည်ဖြစ်သော်လည်း ဘုရားသခင်ရှေ့ အစဉ်သဖြင့် ရွှင်လန်းစွာဖြင့် သီချင်းဆိုနိုင်သောသူ တစ်ဦးတစ်ယောက်စီဖြစ်ရန် အရေးကြီးကြောင်း ခွန်အားပေးထားပါသည်။ ဤကဲ့သို့ အသက်ရှင်ခြင်းသည်လည်း ယုံကြည်သူတစ်ဦး၏ စစ်မှန်သော ဝိညာဉ်ရေးသဘောနှင့်ပြည့်ဝခြင်းတစ်မျိုးပင် ဖြစ်ပါသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်အနေဖြင့် ဤစာသင်နှစ်ကို ရွှင်လန်းစွာ သီချင်းဆိုလျက် ကျော်ဖြတ်လျှောက်လှမ်းရန် ကြိုးစားသကဲ့သို့ စာဖတ်ပရိသတ်များနှင့် အသင်းသူအသင်းသားများသည်လည်း မိမိတို့၏ဘဝအသက်တာနှင့် အမှုဆောင်ခြင်းကို ရွှင်လန်းစွာ သီချင်းဆိုလျက် လျှောက်လှမ်းကြည့်ရန် အားပေးတိုက်တွန်းလိုပါသည်။ အမှန်ပင် ထူးခြားမှုများနှင့် ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကို မြည်းစမ်းခံစားရမည် ဖြစ်သည်။

***အို ဇိအုန်သတို့သမီး၊ သီချင်းဆို၍ ရွှင်လန်းလော့၊ ငါ လာ၍***
***သင့်အလယ်၌နေမည်ဟု***
***ထာဝရဘုရား မိန့်တော်မူ၏။***

အမှုတော်မြတ်၌ အစဉ်ရွှင်လန်းရန် ကြိုးစားလျက်

ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ
ကျောင်းအုပ်ကြီး

# Shalom MAGAZINE 2010-2011


ဥယျာဇဉ် ၁
အယ်ဒီတာ့စကား ၂
ရှာလုမ်မဂ္ဂဇင်းကော်မတီ ၅
ကျေးဇူးတင်လွှာ ၆

က ဗျ ာ
ထိုသူဟာ ... ၇ ဝလုံး
ဒေါင်ဒေါင်မြည်မှ အိုး ၈ ကိုတံငါ
အသင်းတော် ၉ ကြယ်စင်
ကာရန်မညီသောည ၁၀ ပဲ့ကျိုး
မသိနိုင်သောမေတ္တာ ၁၁ ထိန်ကုန်းမြေမှ လေိယ
ခေါင်းပေါင်းသစ် ၁၂ ဆဲဗင်းမွန်း
အကျင့် ၁၃ အလု (Servent)

က ာ တွ န် း
မောင်ကောင်းကြီး ၁၄
လင်းယုန်ဖြူ

စ ာ ညွှ န်း
မြဟ္မစိုရ်တရား-လက်ကိုင်ထားမှ ကမ္ဘာကြီးငြိမ်းချမ်းမည် ၁၈ ဒေါ်စည်စည်လျာဘိုးကဲ

ရ င် တွ င် း စ က ာ း
၂၀၁၀/၂၀၁၁ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ ၁၉

ကျ မ် း အ န က် ဖွ င့်
သီချင်းဆို၍ ရွှင်လန်းလော့ (ဇာခရိ ၂း၁၀) ၃၂ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘာ

တွေ့ ဆုံ ခြ င် း
စစ်တွေသာသနာပိုင်ကြီးနှင့် တွေ့ဆုံခြင်း

ဆ ာ င် း ပါ း
လူသားတိုင်း သီချင်းဆို၍ ရွှင်လန်းနိုင်သောသူဖြစ်ပါစေ
အသင်းတော်ကိုယ်ပိုင်ရပ်တည်ရေး ၃၇ ဘီလူးသခင် (ကချင်ပြည်နယ်)
အိမ်မဲကြီး ၃၉ စိန်ပါတီ
အချိန်အခါ နေ့ရက်ဆိုင်ရာ ဓမ္မသီချင်းများကို .. ၄၃ ပြည့်ငြိမ်းအေး
ဗိုလ်တစ်ထောင် အင်းယားမှသည် ကောင်းကင်ရွှေပြည်ဆီ ၄၆ ဖြူစင်
 ၄၉ လုကာ

ဘုရားသခင်ဖန်ဆင်းထားသောသဘာဝပတ်ဝန်းကျင်ကို
ထိန်းသိမ်းစောင့်ရှောက်ခြင်း ၅၁ ဦးအောင်လုထွန်း
ဘုရားသခင်နှင့်အတူ လျှောက်လှမ်း၍ ဝိညာဉ်ခွန်အား ဆောက်တည်ခြင်း ၅၇ နော်လွင်သီတာမြင့်
ပြောပါရစေ ၆၀ ဦးကရင်
တို့ဘိုးဘွားအမွေစစ်မို့ ထိန်းသိမ်းကြပါစို့ ၆၉ ကရိုင်တောင်
ဝိညာဉ်ကိုပျက်စီးဆုံးရှုံးစေတတ်သော အပြစ် (၇) ပါးနှင့် ပတ်သက်၍ .. ၇၂ ဆလိုင်းရှိမုန် (ပန်းတောင်း)
ပတ်ဝန်းကျင်ကပေးတဲ့ သင်ခန်းစာများ ၁၁၆ မောင်ကောင်းကြီး
မမေ့နိုင်သော (၃) ရက် အတွေ့အကြုံ ၈၂ ဘုန်း/ကင်နွန် ဒေါက်တာ မာကု စောမောင်ဒို

စ ာ တ မ် း
ယေရှု၏ စုံစမ်းခံတော်မူခြင်းကို ဆင်ခြင်သုံးသပ်ခြင်း ၆၂ ဒေါက်တာပေါလ်မြင့်ထက်ထင်ရ

တ ရ ာ း ဒေ သ န ာ
ဇွဲဆု (ကမ္ဘာဦးကျမ်း ၃၂း၂၄-၂၉) ၇၇ ဂျိုးဇက်ဘရန်မိုင်

သ က် သေ ခံ ချ က်
"ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့်" ၈၁ ဖွေးဘော (ဒုတိယနှစ်)
ဆုတောင်းခြင်း၏တန်ခိုး ၈၇ မိုင်မေမီနန်း (ပထမနှစ်)
သတိရနေမှာပါ ၈၉ ကီမိုမြေမှ (စတီဗင် B.Th IV)
."ရွှေရတုမှသည်" ၉၄ ဘော်ဒွေးကြာ (ဘားအံ)

ဟ ာ သ ၉၃

ကွ င် း ဆ င် း လေ့ လ ာ ခြ င် း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ တတိယနှစ်ကျောင်းသား/သူများ၏
တစ်လတာ (Internship) ကွင်းဆင်းလေ့လာခြင်းခရီးစဉ် (မော်လမြိုင်မြို့) ... ၉၀
ထီးဒေးနယ်မှ ရောင်စုံရသများ ၉၆ စောကလိုထူးဝါး (တတိယနှစ်)

ဝ တ္ထု
မင်းမိုရ်ထက်မြင့်သောမေတ္တာ ၁၀၂ အားမိုင် (နာဂရိပ်သာ)
လျှို့ဝှက်သင်တန်း ၁၀၈ နှင်းဆီအိမ်

English Section
Etiquette to be observed ၁၁၃ Revd. Salai David


Shalom MAGAZINE 2010-2011

# အယ်ဒီတာ့ စကား



ယနေ့ထိတိုင် ရှာလုမ်ငှက်ငယ်အား ဝိညာဉ်ရေးရာမျိုးစေ့များကို လိုက်လံဝေငှရန်အတွက် ပျံသန်းခွင့်ပေးတဲ့ ဘုရားသခင့်ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ နောင်တော်ကြီးတို့ရဲ့ လက်ဆင့်ကမ်း ပခုံးလွှဲအပ်ခြင်းကိုခံယူရင်း ရှာလုမ်မဂ္ဂဇင်းကို ဝါသနာအရင်းခံကာ ဘုရားထံ ခုန်အားယူကြလျက် ရှာလုမ်စာတည်းအဖွဲ့မှ ထပ်မံထုတ်ဝေလိုက်ပါသည်။

ရှာလုမ်ငှက်ငယ်မှရရှိလာသော ရောင်စုံရသအားဖြင့် မိတ်ဆွေတို့သည် ...

- ချိုးငှက်ကလေးကဲ့သို့ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်းကို ရရှိနိုင်ပါစေ။
- ရွှေလင်းယုန်ငှက်ကဲ့သို့ ခွန်အား အသစ်တစ်ဖန် ပြန်လည်ရရှိနိုင်ပါစေ။
- ဇီးကွက်ငှက်ကဲ့သို့ လောကကြီးကို ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်နိုင်ပါစေ။
- [illegible]ငှက်ကဲ့သို့ နေ့စဉ်နေ့တိုင်း ဘုရားကျေးဇူးကို လွမ်းဆွတ်အောက်မေ့နိုင်ပါစေ။
- လေယာအား အမဲသား ပို့ဆောင်ပေးခဲ့သော ကျီးငှက်ကဲ့သို့ အမှုတော်လုပ်ငန်းမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်အားဖြည့်နိုင်ပါစေ။
- အောက်ချင်းငှက်ကဲ့သို့ ခရစ်တော်အပေါ်၊ အချင်းချင်းအပေါ် သစ္စာတရား ခိုင်မြဲနိုင်ပါစေ။
- ရွှေဥဒေါင်းကဲ့သို့ လောကအလှဆင်နိုင်ကြပါစေ။
- စာငှက်ကဲ့သို့ စိုးရိမ်ခြင်းအမှုနှင့် ကင်းနိုင်ပါစေ။
- ကျေးငှက်ကဲ့သို့ အစဉ်အမြဲ ဂုဏ်တော်ချီးမွမ်းနိုင်ပါစေ လို့ ဆန္ဒပြုရင်း ...

ရှမ္မေလ စောခလေးစော
တာဝန်ခံစာတည်း



# ရှာလုမ်မဂ္ဂဇင်းကော်မတီ

| | |
|---|---|
| နာယက | - ဘုန်းတော်ကြီးဒေါက်တာရှမ္မေလစံမြတ်ရွှေ |
| အကြံပေးနှင့် စာမူစိစစ်ရေး | - ဘုန်းတော်ကြီးကင်နွန်ဒေါက်တာမာကုစောမောင်ဒို၊ |
| | ဆရာကြီးဦးအောင်လှထွန်း၊ ဘုန်းတော်ကြီးရစ်ချက်ဝေမှူး |
| တာဝန်ခံစာတည်း | - စောခလေးစော |
| တွဲဖက်တာဝန်ခံစာတည်း | - ဇော်ခွန်းဒူ |
| သဘာပတိ | - ဆလိုင်းနောကာ |
| တွဲဖက်သဘာပတိ | - မမိုးမိုးဝင်း |
| စာတည်းအဖွဲ့ဝင်များ | - နော်အယ်ဝါး (ကဗျာ) |
| | ဂျိုးဇက်နော်ဆန်း (ကာတွန်း၊ ဟာသ) |
| | စောကလိုထူးဝါး (သက်သေခံချက်) |
| | ဒံယေလစနိုင်ထွင့်ဦး၊ နော်ပလေလိုဖော (အင်တာဗျူး) |
| | ဘရန်အောင်၊ နော်အက်ကနက်(စ်) (ဆောင်းပါး) |
| | စထွန်းထွန်းဝင်း (ဓါတ်ပုံနှင့် ဝတ္ထု) |
| ဖြန့်ချိရေးအဖွဲ့ | - ရေဗက္ကာဂျိုးတောင် (မြစ်ကြီးနား) |
| | - မသန်းသန်းနု (မန္တလေး) |
| | - အိုက်ထွန်းနိမ် (စစ်တွေ) |
| | - စထွန်းထွန်းဝင်း (ရန်ကုန်) |
| | - စောကလိုထူးဝါး (တောင်ငူ) |
| | - စောခလေးစော (ဘားအံ) |
| ရှာလုမ်ဘဏ္ဍာထိန်း | - မအေက်စတာ |
| တွဲဖက်ဘဏ္ဍာထိန်း | - မသန်းသန်းနု (ခ) အိဖြူ |

# ကျေးဇူးတင်လွှာ



သန့်ရှင်းသောကားတိုင်မွေတက္ကသိုလ်၏ တစ်ခုတည်းသော ရှာလုမ် မဂ္ဂဇင်းကို ၂၀၁၀-၁၁ စာသင်နှစ်တွင်လည်း ဆက်လက်ထုတ်ဝေခွင့်ပေးသော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ရှာလုမ်မဂ္ဂဇင်းအတွက် ငွေကြေးအားဖြင့်သော်လည်းကောင်း၊ သတိရ ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ အကြံပေးကြသော ကျောင်းအုပ်ကြီး ဘုန်းတော်ကြီး ဒေါက်တာ ရှမွေလစံမြတ်ရွှေနှင့် အကြံပေးပုဂ္ဂိုလ်များ၊ စာချဆရာ/မများ၊ မအားမလပ်သည့်အချိန်ကြားထဲကပင် ဤမဂ္ဂဇင်း အတွက် စေတနာဖြင့် အချိန်ပေးရေးသားပေးခဲ့ကြသော စာပေပညာရှင်များ၊ ကူညီအားပေးနေကြသော သန့်ရှင်းသော ကားတိုင်မွေတက္ကသိုလ်မှ လုပ်ဖော်ဆောင်ဘက်သူငယ်ချင်းများ၊ ရှာလုမ်မဂ္ဂဇင်းအား နှစ်စဉ် အမြဲအားပေး ဖတ်ရှုပေးကြသော ရှာလုမ်စာဖတ်ပရိသတ်များ၊ ရှာလုမ်မဂ္ဂဇင်းအတွက် အဘက်ဘက်မှ ပါဝင်ကူညီလုပ်ဆောင်ခဲ့ကြသော အဖဘုရားသခင်၏ သားသမီး အကြီးဆုံးမှအငယ်ဆုံးတစ်ဦးစီနှင့်တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို ဂါရဝပြုလျက် အထူးကျေးဇူးတင်ရှိပါသည်။

အိုက်နေ့ဘာ

(သဘာပတိ)






# ထိုသူဟာ . . .

ချစ်သူက "ချစ်ရဲ့လား" လို့ မေးလာတဲ့အခါတိုင်း
"မိုးလောက်ကြီးချစ်တယ်" ချက်ချင်းဖြေခဲ့သူ

ခရစ်တော်က "မင်း ငါ့ကိုချစ်လား" လို့မေးတဲ့ခါ
"ချစ် . . ချစ် . . ချစ်ပါတယ်" လို့ တွန့်ဆုတ်စွာ ဖြေခဲ့သူ

ချစ်သူ့စာကို မလွတ်တမ်းဖတ်ခဲ့ပေမယ့်
သခင့်အကြောင်းပါ သမ္မာကျမ်းကို ဘေးဖယ်ထားသူ

ချစ်သူနဲ့ချိန်းရင် မပျက်ကွက် တန်ဖိုးထားပေမယ့်
ခရစ်တော်နဲ့ချိန်းရင် အမြဲတမ်းနောက်ကျသူ

ချစ်သူက "မလုပ်နဲ့" ဆို လိုက်နာခဲ့ပေမယ့်
သခင့်ပညတ်မစောင့်ထိန်းလို့ ဖောက်ဖျက်ခဲ့သူ

ချစ်သူက "ခဏလိုက်ခဲ့" ဆို ပျော်မတတ်အောင် လိုက်ခဲ့သူ
ခရစ်တော်ခေါ်တဲ့အခါ "ဟာ . . . ခက်တော့တာပဲ" လို့ ပြောခဲ့သူ

ချစ်သူ့မျက်နှာညှိုးငယ်မှာ မကြည့်ရက်ခဲ့ပေမယ့်
ခရစ်တော်မျက်ရည်သွေးစီးကျတာကို ကြည့်ရက်ခဲ့သူ

ထိုသူဟာ . . .

# ခေါင်ခေါင်မြည်း နဲ့

နလုံးသားမြေကို သခင့်လက်နဲ့ ညက်ညက်ခြေ
နှုတ်ကပတ်တော်ရေသွန်းကာ ပျော့အောင်နယ်
သခင့်အကြံလောကခံက လိုရာပုံသွင်း
သွန်သင်ခြင်း မီးပြင်းပြင်းတိုက်လို့
သက်စမ်းရေထည့်ကာထားတဲ့
ရေကိုသာဆာ
လာသူတိုင်း သောက်ကာသုံးဖို့
မြေခွက်အိုး ။



ISBN 54R0-0021
0000000P184P000000



# အသင်းတော် ဘယ်မှာ

သူငယ်ချင်းရေ …
အသင်းတော် ဆိုတာ
စိတ်ကြိုက်စီစဉ်ခင်းကျင်းရတဲ့
စစ်တုရင်ကွင်း မဟုတ်ပါဘူး။

အသင်းတော် ဆိုတာ
လိုချင်သလောက် ရောင်းဖို့ဝယ်ဖို့
ဈေးဆိုင်ခန်းလည်း မဟုတ်ပါဘူး။


အသင်းတော် ဆိုတာ
ပြစ်တင်ဝေဖန်စီရင်ချက်နဲ့
တရားရုံးလည်း မဟုတ်ပါဘူး။

အသင်းတော် ဆိုတာ
ဘောဘီဖိုက်တာ ဆုညှိပွဲကျရာ
မှုကြိုကျောင်းလည်း မဟုတ်ပါဘူး။

အသင်းတော် ဆိုတာ
အာဟာရအတွက် စားသောက်ခန်း၊
အာဟာရအတွက် စားသောက်ခန်း၊
သန့်စင်ပေးတဲ့ရေချိုးခန်း၊
ကောင်းကင်သွားမယ့် မီးရထား၊
ဒုက္ခသည်တွေရဲ့နားခိုရာ
….
ခိုင်းနှိုင်းစရာဥပမာက အများသား
တကယ်တော့
သူငယ်ချင်းရေ
အသင်းတော် ဆိုတာ
အချင်းချင်းထောက်မထားတဲ့အင်္ဂါတွေနဲ့
ခန္ဓာကိုယ်တစ်ခုပါ…။



ISBN 54R0-0021
0000000P184P000000



# ကျော်မြည်သော ပုံဂြိုဟ်

ဟစ်...ပော့...တွေနဲ့
တီး...ခေါက်တဲ့သံစဉ်တွေကြား
လွမ်းတစ်ခါ...ငိုတစ်လှည့်နဲ့
သီဆိုခဲ့တာ...

အားအင်တွေကုန်ခမ်း
မျက်ရည်များခမ်းခြောက်
အမောလည်းဖောက်နေပြီ။
ဒါပေမဲ့...
ခရီးမရောက်သေးတာ
ဘာကြောင့်လဲ
လက်ခုပ်သံတွေကြားချင်တယ်
ခဲ့နဲ့ပေါက်...ခဲ့နဲ့ပေါက်...
နဲ့ပေါက်.....
.......ပေါက်။




# မည်သို့သောမေတ္တာ

ပန်းကလေးတွေက ဝေဆာလန်းဆန်းနေပေမယ့်
နလုံးသားကို ပျော်စေတာက လိုနေပါသေးတယ်။
ဒါပေမဲ့ လောကကြီးရယ် ရင်ထဲကအရာတွေကို
ဘယ်သူသိနိုင်မှာလည်းကွယ်....

လူသားများစွာက မေတ္တာတော်နေပေမယ့်
ရှာဖွေနေသောသူ နည်းနေပါသေးတယ်
ဒါပေမဲ့ လောကကြီးရယ် လိုအပ်တာတွေကို
ဘယ်သူသိနိုင်မှာလည်းကွယ်....

ယုံကြည်သူတွေက ဘုရားရှင်ကို ရှာနေပေမယ့်
မတွေ့ကြတာ ရှိနေပါသေးတယ်
ဒါပေမဲ့ လောကကြီးရယ် ရှာဖွေရမယ့်အရာကို
ဘယ်သူသိနိုင်မှာလဲကွယ်....

မသိလွန်းလှတဲ့အရာတွေက များနေပေမယ့်
သိနိုင်သောအရှင်က ဖြေပေးနေပါတယ်
ဒါပေမဲ့ လူသားများရယ် မေတ္တာဆိုတဲ့အရာကို
ထားရှိဖို့ရန် လိုအပ်ပါသေးတယ်ကွယ်....



## ကာရန်မညီသော
ပုံကြိုး

ဟစ်...ပေဘ့...တွေနဲ့
တီး...ခေါက်တဲ့သံစဉ်တွေကြား
လွမ်းတစ်ခါ...ငိုတစ်လှည့်နဲ့
သီဆိုခဲ့တာ...

အားအင်တွေကုန်ခမ်း
မျက်ရည်များခမ်းခြောက်
အမောလည်းဖောက်နေပြီ။
ဒါပေမဲ့...
ခရီးမရောက်သေးတာ
ဘာကြောင့်လဲ
လက်ခုပ်သံတွေကြားချင်တယ်
ခဲနဲ့ပေါက်...ခဲနဲ့ပေါက်...
နဲ့ပေါက်.....
.......ပေါက်။




## မသိနိုင်သောမေတ္တာ
ထိုက်ကျန်းမြဲမောင်

ပန်းကလေးတွေက ဝေဆာလန်းဆန်းနေပေမယ့်
နလုံးသားကို ပျော်စေတာက လိုနေပါသေးတယ်။
ဒါပေမဲ့ လောကကြီးရယ် ရင်ထဲကအရာတွေကို
ဘယ်သူသိနိုင်မှာလည်းကွယ်....

လူသားများစွာက မေတ္တာငတ်နေပေမယ့်
ရှာဖွေနေသောသူ နည်းနေပါသေးတယ်
ဒါပေမဲ့ လောကကြီးရယ် လိုအပ်တာတွေကို
ဘယ်သူသိနိုင်မှာလည်းကွယ်....

ယုံကြည်သူတွေက ဘုရားရှင်ကို ရှာနေပေမယ့်
မတွေ့ ကြတာ ရှိနေပါသေးတယ်
ဒါပေမဲ့ လောကကြီးရယ် ရှာဖွေရမယ့်အရာကို
ဘယ်သူသိနိုင်မှာလဲကွယ်....

မသိလွန်းလှတဲ့အရာတွေက များနေပေမယ့်
သိနိုင်သောအရှင်က ဖြေပေးနေပါတယ်
ဒါပေမဲ့ လူသားများရယ် မေတ္တာဆိုတဲ့အရာကို
တားရှိဖို့ရန် လိုအပ်ပါသေးတယ်ကွယ်....



# ခေါင်းပေါင်းသစ်

ခဲမင်းပွဲမှုံ

နာဂစ်လေရိုင်း၊ ထင်ရာစိုင်း
ခေါင်းပိုင်းပျက်စီး၊ ဝတ်ကျောင်းကြီး
မရှုရက်စွ၊ ရုပ်ဆိုးလှ
ခေါင်းပေါင်းကျွတ်ကျ၊ ပုံသို့ဗျ။

မရှိန့်မ်းပါ၊ စိတ်ချောက်ချား
စိန့်ချွန်းမိသား၊ သောကပွား
သို့ဖြားဘုရား ပစ်မထား
စေတနာရှင်များ သုသုံးသွား၊

ဘုရားရှင်၏မင်္ဂလာအပေါင်း
ဒကာတို့အပေါ်သို့ စုပုံလောင်း
ဝိုင်းကာဆုတောင်း လှူဒါန်းကြောင်း
ကျက်သရေခေါင်းပေါင်း ပြန်၍ဆောင်း
ညီအစ်ကိုမောင်နှမအားလုံးက
ခေါ်ဆိုပါဗျ၊ သာဓုတဝ
ယနေ့မြင်ရ မောင်ချွန်းအလှ
ခေါင်းပေါင်းအစ တစ်လှလှပ
နေခြည်ပွင့်လို့ သက်တံပေါ် ဖြီဗျ။




# အကျွင့်

ဒါရ (Servent)။

ပြီးတော့ပြီးပါရဲ့
စိတ်ထဲကတော့ မပါဘူး
ချစ်တော့ချစ်ပါရဲ့
ကိုယ်နဲ့အမျှတော့ မဟုတ်ဘူး
သူ့အပြစ်ကို ခွင့်လွှတ်ပါရဲ့
အကြွင်းမဲ့တော့ မဟုတ်ဘူး
နှုတ်ကပတ်တော်ကို ဖတ်တော့ဖတ်ပါရဲ့
နှလုံးသားထဲ မစွဲဘူး
ဘုရားကျောင်းတော့ တက်ပါရဲ့
မိတ်သဟာယတော့ မရှိဘူး
ဘုရားတော့ နေ့တိုင်းရှိခိုးပါရဲ့
ယုံကြည်ခြင်းတော့ မပါဘူး
ဘုရားအကြောင်းတော့ ပြောပါရဲ့
လေးနက်မှုတော့ မရှိဘူး
ဒီလိုပဲလားကွယ်
ဘဝအသက်တာ
တို့ (လူသား) ဆင်ခြင်ဖို့တော့ ကွယ်....။



SHALOM CARTOON





ကာတွန်း+ဟာသ - မောင်ကောင်းကြီး




SHALOM CARTOON




ကာတွန်း - သင်းယုန်မြ
ဟာသ - မောင်ကောင်းကြီး


SHALOM CARTOON
မိုးမိုး ပါးပါးကို ငွေ မရှာခိုင်း နဲ့တော့နော်
ဘာဖြစ်လို့လဲ ဖိုးခွား၊ ပါးပါး ငွေမရှာရင် ဖိုးခွားဖြစ်ချင်တဲ့ သူဋ္ဌေးသား ဘယ်လိုဖြစ်လာနိုင်တော့မလဲ
ဟင့်အင်း ခရစ်တော်ကပြောတယ်၊ ချမ်းသာတဲ့လူတွေက ကောင်းကင်နိုင်ငံဝင်ရခက်ခဲတယ် တဲ့
ဟိုက်
ကာတွန်း+ဟာသ - မောင်ကောင်းကြီး




SHALOM CARTOON
ဟဲတော် ဟိုမှာကြည့် ဘုန်းကြီးကတော်က ရွှေဆွဲကြိုးတွေဘာတွေနဲ့တော့
ငါဝတ်ထားတာ အတုမှန်း ဘယ်သူမှမသိကြဘူး ဟိဟိ . .
ဟဲ့ သေချာကြည့် အဲဒါ အစစ်မဟုတ်ဘူး အတု အတု . .
ဪ ဒီလိုလား အိုး အိုး ငါ အမှုတော်ဆောင်နဲ့မယူခဲ့မိတာ ကျေးဇူးတော်ပဲ ဟာလေလုယာ
တို့လည်းလေ မိန်းမသားပေမို့ လှချင်တာပေါ့ ငဲ ငဲ . . .
မောင်ကောင်းကြီး

# မေတ္တာစိတ်ဓါတ်ရေး–လက်ကိုင်ထားမှ ကမ္ဘာကြီးငြိမ်းချမ်းမည်



မေတ္တာမပါတဲ့စကားလုံးထက် စကားလုံးမပါတဲ့မေတ္တာနဲ့
ဆက်ဆံတတ်ပါစေ။

ကရုဏာမပါတဲ့အပြုအမူထက် အပြုအမူပါတဲ့ကရုဏာက
စေတနာထက် မြတ်ပါတယ်။

မုဒိတာမပါတဲ့ဝမ်းမြောက်ခြင်းထက် ဝမ်းမြောက်ဝမ်းသာရှိတဲ့
မုဒိတာကို ကျင့်သုံးပါ။

သူတစ်ပါး ကောင်းကံ၊ ဆိုးကံကို အမှန်မြင်တတ်ပြီး
မိမိရဲ့ကောင်းကံ ဆိုးကံကို ဥပေက္ခာတရား ရရှိနိုင်ပါစေ။

လောကကြီးမှာ ဘဝချိန်ခွင်လျှာမညီမျှတာ သဘာဝပါ။
ညီမျှစေချင်ရင် "မေတ္တာ" ဆိုတဲ့ အလေးဆောင်ထားပါ။"

ဒေါ်စည်စည်လျာဘိုးကဲ



# ရှင်တွင်း စကား

(ပထမနှစ်)



၁။ အမည် - ရှမွေလဇော်ဆိုင်း
မွေးသက္ကရာဇ် - ၂၂.၂. ၁၉၉၁
လူမျိုး - ကချင်(ဂျိန်းဖော)
ဘုန်းကြီးပိုင်နယ် - ရှင်ယာကုပ်အသင်းတော်(ကသာ မိုးတားကြီး)
သာသနာပိုင် - မန္တလေးသာသနာပိုင်နယ်

"ခက်ခဲမှုထဲမှ ဘုရားသခင်၏ အစေခံဖို့လာရောက်ပြင်ဆင် ခွင့်ရသောကြောင့် ဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ကျွန်ုပ်၏အသက်တာမှာ ကြမ်းတမ်းသော်လည်း ပြုံးပြုံးလေးနဲ့ ရင်ဆိုင်ဖို့အသင့်ပါ။"



၂။ အမည် - ဂျူးလော့ကျောက်ထက်
မွေးသက္ကရာဇ် - ၂၄.၆.၁၉၉၀
လူမျိုး - ခူမီးချင်း
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရုဘုန်းကြီးပိုင်နယ်(လိပ်ကုန်းရွာ)
အသင်းတော် - စစ်တွေသာသနာပိုင်နယ်

"ခသ ၂၀၁၀မှစ၍ ကျွန်တော် ဘုရားအမှုတော်ဆောင် ကောင်းတစ်ယောက်ဖြစ်ဖို့ အသက်တာကို ဘုရားရှင်ထံအပ်နှံလိုက်ပါပြီ။"



၃။ အမည် - ယာကုပ်ဘရန်မိုင်
မွေးသက္ကရာဇ် - ၁၉.၁၁.၁၉၈၇
လူမျိုး - ကချင် (ဂျိန်းဖော)
ဘုန်းကြီးပိုင်နယ် - အင်းတော်ဘုန်းကြီးပိုင်နယ်ရှင်ပေါလု(နမ်းခမ်း)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်

"ကျွန်ုပ်၏အမှုတော်ဆောင်ခြင်းသည် ခရစ်တော်နှင့်အသင်းတော်အတွက်သာဖြစ်သည်။"



၄။ အမည် - ဆလိုင်းစတီဗင်နှင်းအောင်
မွေးသက္ကရာဇ် - ၂.၄.၁၉၈၉
လူမျိုး - အရှိုချင်း
ဘုန်းကြီးပိုင်နယ် - ရှင်ပေါလုအသင်းတော် (ကြာအင်းရွာ)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

" ဗလာနလုံးသားကို ဘုရားသခင်တစ်ပါးတည်းသာ ဖြည့်ဆည်းပေးနိုင်၏။ ဘဝ၏ကျေနပ်ပြည့်စုံမှုကို သခင်ပေးလိမ့်မည်။ အကောင်းကိုအကောင်းဖြင့်တုံ့ပြန်ခြင်းသည်လူသားဆန်မှုဖြစ်ပြီး အဆိုးကိုအကောင်းဖြင့်တုံ့ပြန်ခြင်းက မြင့်မြတ်သော ဘုရား၏အမှုဖြစ်သည်။"

၅။ အမည် - စအန္ဒြေမော်
မွေးသက္ကရာဇ် - ၁၅ ·၉·၁၉၇၉
လူမျိုး - ကရင်လူမျိုး
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေအသင်းတော် (ကျွန်းချောင်း)
သာသနာပိုင်နယ် - ရန်ကုန်သာနာပိုင်နယ်



"ကိုယ်တော်ရဲ့အမှုတော်ကို စွန့်လွှတ်အနစ်နာခံမှုသက်သက်ဖြင့်သာ ရွေးချယ်ခဲ့သည့်အတွက် အကျွန်ုပ်အား ခံနိုင်ရည်ခွန်အား ပေးပါအရှင်ခရစ်တော်ဘုရား ။ အာမင်။ "

၆။ အမည် - မသန်းသန်းနု (ခ) အိဖြူ
မွေးသက္ကရာဇ် - ၂၀·၂·၁၉၈၇
လူမျိုး - ဗမာ
ဘုန်းကြီးပိုင်နယ် - ခရစ်တော်ဘွဲ့ ကသီခြယ်
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်



"လူသားရယ်လို့ ဖြစ်လာလျှင်ကမ္ဘာအခက်အခဲတွေနင့်ကြုံရစမြဲပါ။ ဘယ်လိုဘဲဒုက္ခအခက်အခဲတွေကြုံလာပါစေ ဘုရားသခင်နှင့်အတူရင်ဆိုင်ကျော်လွှားသွားမယ်။"

၇။ အမည် - မရေဗက္ကာဂျီးတောင်
မွေးသက္ကရာဇ် - ၁၈·၇·၁၉၈၉
လူမျိုး - ကချင်(ဂျိန်းဖော့၊ ခနူး)
ဘုန်းကြီးပိုင်နယ် - ခရစ်တော်ဘုရင်မင်းဘွဲ့ခံကသီခြယ်
သာသနာပိုင်နယ် - မြစ်ကြီးနားသာနာပိုင်နယ်



"ဘုရားရဲ့အလိုတော်ကိုလူသားတို့မသိနိုင်ပါ၊ ထို့ကြောင့် ကျေးဇူးတော်ကိုချီးမွမ်းလျက် အမှုတော်ဆောင်မယ်။"

၈။ အမည် - မိုင်မေမီနန်း
မွေးသက္ကရာဇ် - ၁၄·၂·၁၉၉၀
လူမျိုး - အရှီချင်း
အသင်းတော် - ရှင်မသီအသင်းတော် (ဥသျှစ်ပင်)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



"ဘဝမှာ အရာရာပြောင်းလဲနေပေမဲ့ မပြောင်းလဲဖို့က ဘုရားပေါ်မှာထားတဲ့ ကိုယ့်ရဲ့ယုံကြည်ခြင်းဘဲ။"

၉။ အမည် - အိုင်းရင်းကျင်ယာနိမ်
မွေးသက္ကရာဇ် - ၁၅·၁၀·၁၉၈၈
လူမျိုး - ချင်း(ကူကီး)
ဘုန်းကြီးပိုင်နယ် - မောရွှေလ(မိုင်ခွန်ဖိုင်)





သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်
"အနောက်ကာသုညအဖြစ်နဲ့ သခင့်အလိုတော်အတိုင်း အသုံးပြုတော်မူပါဘုရား"

၁၀။ အမည် - ရေချယ်စုစုဝင်း
လူမျိုး - ခူမီးချင်း
မွေးသက္ကရာဇ် - ၁၈·၆·၁၉၉၂
ဘုန်းကြီးပိုင်နယ် - ရှင်ယောဟန်ဘုန်ကြီးပိုင်နယ်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ရှင်မသဲခရစ်ဝင်ကျမ်း ၆း၃၃ ကြောင့် HCTC သို့ရောက်လာရခြင်းဖြစ်သည်။"

၁၁။ အမည် - ဆလိုင်းပီတာသိန်းအောင်
မွေးသက္ကရာဇ် - ၂၇·၇·၁၉၈၇
လူမျိုး - ချင်း(ခူမီး)
အသင်းတော် - ရှင်မိက္ခေလအသင်းတော်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ခရစ်တော်ယေရှုက ကျွန်တော်ကိုချစ်တယ်ဆိုတာဘဲ ကျွန်တော်သိတယ်"

၁၂။ အမည် - ဖရန်စစ်ဆလိုင်းမင်းကိုဝင်း
မွေးသက္ကရာဇ် - ၂၄·၉·၁၉၈၇
လူမျိုး - ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် - (ကြာအင်း) ရှင်ပေါလုအသင်းတော်
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သို့ တက်ရောက်ခွင့်ပေးရုံသည်သာမက ကိုယ်တော်၏အမှုတော် ဆောင်လုပ်ငန်းတွင် ပါဝင်ရသည့်အတွက် အတိုင်းမသိ ကိုယ်တော်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ရှေ့ဆက်ရမည့် အသက်တာတွင်လည်း ဝိညာဉ်တော်လမ်းပြမှုအောက်၌ အသက်ရှင်သွားနိုင်ရန်ခွန်အားကို ချပေးတော်မူပါ။ "အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်ဖြစ်ပါ၏၊ ကိုယ်တော်စကားအတိုင်းကျွန်ုပ်၌ဖြစ်ပါစေ။" (ရှင်လုကာ ၁း၃၈)

၁၃။ အမည် - ပေတရုလဆန်
မွေးသက္ကရာဇ် - ၁၄·၂·၁၉၉၀
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်မာကုအသင်းတော် (ကားမိုင်း)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်



"တိုတောင်းလှတဲ့လူ့အသက်တာမှာ သင်ဘာလုပ်နေသလဲ၊ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် လူတိုင်းကိုချစ်နိုင်အောင် ကြိုးစားလျက်ပါ။"

၁၄။ အမည် - လုကာဝင်းကို
မွေးသက္ကရာဇ် - ၁၆.၂.၁၉၉၂
လူမျိုး - ချင်း(ခူမီး)
ဘုန်းကြီးပိုင်နယ် - မောန္တေလ (အင်းခို၀)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ဘုရား၏စည်းကမ်းချက်သည် ရက်စက်ခြင်းမရှိ ပြုပြင်ပြောင်းလဲခြင်းသာဖြစ်သည်။ ထိုကြောင့် မိမိအသက်တာကို အမြန် ပြောင်းလဲဖို့ လိုအပ်ပါသည်။"

၁၅။ အမည် - ဂျိန်းအောင်ထွန်းစိုး
မွေးသက္ကရာဇ် - ၂၅.၃.၁၉၇၉
လူမျိုး - ချင်း+ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ယောဟန်အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ထာဝရဘုရား၏ "ကျွန်" ကျွန်ုပ်ဖြစ်၏။ အလိုရှိရာအသုံးပြု (စေလွှတ်) တော်မူပါ။ ကိုယ်တော်စကားအတိုင်း အကျွန်ုပ်၌ဖြစ်ပါစေ"

"ခရစ်တော်က သုံးနှစ်တာအမှုတော်ဆောင်ဖို့ အနှစ်သုံးဆယ်ပြင်ဆင်ခဲ့ရတယ်။ တစ်သက်တာအမှုတော်ဆောင်ဖို့အတွက် လေးနှစ်တာကာလ ပြင်ဆင်မှုတွေလုပ်နေကြတဲ့ ကျွန်တော်တို့ဟာ တကယ်ပဲလုံလောက်ရဲ့လား"

## ဒုတိယနှစ်

၁၆။ အမည် - ဝီလျံအိုက်ခေါင်သန်း
မွေးသက္ကရာဇ် - ၄.၆.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ဗက်လင်ဘုန်းကြီးပိုင်နယ် (လက်ပံကိုင်း)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ကောင်းကင်ကကြယ်များလို မလင်းနိုင်ပေမဲ့ အခန်းထဲက မီးအိမ်ကလေးလို အလင်းပေးနိုင်သော သူဖြစ်နိုင်ဖို့ရန် အမြဲဆုတောင်းလျက်"

၁၇။ အမည် - စဂျိုးဇက်
မွေးသက္ကရာဇ် - ၁၀.၃.၁၉၉၀
လူမျိုး - ဗမာ+ကရင်
အသင်းတော် - ရှင်အန္ဒြေအသင်းတော် (ကျွန်းချောင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်





" ပင်လယ်ထဲမှာ ကူးခတ်ခဲ့ရတဲ့အတွေ့အကြုံကို မြင်ယောင်ရင်း ကျေးဇူးတော်ချီးမွမ်းမိတယ်။ ရိတ်သိမ်းစရာစပါးများစွာကို ရိတ်သိမ်းချင်လို့ပါ"

၁၈။ အမည် - စကျော်ထက်
မွေးသက္ကရာဇ် - ၁၆.၅.၁၉၈၈
လူမျိုး - ကရင်
အသင်းတော် - ရှင်ပေါလုအသင်းတော် (ဘဝိုင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



"ဘုရားသခင်မပါပါက မည်သူမျှ စစ်မှန်သောအောင်မြင်မှုကို မရရှိနိုင်ပေ"

၁၉။ အမည် - ဂျိုးဇက်နော်ဆန်း
မွေးသက္ကရာဇ် - ၁၀.၁၁.၁၉၈၆
လူမျိုး - ကချင်
အသင်းတော် - ရှင်ပေါလု (ဆားမှော်)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်



"အရာရာတိုင်းသည် ဘုရားထံမှလာသောဆုကျေးဇူးဖြစ်၍ ကျွန်ုပ်ခံစားရသော ဘဝအသက်တာကိုလည်း ဘုရား၏အမှုတော်၌ ဆက်ကပ်ပါ၏"

၂၀။ အမည် - ဇော်ခွန်းနူ
မွေးသက္ကရာဇ် - ၂၄.၉.၁၉၉၁
လူမျိုး - ကချင်
အသင်းတော် - ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (ကသီဒြယ်)
သာသနာပိုင်နယ် - မြစ်ကြီးနား



"ဘုရားသခင်က ကြောက်တတ်တဲ့စိတ်ကို မပေးပါဘူး။ တန်ခိုးပါတဲ့စိတ်၊ ရှင်းလင်းတဲ့သဘောကိုပေးတာပါ"

၂၁။ အမည် - အိုက်ဖွေးဘေ
မွေးသက္ကရာဇ် - ၁၂.၁.၁၉၈၈
လူမျိုး - ချင်း
အသင်းတော် - ကာလ်ဝါရီ
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"ကိုယ်တော်၏ စပျစ်ခြံထဲတွင် ကိုယ်တော်အတွက် အလုပ်လုပ်သော အလုပ်သမားတစ်ယောက်မျှသာမဟုတ်ဘဲ ကိုယ်တော်၏နိုင်ငံတော်တွင် သတို့သမီးတစ်ယောက်နှင့် အမွေခံသူတစ်ယောက်အဖြစ်ပါ ရွေးကောက်ခေါ်ယူတော်မူသည်ကို သာ၍သတိရစေပါ သခင်ဘုရား"

၂၂။ အမည် - ဆလိုင်း မာကုမျိုးကျော်လင်း
မွေးသက္ကရာဇ် - ၁၅.၁၁.၁၉၈၇
လူမျိုး - ချင်း
အသင်းတော် - ရှင်လုကာဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"အသက်ရှင်မှုမှန်သမျှ ဘုရားသခင်အတွက် ဟူသော အမြင်သစ်ကို လက်ခံကြပါစို့"

၂၃။ အမည် - အိုက်ထွန်းနိမ်
မွေးသက္ကရာဇ် - ၂၁.၁၂.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ပေါလုအသင်းတော် (စက္ကူသောင်)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်



"နာခံခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဖြင့် သာသနာ့လုပ်ငန်းကို ထမ်းဆောင်ကြစို့"

၂၄။ အမည် - စောဂျွန်ကနေဒီ
မွေးသက္ကရာဇ် - ၂၇.၃.၁၉၈၇
လူမျိုး - ကရင်
အသင်းတော် - သန့်ရှင်းသောတြိနတိဘုရားကျောင်း (ပဲခူး)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



"ဘုရားသခင်နဲ့အတူ အသက်တာကို ပျော်ရွှင်စွာလျှောက်လှမ်းနေလျက်"

၂၅။ အမည် - ဘရန်အောင်
မွေးသက္ကရာဇ် - ၂၁.၃.၁၉၇၉
လူမျိုး - ကချင်
အသင်းတော် - ရှင်ပေါလု (ကသာ)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်



"အသင်းတော်ကြီးရေ .. နို့မဖြတ်သရွေ့တော့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ဖို့ မဖြစ်နိုင်သေးပါ"

၂၆။ အမည် - ဆလိုင်းမျိုးမင်းဦး
မွေးသက္ကရာဇ် - ၂၅.၁.၁၉၈၆
လူမျိုး - ချင်း
အသင်းတော် - ရှင်ပေါလု (ကြာအင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



"ဘုရားအတွက်ဆို ဘယ်လိုအခက်အခဲ၊ တံတိုင်းကြီးများရှိသော်လည်း အသက်တာကို သခင့်ထံအပ်နှံပြီး ရင်ဆိုင်ကျော်လွှားသွားရန် ကြိုးစားလျက်" (ဆာလံ ၅၅:၂၂)





၂၇။ အမည် - လေိယစထက်အောင်သူ
မွေးသက္ကရာဇ် - ၉.၆.၁၉၉၁
လူမျိုး - ဗမာ+ကရင်
အသင်းတော် - ရှင်ဖိလိပ္ပုဘုန်းကြီးပိုင်နယ် (ပန်းတနော်အရှေ့ တောကျောင်းရွာ)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"ငါသည် ဝေးသောအရပ်က ကိုယ်ပညာကိုဆောင်ခဲ့မည်။ ငါ့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်သည် ဖြောင့်မတ်တော်မူကြောင်းကို ငါပြမည်" (ယောဘ ၃၆:၃)



၂၈။ အမည် - မအေက်စတာ
မွေးသက္ကရာဇ် - ၂၈.၁၁.၁၉၈၈
လူမျိုး - ကချင်
အသင်းတော် - တြိနတိ (ဆိုင်းတောင်ဘုန်းကြီးပိုင်နယ်၊ ဆိပ်မူ)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
"အဆိုးအားဖြင့် အရှုံးမခံ၊ အကောင်းအားဖြင့် အဆိုးကိုနိုင်သောအသက်တာနှင့် ဆက်ကပ်လိုပါ၏"

## တတိယနှစ်



၂၉။ အမည် - ဂျိုးဇက်ဘရန်မိုင်
မွေးသက္ကရာဇ် - ၂၃. ၃. ၁၉၈၇
လူမျိုး - ကချင်
အသင်းတော် - ရှင်ယောဟန်အသင်းတော် (ဟိုပင်)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
"တစ်ခါတစ်ရံ လုပ်ချင်တာကို လုပ်လိုက်ရသလို မလုပ်ချင်တာကို လုပ်ရတဲ့အခါလည်းရှိပါတယ်။ အဲဒါဟာ ဘုရားရဲ့အလိုတော်လား၊ ကျွန်တော့်ရဲ့လိုအင်ဆန္ဒလားဆိုတာ မသိတော့ပါဘူး။ မိမိဒီနေရာမှာရှိနေရခြင်းဟာ ဘာကြောင့်လဲဆိုတာ ကိုယ့်ကိုယ်ကိုသိဖို့ အရေးကြီးပါတယ်။"



၃၀။ အမည် - စောကလိုထူးဝါး
မွေးသက္ကရာဇ် - ၅.၅.၁၉၈၈
လူမျိုး - ကရင်
အသင်းတော် - ဗတ္တိဇံဆရာရှင်ယောဟန် အသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
"အရာရာတိုင်းဟာ ခံယူတတ်မယ်ဆိုရင် ကျေးဇူးတော်ချီးမွမ်းချင်စရာတွေချည်းပဲ"



၃၁။ အမည် - နော်ပလေလိုဖော
မွေးသက္ကရာဇ် - ၁.၃.၁၉၈၈
လူမျိုး - ကရင်
အသင်းတော် - ပြုံးချောင်း ဘုန်းကြီးပိုင်နယ်၊ ရှင်ယုဒအသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
"စိတ်ငြိမ်သက်မှုအရာမှာ နှုတ်ကပတ်တော်ကို အမြဲဖွင့်ဖတ်ရင်းနဲ့ ဘုရားဆီသွားကြစို့"



၃၂။ အမည် - ဒံယေလ စနိုင်ထွန့်ဦး
မွေးသက္ကရာဇ် - ၁.၉.၁၉၈၆
လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်သတေဖန် အသင်တော် (သမိုင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်ခဲ့တဲ့အတွက် နောင်တ ဆိုတာ ဘယ်တော့မှရှိမှာမဟုတ်ဘူး"



၃၃။ အမည် - ဆလိုင်းမိုက်ကယ်နိုင်ထွန်း
မွေးသက္ကရာဇ် - ၁၇.၈.၁၉၈၆
လူမျိုး - အရှိုချင်း
အသင်းတော် - ရှင်မဿဲ အသင်းတော် (ဥဿျှစ်ပင်)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"အရာရာတိုင်းမှာ ဘုရားသခင်ရဲ့ဂုဏ်တော်ကို ချီးမွမ်းရင်း အမှုတော်ဆောင်မယ်"



၃၄။ အမည် - ရှမွေလစောခလေးစော
မွေးသက္ကရာဇ် - ၅.၇.၁၉၈၉
လူမျိုး - ကရင် (စကော+ပိုး)
အသင်းတော် - ရှင်မာရိအသင်းတော် (ကပ္ပလီရွာ)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
"ဘုရားအပေါ် ကျွန်တော် ဘယ်လောက်မိုက်မဲခဲ့လဲ ဆိုတာ ဘုရားကလွဲပြီး ဘယ်သူသိနိုင်မှာလဲ၊ အားနာမိတယ် ဘုရားရှင်ရယ်. . . . "



၃၅။ အမည် - စီစီလျာမိုးမိုးဝင်း
မွေးသက္ကရာဇ် - ၃၁.၁၀.၁၉၈၅
လူမျိုး - ဗမာ+ကချင်
အသင်းတော် - ခရစ်ဘုရင်မင်းဘွဲ့ခံကသီဒြယ်
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
"မထိုက်တန်သော်လည်း သခင်အမှုတော်တွင် အစေခံအဖြစ် ဆက်ကပ်ချင်သူပါ"



စတုတ္ထနှစ်



၃၆။ အမည် - စောဂေးလ်ဘတ်
မွေးသက္ကရာဇ် - ၈.၅.၁၉၈၃
လူမျိုး - ကရင် (စကော)
အသင်းတော် - ရှင်ပေါလုကသီဒြယ်အသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
" ဘုရားသခင်ကို နှုတ်ခမ်းဖြင့် ဝန်ခံယုံကြည်ပြီး စိတ်နလုံးနှင့်လည်း မဝေးကွာဘဲ နီးစပ်သောခရစ်ယာန်တစ်ဦး ဖြစ်ရန် ကြိုးစားအသက်ရှင်ကြပါစို့"



၃၇။ အမည် - မိုင်ခင်နွယ်နွယ်ထွန်း
မွေးသက္ကရာဇ် - ၁၉.၇.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ယောဟန်အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်
"ဘဝမှာ ခရစ်တော်အမှန်ရှိရင် စာတန်ရဲ့တိုက်ခိုက်မှုခံရလည်း ပြန်လည်အားယူပြီး ခရီးဆုံးထိ လျှောက်လှမ်းဖို့ အမြဲခွန်အားရှိတယ်"



၃၈။ အမည် - ဂျိုးဇက်ဟွေ့ကက်
မွေးသက္ကရာဇ် - ၁၃.၉.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ပေတရုအသင်းတော် (ကြွေတောင်ရွာ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်
"ဘဝမှာ ခါးသီးခြင်းတွေနဲ့ ကြုံတွေ့ရင် စိတ်မပျက်ပါနဲ့၊ ရှေ့မှာ ချိုမြိန်ခြင်းတွေက စောင့်နေတယ်"



၃၉။ အမည် - စတီဗင်မွေဆီး
မွေးသက္ကရာဇ် - ၁၅.၆.၁၉၈၁
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်မိကေ္ခလ (ဆမီး) ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်
"သူတစ်ပါးကို စေစားရန်မဟုတ်ဘဲ နှိမ့်ချစွာအစေခံတတ်ရန် လမ်းပြတော်မူပါဘုရား"



၄၀။ အမည် - စကြည်မင်းစိုး
မွေးသက္ကရာဇ် - ၈.၇.၁၉၈၇

လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်ယောဟန်အသင်းတော် (ကျောင်းတော်ကလေး)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"မပြည့်စုံတဲ့ လူ့ ဉာဏ်နဲ့ ဘုရားအတွက်ဘာမှမလုပ်နဲ့။ မပြည့်စုံတဲ့ လူ့ ဉာဏ်နဲ့ ဘုရားခိုင်းတာလုပ်ပါ"



၄၁။ အမည် - စောဘီယာမီ
မွေးသက္ကရာဇ် - ၂၅·၁·၁၉၈၇
လူမျိုး - ကရင် (ဘွဲ့)
အသင်းတော် - ရှင်ဂျေမ့်ဂျက် (သံတောင်ကြီး)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
"အကျွန်ုပ်၌ ပြုတော်မူသော ခပ်သိမ်းသောအမှုအရာတို့အဖို့ ကိုယ်တော်ရှင်ဘုရားအား ကျေးဇူးတင်ပါ၏"



၄၂။ အမည် - နော်အယ်ဝါး
မွေးသက္ကရာဇ် - ၂၉·၇·၁၉၈၂
လူမျိုး - ကရင်+ရှမ်း
အသင်းတော် - ရှင်ဂျေမ့်ဂျက်အသင်တော် (သံတောင်ကြီး)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
"သုညပင်ဖြစ်သော်ငြား ကိုယ်တော်အလိုရှိသည်အတိုင်း စေခိုင်းတော်မူပါ။ အကျွန်ုပ်ရှိပါ၏သခင်"



၄၃။ အမည် - သောမတ်(စ်)ဘရန်မိုင်
မွေးသက္ကရာဇ် - ၂၅·၈·၁၉၈၈
လူမျိုး - ကချင် (ဂျိမ်းဖော)
အသင်းတော် - ရှင်ယာကုပ်အသင်းတော် (ကသာ၊ မိုးတားကြီး)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်
"အသက်ရှင်တုန်း ဘုရားသခင်အလိုရှိသော တန်ဖိုးကြီးများတဲ့လက်ဆောင် ဘုရားသခင်ပေးနိုင်အောင် ကြိုးစား ဆက်ကပ်မယ်။



၄၄။ အမည် - နော်အက်ကနက်(စ်)
မွေးသက္ကရာဇ် - ၄·၅·၁၉၈၆
လူမျိုး - ကရင်
အသင်းတော် - ရှင်ယောဟန်အသင်းတော် (လှိုင်းဘွဲ့)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
"အိပ်ရာဝင်တိုင်း နှုတ်ဆက်တဲ့စကားတစ်ခွန်းမှာ "အိပ်မက်လှလှမက်ပါစေ"။ အမှုတော်ဆောင်တိုင်းလည်း လှပသော အိပ်မက်ကို အစဉ်မက်စေလိုပါသည်"





၄၅။ အမည် - စသန်းလွင်
မွေးသက္ကရာဇ် - ၁၄·၁၂·၁၉၈၅
လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်မာရိအသင်းတော် (တူးချောင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"ခရစ်တော်က သုံးနှစ်တာအမှုတော်ဆောင်ဖို့ အနှစ်သုံးဆယ် ပြင်ဆင်ခဲ့ရတယ်။ တစ်သက်တာအမှုတော်ဆောင်ဖို့ အတွက် လေးနှစ်တာကာလ ပြင်ဆင်မှုတွေလုပ်နေကြတဲ့ ကျွန်တော်တို့ဟာ တကယ်ပဲလုံလောက်ရဲ့လား"



၄၆။ အမည် - အိုက်နော့ကာ
မွေးသက္ကရာဇ် - ၄·၇·၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်သတေဖန်အသင်းတော်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်
"ရှင်ပေါလု၏သွန်သင်ချက်ကဲ့သို့ "ပြေးရမည့်တာကို အဆုံးစွန်အောင်ပြေးနိုင်ရန်အတွက် ဘုရားသခင် ခွန်အားပေး သနားတော်မူပါ"



၄၇။ အမည် - စောအိမောလေး
မွေးသက္ကရာဇ် - ၂၁·၆·၁၉၈၆
လူမျိုး - စကောကရင်
အသင်းတော် - ရှင်မိကွေလအသင်းတော် (ကွမ်တာ)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
"ငြိမ်သက်ခြင်းကို ရှာကြစို့"



၄၈။ အမည် - လုကာထွန်းထွန်းဝင်း
မွေးသက္ကရာဇ် - ၂၂·၁၀·၁၉၈၈
လူမျိုး - ကရင်+ဗမာ
အသင်းတော် - သန့်ရှင်းသောကားတိုင်အသင်းတော်
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

"လေးနှစ်တာချက်ပြုတ်ခဲ့သမျှ ကြက်ဥပဲကြော်တတ်သေးတယ်။ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အနံ့အသက်၊ မရောစပ် တတ်သေးတဲ့ကာလတစ်လျှောက်လုံး အမှားမှား····သူတစ်ပါးရဲ့တဟားဟားတွေကြား ပန်းလေးနားက ကျွန်တော်····

I. In this academic year, the college enrolls with (9) Full-time Lecturers, (10) part-time Lecturers.

A. Full-time Lecturers

| | | |
|---|---|---|
| 1 | Revd. Dr. Samuel Shan Myat Shwe | - Principal |
| 2 | Rev. Canan Dr Saw Maung Doe | - Dean of Studies |
| 3 | Rev. Richard Gregory Wai Moo | - Dean of Students |
| 4 | Saya Dr Paul Myint Htet Htin Ya | - Lecturer |
| 5 | Rev. Salai David | - Lecturer |
| 6 | Sayama Hkawn Tawng | - Lecturer |
| 7 | Sayama Naw Myat Su Mon | - Assistant Lecturer |
| 8 | Sayama Lwin Thida Myint | - Assistant Lecturer |
| 9 | Saya Hilary Min Min Lecturer | - Assistant Lecturer |

B. Part-time Lecturers

1 Sayamagyi Daw Mya Mya Nyein
2 Sayama Sheba Movin
3 Sayama Daw Kareng Tawng
4 Sayama Dr. Khin Thidar Nyunt
5 Rev .Dr .Be Bin Htu
6 Sayagyi U Aung Hla Tun
7 Rev. U Kyaw Nyunt
8 Rev. Smith Ngulh Za Htawng
9 Archbishop Dr. Samuel San Si Htay
10 Rev. Reginald Bennett
11 Deacon David Hogarth (visiting professor)



C. Lecturers Who are pursuing Futher Study.

1. Rev. Andrew Mahn Zaw Lwin (VST, Canada)
2. Sayama Mary Hnin Hnin Aye (TTC, Singapore)
3. Saya Moses Koser Htaw (B.Th, CM.Div.Candidate, Nashotah, USA)

II. There are (48) Students. (37) male and (11) female.

A. Enrollment by class

| Year | Male | Female | Total |
|---|---|---|---|
| First Year | 10 | 5 | 15 |
| Second Year | 12 | 1 | 13 |
| Third Year | 5 | 2 | 7 |
| Forth Year | 10 | 3 | 13 |

B. Enrollement by Diocese

| | |
|---|---|
| Yangon | -14 |
| Mandalay | - 6 |
| Taungoo | - 5 |
| Myitkyina | - 7 |
| Sittway | -13 |
| Hpa-an | - 3 |

III. Staff

A. Office

1. Sayama Naw Mar Tha
2. Nant Thandar Win
3. Mai Myat Hsu Mon

B. Library

1. Saya John Thet Lwin (Librarian)
2. Sayama Wai Wai Myint (Assistant Librarian)
3. Naw Mercy (Staff)

C. Others

1. U Saw Mya Thinn (Keeper)
2. U Saw David (Gardener)
3. Nant Yee Yee Win (Cook)

❑ ❑ ❑



# သီချင်းဆို၍ ရွှင်လန်းလော့

(ဇာခရိ ၂း၁၀)

ဘုန်းတော်ကြီး ဒေါက်တာရှိမှန်ဘီဘင်ထူး

ဘဝအသက်တာ၌ ကြမ်းတမ်းမှုများ၊ ခက်ခဲမှုများ၊ ဖိနှိပ်ခံရမှုများ စွန့်ပစ်ခံရသည့်အချိန်များတွင် ဘဝကို တည်တည် ငြိမ်ငြိမ်အသက်ရှင်နိုင်ရေးမှာ အလွန်ပင်ခက်ခဲပါသည်။ ထိုအချိန်မျိုး၌ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သံသယဝင်နိုင်ပါသည်။ ဘုရားသခင်သည် ဘာမျှမတတ်နိုင်ဟုလည်း ထင်မြင်တတ်ပါသည်။ ဘုရားသခင်၏ ကျေးဇူး တော်ကိုလည်း မရှိမသေပြုနိုင်ပါသည်။ သို့သော် ဘုရားသခင်က ခက်ခဲကြမ်းတမ်းမှုများကို မည်သည့်အခါမျှမကြားရ ဟု ကတိပြုမထားပါ။ ဘုရားသခင်က သူသည် လူသားအားလုံးတို့၏ခိုလှုံရာနှင့် ခွန်အားဖြစ်ကြောင်း ကတိပေးတော်မူပါသည်။ ထို့ကြောင့် မည်မျှပင်ခက်ခဲမှုများကိုခံစားရလည်း ဘုရားသခင် အစဉ်အမြဲအတူရှိကြောင်း ယုံကြည်ခြင်းဖြင့် သိရှိနိုင်ပါသည်။ ခံစားနိုင်ပါသည်။

ပရောဖက်ဇာခရိသည် ဘီစီ (၅၂၀) ခန့်လောက်တွင် ပြည်နှင်ဒဏ်ခေတ်လွန်ကာလ၌ ဘုရားသခင်၏ သတင်းစကားကို ယုဒလူများထံ ယူဆောင်လာရန်၌ ဟဂ္ဂဲ၏လုပ်ဖော်ဆောင်ဘက်တစ်ယောက်ဖြစ်သည်။ အစောပိုင်း ကာလက သူတို့၏အဓိကတာဝန်မှာ ဂျူးတို့သည် တစ်ကိုယ်ကောင်းဆန်သော ပျင်းရိခြင်းမှထပြီး ဗိမာန်တော်ကိုပြန်လည် တည်ဆောက်ကြရန် တိုက်တွန်းဖို့ဖြစ်သည်။ ဇာခရိ၏လုပ်ငန်းတစ်ပိုင်းမှာ လူများသည် ပေါ်ထွန်းလာမည့် မေရှိယခေတ် အတွက် ပြင်ဆင်ထားကြရန် သွန်သင်ခြင်းဖြစ်သည်။



ရှေးယခင်နေ့ရက်များ၌ ပရောဖက်တို့၏စကားကို နားမထောင်ခြင်းသည် အခက်အခဲနှင့် နောက်ဆုံးတွင် ဖမ်းဆီးချုပ်နှောင်ခြင်းသို့ ပို့ဆောင်ကြောင်း သတိရစေသည်။ ထို့ကြောင့် လူတို့သည် ဘိုးဘေးများထံမှ နည်းယူကာ ပရောဖက်တို့၏စကားများကို ဂရုစိုက်ကြရမည်။ ဤအရာသည် ဗိမာန်တော်ကိုတည်ဆောက်ရမည်ဟု အပေါ်ယံ ပြောလိုခြင်းမဟုတ်ဘဲ အပြစ်ကိုသိပြီး ဘုရားသခင်၏ဆုံးမခြင်းကိုနာခံကာ၊ ဘုရားသခင်ထံသို့ ဆက်ကပ်သော အသက် တာသစ်၌ အစပြုရန် ပို၍အရေးကြီးသည်ဟု ဆိုလိုခြင်းဖြစ်သည်။

အခန်း (၁း၇-၆း၈) ၌ ရူပါရုံရှစ်ခုတို့သည် အစဉ်လိုက်သာရှိ၏။ ၎င်းတို့အထဲ၌ အရေးကြီးဆုံးသော ရူပါရုံနှစ်ခု ရှိပြီး ကျန်ရူပါရုံတို့ကိုလည်း တွေ့ရသည်။

ဤ ရူပါရုံတို့ကို ဇာခရိ ရရှိချိန်တွင် ဗိမာန်တော်ပြန်လည်တည်ဆောက်ခြင်းအလုပ်သည် ငါးလလုံးလုံး လုပ်ဆောင်ခဲ့ပြီး ၎င်းအထဲမှ သုံးလသည် အုတ်မြစ်ဆောက်လုပ်ရာ၌ အချိန်ကုန်ခဲ့သည်။ (အခန်းငယ် ၇၊ ဟဂ္ဂဲ၊ ၁း၁၄-၁၅၊ ၂း၁၈)။ လူတို့သည် ခွန်အားပေးခြင်းနှင့် လမ်းညွှန်အချို့၌ အကျိုးကို ထင်ရှားစွာ ရရှိကြမည်ဖြစ်သည်။ ပထမရူပါရုံ သုံးခုသည် အများအားဖြင့် ဆောက်လုပ်ရေးသမားတို့ကို ခွန်အားပေးပြီး အလယ်၌ရှိသောနှစ်ခုတို့မှာ ခေါင်းဆောင်များ ဖြစ်ကြသော ဇေရုဗဗေလနှင့် ယောရှု တို့အား အထူးအားပေးတိုက်တွန်းကာ နောက်ဆုံးသုံးခုတို့သည် ဘုရားသခင်နှင့် သူ၏လူများ နောက်ဆုံးအောင်မြင်ခြင်းကို ဖော်ပြသည်။

ပရောဖက်ဇာခရိ၏ဟောပြောခြင်းတွင် ထာဝရဘုရားသည် လူမျိုးတော်နှင့်အတူရှိသည်ဖြစ်၍ မည်သည့် အချိန်ကာလတွင်မဆို သီချင်းဆို၍ ရွှင်လန်းမှုကိုဖော်ပြရန် ဖြစ်သည်။ နေ့စဉ်အသက်တာအသက်ရှင်မှု၌ ဘုရားသခင် ကောင်းမြတ်တော်မူကြောင်းကို သီချင်းဆို၍ ဖော်ပြရန် ဖြစ်သည်။

ကမ္ဘာလောကကြီးသည် အစဉ်အမြဲ ပြောင်းလဲနေပါသည်။ ပြဿနာဟောင်းများ ကွယ်ပျောက်သွားပြီး ပြဿနာသစ်များ ပေါ်ထွက်လာဦးမည် ဖြစ်ပါသည်။ လူတိုင်းသည် မိမိသက်တမ်းအလိုက် အသက်ရှင်ရမည်ဖြစ်ရာ ဘုရားသခင်အတွက် ရှိသည့်နေရာ၊ ကျသည့်တာဝန်ကို စေတနာထက်သန်စွာဖြင့် ထမ်းရွက်ရပါမည်။ မိမိတတ်စွမ်း သရွေ့ လုပ်ဆောင်နိုင်ရပါမည်။ ဘုရားသခင်ထံမှ တန်ခိုးကိုခံယူ၍ လူများအတွက်၊ ပတ်ဝန်းကျင်အတွက် ကြိုးစား၍ ဆောင်ရွက်ရပါမည်။

အနာဂတ်တွင် ဘုရားသခင်ရှိနေဦးမည် ဖြစ်ပါသည်။ ခရစ်တော်က ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာဟု ကတိတော်ရှိသည် (မဿဲ ၁၆း၁၈)။ ခရစ်တော်သည် သိုးထိန်း ဖြစ်၍ သိုးတို့ရှေ့မှ သွားနေသည်။ ခရစ်တော်သည် အနာဂတ်တွင် ရှိမည်။ ယာကုပ်က ဤအမှုအရာတို့ကို စီရင်တော် မူသော ထာဝရဘုရား၏ဗျာဒိတ်တော်ရှိ၏ ဟုလာသတည်း။ ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှသော အမှုအရာတို့ကို သိတော်မူ၏ ဟု ဖော်ပြသည် (တမန်တော် ၁၅း၁၈)။

ထို့ကြောင့် မည်သည့်အခြေအနေတွင်မဆို အားမလျော့ဘဲ အမှုတော်မြတ်ကို ဘုရားသခင်ထံမှခွန်အားယူလျက် သီချင်းဆိုကာ ဝမ်းမြောက်ရွှင်လန်းစွာနှင့် ဆောင်ရွက်တတ်ရန် လိုပါသည်။ ဆာလံဆရာကလည်း အို ဘုရားရှင်၊ ကိုယ်တော်သည် ကာလအစဉ်အဆက် ကျွန်ုပ်တို့ခိုလှုံရာ ဖြစ်တော်မူ၏ ဟု ဆာလံ ၉၀း၁ တွင် ဖော်ပြထားပါသည်။ လူသားတို့အနေဖြင့် ပရောဖက်ဇာခရိအချိန်ကာလကဲ့သို့ မိမိခံစားရသည့်ဆုကျေးဇူးအားဖြင့် အမှုတော်လုပ်ငန်းကို ရှိသည့်အနေအထားမှ ဆောင်ရွက်ကြရန် ဖြစ်သည်။❑



# စစ်တွေသာသနာပိုင်ကြီးနှင့်တွေ့ဆုံခြင်း

Shalom: မင်္ဂလာပါ Bishop
Bishop: မင်္ဂလာပါ ခင်ဗျား။

S: ပထမဆုံးအနေနဲ့ ဘီးရှော့ရဲ့ မိဘ၊ မွေးရပ်ဇာတိ၊ လူမျိုးနဲ့ မိခင်အသင်းတော်အကြောင်း ပြောပြပေးပါလား။
B: ကျွန်တော့်မိဘများကတော့ အဖေ ဦးအောင်ဒိုးနဲ့ အမေ ဒေါ်ကာဆု တို့ဖြစ်ပါတယ်။ ကျွန်တော့်မွေးရပ်ဇာတိကတော့ ရိက္ခါရပ်ကွက်၊ ပလက်ဝမြို့ ချင်းပြည်နယ်တောင်ပိုင်း ဖြစ်ပါတယ်။ လူမျိုးကတော့ ချင်းလူမျိုးဖြစ်ပါတယ်။ မိခင်အသင်းတော်ကတော့ အင်္ဂလီကန်အသင်းတော် ဖြစ်ပါတယ်။

S: ဘီးရှော့ရဲ့မိသားစုနဲ့လည်း မိတ်ဆက်ပေးပါဦး။
B: ကျွန်တော်တို့မိသားစု (၅) ယောက်ရှိပါတယ်။ ဇနီးကတော့ နော်အေးအေးထွန်း၊ ကရင်လူမျိုးဖြစ်ပြီး တောင်ငူသာသနာပိုင်နယ်က ဖြစ်ပါတယ်။ သားသမီးများကတော့ ဆလိုင်းစောဂျိုးဇက်နိုင်ထွန်းလင်း (ပထဝီနောက်ဆုံးနှစ်)၊ သမီး မိရှဲပန်းနှင်းအေး (၁၀ တန်း) နဲ့ ရေချယ်အေးချမ်းမိုး (၈ တန်း) တို့ဖြစ်ပါတယ်။

S: ဘီးရှော့ရဲ့ အမှုတော်ဆောင်ခြင်းလုပ်ငန်းမှာ ဘုရားသခင် ရွေးကောက်ခေါ်ယူခြင်းနဲ့ အမှုတော်ဆောင်ဘဝ အစလေးကို သိပါရစေ။
B: အမှုတော်ဆောင်လုပ်ငန်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ၁၉၇၄-၇၅ ခုနှစ်၊ အသင်းတော်ဧဝံဂေလိနယ်လှည့်ခြင်း အစီအစဉ်မှာ ပါဝင်ခြင်းကြောင့် ဘုရားသခင် ရွေးကောက်ခေါ်ယူခဲ့တယ်လို့ ယုံကြည်ပါတယ်။ ၁၉၈၃ခုနှစ်မှာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ လူငယ်ဌာန (အင်္ဂလီကန်လူငယ်များအသင်း) မှာ လူငယ်စည်းရုံးရေးမှူး အဖြစ် **ခြေစုံပစ်** အမှုထမ်းဆောင်ခဲ့ပါတယ်။

S: ဘီးရှော့အနေနဲ့ သာသနာပိုင်ဘိသိက်မခံမီအချိန်အထိ အသင်းတော်မှာ ဘယ်လိုအခန်းကဏ္ဍများကနေ ပါဝင်ခဲ့ပါသလဲ။
B: ကျွန်တော်အနေဖြင့် သာသနာပိုင်မဖြစ်မီ အချိန်ကာလလေးမှာ မဟာရန်ကုန်ရှိ အသင်းတော်များဖြစ်တဲ့ ရှင်ဗာနဗအသင်းတော်၊ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ အင်းစိန်အသင်းတော်နှင့် ရှင်အန္ဒြေ အသင်းတော် (ဒဂုံမြို့သစ်) များတွင် အသင်းတော်လုပ်ငန်းနဲ့ပတ်သက်ပြီး ကူညီပံ့ပိုးခဲ့ပါတယ်။ ဒါ့အပြင် အင်္ဂလီကန်အသင်းတော်နှင့်ဆက်နွယ်လျက်ရှိတဲ့ ရှင်ဂါဗြေလယူနီယံ (C.I.B) တွင်လည်း ကြည့်ရှုခဲ့ပါတယ်။ ထိုအချိန်ကာလမှာ မြန်မာနိုင်ငံကျမ်းစာအသင်း၌ ဖြန့်ချိရေးမှူးအဖြစ်လည်း အချိန်ပြည့် အမှုတော်ထမ်းဆောင်ခဲ့ပါတယ်။ ဒီ့အပြင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီရှိ အချို့ဌာနများ၊ အဖွဲ့အစည်းများ၌ သဘာပတိအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်အနေဖြင့်လည်းကောင်း ပါဝင်ခဲ့ပါတယ်။

S: (၂၁) ရာစု အမှုတော်ဆောင်တွေကို စိန်ခေါ်နေတဲ့အရာတွေက ဘာတွေများ ဖြစ်နိုင်မလဲ။
B: ယခု (၂၁) ရာစုမှာ အမှုတော်ဆောင်တွေကို စိန်ခေါ်နေတဲ့အရာတွေကတော့ "အချင်းချင်း ပညာအားပြိုင်မှု၊ တိုးတက်ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းများရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နေရမယ်"လို့ ထင်မြင်မိပါတယ်။

S: အသင်းအဖွဲ့တစ်ခုမှာ ခေါင်းဆောင်ဆိုတာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတာ တွေ့ရပါတယ်။ ခေါင်းဆောင်တစ်ဦးရဲ့ ဦးဆောင်မှုအပေါ်မူတည်ပြီး အသင်းအဖွဲ့တစ်ခုဟာ တိုးတက်နိုင်သလို ဆုတ်ယုတ်မှုလည်း ရှိလာနိုင်ပါတယ်။ ဘီးရှော့အနေနဲ့ ခေါင်းဆောင်ဆိုတဲ့အရာကို ဘယ်လိုမြင်ပါသလဲ။
B:ခေါင်းဆောင် ဆိုတဲ့အရာဟာ နောက်လိုက်ကောင်းဖြစ်ဖို့လည်း လိုအပ်တယ်။ အရာရာကို ပိုင်းခြားနားလည်တွေးတောပြီးတော့ အများပြည်သူများ မိမိနှင့်အတူလက်တွဲဆောင်ရွက်နိုင်အောင် စည်းရုံးမှုတစ်ခုလည်း လိုအပ်ပါတယ်။ ဒီ့အပြင် အခြားသူများအတွက် အနစ်နာခံနိုင်ခြင်း၊ အစေခံနိုင်ခြင်းများလည်း လိုအပ်ပါတယ်။ အချုပ်ပြောရရင်တော့ အသင်းတော်မှာ အစေခံခြင်းသာ အဓိကပါ။ ဒါမှ ကိုယ်ဦးဆောင်တဲ့ အသင်းတော်၊ အဖွဲ့အစည်းများလည်း တိုးတက်မှာ ဖြစ်ပါတယ်။

S: ဘီးရှော့ ယခုကြည့်ရှုနေရတဲ့ စစ်တွေသာသနာပိုင်နယ်မှာ ကြွက်ဘေးတွေနဲ့ ရင်ဆိုင်နေရတော့ အဲဒီ အခက်အခဲတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းပါသလဲ ဆိုတာကို သိပါရစေ။
B: စစ်တွေသာသနာပိုင်နယ်မှာ ယခုအချိန်အထိ ကြွက်ဘေးဒုက္ခ ခံစားနေရတယ်ဆိုတာ မှန်ပါတယ်။ ဒီလို အခက်အခဲတွေကို ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းတို့၏ ကူညီမှုဖြင့် ဆန်များ ပေးဝေနိုင်ခဲ့သလိုဘဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်စေခြင်း၊ ဥပမာ-ဆိတ်မွေးမြူရေး၊ ဂမုန်းစိုက်ပျိုးရေး စသည့် လုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ဆုတောင်းခြင်းအားဖြင့်သာ အခက်အခဲများကို ဖြေရှင်းလျက် ရှိပါတယ်။

S: အသင်းတော်ရှင်သန်တိုးတက်ရေးမှာ ဖွံ့ဖြိုးရေးကဏ္ဍကလည်း ဘယ်လိုအတိုင်းအတာအထိ ပါဝင်နေပါသလဲ။
B: အသင်းတော်ရှင်သန်တိုးတက်ရေးမှာ ဖွံ့ဖြိုးရေးကဏ္ဍက အလွန်အရေးကြီးတဲ့အရာတစ်ခု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် လူသားတစ်ရပ်လုံး ဖွံ့ဖြိုးမှုရှိပါမှ မိသားစု၊

အသင်းတော်များ ဖွံ့ဖြိုးတိုးတက်မှုရှိလာမှာ ဖြစ်ပါတယ်။ "အသင်းတော်အစ အိမ်ထောင်က" ဆိုစမှတ်ရှိသည့်အတိုင်း ခရစ်ယာန်အိမ်ထောင်များ တိုးတက်ခြင်းအားဖြင့် အသင်းတော် ရှင်သန်နိုးကြားလာမည် ဖြစ်ပါတယ်။

S: ယခုအချိန်အထိ ဘီးရှော့ ကြည့်ရှုနေရတဲ့ အတွေ့အကြုံလေး သိပါရစေ။

B: ယခုအချိန်အထိ ကျွန်တော့်ရဲ့အတွေ့အကြုံလေးကို ပြောရမယ်ဆိုရင် ဘီးရှော့တစ်ဦးရဲ့ဘဝဟာ ကြီးသောတာဝန်ကို ယူနေရခြင်းနဲ့အတူ ခက်ခဲခြင်း၊ ပင်ပန်းခြင်း၊ စိတ်ရော ကိုယ်ပါ ပင်ပန်းနွမ်းနယ်မှုများနဲ့ ရင်ဆိုင်နေရသော်လည်း အသင်းသူ/သားများရဲ့ နွေးထွေးသော အပြုံးမျက်နှာလေးများကြောင့် ခွန်အားသစ်များ ရရှိစေခဲ့သလို ကြည်နူးရသော ဘဝအသက်တာကိုလည်း ခံစားရပါတယ်။ ကျေးဇူးတော်ကိုလည်း ချီးမွမ်းပါတယ်။

S: လက်ရှိ အသင်းသူ/သားများရဲ့ ဝိညာဉ်ရေးနဲ့ ဆက်ကပ်ခြင်းအပေါ် ဘီးရှော့ ဘယ်လိုမြင်ပါသလဲ။

ခေါင်းဆောင် ဆိုတဲ့အရာဟာ
နောက်လိုက်ကောင်းဖြစ်ဖို့လည်း
လိုအပ်တယ်။
အချုပ်ပြောရရင်တော့
အသင်းတော်မှာ
အစေခံခြင်းသာ အဓိကပါ။

B: လက်ရှိ အသင်းသူ/သားများရဲ့ ဝိညာဉ်ရေးနဲ့ အသင်းတော်၌ ဆက်ကပ်ခြင်းများဟာ အားရဖွယ်ရှိသလို၊ အားနည်းချက်များလည်း ရှိနေသေးတယ်လို့ ထင်မြင်မိပါတယ်။

S: အသင်းတော်ရှိ အမှုတော်ဆောင်များ မွေးထုတ်ခြင်းအပေါ် ဘီးရှော့ ဘယ်လိုမြင်ပါသလဲ။

B: အသင်းတော်ရဲ့ အမှုတော်ဆောင်ခေါင်းဆောင်များ မွေးထုတ်ခြင်းဟာ အင်မတန်ကောင်းတဲ့အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ သို့သော်လည်း ခေါင်းဆောင်ကောင်း (အမှုတော်ဆောင်ကောင်း) ဖြစ်ဖို့ ပိုအရေးကြီးပါတယ်။

S: စစ်တွေသာသနာပိုင်နယ်အတွက် ဘီးရှော့ရဲ့ သာသနာလုပ်ငန်းရူပါရုံလေးကို သိပါရစေ။

B: စစ်တွေသာသနာပိုင်နယ်အတွက် ကျွန်တော့်ရဲ့ သာသနာ့လုပ်ငန်းရူပါရုံလေးကို အကျဉ်းအားဖြင့် ပြောရမယ်ဆိုရင်တော့ နှုတ်ကပတ်သမ္မာကျမ်းစာမှာ ဖော်ပြထားတဲ့ ဂလာတိ ၆း၁ ကို အခြေခံပြီး အချက်သုံးချက် ပြောပါရစေ။

(၁) ၂၀၁၀-၂၀၁၅ ကာလမှာ စစည်းလက်တွေ့အမှုတော်ဆောင်ခြင်း၊

(၂) ၂၀၁၆-၂၀၂၀ ကာလမှာ ကိုယ်ပိုင်ရပ်တည်နိုင်သော အသင်းတော်ဖြစ်ရေး၊

(၃) ၂၀၂၁-၂၀၂၅ ကာလမှာ ဥဿုံသာသနာ့ဖွံ့ဖြိုးရေးစတဲ့ ရူပါရုံများကို ချမှတ်ထားပါတယ်။


S: ရှာလုမ်စာဖတ်ပရိသတ်ကိုပြောချင်တဲ့ ဘီးရှော့ရဲ့ ရင်တွင်းစကားလေး ပြောပြစေချင်ပါတယ်။

B: စစ်တွေသာသနာပိုင်နယ်အတွက်လည်း သတိတရ ဆုတောင်းပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

S: အခုလို ရှာလုမ်ကို အချိန်ပေးပြီး ဖြေကြားပေးသွားတဲ့ ဘီးရှော့ကို အထူးပဲ ကျေးဇူးတင်ပါတယ်။

B: ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ယခုလို မိမိရဲ့အတွေ့အကြုံလေးနဲ့ လိုအပ်ချက်များကို ပြောခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။❑





# လူသားတိုင်းသီချင်းဆို၍ရှင်လန်းနိုင်သောသူဖြစ်ပါစေ

ဘီလူးသခင် (တချင်ပြည်နယ်)

လူ့ဘဝအသက်တာတစ်လျှောက်လုံးမှာ အရေးကြီးဆုံးအရာသည် အဘယ်နည်း။ စားဝတ်နေရေးလော၊ ကယ်တင်ခြင်းရရှိ၍ ကောင်းကင်ဘုံသို့သွားရန်လော။ ဘုရားသခင်ကို နာခံခြင်းလော၊ သို့မဟုတ် စီးပွားရေးလော၊ လူမှုရေးလော။ လူတစ်ဦး တစ်ယောက်စီတိုင်းမှာ အနည်းနှင့်အများ ရည်ရွယ်ချက်ရှိကြမည် ဖြစ်ပါသည်။

ကာလ်ဘစ်တင်ဆင်းဒါး (Carl Bittenbsnder) က ပြောသောအဖြေမှာ အရာရာတိုင်းမှာ ကျွန်တော်အတွက် ပို၍ ပြည့်စုံစေသောအရာမှာ ဘုရားသခင်ကို သီချင်းဆို၍ ရှင်လန်းစွာဖြင့် အစဉ်ချီးမွမ်းမှု ပြုနိုင်သောသူသည် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် ကျန်းမာခြင်း ချမ်းသာခြင်းသုခကို မလွဲမသွေရရှိမည်မှာ ကေန်အမှန်ဖြစ်ကြောင်း ပရိသတ်မြောက်မြားစွာကိုဟောပြော ခဲ့ပါသည်။ သီချင်းဆို၍ ရှင်လန်းနိုင်သောအသက်တာ ဖြစ်ဖို့ဆိုသည်မှာ ယုံကြည် ခြင်း အားနည်းသောသူအဖို့ ခဲယဉ်းကောင်း ခဲယဉ်းပါလိမ့်မည်။ သီချင်းဆို၍ ရှင်လန်းလော့ ဆိုရာတွင် ခံစားချက်အပြည့်၊ မျှော်လင့်ခြင်းအပြည့်၊ ယုံကြည်ခြင်းအပြည့်၊ ချီးမွမ်းခြင်းအပြည့်ဖြင့် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကို စစ်မှန်သောအသက်တာအားဖြင့် သီချင်းဆို၍ ရှင်လန်းနိုင်သောသူ ဖြစ်ဖို့လိုပါသည်။ အချို့မှာ သီချင်းဆိုနေသော်လည်း မရှင်လန်းနိုင်သူတွေ အများကြီး ရှိပါသည်။ ဟန်ဆောင်မှုအပြည့်နှင့် လောကကြီးထဲမှာ လျှောက်လှမ်းနေပြီး ဖာရိရှဲကဲ့သို့ ပြုမူဆက်ဆံနေကြတာ တွေ့ရပါသည်။ သို့သော် လူတစ်ဦးတစ်ယောက်စီ ၏အသက်တာကို အပေါ်ယံအားဖြင့်ကြည့်၍ ဆုံးဖြတ်၍မရနိုင်သော်လည်း သူ၏သီချင်းဆို၍ ရှင်လန်းခြင်းရှိမရှိကိုတော့ သိနိုင်သည်။ သခင်ခရစ်တော်ကလည်း ကျွန်တော် ကျွန်မတို့ကို ပြောခဲ့သည်မဟုတ်လား။ ကောင်းသောအပင်ဟာ ကောင်းသော အသီးကိုပဲ အမြဲသီးတတ်တယ်လို့ သွန်သင်ခဲ့ပါတယ်။ ထို့ကြောင့် ကျွန်တော် ကျွန်မတို့၏အသက်တာမှာလည်း ကောင်းသော အပင်ဖြစ်လျက် ဘုရားသခင်အပေါ်၊ ပတ်ဝန်းကျင်အပေါ်၊ အသင်းတော်အပေါ်မှာ သီချင်းဆို၍ ရှင်လန်းနိုင်သောသူ ဖြစ်ဖို့ လိုပါသည်။ သီချင်းဆို၍ ရှင်လန်းနိုင်သောသူ ဖြစ်နေပါသလား။ သို့မဟုတ် သူများယောင်လို့ယောင်နေရသည့်ဘဝ၊ ကိုယ်စီးသည့်ဆင်ဟာ အထီးမှန်းမသိ၊ အမမှန်းမသိသည့်ဘဝ နှင့် သီချင်းဖြစ်လို့ဆိုနေရခြင်းဟာ ရှင်လန်းမှုကိုတော့ အမှန်တကယ် မရရှိမှာသေချာပါသည်။ ထိုသို့သော ပုဂ္ဂိုလ်သည် သခင်ခရစ်တော်ပြောခဲ့သောစကားအရ မကောင်း

သောအပင်သည် ကောင်းသောအသီးကို မသီးနိုင်။ ထို့ကြောင့် ထိုအပင်ကို ခုတ်လှဲပြီး မီးထဲကိုချလိုက်ခြင်း ခံရမည် လို့ သွန်သင်ခဲ့ပါသည်။

-သီချင်းဆို၍ ရွှင်လန်းလော့ ဆိုတဲ့အကြောင်းရင်း ကို ပြန်စဉ်းစားကြည့်မယ်ဆိုလျှင် အတော်လေးနက်ပြီး ကျယ်ဝန်းလှပါသည်။ ဤခေါင်းစဉ်ကို ခွဲခြားပြီးရေးမယ် ဆိုလျှင် အင်မတန် ကျယ်ပြန့်လှပါတယ်။ အဓိပ္ပာယ် အမျိုးမျိုး၊ ထင်မြင်ချက်အမျိုးမျိုး၊ အယူအဆဓလေ့ထုံးစံ အမျိုးမျိုးတွေနှင့် သီချင်းဆိုခြင်း၊ ရွှင်လန်းခြင်းကို အပိုင်း (၃) ပိုင်းခွဲ၍လည်း ဖော်ပြနိုင်ပါသည်။ (ဥပမာ) သီချင်း ဆိုခြင်း၊ ရွှင်လန်းခြင်း စသည်တို့ကို အသေးစိတ် ဖော်ပြ နိုင်ပါသည်။ သို့သော် စာရေးသူအနေနှင့် မြင်သည့် အမြင် သိသည့်အသိနှင့် သမ္မာကျမ်းစာထဲကပါဝင်သည့် အချက် အနည်းငယ်နှင့် "သီချင်းဆို၍ ရွှင်လန်းလော့" ဆိုသည့် အပေါ်မှာ မူတည်ပြီး အတိုချုပ်၍ ဝေငှလိုပါသည်။

သီချင်းဆိုရခြင်းအကြောင်း အမျိုးမျိုး ရှိပါလိမ့် မည်။ သီချင်းဆိုတယ်ဆိုမှတော့ စိတ်ရွှင်လန်းပျော်ရွှင်မှ သာလျှင် သီချင်းကို သီဆိုနိုင်မှုပြုနိုင်သလို ဝမ်းနည်းပူဆွေး သောကရောက်သောအခါ၌လည်း ဘုရားသခင်ထံ တမ်းတ လျက်၊ မျှော်လင့်နေသည့်အရာကို ရရှိအောင် သီချင်းဆိုခြင်း များ၊ မိမိခံစားနေရသောအရာကို ဝမ်းသာလွန်း၍၊ ရွှင်လန်း လွန်း၍၊ ကျေးဇူးတင်လွန်း၍၊ သူတစ်ပါးကိုပြောပြရန်ပင် မလုံလောက်ဘဲ၊ ပီတိဖြစ်လွန်း၍၊ အလွန့်အလွန် ဝမ်းနည်း နေရာမှ ခံစားရလွန်း၍ ဖြစ်လာပြီး နောက်ဆုံး ပေါက်ကွဲ လာကာ မရက်နိုင်မကြောက်နိုင်၊ မနေနိုင်တော့ဘဲ သီချင်း အဖြစ် ပြောင်းလဲလာကာ သီဆိုချီးမွမ်းခြင်းကို စတင်မိ တော့တာပါ။ အဲဒီလို ခံစားချက်အပြည့်အဝနှင့် ပေါ်ထွက် လာသည့်သီချင်းကို သီဆိုချီးမွမ်းလိုက်သည့်အခါ ကိုယ်ခန္ဓာ စိတ်ဝိညာဉ်အားလုံးဟာ လန်းဆန်းလာပြီး ရွှင်လန်းခြင်းကို ရရှိပါသည်။ သီချင်းဆိုခြင်းသည် ဘုရားသခင်ကို ချီးမွမ်း ခြင်းဖြစ်သောကြောင့် သီချင်းဆို၍ ချီးမွမ်းခြင်းနောက်မှာ ရွှင်လန်းခြင်း ဆိုတာ လိုက်ပါလာတယ် ဆိုတာ သတိပြု မိဖို့ လိုပါသည်။ ယနေ့ တိုးတက်နေသော အသင်းတော် တွေမှာ၊ အဖွဲ့အစည်းတွေမှာ သီချင်းကို သီဆိုပြီး ဘုရား သခင်ကို ခံစားချက်အပြည့်၊ ယုံကြည်ချက်အပြည့်ဖြင့် ချီးမွမ်းလိုက်သည့်အခါတွင် သူတို့အသက်တာကို ကြည့် လျှင် ရွှင်လန်းနေကြပြီး တိုးတက်သောအသင်းတော် အဖွဲ့အစည်းများဖြစ်လာပြီး ကမ္ဘာနှင့်အမျှ ဘုရားသခင်၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို အောင်မြင်စွာ ဝေငှနိုင် တယ်ဆိုတာ တွေ့မြင်နေရပါသည်၊ ထို့ကြောင့် သီချင်းဆိုခြင်း သည် လူသားတိုင်း ရွှင်လန်းခြင်းကို ဖြစ်စေကြောင်း သိထားဖို့ လိုပါသည်။ ဟေဗြဲလူမျိုးတွေဟာ သီချင်းဆိုပြီး ချီးမွမ်းခြင်းကို (ယာဒါ) လို့ခေါ်သည်။ ဟေဗြဲလူမျိုးတွေသည် ဘုရားရှေ့မှာ သီချင်းဆိုပြီး ချီးမွမ်းသည့်အခါတွင် လက် နှစ်ဖက် မြှောက်ပင့်ပြီး သီဆိုချီးမွမ်းကြသည်။ အဲဒီလို ချီးမွမ်းသည့်အခါမှာ မိမိတို့၌ ရှိသမျှသောပြဿနာများ အားလုံးကို ဘုရားသခင်ထံ အပ်နှံလိုက်ပြီး ဘုရားသခင်ကို အမြင့်ဆုံးသောနေရာ၊ အထွတ်အထိပ်၌ တင်ထားပြီး ခံစားချက်များကို ယုံကြည်မှုအပြည့်အဝဖြင့် ရှိသေသမှုပြု၍ ဝတ်ပြုကိုးကွယ်ကြသည်။ ဒါဟာ ဟေဗြဲလူမျိုးတွေ၏ ပထမအရေးအကြီးဆုံးသော သီချင်းဆိုပြီး ချီးမွမ်းခြင်း ဖြစ်သည်။

(ဟေရှာယ ၂၄:၁၄) ထိုသူတို့သည် ကြွေးကြော် ၍ ရွှင်လန်းစွာ သီချင်းဆိုကြလိမ့်မည်။ ထာဝရဘုရားကို ချီးမွမ်းသောအသံနှင့် ပင်လယ်တစ်ဖက်မှ မြည်ကြလိမ့်မည်။ ထို့ကြောင့် သီချင်းဆို၍ ရွှင်လန်းနိုင်သူဖြစ်ဖို့ရန် အောက်ပါ ကျမ်းချက် အများကြီးထဲမှ အနည်းငယ်ကို ဖတ်ကြည့် ခြင်းအားဖြင့် (ဆာလံ ၁၃၈:၅၊ ၁၄၈:၁၂-၁၃၊၁၄၅:၃-၄၊ ၂၁:၁၃၊ ၁၀၇:၈၊ ဟေရှာယ ၂၅:၁၊ လုကာ ၁:၆-၆၉:၁) လူသားတိုင်း၊ ယုံကြည်သောသူတိုင်း အသင်းတော် တိုးတက် လာရေးနှင့် ဝမ်းမြောက်ဖွယ်သတင်းကောင်း ပြန့်ပွားနိုင်ရေး၊ မိမိကိုယ်မိမိ နှုတ်ကပတ်တော်အလင်း ဖြစ်လာနိုင်ရေး အတွက် လူသားတိုင်း သီချင်းဆို၍ ရွှင်လန်းခြင်းကို ရရှိ နိုင်သောသူဖြစ်ပါစေကြောင်း ဝေငှလိုက်ရပါသည်။❑

ဘီလူးသခင် (ကချင်ပြည်နယ်)





# အသင်းတော် ကိုယ်ပိုင်ရပ်တည်ရေး

## ဝိနပ်ပါဝါ

အရွယ်မရောက်သေးသောသူသည်သာ ကိုယ်ပိုင် ရပ်တည်နိုင်စွမ်းမရှိပါ။ ဤသည်မှာ သဘာဝကျသော လောက ဖြစ်ရပ်တစ်ခုပါ။ သို့သော် အချိန်တန် အရွယ် ရောက်ပါလျက် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းမရှိခြင်း ဟူသော ဖြစ်ရပ်သည် သဘာဝ မကျသော လူသားတို့၏ညှံ့ဖျင်းမှု တစ်ခု ဖြစ်နိုင်ပါသည်။

အဘယ်ကြောင့်နည်း။

မိဘတွေ တာဝန်မကျေခဲ့လို့လား၊ ဖြစ်နိုင်မည် မထင်ပါ။ တာဝန်မကျေသောမိဘ ဤကမ္ဘာတွင် ရှိကောင်း ရှိနိုင်မည် ဖြစ်သော်လည်း ရာနှုန်းနည်းပါး လှပါသည်။

ဆရာသမားတွေကြောင့်လား။ ဒါလည်းဖြစ် နိုင် မည်မဟုတ်ပါ။ ဆရာသမားတိုင်း အကောင်းချည်း မဟုတ် သော်လည်း အများစုသော ဆရာသမားတိုင်းသည် တပည့် ကောင်းစားသည်ကို တွေ့မြင်လိုသူများသာဖြစ်သည်။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြောင့်လား။ ဒါ လည်း ဖြစ်နိုင်သလိုလိုနှင့် ရာနှုန်းပြည့်မှန်နိုင်မည်မထင် ပါ။ "မည်သူမပြု မိမိမှု" ဆိုသည့်စကားပုံအတိုင်း အဘယ် လမ်းရွေးချယ်ရမည်ကို တစ်ပါးသူအား ဆုံးဖြတ်ခိုင်း လျှင် ပတ်ဝန်းကျင်ကောင်းကို ရောက်နိုင်တော့မည်မဟုတ်ပါ။

ဤသို့ဆိုလျှင် အရွယ်ရောက်ပါလျက် အဘယ် ကြောင့် ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းမရှိ ဖြစ်နေရပါသနည်း။ ရှင်းပါသည်။ မိမိအဘယ်အရပ်ကလာသည်၊ အဘယ် ကြောင့် ဤလောကတွင် ရှိနေသည်၊ အဘယ်အရပ်သို့ သွားနေသည်၊ အဘယ်အရာကို ယုံကြည်သည်၊ အဘယ် အမှုကိုပြုနေသည် ဆိုသည်များကို သုံးသပ် နိုင်စွမ်းမရှိ သောကြောင့် ကိုယ်ပိုင်ရပ် တည်နိုင်စွမ်းမရှိခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိကို အဘယ်သူ ဖန်ဆင်းသည်၊ ဖန်ဆင်း သူ၏ရည်ရွယ်ချက်က အဘယ် အရာဖြစ်သည်၊ မည်သည့် ပန်းတိုင်ကို ရောက်စေချင်သည်၊ မိမိ၏ယုံကြည်ချက်ကို လက်တွေ့၌ မည်သို့လုပ်ဆောင်ကြရမည်၊ နောက်ဆုံးခရီး အတွက် မည်သို့ကျင့်ကြံအားထုတ်ရမည်ကို နားလည် အောင် မကြိုးစားသောကြောင့် ကိုယ်ပိုင်ရပ်တည် နိုင်စွမ်း မရှိခြင်း ဖြစ်သည်။

ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူ မှန်လျှင် ကိုယ်ပိုင်ရပ်နိုင်စွမ်းရှိရမည်ဖြစ်သည်။ လူ၏မူလ အဓိပ္ပာယ်နှင့် တန်ဖိုးသည် ဆင်းရဲခြင်းလည်းမဟုတ်၊ ချမ်းသာခြင်းလည်းမဟုတ် ကိုယ်ပိုင်ရပ် တည်နိုင်စွမ်း ရှိခြင်း ပင်ဖြစ်သည်။ ကိုယ်ပိုင်ရပ်တည်နိုင် ခြင်းကို ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ ကြိုးစားခြင်း၊ ဇွဲဝီရိယရှိခြင်းတို့က ပန်း တိုင်ဆီသို့ တွန်းပို့ပေးသည်။ ထို့နောက် မိမိကိုယ်ကို သိခြင်း ပင်ဖြစ်သည်။ အသင်းတော်၏ ကိုယ်ပိုင်ရပ်တည် ရေးသည် ဤသို့ဤနည်းပင်ဖြစ်သည်။

အသင်းတော်က ဆောင်ရွက်နေသော ကိုယ်ပိုင်ရပ်တည်ရေးသည် မိမိနှင့်မဆိုင် ဟုခံယူလျှင် သင်၏ ဗတ္တိဇံခံယူခြင်း၊ သင်၏ လက်တင်ခံယူခြင်း အကျိုးကျေးဇူးသည် အချည်းနှီးသက်သက် ဖြစ်သွားပေလိမ့်မည်။ နောက်ဆုံးသေခြင်းတရား ဝင်ရောက်လာသောအခါ သင့်အတွက် အသင်းတော်သည် အကာအကွယ်ပေးရန် ခက်ခဲသွားပြီဖြစ်သည်။ လူနာတစ်ဦးကို သင် တွေ့ဖူးမည်။ နှာခေါင်း၌ အောက်စီဂျင်ပိုက်တပ်၍ အသက်ရှူနေရသည့်ဖြစ်အင်၊ မည်မျှ ဝေဒနာခံစားရပြီး မိမိနှာခေါင်းဖြင့် လေကို ဝဝလင်လင် ရှူ၍မရသောအခြေအနေ။ ကိုယ်ပိုင်ရပ်တည်ရေးသည် ဤသို့ဤနှယ်ပင်ဖြစ်သည်။ သူတစ်ပါး နှာခေါင်းဖြင့် အသက်ရှူနေရသောကြောင့် ကျန်းမာရေးကို တစ်စတစ်စ ချို့တဲ့စေခဲ့သည်။ ကိုယ်ပိုင်နှာခေါင်းဖြင့် အသက်မရှူနိုင်သော နောက်ဆုံးအချိန်ရောက်သောနေ့တွင် လူနာတစ်ဦးဟု အများက သတ်မှတ်သကဲ့သို့ အသင်းတော်ကို သင် ဤသို့ အသတ်မှတ်ခံမည်လော။ သင့်၌တာဝန်မရှိတော့ပေဘူးလော၊ ချိုင်းထောက်ဖြင့် လမ်းလျှောက်နေသူကို သင် မြင်ဖူးမည်။ သူသည် သူသွားရာခရီးအတွက် ပင်ပန်းကြီးစွာ အားထုတ်ရမည်ဖြစ်သည်။ နေးကွေးလွန်း၍ စိတ်၌ မချိတင်ကဲ ဖြစ်နေမည်။ ကားလမ်းဖြတ်အကူး၌ အကူအညီမပါဘဲ တစ်ကိုယ်တည်း လျင်လျင်မြန်မြန် မဖြတ်သန်းနိုင်အောင် ဖြစ်နေမည်။ ကိုယ်ပိုင်ရပ်တည်ရေးသည် ဤသို့ဤနှယ်ဖြစ်သည်။ မိမိခြေထောက်ပေါ် မိမိမရပ်တည်နိုင်သေးသရွေ့ ချိုင်းထောက်ဖြင့် လှမ်းနေရဦးမည်ဖြစ်သည်။ ချိုင်းထောက်ပျောက်သွားပါလျှင် (သို့) ပျက်သွားပါလျှင် အသင်သွားလိုရာသို့ အဘယ်သို့ သွားနိုင်တော့မည်နည်း။ ချိုင်းထောက်ကြီး သွားလိုသောကြောင့် မိမိခြေထောက်ကို [illegible]ရိုက်ချိုးသည် ဟူသောဖြစ်ရပ်ကို သင်ကြားဖူးပါသလော။ မဖြစ်နိုင်ပါ။ ကြားဖူးမည် မထင်ပါ။

ကိုယ်ပိုင်ရပ်တည်ရေးတွင် ချိုင်းထောက်ကိုလည်း မျှော်လင့်စရာမလို၊ မိမိခြေထောက်ကိုလည်း ရိုက်ချိုးသူအဖြစ်မခံဘဲ ကိုယ့်ဘာသာကိုယ် လျှောက်လှမ်းနိုင်ရေးအတွက် သင်ခန်းစာပေါင်းများစွာကြောင့် ကိုယ်ပိုင်လုပ်နိုင်စွမ်း ရှိပါသည်။ ဤသည်မှာ အသင်းတော်အပေါ် နားလည်ခြင်း၊ သိမြင်ခြင်း၊ ချစ်ခင်ခြင်းသာမက သံယောဇဉ်တွယ်တာမှုတို့က အခြေပြုပါသည်။

ခန္ဓာကိုယ်တစ်ခုလုံးကို ဦးခေါင်းက ထိန်းထားသလို အသင်းတော်တစ်ခုလုံးကို ခရစ်တော်က ထိန်းကွပ်ထားပါသည်။ ဦးခေါင်းက စေခိုင်းသည့်အတိုင်း ခန္ဓာကိုယ်လှုပ်ရှားရသကဲ့သို့ ခရစ်တော်စေခိုင်းသည့်အတိုင်း အသင်းတော် လှုပ်ရှားရပါမည်။ ယခု ခရစ်တော် စေခိုင်းနေသည်က "ကိုယ်ပိုင်ရပ်တည်ရေး၌ သင့်တာဝန်ကျေပွန်ဖို့" ဖြစ်သည်။

ခရစ်တော်သည် မလိုအပ်လျှင် မခိုင်းပါ။ လိုအပ်၍သာ ခိုင်းစေခြင်းဖြစ်သည်။ စေခိုင်းခြင်းကလည်း သူ့အတွက်မဟုတ်၊ သင့်အတွက်ဖြစ်သည်။ သူခိုင်းသည့်အတိုင်း သင်မလုပ်လျှင် သူ့တာဝန်မဟုတ်တော့၊ သင်၏တာဝန်သာဖြစ်သွားမည်။ သင်က အနေသာကြီးပါဟု ကျောခိုင်းပြီး ငါ့ကိစ္စ၊ ငါ့မိသားစုကိစ္စ ဆိုသည့် အတ္တဘက်ကိုသာ မြားဦးလှည့်လိုက်မည်ဆိုလျှင် အသင်းတော် နစ်နာမည်မဟုတ်၊ သင်၏ဝိညာဉ်ရေး ဆုံးရှုံးသွားပြီ ဟုသာ မှတ်ယူပေတော့မည်။ ဝိညာဉ်ဆုံးရှုံးမှုရောက်မလာမီ သင်၌ခံစားရမည့် ဝေဒနာဖြစ်ရပ်များက တသီတတန်း ရှိနေသေးသည်မှာ မတွေးရဲစရာပါ။

တပ်မက်သောစိတ် (အတ္တ) သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ဖွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဖွားတတ်၏။ ငါချစ်သော ညီအစ်ကိုတို့၊ အလွဲမယူကြနှင့်။ ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှတို့သည် အလင်းတို့၏အဘထံတော်က သက်ရောက်သည်ဖြစ်၍ အထက်အရပ်မှ လာကြ၏။ ထိုအဘသည် ရွေ့လျောတိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူ၏ (ယာကုပ် ၁း၁၅-၁၇)။

ကိုယ်ပိုင်ရပ်တည်ရေးသည် သင့်အတွက် ဖြစ်ပေါ်လာသော ဘုရားသခင်အလိုတော်ရှိရာ လုပ်ငန်းတစ်ခု ဖြစ်နေပါကြောင်း …။□





# အိမ်မဲကြီး

ပြည်ငြိမ်းအေး

ဒီအကြောင်းကိုရေးဖို့ တစ်ခါမှ စိတ်မကူးဖြစ်ခဲ့ပါဘူး။ ရေးဖို့အကြောင်း ပေါ်လာကောင်းပေါ်လာမယ်ဆိုတာ သတိပြုမိပေမယ့် ရေးဖို့ အကြောင်းဖန်မလာလေတော့ မေ့မေ့ပျောက်ပျောက်ပဲ ထားခဲ့ပါတယ်။ ဒါပေမဲ့ "အိမ်မဲကြီး" အကြောင်းရေးရင် သမိုင်းကြောင်းအရ ရှည်လွန်းပြီး၊ စာပေအထောက်အထား၊ နှုတ်အထောက်အထားတွေ ရှာဖွေရခက်လွန်းလို့ လွယ်မယ် မထင်ခဲ့ဘူး။ အခုလည်း အကြောင်းကြောင်းကြောင့် ကြိုးစားပြီး ရေးတယ်ဆိုပေမယ့် ကြားဖူးနားဝရှိတဲ့အချက်ရယ်၊ ကိုယ်တိုင်မှီခဲ့တဲ့အချိန်၊ ကာလအပေါ်မူတည်ပြီး လွမ်းဆွတ်တာသရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

"အိမ်မဲကြီး" ရာဇဝင်က ၁၈၅၀ ပြည့်နှစ်က စခဲ့တယ် လို့ဆိုတယ်။ ၁၈၅၀ ပြည့်နှစ်ဆိုတာ မြန်မာပြည်မှာ ဘယ်ခေတ်ကာလဆိုတာ သိကြမှာပါ။ ဒီခေတ်ကာလမှာ တိုင်းတစ်ပါးသား စစ်ဗိုလ်တစ်ယောက် ဆောက်ခဲ့တယ်ဆိုတာလောက်ကိုတော့ ကြားဖူးနားဝရှိခဲ့ပါတယ်။ ပြီးတော့ လူဖြူတစ်ဦးဝယ်ယူပြီး သာသနာပိုင်များနေဖို့ လှူခဲ့တယ် လို့ဆိုပါတယ်။

ဒီနောက်တော့ ၁၈၇၇ ခုနှစ်ကစပြီး ...

(၁) သာသနာပိုင် ဂျေအိပ်ချ်တစ်ကွန်း (၁၈၇၇-၁၈၈၂)

(၂) သာသနာပိုင် ဂျွန်မေလာစထရောင်း (၁၈၈၂-၁၉၀၃)

(၃) သာသနာပိုင် အာသာအမ်နိုက် (၁၉၀၃-၁၉၀၉)

(၄) သာသနာပိုင် အာရ်အက်စ်ဖိုက် (၁၉၀၉-၁၉၂၈)

(၅) သာသနာပိုင် နော်မန်ဟယ်ရီ တပ်ဗ် (၁၉၂၈-၁၉၃၅)

(၆) သာသနာပိုင် ဂျော့ချ်ဝက်စ် (၁၉၃၅-၁၉၅၄)

(၇) သာသနာပိုင် ဗစ်တာဂျီရှားဘန်း (၁၉၅၅-၁၉၆၆)

(၈) သာသနာပိုင် ဖရန်စစ်အာမြ (တိုင်းရင်းသား)(၁၉၆၆-၁၉၇၀)

(၎င်းသည် ဆက်လက်၍ သာသနာပိုင်ချုပ်အဖြစ် ၁၉၇၃ ခုနှစ်အထိ နေထိုင်ခဲ့သည်။)

(၉) သာသနာပိုင်ချုပ် ယောဟန်ဦးအောင်လှ (၁၉၇၃-၁၉၇၉)

(၁၀) သာသနာပိုင်ချုပ် စောဂရယ်ဂရီလှကျော် (၁၉၇၉-၁၉၈၇)

(၁၁) သာသနာပိုင်ချုပ် အန်ဒရေဦးမြဟန် (၁၉၈၈-၁၉၉၅) အထိ ဆက်လက်နေထိုင်ခဲ့ကြသည်။

"အိမ်မဲကြီး" မှာ သာသနာပိုင်ချုပ်နယ်မပေါ်မီက ရန်ကုန်သာသနာပိုင်ရုံးအဖြစ်လည်း တည်ရှိခဲ့ပြီး၊ သာသနာပိုင်ချုပ်နယ် ပေါ်လာသည့်အခါ ရုံးနှစ်ရုံး ပူးတွဲဖွင့်လှစ်ခဲ့သည်။ ရန်ကုန်သာသနာပိုင်ဟာ သာသနာပိုင်ချုပ်လည်းဖြစ်တဲ့အတွက် အိမ်နဲ့ရုံး တွဲထားတဲ့သဘောမျိုးပါပဲ။ နောက်တော့ ရန်ကုန်သာသနာပိုင်ရုံးကို ဘီးရှော့ဟုမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်တဲ့အခါ သာသနာပိုင်ချုပ်ရုံးတစ်ခုတည်းကိုသာ ထားရှိခဲ့ပါတယ်။

စဉ်ဆက်နေထိုင်ခဲ့သူအကြောင်း နည်းနည်းဆက်ရမယ်ဆိုရင် သာသနာပိုင်ချုပ် ရှမွေလမန်းစံစီဒွေးနဲ့ အခုလက်ရှိ သာသနာပိုင်ချုပ် ဦးစတီဗင်သန်းမြင့်ဦးတို့က နေထိုင်ခဲ့ဖူးခြင်း မရှိဘူး။ ဒါပေမဲ့ သာသနာပိုင်ချုပ် ရှမွေလမန်းစံစီဒွေးကတော့ ရန်ကုန်လက်ထောက်သာသနာပိုင်ဘဝက အိမ်မဲကြီးအပေါ်ထပ်မှာ နေထိုင်ခဲ့ဖူးပါတယ်။

"အိမ်မဲကြီး" ဟာ ၁၈၇၇ ခုနှစ်ကစပြီး မြန်မာနိုင်ငံတစ်ခုလုံးမှာရှိတဲ့ အသင်းတော်အသီးသီးကို ထိန်းချုပ်ဦးဆောင်ကွပ်ကဲခဲ့တဲ့ ဌာနချုပ်တစ်ခုဆိုရင် မမှားဘူး။ သာသနာပိုင်ချုပ်နယ် ဖြစ်လာပြန်တော့ သာသနာပိုင်နယ်များကို ဦးစီးကွပ်ကဲအုပ်ချုပ်ခဲ့ရတဲ့ ရုံးချုပ်တစ်ခုဆိုရင်လည်း မှန်ပါတယ်။ စာရေးသူကတော့ ၁၉၆၆ ခုနှစ်လောက်မှ "အိမ်မဲကြီး" မှာ အခြေချခဲ့ရတယ် ဆိုတော့ ရှေးဖြစ်ဟောင်းတွေကို သိပ်မသိခဲ့ရပါဘူး။ ဒါကြောင့် ဒီကနေ့အထိ နှစ်ပေါင်း (၄၄) နှစ်အတွင်း မှတ်မိသလောက် သမင်လည်ပြန် ကြည့်မိပါတယ်။

"အိမ်မဲကြီး" မှာ ၁၉၆၆ခုနှစ်နောက်ပိုင်း သာသနာကို ပြုစုပျိုးထောင်ခဲ့တဲ့ ထိပ်တန်းပုဂ္ဂိုလ်တွေ ရှိခဲ့ပါတယ်။ သာသနာပိုင် ဖရန်စစ်အာမြကစပြီး ဦးဘသန်း၊ ဦးစံဘ၊ ဘုန်းတော်ကြီး ဦးလေိယ၊ ဘုန်းတော်ကြီး ဦးပီတာဘမော်၊ ဦးသောမသိန်းမောင်၊ ဆရာမကြီး ဒေါ်ခင်ခင် (ပြည်)၊ ဆရာမကြီး ဒေါ်အက်စတာလှကျော်၊ ဦးဘထွန်း၊ ဦးဂျွန်ပီကျော်တို့ ဖြစ်ကြတယ်။ အခြားခေါင်းဆောင်တွေ ရှိပေမယ့် "အိမ်မဲကြီး" ကို အခြေပြုပြီး အမှုတော်ဆောင်ရွက်ခဲ့သူတွေကတော့ သူတို့ပဲ ဖြစ်ကြတယ်။

ဒီကာလတုန်းက ရန်ကုန်ရုံးနဲ့ သာသနာပိုင်ချုပ်ရုံး မခွဲခွာသေးတော့ စုပေါင်းလုပ်ဆောင်တဲ့အခါ ဝန်ထမ်းအချင်းချင်း အတော်ညီညွတ်ကြတယ်။ နံနက်ဝတ် (နေ့စဉ်) ရုံးတက်ချိန်မှာ ဆုတောင်း၊ ကျမ်းစာဖတ်ခဲ့ရတာကို ဒီကနေ့အထိ မှတ်မိသေးတယ်။ အခြားဝန်ထမ်းတွေ အနက် သတိရသလောက် အမည်ဖော်ပြရရင် ဦးမောင်ကြိုင် (ဒေါ်အယ်နီကြိုင်၏ဖခင်)၊ ဦးဘိုးလှ (သတင်းလွှာအကူ)၊ ဒေါ်နယ်လီမြရီ (မိခင်)၊ ဦးပြည်အေး (ဦးပီတာအေး၏ဖခင်)၊ စာရင်းကိုင် မစ္စတာချန်း (ဘာသာခြား၊ တရုတ်လူမျိုး)၊ သင်းထောက် ဦးဒေးဗစ်ထင်ရ၊ ဦးတင်စီ မက်ဒေါ်လ်နယ်၊ ဦးထွန်းရင် (ယာဉ်မောင်း) စသဖြင့် ရှိခဲ့ကြတယ်။

ရုံးကို ဝင်လိုက်ထွက်လိုက်ပုဂ္ဂိုလ်တွေကတော့ ဘုန်းတော်ကြီးဦးဘထက်၊ ဘုန်းတော်ကြီး ဦးဘိုးကွန်း၊ ဘုန်းတော်ကြီး ဦးချစ်ထွေး၊ ဘုန်းတော်ကြီး ဦးဂျေသန်းဖေ (ယခု အနားယူ သာသနာပိုင်)၊ ဘုန်းတော်ကြီး ဦးမောင်ဖေ (နောင် စစ်တွေသာသနာပိုင်)၊ ဘုန်းတော်ကြီး ဒီဗိုက်ကျင်း (နောင် ဘားအံသာသနာပိုင်)၊ ဘုန်းတော်ကြီး ဦးအေမြဟန် (နောင် သာသနာပိုင်ချုပ်) စသဖြင့် ရှိခဲ့ကြပါတယ်။

၁၉၇၃ ခုနှစ်နောက်ပိုင်း ရုံးချုပ်မှာ တာဝန်ထမ်းဆောင်လာသူတွေက ဦးတင်ထွေး၊ ဦးစောအက်ဒွက် မတ်ဒ်၊ ဦးစောစီးဟဲ တို့ဖြစ်တယ်။ ဒါတွေက မှတ်မိသလောက်ပါ။ ကျန်တဲ့ပုဂ္ဂိုလ်တွေ အများအပြားလည်း ရှိနိုင်ပါတယ်။ အထူးသဖြင့် အလုပ်ကိစ္စနဲ့ ဖြတ်သန်းဖြတ်လာ ဘုန်းတော်ကြီးတွေပေါ့။

တကယ်တော့ "အိမ်မဲကြီး" ဟာ မြန်မာပြည် အင်္ဂလီကန်အသင်းတော်ကြီးရဲ့ သမိုင်းဝင်အိမ်တစ်လုံးဆိုရင် တည်လုံးဝမမှားဘူး။ အသင်းတော်ကို တဖြည်းဖြည်း တည်ဆောက်ခဲ့ရာမှာ အဓိကအခြေခံအုတ်မြစ်တစ်ခုလို့လည်း ပြောနိုင်တယ်။ အိမ်ကြီးက ကြီးသလောက်၊ အခန်းတွေများသလောက် ပြောစရာတွေလည်း မနည်းမနောပါ။ အဲဒီအချိန်ကတည်းက ကျွန်းသားတွေအတိနဲ့ ဆောက်ထားတဲ့အိမ်ဟာ ဒီကနေ့အထိ ပကတိ အကောင်းအတိုင်း ရှိနေဆဲပါ။ အခန်းတွေများပြီး အိမ်က ကြီးလွန်းတော့ ညမပြောနဲ့၊ နေ့ဘက်တောင် တစ်ယောက်တည်းနေဖို့ သတ္တိအတော်ကလေး မွေးရလိမ့်မယ်ထင်ပါတယ်။ ဒီအိမ်မဲကြီးကနေ သာသနာပိုင်နယ် (၆) နယ် မွေးဖွားလာတယ်။ ဒီအိမ်မဲကြီးကနေ ဘုန်းတော်ကြီး အပါး လေးရာကျော်ငါးရာ မွေးထုတ်ပေးခဲ့တယ်။ သာသနာပိုင် အတော်များများ ပေါ်ထွန်းခဲ့တယ်၊ စံမြန်းခဲ့တယ်။

ခုနကပြောပြသလို နေ့၊ ည တစ်ယောက်တည်းနေဖို့တောင် မတွေးရဲတဲ့အိမ်ကြီးမှာ အချို့သာသနာပိုင်တွေ တစ်ပါးတည်းနေခဲ့တယ်။ ဒီအိမ်ကြီးဟာ တစ်ချိန်တစ်ခါက မင်းခမ်းမင်းနားလောက်ကို ထည်ထည်ဝါဝါရှိခဲ့တဲ့ပုံပါ။ အသစ်ဆောက်တုန်းကဆိုရင် အတော်ကျက်သရေမင်္ဂလာနဲ့ပြည့်စုံလောက်တဲ့ အိမ်တော်ကြီးတစ်ခု ဖြစ်ပါလိမ့်မယ်။ တည်ဆောက်ပုံအနေအထား အားလုံးဟာ အနောက်တိုင်းရဲတိုက်ဆန်ဆန်ဖြစ်နေတော့ ညဘက်ဆို အိမ်နားကပ်ဖို့တောင် မတွေးရဲဘူး။

ဒီအိမ်ကြီးအောက်ထပ်တစ်နေရာမှာ ကိုးပေရှည်တဲ့ စပါးကြီးမြွေတစ်ကောင် နှစ်အတော်ကြာ ခိုအောင်းခဲ့ဖူးတယ်။ တိုင်းတစ်ပါးသာသနာပိုင်တစ်ပါးဆိုရင် အရိပ်သဏ္ဍာန်လှုပ်ရှားမှုတွေကို တွေ့မြင်ခဲ့ဖူးတယ်။ ညဘက်တိတ်ဆိတ်ချိန်မှာ လက်နှိပ်စက်ရိုက်သံတွေကိုလည်း ကြားခဲ့ဖူးသူရှိတယ်။ သက်ရှိထင်ရှား အနားယူသွားတဲ့ ဘုန်းတော်ကြီးတစ်ပါးဟာ ကျန်းမာရေးကြောင့် အခန်းတစ်ခုမှာ ခေတ္တတည်းခိုချိန်မှာ ထူးခြားချောက်ချားစေတဲ့ အဖြစ်အပျက်မျိုး ကြုံတွေ့ခဲ့ရတယ်။ ကွယ်လွန်သွားတဲ့ အနားယူသာသနာပိုင်ချုပ်တစ်ပါးဆိုရင် ကျယ်ပြန့်တဲ့ အိမ်ရှေ့လေှကားအတက်အဆင်းမှာ သာမန်လူ နလုံးရပ်သွားစေမယ့် အဖြစ်အပျက်မျိုးနဲ့ ရင်ဆိုင်ခဲ့ဖူးတယ်။ စာရေးသူကိုယ်တိုင် တစ်ခါက မိတ်ဆွေသူငယ်ချင်းတစ်ယောက်နဲ့ နှစ်ယောက်ထဲ သုံးလေးရက်အိပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဒီလိုစိတ်ချောက်ချားစရာအဖြစ်မျိုး မကြုံခဲ့ရဘူး။ တစ်ခုတော့ရှိတယ်။ အဖြစ်အပျက်တွေဟာ များသောအားဖြင့် မျက်နှာစာရဲ့ညာဘက်ခန်းတွေမှာသာ ဖြစ်ခဲ့တာပါ။ သာသနာပိုင်ချုပ်အတော်များများကတော့ မျက်နှာစာရဲ့ ဘယ်ဘက်အခန်းတွေမှာ အနေများကြတယ်။

စဉ်းစားစရာက သာသနာရဲ့အချက်အခြာဖြစ်တဲ့ ဒီလို အိမ်မဲကြီးမှာ ဒီလိုအဖြစ်အပျက်တွေရှိတယ်ဆိုတာ ယုံရမှာလား၊ လက်ခံရမှာလား။ အကောင်းတွေအများကြီး ဖော်ဆောင်နိုင်ခဲ့သလို၊ မကောင်းတာတွေလည်း မရှိနိုင်တော့ဘူးလား။ တကယ်တော့ လောကီဆိုင်ရာ အဆိုးအညစ်များ ကင်းရှင်းခဲ့တယ်။ လောဘ၊ ဒေါသများ နည်းပါးခဲ့တယ်။ အစည်းအဝေးအမျိုးမျိုး ပြုလုပ်ခဲ့ဖူးသော်လည်း အဆုံးသတ်အဖြေများက အများကျေနပ်စရာများ ဖြစ်ခဲ့ပါတယ်။

အထက်က ဆိုခဲ့သလို အခြောက်အလှန့်၊ အကြောက်အရွံ့များရှိခဲ့တယ် ဆိုပေမယ့်လည်း အဆုံး၌ ငြိမ်သက်အေးချမ်းခြင်းဖြင့်သာ အဆုံးသတ်ခဲ့ပါတယ်။ ဘုရားသခင်ရဲ့လူတို့ကို မကောင်းဆိုးဝါးများက ဘယ်သော အခါမှ အပြီးတိုင် အနိုင်ယူနိုင်စွမ်း မရှိခဲ့ကြပါဘူး။

"အိမ်မဲကြီး" ၏ဖြစ်စဉ်တွေက ဒီလောက်နှင့် မပြီးဆုံးသေးပါ။ အိမ်ထောင်ဘက်များကိုလည်း ဖန်တီးပေးခဲ့ပါသေးသည်။ သာသနာပိုင်ချုပ်အဆင့်ရှိ ပုဂ္ဂိုလ်များရဲ့ ချစ်ခြင်းမေတ္တာဟာ အိမ်မဲကြီးမှာ သန္ဓေတည်ခဲ့တယ်။ ဌာနမှူးအဆင့်ရောက်ရှိခဲ့သူတစ်ဦးလည်း အိမ်မဲကြီးမှာ ချစ်မေတ္တာကို ပျိုးထောင်ခဲ့ပါတယ်။ အသက်ခြောက်ဆယ်နီးပါးပုဂ္ဂိုလ်တစ်ဦးလည်း အိမ်မဲကြီးက ဖူးစာရှင် ရှာပေးခဲ့တယ်။ မိန်းမရနိုင်မယ့်အခြေအနေမရှိတော့တဲ့ ဝန်ထမ်းတစ်ဦးအတွက်လည်း အိမ်မဲကြီးက မေတ္တာတံတား ဆောက်ပေးခဲ့တယ်။ ဒီလူတွေအားလုံး ပြန်စဉ်းစားမယ်ဆိုရင် "အိမ်မဲကြီး"ကို အကြိမ်ကြိမ် ကျေးဇူးတင်ကြမှာ သေချာပါတယ်။

အိမ်မဲကြီးမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ် ဝန်းကျင်လောက်မှာ အမှုတော်ထမ်းခဲ့တဲ့ ဝန်ထမ်းတွေရဲ့စိတ်ဓာတ်တွေဟာ အတော်ကလေး ချစ်စရာကောင်းခဲ့ပါတယ်။ ဒီတုန်းက "ယာခင်းသာ" ဆိုတဲ့ လက်ဖက်ရည်ဆိုင်ဟာ "ဟယ်လ်ပင်" လမ်းထောင့်မှာ တည်ရှိဖူးတယ်။ တစ်နေ့တစ်ကြိမ်လောက် ဒီဆိုင်ကိုစုသွားကြပြီး မိမိတို့ရဲ့ဇာတ်လမ်းအမျိုးမျိုးကို လက်ဖက်ရည်တိုက်ပြီး ဝေငှခဲ့ရင်း ရယ်မောရတဲ့အဖြစ်တွေကို တမ်းတမိပါတယ်။ အသက်ကြီးမှ အိမ်ထောင်ကျသူတွေရဲ့အတွေ့အကြုံ၊ မိန်းမမရတော့ဘူးလို့ မိမိကိုယ်ကိုသတ်မှတ်ခဲ့ပြီးမှ အိမ်မဲကြီးမှာ မေတ္တာစကားဆိုခဲ့တဲ့ ဇာတ်လမ်းစုံ၊ (နယ်က ရည်းစားစာ မျှော်ရသူအကြောင်း) ရုံးတွင်းမှာ အိမ်ခြွေတစ်ခွဲသားနဲ့ ဟန်မပျက် ရှိနေပေမယ့် ရုံးဆင်းချိန်မှာ နှစ်ဦးသား လက်ကလေးတွဲပြီး ခြေပုန်းခုတ်ခဲ့ကြပုံ စသဖြင့် စသဖြင့် ပေါ့လေ ...။

ဒီအပြင် "အိမ်မဲကြီး" မှာ "ငဒိုက်" ဗီဒီယို ဇာတ်ဝင်ခန်း ရိုက်ခဲ့တယ်။ အ-လ-င-သ ဓမ္မပညာအတွက် အသံသွင်းခြင်း၊ ပြဇာတ်တိုက်ခြင်းတွေကိုလည်း လုပ်ခဲ့ဖူးတယ်။ သရဲတစ္ဆေဇာတ်လမ်း၊ မေတ္တာဇာတ်လမ်း၊ အနုပညာဇာတ်လမ်းတွေဟာ အိမ်မဲကြီးရဲ့သင်္ကေတတွေ မဟုတ်လား။

ဒါပဲလား၊ ကျန်ပါသေးတယ်။ ၁၉၇၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှာ သာသနာပိုင်ချုပ်နယ် ဖွင့်ပွဲကို ကြီးကြီးကျယ်ကျယ် လုပ်နိုင်ခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ အသင်းတော်ကြီးရဲ့ ရာပြည့်ပွဲတော်ကြီးကို သိုက်သိုက်မြိုက်မြိုက် ပြုလုပ်နိုင်ခဲ့တယ်။ ၁၉၈၅ ခုနှစ်မှာ အင်္ဂလီကန်လူငယ်များအသင်းရဲ့ (၂၅) နှစ်ပြည့် ငွေရတုပွဲတော်ကြီးကို စည်စည်ကားကား ပြုလုပ်နိုင်ခဲ့တယ်။ ဒါတွေအားလုံးဟာ အိမ်မဲကြီးကိုအခြေခံပြီး ဖြစ်ပေါ်လာတဲ့ သမိုင်းဝင် စည်းလုံးမှုသင်္ကေတတွေ မဟုတ်လား။

၁၉၆၀ ကျော် ၁၉၇၀ ဝန်းကျင်မှာ အိမ်မဲကြီး ရှိရာ ဝန်းကျင်ဟာ တောကြီးမျက်မည်းသဖွယ်ဖြစ်ပါတယ်။ (ဒီနေ့လည်း ဒီအတိုင်းပဲ) အိမ်မဲကြီးကို ကြီးမားတဲ့ ကုက္ကိုပင်တွေနဲ့ ဝန်းရံထားပါတယ်။ အိမ်မဲကြီးရဲ့ အရှေ့ဘက်မှာ ချုံနွယ်ပိတ်ပေါင်းတွေကြားက ကန်တော်မင်က စီးဆင်းလာတဲ့ မြောင်းကြီးတစ်ခုရှိပြီး မိုးတွင်းဆိုရင် ရေတွေ ဒလဟော စီးဆင်းတက်ပါတယ်။ အိမ်မဲကြီးအနောက်ဖက်မှာတော့ သာသနာပိုင်ကြီးရဲ့ ထမင်းချက်၊ ယာဉ်မောင်း၊ ညစောင့်၊ ဒိုဘီ စတဲ့သူတွေနေဖို့ တန်းလျားနှစ်ဆောင် ရှိခဲ့တယ်။ ဆွေစဉ်မျိုးဆက်အမှုထမ်းလာသူတွေက သာသနာပိုင်ကြီး ရှားဘန်းလက်ထက် ထမင်းချက်ရဲ့ ဆွေစဉ်မျိုးဆက်တွေပဲဖြစ်တယ်။ အမြဲတမ်း အမှတ်ရမိသူကတော့ ဦးဂိုရီးယားပါ။ သူကတော့ ၁၉၇၀ ကျော် ကာလမှာ အသက်ခုနှစ်ဆယ်ကျော် ရှစ်ဆယ်ကျော်ပေမယ့် အသင်းတော်က သူ့ကိုပစ်မထားဘဲ သန့်ရှင်းရေး၊ ညစောင့် တာဝန် ပေးခဲ့ပါတယ်။ ခင်မင်စရာကောင်းပြီး သင်းထောက်ဒေးဗစ်ထင်ရဟာ သူ့အတွက် အချစ်ဆုံးမုန်းသူတစ်ဦး ဖြစ်ပါတယ်။ သင်းထောက်ဒေးဗစ်ထင်ရရဲ့ ကျီစယ်မှုတွေဟာ သူ့အတွက် ဒေါမနဿဖြစ်စရာတွေပဲကိုး။

"အိမ်မဲကြီး" ရဲ့ ထူးခြားချက်အချို့လည်း ရှိသေးတယ်။ အိမ်မဲကြီးမှာ လက်တင်မင်္ဂလာပေးခဲ့တယ် ဆိုတာ ကြားဖူးကြသလား။ ရှိခဲ့ပါတယ်။ အိမ်မဲကြီးမှာ လက်ထပ်မင်္ဂလာပြုခဲ့တာ ကြားဖူးကြသလား။ ရှိခဲ့ပါတယ်။ ဒီလိုပါပဲ၊ သာသနာပိုင်ချုပ်တစ်ပါးရဲ့ ရုပ်ကလပ်ကို အိမ်မဲကြီးမှာ ခေတ္တ ထားရှိခဲ့ဖူးပါတယ်။

"အိမ်မဲကြီး" ဟာ အသင်းတော်ခေါင်းဆောင်ရဲ့ နေအိမ် ဖြစ်ခဲ့သလို (မကျန်းမာသူအချို့ရဲ့ နားခိုရာ ဖြစ်ခဲ့ဖူးတယ်။) သာသနာရုံးတော်လည်း ဖြစ်ခဲ့တယ်။ ရုံးတော်ဖြစ်တဲ့အလျောက် အရေးပါတဲ့ ဗဟိုကော်မတီ အစည်းအဝေးတွေ၊ သာသနာ့လွှတ်တော်အစည်းအဝေးတွေကိုလည်း ကျင်းပခဲ့ဖူးတယ်။

ဒီနေ့ခေတ်ပိုင်းမှာတော့ ပညာဒါနပေးတဲ့ အစီအစဉ်တွေကိုလည်း အောင်အောင်မြင်မြင် လုပ်ပေးနိုင်ခဲ့ပါတယ်။

အားလုံးကို ခြုံငုံကြည့်လိုက်မယ်ဆိုရင် သာသနာပိုင်ချုပ်ရုံးနဲ့ ရန်ကုန်သာသနာပိုင်ရုံးကို ဘယ်သူက ဘယ်အချိန်ကစပြီး "အိမ်မဲကြီး" လို့ အမည်မှည့်ခေါ်လိုက်သလဲ မသိရပေမယ့် အိမ်မဲကြီးဟာ အသင်းတော်ခေါင်းဆောင်များစွာကို မွေးထုတ်ပေးခဲ့တယ်။ သမိုင်းဝင် အသင်းတော်လူကြီးတွေကိုလည်း ဖော်ထုတ်ပေးခဲ့တယ်။ အထူးသဖြင့် အိမ်မဲကြီးကနေ သာသနာပိုင်နယ် (၆)နယ် မွေးထုတ်လိုက်ခြင်းရဲ့ကျေးဇူးတရားဟာ ဒီကနေ့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ရဲ့ ထူးခြားတဲ့ မှတ်ကျောက်တစ်ခု မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ် "အိမ်မဲကြီး"ရှိနေသည်ဖြစ်စေ၊ မရှိတော့ဘူးဖြစ်စေ၊ အိမ်မဲကြီးရဲ့ ပြယုဂ်၊ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဓိပ္ပာယ်၊ သမိုင်းဖြစ်စဉ်တွေကိုတော့ ဘယ်သောအခါမှ ဖျောက်ဖျက်လို့ရနိုင်မယ်မထင်ဘူး။ အသင်းတော်ရဲ့သန္ဓေတည်ရာ အိမ်မဲကြီးကို တမ်းတမ်းတတနဲ့ ထာဝရ အမှတ်ရနေမှာပါ။

အိမ်မဲကြီးဟာ မိခင်တစ်ဦးအသွင်ဆောင်ပါတယ်။ သားသမီးများစွာ မွေးထုတ်ပေးခဲ့ပါတယ်။ ပညာဒါနတယ်။ လိုအပ်တဲ့အရာတွေကို ပြုစု များစွာပေးခဲ့ပါတယ်။ လူသားတစ်ဦးလို တည်ဆောက်ပျိုးထောင်ပေးခဲ့ပါတယ်။ တဲ့အချိန်ရှိသလို၊ ဖြိုဖျက်ရမယ့်အချိန်လည်းရှိတယ်၊ လူသားတစ်ဦးလို အချိန်တန်ရင် ဒီလောကက ပျောက်ကွယ်သွားရမှာ ဓမ္မတာပဲလေ။ သင်ခန်းစာယူစရာပါ။

မိခင်တစ်ဦးဟာ သားသမီးများစွာကို ကျွေးမွေးစောင့်ရှောက်ခဲ့ပေမယ့် သားသမီးများစွာဟာ မိခင်တစ်ဦးကို ပြန်လည်ကျွေးမွေးစောင့်ရှောက်ဖို့ ပျက်ကွက်သလို၊ ဒီအဖြစ်မျိုးကို "အိမ်မဲကြီး" လည်း ခံစားခဲ့ရပုံရပါတယ်။ အိုမင်းရင့်ရော်ခြင်းအောက်မှ ချို့နဲ့မှုဒဏ်တွေကို အပြင်းအထန်ခံစားရင်း ဘဝနိဂုံးချုပ်ရတော့မှာလား။ ဒါဟာ အချိန်ပါ။

ထာဝရဘုရားသခင်ဟာ ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူစဉ်က အချိန်ကိုလည်း ပြုပြင်ဖန်ဆင်းခဲ့တယ်။ အစီအစဉ်တကျဖြစ်တဲ့ အချိန်ကာလရဲ့ အခြေခံယူနစ်များဖြစ်တဲ့ နေ့နဲ့ည၊ တစ်နှစ်အတွင်းရှိခဲ့တဲ့ ရာသီဥတုများကို ဓမ္မဟောင်းကျမ်းမှာ ဖော်ပြထားပါတယ်။ ဣသရေလလူမျိုးများဟာ ပွဲတော်တွေအားဖြင့် တစ်နှစ်ပတ်လုံး ဖော်ပြခဲ့တယ်။ ဒါပေမဲ့ အချိန်နာရီနဲ့ပတ်သက်ပြီး အထောက်အထားတွေကို ဓမ္မသစ်ကျမ်းမတိုင်ခင်အထိ မတွေ့ခဲ့ရဘူး။


ပိုပြီးအရေးကြီးတာက လူတစ်ဦးစီရဲ့အသက်တာ၊ အရာဝတ္ထုတွေရဲ့သက်တမ်းတွေမှာရှိတဲ့ ထူးခြားတဲ့ အချိန်ကာလတွေပဲ ဖြစ်ပါတယ်။ အရာခပ်သိမ်းအတွက် အချိန်ရှိပါတယ်။ ကျွန်တော်တို့ဟာ မှောင်မိုက်တဲ့အချိန်များထဲမှာ လျှောက်လှမ်းသွားနေရပေမယ့် ကျွန်တော်တို့ရဲ့အချိန်ဟာ ဘုရားသခင်ရဲ့လက်တော်မှာရှိနေကြောင်း ခိုင်မြဲစွာ ဝန်ခံရမယ်ဖြစ်တယ် (ဆာလံ၃၁း၁၅)။ ကျွန်တော်တို့ ရှေ့မှာရှိတဲ့ အခွင့်အရေးတစ်ခုစီတိုင်းကို အကောင်းဆုံး အကျိုးရှိအောင် ပြုလုပ်ကြဖို့ ဘုရားသခင် အလိုတော်ရှိတယ် (ဖေက် ၅း၁၆)။

အချိန်ဟာ ထာဝရဘုရားသခင်ရဲ့နေ့ရက်ဆီကို ဦးတည်ရွေ့လျားနေတယ်။❑

အင်္ဂလီကန်အသင်းတော်၊ ဓမ္မသီချင်း စာအုပ်များတွင် အင်္ဂလီကန်အသင်းတော်ပြက္ခဒိန်နှင့် လျော်ညီစွာ အချိန်အခါ နေ့ရက်ဆိုင်ရာ ဓမ္မသီချင်းများကို ပြုစုထားကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ သို့ရာတွင် များစွာသောအသင်းတော်တို့သည် လက်တွေ့အသုံးပြုရာ၌ ဓမ္မသီချင်းများကို ဓမ္မသီချင်း စာအုပ်တွင်ပါရှိသည့်အတိုင်း အချိန်အခါနှင့်ဆီလျော်စွာသီဆိုခြင်းမပြုကြပေ။

# အချိန်အခါ နေ့ရက်ဆိုင်ရာ ဓမ္မသီချင်းများကို ရွှင်လန်းစွာ သီဆိုကြပါစို့

**မြူစင်**



ဓမ္မသီချင်းစာအုပ် (မြန်မာစာဖြင့်) ၏ အညွှန်းမာတိကာတွင်ကြည့်ပါက အပိုင်း (၇) ပိုင်း ပိုင်းထားသည်ကို တွေ့ရှိရပေမည်။ အပိုင်း (၁) တွင် အဒ်ဝင်တုကာလမှ တြိနတိကာလအဆုံးအထိပါဝင်ပြီး အိပ္ဖာကာလလည်း ပါဝင်ပေသည်။ အပိုင်း (၂) တွင် သန့်ရှင်းသူတို့ပွဲနေ့များနှင့် အခြား သန့်ရှင်းသောနေ့များနှင့်သက်ဆိုင်သော ဓမ္မသီချင်းများ ပါဝင်သည်။ အပိုင်း (၃) တွင် အချိန်အခါသမယများကိုဖော်ပြ၍ နံနက်၊ နေလည်၊ ညဦး၊ ဥပုသ်နေ့၊ နှစ်သစ်ကူးနေ့၊ စပါးရိတ်သိမ်းချိန်များအတွက် ပါဝင်သည်။ အပိုင်း (၄) တွင် စက္ကရမင်တနှင့် အခြားမင်္ဂလာနှင့်ဆိုင်သောဝတ်များကိုဖော်ပြ၍ သန့်ရှင်းသောပွဲတော်မင်္ဂလာ၊ သန့်ရှင်းသောဗတ္တိဇံမင်္ဂလာ၊ လက်တင်မင်္ဂလာ၊ သန့်ရှင်းသောလက်ထပ်မင်္ဂလာနှင့် ကွယ်လွန်သူများအတွက် ဓမ္မသီချင်းများ ပါဝင်သည်။ အပိုင်း (၅) တွင် ကျူးခြေင်းအမျိုးမျိုးဆိုင်ရာဓမ္မသီချင်းများပါဝင်ပြီး အပိုင်း (၆) တွင် အထူးဝတ်ပြုခြင်းများ၊ ကွဲကွာနေသူများအတွက် ခွဲခွာနှုတ်ဆက်ခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ အသင်းတော်နှင့် သာသနာပြုလုပ်ငန်းများနှင့် အမျိုးသားရေးရာအတွက် ဓမ္မသီချင်းများ ပါဝင်သည်။

အပိုင်း (၂) တွင်ပါဝင်သော သန့်ရှင်းသောသူတို့ပွဲနေ့များတွင်ပါဝင်သည့် ရှင်ပေတရုပွဲနေ့ကို ဥပမာပေး၍ တင်ပြလိုပါသည်။ ရှင်ပေတရုပွဲနေ့သည် ဇွန်လ (၂၉)ရက် ကျရောက်သောကြောင့် ထိုရက်တွင်သော်လည်းကောင်း၊ ထိုရက်နှင့်အနီးဆုံး တနင်္ဂနွေနေ့တွင်သော်လည်းကောင်း၊ ရှင်ပေတရုပွဲနေ့အတွက် ရေးသားထားသော ဓမ္မသီချင်း (များ) ကို ဆိုသင့်ပေသည်။ ထိုသီချင်းများကို မြန်မာနှင့် ကရင် အင်္ဂလိကန်ဓမ္မသီချင်း စာအုပ်အသစ် (သံပုံသင်္ကေတများနှင့် သီချင်းစာ တွဲရေးထားသောစာအုပ်) များတွင် သီချင်းနံပါတ် (၁၀၇)၊ (၁၀၈) ၌သော်လည်းကောင်း၊ အင်္ဂလိပ်ဓမ္မသီချင်းစာအုပ်တွင် သီချင်းနံပါတ် (၂၂၇) ၌ သော်လည်းကောင်း ဖော်ပြထားပါသည်။

နောက်ထပ်ဥပမာတစ်ခုကို တင်ပြလိုပါသည်။ အပိုင်း (၁) တွင် ဝါတွင်းကာလပါဝင်လေရာ သောကြာကြီးနေ့ ဝတ်ပြုကိုးကွယ်ခြင်းအတွက် ကားတိုင်ပေါ်တွင် ယေရှုခရစ် မြွက်ဆိုခဲ့သော စကားတော်ခုနစ်ခွန်းနှင့် သက်ဆိုင်သော ဓမ္မသီချင်းများကို ပြုစုထားပါသည်။ ယေရှုခရစ်၏ ပထမဦးဆုံးစကားတော်ဖြစ်သော "အို အဘ သူတို့မသိ၍ ပြုမိသောအမှုကို ခွင့်လွှတ်တော်မူပါ" အတွက် ရေးသားထားသောဓမ္မသီချင်းကို မြန်မာနှင့် ကရင် ဓမ္မသီချင်းစာအုပ်တွင် နံပါတ် (၅၇) ၌ဖော်ပြထားပြီး၊ အင်္ဂလိပ်ဓမ္မသီချင်းတွင် နံပါတ် (၁၁၂) ၌ဖော်ပြထားသည်။ ကျန်ရှိသော စကားတော်ခြောက်ခွန်းအတွက် မြန်မာနှင့် ကရင်ဓမ္မသီချင်းစာအုပ်များတွင် နံပါတ် (၅၈) မှ (၆၃) အထိ၊ အင်္ဂလိပ်ဓမ္မသီချင်းစာအုပ်၌ နံပါတ် (၁၁၃) မှ (၁၁၉) အထိ ဖော်ပြထားသည်ကိုတွေ့ရှိရပေသည်။

စာရေးသူသည် ကိုယ်ရောက်ရှိသော ဒေသများတွင် နီးရာဘုရားရှိခိုးကျောင်းတွင် သောကြာကြီးနေ့ဝတ်ပြုကိုးကွယ်ခြင်းကို တက်ရောက်လေ့ရှိသည်။ ယေရှုခရစ် မြွက်ကြားခဲ့သော စကားတော်ခုနစ်ခွန်းနှင့်သက်ဆိုင်သော ဓမ္မသီချင်းအားလုံး ဆိုသည်ကို သတိမပြုမိပါ။ သို့ရာတွင် (ယခုနှစ်) လွန်ခဲ့သော သောကြာကြီးပွဲနေ့တွင် ရန်ကုန်မြို့ရှိ အင်္ဂလီကန်ဘုရားရှိခိုးကျောင်းတစ်ခုတွင် စာရေးသူသည် သုံးနာရီဝတ် တက်ရောက်ခဲ့ပါသည်။ ယေရှုခရစ် ကားတိုင်ပေါ်တွင် မြွက်ဆိုခဲ့သော စကားတော်ခုနစ်ခွန်းနှင့်သက်ဆိုင်သော ဓမ္မသီချင်းများ အားလုံး ဆိုသည်ကို တွေ့ ခဲ့ရပါသည်။

ဝတ်ပြုခြင်းအပြီးတွင် စာရေးသူက စန္ဒရားတီးသော သူငယ်လေး၏မိခင်ကို မေးကြည့်မိပါသည်။

မိမိ။ ။ ကောင်းလိုက်တာ၊ တော်လိုက်တာ၊ ဒီ ယေရှုခရစ် စကားတော်ခုနစ်ခွန်းနှင့်ပတ်သက်တဲ့ ဓမ္မသီချင်းများကို ဒီ အသင်းတော်က ဆိုနိုင်ကြတယ်နော်။

မိခင်။ ။ ဟုတ်တယ် အစ်မ၊ ကျွန်မတို့က နွေရာသီမှာ လူငယ်နဲ့ ဓမ္မပညာသင်တန်းမှာ ဓမ္မသီချင်းတွေကို သင်ပေးခဲ့တာ။

မိမိ။ ။ ဒါကြောင့်ကိုး။ ဓမ္မသီချင်းကို ကောင်းကောင်း ဆိုတတ်တဲ့အဖွဲ့ ရှိတယ်ဆိုတော့ ပရိသတ်က မှီပြီး လိုက်ဆိုနိုင်ကြတာပေါ့နော်။ တချို့သံစဉ်တွေတောင် အစ်မ အခုမှ ပထမဆုံးအကြိမ် ဆိုဖူးတာ။ ဒီဘုရားရှိခိုးကျောင်း လာတက်

မိတာ ကျေနပ်သွားပြီ။

မိခင်။ ။ ကျေးဇူးပဲ အစ်မ။

အချိန်အခါနေ့ရက်ဆိုင်ရာ ဓမ္မသီချင်းကို အများအားဖြင့် မဆိုကြခြင်း၏အကြောင်းရင်းကို စဉ်းစားကြည့်ရာတွင် ဖြစ်နိုင်ခြေ လေးချက် တွေ့ရပါသည်။

(၁) "နေ့ရက်ဆိုင်ရာဓမ္မသီချင်းများကို မဆိုလည်း ဖြစ်ပါတယ်" ဟူသောခံယူချက်ကြောင့်သော်လည်းကောင်း၊

(၂) ဓမ္မသီချင်း၏သံစဉ်ကို မဆိုတတ်သည့်အတွက်သော်လည်းကောင်း၊

(၃) ဓမ္မသီချင်းစာသားနှင့်ကိုက်ညီသော ဆိုတတ်သည့်သံစဉ် မရှိ၍သော်လည်းကောင်း၊

(၄) ပရိသတ်များဆိုတတ်မည်မဟုတ်ကြောင်း သိရှိ၍သော်လည်းကောင်း ဖြစ်ရပေမည်။

အသင်းတော်အသီးသီးတွင် အသင်းတော်အတွက် ဆက်ကပ်မည့် (Music) တတ်ကျွမ်းသူတစ်ဦး ရှိလျှင်သော်လည်းကောင်း၊ ဓမ္မသီချင်းအဆင့်အထိ (Piano) တီးတတ်သူတစ်ဦးရှိလျှင်သော်လည်းကောင်း အလုပ်ဖြစ်ပါသည်။ ထိုသူက အစီအစဉ်တစ်ခုခုပြုလုပ်ပြီး မဆိုဖူးသေးသောဓမ္မသီချင်းများကို လေ့ကျင့်ပေးနိုင်ပါသည်။ စာရေးသူသည် (Music) ကို ပိုင်ပိုင်နိုင်နိုင်မ တတ်ကျွမ်းသည့်အတွက် အသင်းတော်နှစ်ခုတွင် (Piano) ဖြင့် ဓမ္မသီချင်းများကို လေ့ကျင့်ပေးခဲ့ဖူးပါသည်။

အောက်ဖော်ပြပါနည်းများဖြင့် ဓမ္မသီချင်းအသစ်များ (မဆိုတတ်သေးသောသံစဉ်များ) ကို လေ့ကျင့်ပေးနိုင်ပါသည်။

(၁) အထက်တွင်ဖော်ပြသကဲ့သို့ မိမိအသင်းတော်အတွင်း လူငယ်အသင်း၊ ဓမ္မပညာ၊ မိခင်များအသင်း၊ ယောက်ျားများအသင်းတို့၏သင်တန်းများတွင် သင်ကြားပေးခြင်း၊

(၂) Choir (သံစုံသီချင်းသည်များ) အဖွဲ့ကို သင်ကြားပေးခြင်း (အသင်းတော်တိုင်းတွင် ကွာယာအဖွဲ့ ရှိသင့်ပါသည်။)

(၃) ဘုရားဝတ်ပြုခြင်းမစမီ (သို့မဟုတ်) ပြီးဆုံးပါက အချိန်အနည်းငယ် (ဆယ့်ငါးမိနစ်မှ မိနစ်သုံးဆယ်) ယူ၍ လေ့ကျင့်ပေးခြင်း။

ဘုရားရှိခိုးကျောင်းသို့ ဝတ်ပြုရန် လာသော ပရိသတ်များသည် ဓမ္မသီချင်းများကို ဆိုဖန်များလာသောအခါ အလိုလိုနေရင်း တတ်မြောက်သွားမည် ဖြစ်ပါသည်။ ပရိသတ်များ ဆိုတတ်သည့် ဓမ္မသီချင်းများကိုသာ ရွေးချယ်သီဆိုမည်ဆိုပါက အချိန်အခါနေ့ရက်ဆိုင်ရာ ဓမ္မသီချင်းများ အားလုံးကို ဘယ်သောအခါမှ ဆိုဖြစ်တော့မည် မဟုတ်ပါ။


စာရေးသူ၏အသက် မငယ်တော့ပါ။ ရာစုနှစ်ဝက်ပေါင်း (၁၇) နှစ်ရှိပါပြီ။ သို့သော်လည်း မြန်မာဓမ္မသီချင်းစာအုပ်တွင်ပါဝင်သော ဓမ္မသီချင်း (၃၅၀) ပုဒ်ကို အားလုံး မဆိုတတ်သေးပါ။ ဓမ္မသီချင်း (၇၇) ပုဒ်၏သံစဉ်များကို ဘုရားကျောင်းများတွင် မဆိုဖူးပါ။ တစ်နည်းအားဖြင့် စာရေးသူ မဆိုတတ်သေးပါ။ အချို့ ဓမ္မသီချင်းများ သံစဉ်ထပ်နေပါသည်။ သံစဉ်အားဖြင့် (၃၅၀) မရှိပါ။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် (Music) ဘာသာရပ်သင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ စန္ဒရားတီးသင်ခြင်းလည်း ဆက်လက်ရှိနေသေးသည်ဟု မျှော်လင့်ပါသည်။ ဤဓမ္မတက္ကသိုလ်၌ တက်ရောက်သင်ယူနေကြသော ကျမ်းစာကျောင်းသား/သူများသည် ဤအခွင့်အရေးကို မလွတ်တမ်း ရယူပြီး (သီချင်းသင်္ကေတဖတ်ရှုခြင်း)၊ music တတ်ကျွမ်းသော ပုဂ္ဂိုလ်များနှင့် (သို့) ပါရမီရှိပါက စန္ဒရားတီးတတ်သူများ ဖြစ်အောင် ကြိုးစားသင့်ပါသည်။ သို့မှသာ မိမိတို့၏ နေရာဒေသ၌ အသင်းတော်ကို ကြည့်ရှုရသောအခါ မိမိမှ တစ်ဆင့် နေ့ရက်အချိန်အခါဆိုင်ရာ ဓမ္မသီချင်းများကို ပြန်လည်သင်ကြား လေ့ကျင့်ပေးနိုင်မည် ဖြစ်ပါသည်။❑

(မှတ်ချက် ။ ။ ဘုရားရှိခိုးကျောင်းများတွင် ပြုလုပ်သော ဝတ်ပြုကိုးကွယ်ခြင်းများ၌ သီဆိုသော ဓမ္မသီချင်းများကို ကျောင်းထိုင်ဘုန်းတော်ကြီးက ရွေးချယ်သည်ဟု သိရပါသည်။)

ဖြူစင်






ဗိုလ်တစ်ထောင်အင်းယားမှသည်

# ကောင်းကင်ရွှေဖူးဆီ

ညကာ

(က)

သမ္မာကျမ်းစာနေ့ သီချင်းပြိုင်ပွဲအတွက် လူတစ်ရပ်ကျော်လောက်မြင့်တဲ့ သစ်သားကားတိုင်တစ်ခု ကျွန်တော် လုပ်နေချိန် ... ကျောင်းဝင်းထဲက ကလေးမလေးတစ်ယောက်အနားရောက်လာတယ်။ သူလေးက ...

"ဆရာ ဘာလုပ်နေတာလဲ"

"ဆရာ ကားတိုင်လုပ်နေတာ ကလေးရဲ့"

"ဘယ်သူ့ကို ကားတင်မလို့လဲဟင်"

"ဘယ်သူ့ကို ကားတင်မလို့ပါလိမ့်"

"ဟုတ်သားပဲ၊ ငါ ဘယ်သူ့ကို ကားတင်မလို့ပါလိမ့် ငါလုပ်နေတဲ့ကားတိုင်က ဘယ်သူ့အတွက်လဲ ...။

ခရစ်တော်ကတော့ ကားတိုင်ပေါ်ကဆင်းခဲ့ပြီ၊ ငါလုပ်နေတဲ့ကားတိုင်က ဘယ်သူ့အတွက်လဲ ...။ ဒါမှမဟုတ်၊ ငါ့အတင်း နောက်ကွယ်ကနေ ဟိုတလောက အစည်းအဝေးမှာ ငါ့ကိုထိုးဖိုက်တဲ့ ဖက်တီးကိုလား။ ဒါမှမဟုတ်၊ ငါ့အတင်း နောက်ကွယ်ကနေ ပြောတဲ့ ငပိန်ကောင်လား၊ ငါ့ကို တစ်ချိန်လုံး ဖွတိုက်နေတဲ့ အာမြဲခြောက်မ၊ ဒါမှမဟုတ် ...၊ ဒါမှမဟုတ်...။ ကျွန်တော် တစ်နေ့လုံး ဒီလိုအချင်းချင်း ကားတင်လိုက်လို့ မချိမဆန့်ခံလိုက်ရတာ ဘယ်နှယောက်ရှိပြီလဲ...။ ကျွန်တော် တစ်နေ့လုံး တွေးလို့မဆုံးခဲ့ဘူး။

(ခ)

လက်တွေ့ကွင်းဆင်းလေ့လာရေးသွားဖို့ အတန်းထဲမှာ ဝိုင်းစဉ်းစားကြတယ်။

တချို့က ဟိုဒေသနကိုလေ့လာချင်တယ် ဆရာမ၊ ဘာဖြစ်လို့လဲဆိုတော့ ....

တချို့က ဒီအသင်းအဖွဲ့အစည်းကို သွားလေ့လာချင်ပါတယ် ဆရာမ၊ ဘာဖြစ်လို့လဲဆိုတော့ ....

တချို့က အဲဒီအသင်းတော်ကိုပဲ စိတ်ဝင်စားတယ် ဆရာမ၊ ဘာဖြစ်လို့လဲဆိုတော့ ....

တချို့က ဟိုလိုဒီလို

တချို့ကျပြန်တော့ ဒီလိုဟိုလို
ဟိုဟိုဒီဒီနဲ့ မလေ့လာဖြစ်လိုက်တာ
သင်္ဘောဆိပ်က အလုပ်ကြမ်းသမားတွေရဲ့ တစ်နေ့တာ၊
လမ်းဘေးဈေးသည်တွေရဲ့ ဘဝနဲ့တိုက်ပွဲ၊
ကျူးကျော်ရပ်ကွက်ထဲက မိသားစုတွေရဲ့ စားဝတ်နေရေး၊
မငိုချင်ဘဲငိုရတဲ့ဘဝမှာ
တင်ဆက်အသုံးတော်ခံနေတဲ့ သူမတို့ရဲ့ကမ္ဘာ၊
မလေ့လာဖြစ်လိုက်တာ အစစ်တွေရှိတဲ့နေရာ၊
မရောက်ဖြစ်လိုက်တာ အစစ်တွေရှိတဲ့ကမ္ဘာ။

(ဒ)

ပထမနှစ်ဝက်စာမေးပွဲ အမှတ်စာရင်း

အင်္ဂလိပ်စာ ၁၀၀၊ ဓမ္မဟောင်းသီဩလော်ဂျီ ၁၀၀၊ ဓမ္မသစ်သီဩလော်ဂျီ ၁၀၀၊ ခရစ်ယာန်ကိုယ်ကျင့်တရား ၁၀၀၊ အာရှဓမ္မအတွေးအခေါ် ၁၀၀၊.....၁၀၀.....၁၀၀.....၁၀၀.....၁၀၀

မှတ်ချက် ။ ။ ဤအမှတ်များသည် ကောင်းကင်ဘုံမှ ဘုရားသခင်ပေးသည့်အမှတ်များမဟုတ်သဖြင့် ကြွားဝါခြင်းမှ ရှောင်ကြဉ်ပါရန်။

(ဓ)

တရားအကြောင်း ဆွေးနွေးရအောင်၊ ဘယ်လိုလဲ ငါ့တရားဟောချက်၊ ဒီနေ့တရားဟောတဲ့သူကွာ မပြင်ဆင်ထားဘူးလားမသိဘူး။ သူ့တရားက ပရောဖက်တရားကွ (အင်း .... သနားပါတယ်)။ ပထမနှစ်ကျောင်းသားကလေးကတော့ တရားဟောချက်ဆိုတာ တိုလေကောင်းလေပဲတဲ့။ ဟိုတရားဟောဆရာက တကယ့် ပါရာစီတမော၊ သူငယ်ချင်း ငါတို့အတူတူ တရားထိုင်ရအောင်၊ တရားသဘောနဲ့ပြောရမယ် ဆိုရင်တော့၊ ငါတော့ တရားသူကြီးပဲလုပ်မယ်၊ တရားစကားမှလွဲ၍ မည်သည့် စကားမျှမဆိုရ။

မြင်ရသလောက်တော့ အဲဒီထဲမှာ တရားသမား ဆိုတာ ခုထိမတွေ့သေးဘူး။

(န)

“လေးနှစ်လုံး စားခဲ့ရတဲ့ ပဲဟင်း မစားချင်ဘူး။ လေးနှစ်လုံးလျှောက်ခဲ့တဲ့လမ်း မလျှောက်ချင်ဘူး။ လေးနှစ်တောင်ရှူခဲ့ရတဲ့လေ မရှူချင်ဘူး။ လေးနှစ်လုံးဖတ်ခဲ့ရတဲ့စာတွေ မဖတ်ချင်ဘူး။ လေးနှစ်လုံး မြင်နေရတဲ့မျက်နှာတွေ မမြင်ချင်ဘူး။ လေးနှစ်လုံး ဆိုနေရတဲ့သီချင်းတွေလည်း မဆိုချင်ဘူး” . . . မနှစ်က ကျောင်းပြီးသွားတဲ့သူငယ်ချင်းကို ညည်းပြတော့ ...

“မင်း ကျောင်းပြီးမှ ဒါတွေ နားလည်လိမ့်မယ်” တဲ့။

အခု ကျွန်တော် ကျောင်းပြီးဖို့ ရက်ပေါင်း ခုနှစ်ဆယ့်နှစ်ရက်တောင် ကျန်သေးတယ်။

လုကာ





# ဘုရားသခင်ဖန်ဆင်းထားသော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

ပြုစုသူ - ဦးအောင်လုထွန်း

## ၁။ အထူးတာဝန်ပေးအပ်ခြင်းခံရသည့်လူသား

ထာဝရဘုရားသခင်သည် ဖန်ဆင်းခြင်းအမှုကို ပြုလုပ်ပြီးနောက် ဖန်ဆင်းလေသမျှထဲမှ လူကိုရွေးချယ်၍ အထူးတာဝန်ကို ပေးခဲ့၏။ ပေးအပ်ခဲ့သော အထူးတာဝန်မှာ မိမိဖန်ဆင်းလေသမျှကို ပျောက်ဆုံးပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်၍ တိုးပွားအောင် ပြုလုပ်ရန် ဖြစ်၏။ ထို့ကြောင့် ကမ္ဘာဦးကျမ်း (၁) တွင်...

“ထာဝရဘုရားသခင်က လူကိုဖန်ဆင်းပြီး သူသည်ပင်လယ်ငါး တို့ကိုလည်းကောင်း၊ မိုးကောင်းကင် ငှက်တို့ကိုလည်းကောင်း၊ သားယဉ်တို့ကိုလည်းကောင်း၊ မြေတစ်ပြင်လုံးနှင့်တကွ မြေပေါ်တွင်တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေဟု မိန့်တော်မူ၏” (ကမ္ဘာ ၁း၂၆)

ထို့အပြင် မိမိ၏လိုအပ်ချက်နှင့်အညီ စားသုံးနိုင်သည်တို့ကို တာဝန်သိသိနှင့် စားသုံးခြင်းပြုရန်ကိုလည်း ခွင့်ပေးခဲ့၏။ ထို့ကြောင့် ကမ္ဘာဦးကျမ်း (၁) တွင်...

“ဘုရားသခင်ကလည်း ကြည့်ရှုလော့၊ မြေတစ်ပြင်လုံး၌ စပါးအသီးကိုဖြစ်စေသော၊ အသီးနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးကိုလည်း သင်တို့စားစရာဘို့ ငါပေး၏” (ကမ္ဘာ၁း၂၈) ဟု ဖော်ပြထား၏။

## ၂။ ဘုရားသခင်၏ ဘဏ္ဍာစိုးဖြစ်သော လူသား

ထာဝရမြတ်စွာဘုရားသည် ဤကဲ့သို့ လူကိုမိမိ ဖန်ဆင်းလေသမျှအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန် ပေးခဲ့သည့်အချိန်မှစ၍ လူသည် ထာဝရဘုရားသခင်၏ ဘဏ္ဍာစိုးဖြစ်လာ၏။ ဤစကားရပ်ကို ခရစ်ယာန်သဘော အရ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက ခရစ်ယာန်ဘဏ္ဍာစိုးဆိုသည်မှာ ထာဝရဘုရားသခင်နှင့်ဆိုင်သော ကိစ္စအဝဝ တို့ကို ကမ္ဘာမြေပေါ်တွင် တာဝန်ယူ၍ စီမံခန့်ခွဲသည့် မန်နေဂျာတစ်ဦးပင်ဖြစ်၏။

ထာဝရဘုရားသခင်က လူသားများကို ချစ်တော်မူသောကြောင့် တစ်ဦးစီအား ဆုကျေးဇူးများစွာကို ပေးထားသကဲ့သို့၊ လူသားများအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန်အတွက် စိမ်းလန်းစိုပြည်၍ ပေါကြွယ်ဝသော သဘာဝပတ်ဝန်းကျင်ကြီးကို ဖန်ဆင်းပေးထား၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်က တစ်ဦးစီအား ပေးအပ်ထားသော ဆုကျေးဇူးများဖြစ်သည့် အသက်၊ အချိန်၊ ပေါင်းသင်းဆက်ဆံခြင်း၊ ဝမ်းမြောက်ဖွယ်သတင်းကောင်း၊ ပါရမီထူးများနှင့် ငွေကြေးဥစ္စာတို့အပြင် ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာ အခြားဆုကျေးဇူးများအားလုံးကို တာဝန်သိ၍ သစ္စာရှိသော ဘဏ္ဍာစိုးတစ်ယောက်အနေနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်၏။ ထို့ပြင် ဘုရားသခင်က လူသားအားလုံးအတွက် ဖန်ဆင်းပေးထားသော သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်၏။

## ၃။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သည့် ဘဏ္ဍာစိုး

သဘာဝပတ်ဝန်းကျင် ဟုဆိုရာတွင် မိမိတို့ပတ်ဝန်းကျင်တွင်ရှိနေသော လေထု၊ ရေထု၊ မြေထုနှင့်တကွ ကမ္ဘာမြေပေါ်တွင် ပေါက်ရောက်နေသော အပင်များ၊ လေထု၊ ရေထု၊ မြေထုတို့တွင်နေထိုင်သော သက်ရှိသတ္တဝါများ၊ မြေအောက်တွင်ရှိသော သယံဇာတပစ္စည်းများအားလုံး ပါဝင်၏။

သဘာဝပတ်ဝန်းကျင်သည် ထာဝရဘုရားသခင်က လူသားတို့အား ပေးထားသည့် အလွန်ထူးမြတ်သော ဆုကျေးဇူးကြီးဖြစ်၏။ ထို့ကြောင့် လူသားတိုင်းသည် ထာဝရဘုရားသခင်ကပေးထားသော သဘာဝပတ်ဝန်းကျင်ကို တာဝန်သိသော ဘဏ္ဍာစိုးများအနေနှင့် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်၏။

ထာဝရဘုရားသခင်သည် လူသားအား သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်ခဲ့ရာတွင် ကန့်သတ်တားမြစ်ချက်ကိုထား၍ ပေးအပ်ခဲ့သည်ကို တွေ့ရ၏။ ထာဝရဘုရားက အာဒံအား ဒေဝဥယျာဉ်၌ထားရှိ၍ စောင့်ရှောက်ခြင်းအမှုကို ပြုစေခဲ့ရာတွင် အောက်ပါပညတ်ချက်ဖြင့် အပ်နှံခဲ့သည်ကို တွေ့ရ၏။

*“ထာဝရဘုရားသခင်သည် လူကိုယူ၍ ဒေဝဥယျာဉ်ကို ပြုစုစောင့်ရှောက်စေခြင်းငှာ ထားတော်မူ၏။ ထာဝရဘုရားသခင်ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင်၏အသီးမှတစ်ပါး ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်ပင်သေရမည်ဟု လူကို ပညတ်တော်မူ၏” (ကမ္ဘာ ၂း၁၅-၁၇)*

သို့ရာတွင် လူသည် ဘုရားသခင်၏ပညတ်ချက်ကို မလိုက်နာ၊ စာတန်မာရ်နတ်၏ သွေးဆောင်ရာနောက်သို့လိုက်ပြီး တားမြစ်ထားသောအပင်မှ အသီးကို စားခဲ့သဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်မှ ကျဆင်းခဲ့ရပြီး အပြစ်သားအဖြစ်သို့ ရောက်ရှိခဲ့သည်သာမက သေခြင်းဟူသောအပြစ်ဒဏ်ကိုလည်း စီရင်ခြင်း ခံခဲ့ရ၏။

ထိုအချိန်မှစ၍ လူသည် ကောင်းခြင်းနှင့် မကောင်းခြင်းကို ခွဲခြားသိမြင်နိုင်သည့် အသိဉာဏ်ကို ရရှိခဲ့၏။ ဤ အသိဉာဏ်ဖြင့်ပင် လူသည် ကောင်းသော အလုပ်များကို လုပ်ကိုင်ခဲ့သည့်နည်းတူ၊ မကောင်းသော အလုပ်များ၊ ဘုရားသခင် မကြိုက်နှစ်သက်သောအလုပ်၊ သို့မဟုတ် အပြစ်တို့ကို သိလျက်နှင့်ပင် ထပ်ခါတလဲလဲ ပြုလုပ်ခဲ့သည်ကို တွေ့ရ၏။ ယနေ့လည်း ပြုလုပ်နေဆဲ ဖြစ်၏။

ယနေ့ လူသားများသည် အာဒံ၏ဖြစ်ရပ်ကို သင်ခန်းစာမယူဘဲ မိမိတို့ရရှိခဲ့သောအသိဉာဏ်နှင့် စူးစမ်းလိုစိတ်များဖြင့် ဘုရားသခင်က ကွယ်ဝှက်ထားခဲ့သော အရာတို့ကို ရှာဖွေစူးစမ်းဖော်ထုတ်ပြီး တီထွင်မှု အမျိုးမျိုးတို့ကို ပြုလုပ်ကာ အသုံးပြုနေကြပြီဖြစ်၏။

အကောင်းကိုသိသောစိတ်နှင့် လူသားများကို အကျိုးပြုရန်အတွက် တီထွင်အသုံးပြုမှုများသည် လူသားတစ်ရပ်လုံး၏တိုးတက်ရှင်သန်ရေးကို ဖြစ်စေခဲ့သော်လည်း မာရ်နတ်၏စေစားရာနောက်သို့လိုက်ပြီး အဆိုးကိုသိသော စိတ်ဖြင့် လူသားများပျက်စီးရာပျက်စီးကြောင်းအတွက် တီထွင်အသုံးပြုမှုများ၊ ရေရှည်အကျိုးဆက်ကို မျှော်တွေးသိမြင်မှုမရှိဘဲ တီထွင်အသုံးပြုမှုများသည် လူသားတစ်ရပ်လုံးအား ကြီးမားသည့်အန္တရာယ်အတွင်းသို့ တွန်းပို့နေသည်ကို တွေ့ရ၏။ ဤသို့ တာဝန်မဲ့စွာ တီထွင်အသုံးပြုမှုများကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တစ်ခုမှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး ညစ်ညမ်းမှု ဖြစ်လာခြင်းပင်ဖြစ်၏။ ဤသို့ ယိုယွင်းညစ်ညမ်းမှုများသည် လူသားမျိုးနွယ်နှင့် ဘုရားသခင်၏ အံ့ဖွယ်ရာဖန်ဆင်းမှုတို့ကို အန္တရာယ်ပြုနေပြီဖြစ်၏။

လူသားအချို့သည် တာဝန်ရှိသော ဘဏ္ဍာစိုးများကဲ့သို့ သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုစောင့်ရှောက်ရန် ပျက်ကွက်လာသဖြင့် ယခုအခါ ကမ္ဘာအရပ်ရပ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ၊ သဘာဝပတ်ဝန်းကျင်တွင် အပြန်အလှန်မှီခို အသက်ရှင်နေသော သက်ရှိများတို့၏ဟန်ချက်ပျက်ယွင်းမှုကြောင့် သဘာဝမျိုးနွယ်အချို့ ပျောက်ကွယ်ဆိတ်သုဉ်းမှုများ၊ သဘာဝအရင်းအမြစ်များ ရှားပါးကုန်ဆုံးမှုများနှင့် စတင်ရင်ဆိုင်နေရပြီ ဖြစ်၏။

ဤအချက်ကို ထာဝရဘုရားသခင်အား ယုံကြည်သူ ခရစ်ယာန်ဘဏ္ဍာစိုးတိုင်း နားလည်သဘောပေါက်ရန် လို၏။ ထို့ကြောင့် လူသားတိုင်းသည် တာဝန်သိသော ဘဏ္ဍာစိုးတစ်ယောက်အနေနှင့် ဘုရားသခင်က ဖန်ဆင်းထားသော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ ရှင်သန်လန်းဆန်း သန့်ရှင်းနေရန် အမြဲပြုစုပျိုးထောင်ပေးနေရမည်။ တာဝန်သိသိ၊ စနစ်ရှိရှိ အသုံးပြုရမည်။ အများနှင့်ဝေငှသုံးစွဲပြီး လက်တွဲထိန်းသိမ်းစောင့်ရှောက်ရမည်။ ထို့ပြင် အံ့ဖွယ်ရာဖြစ်သော ဤသဘာဝပတ်ဝန်းကျင်ကြီးကို ဖန်ဆင်းပေးတော်မူသည့် ထာဝရဘုရားသခင်ကိုလည်း အစဉ် ချီးမွမ်းထောမနာပြုနေရမည် ဖြစ်၏။

## ၄။ လေထုနှင့် လူသား

လူသားများအသက်ရှင်နိုင်ရန်အတွက် လေသည် မရှိမဖြစ် လိုအပ်သောအရာဖြစ်၏။ လူသားများ ရှူရှိုက်အသက်ရှင်ရန် သန့်ရှင်းသောလေကို လို၏။ လေတွင် အဓိကအားဖြင့် အောက်စီဂျင်ဓာတ်ငွေ့နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့များအပြင် အခြားဓာတ်ငွေ့များ အနည်းငယ်စီ ပါဝင်၏။ လူသည် အောက်စီဂျင်ဓာတ်ငွေ့ကိုရှူရှိုက်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ပြန်၍ထုတ်လွှတ်၏။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထဲတွင် ပါဝင်မှုများလာပါက လေသည် ညစ်ညမ်းလာ၏။

ဘုရားသခင်သည် လူသားများ အစဉ်အမြဲသန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရန်အတွက် အသက်ရှူရာမှထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အောက်စီဂျင်ဓာတ်ငွေ့အဖြစ်သို့ ပြောင်းပေးနိုင်သည့် သဘာဝစက်ရုံကြီးကိုလည်း ဖန်ဆင်းပေးထား၏။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ရှိနေသောသစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကိုယူ၍ အောက်စီဂျင်ဓာတ်ငွေ့ကို ပြန်၍ထုတ်ပေးကြ၏။ ထို့ကြောင့် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အောက်စီဂျင်ဓာတ်ငွေ့အဖြစ်သို့ ပြန်၍ ပြောင်းလဲပေးသော သဘာဝစက်ရုံကြီးများ ဖြစ်၏။

လူဦးရေ အဆမတန် တိုးတက်ပွားများလျက်ရှိသော ဤကမ္ဘာကြီးတွင် တာဝန်မဲ့မှုနှင့် ဝိသမလောဘစိတ်များကြောင့် လူအချို့တို့သည် သစ်တောများကို စည်းမဲ့ကမ်းမဲ့ လွန်ကဲစွာ ခုတ်လှဲခြင်း၊ ကောင်းစွာ ထိန်းသိမ်းခြင်းမပြုသည့်အတွက် တောမီးများ လောင်ကျွမ်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်သာမက လူသားများအတွက် လေကောင်းလေသန့်ရရန် ဘုရားသခင်က ဖန်ဆင်းထားသော သဘာဝစက်ရုံကြီးကို ဖျက်ဆီးနေသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် တာဝန်သိသော ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် သစ်တောပြုန်းတီးခြင်းကို ထိန်းသိမ်းရမည်ဖြစ်၏။ သစ်ပင်များကို အသုံးလို၍ ခုတ်လှဲပါကလည်း အချိုးကျပြန်၍ စိုက်ပေးရမည်ဖြစ်၏။ သစ်တောကိုပြုန်းတီးစေသည့် အမှုအကျင့်များဖြစ်သည့် ကိုယ်ကျိုးစီးပွားအတွက် သစ်ပင်များကို စည်းကမ်းမဲ့ ခုတ်လှဲခြင်း၊ တောမီးလောင်ခြင်း၊ တောင်ယာခုတ်၍ စိုက်ပျိုးခြင်းတို့ကို ရှောင်ရှားရမည်ဖြစ်၏။

ယနေ့ လူသားများ တီထွင်အသုံးပြုနေသော စက်ရုံများ၊ စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့များ၊ လောင်စာသုံးယဉ်အမျိုးမျိုးမှထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ တောမီးလောင်ကျွမ်းရာမှ ထွက်ရှိသော ဓာတ်ငွေ့များသည် လေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေ၏။ ဤသို့ ညစ်ညမ်းသောလေကို ရှူရှိုက်ပါက လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေ၏။

ထို့ပြင် စက်ရုံများမှ ထုတ်လွှတ်သော ဓာတ်ငွေ့ (အထူးသဖြင့် ကျောက်မီးသွေးလောင်စာသုံးစက်ရုံ) များ ထဲတွင် ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ပါရှိလာပါကလည်း ကောင်းကင်ထက်မှ ရွာကျလာသော မိုးရေများနှင့် ထိတွေ့ပေါင်းစပ်ပြီး အက်စစ်မိုးအသွင်ဖြင့် ရွာကျစေသဖြင့် ၎င်းအက်စစ်မိုးရွာကျသော နေရာဒေသများတွင် သစ်ပင်များကို သေကြေပျက်စီးစေခြင်း၊ မိုးရေများစီးဝင်သည့် ရေကန်များ၊ အင်းအိုင်များတွင် ရေများ အက်စစ်ဓာတ်ပိုကဲလာပြီး သောက်သုံးရန် မသင့်တော့ခြင်း၊ ရေသတ္တဝါများ သေကြေပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေ၏။

ကမ္ဘာမြေကြီးအား ခြုံလွှမ်းထားသော လေထု၏အပေါ်ဆုံးအလွှာဖြစ်သော အိုဇုန်းဓာတ်ငွေ့အလွှာသည် နေရောင်ခြည်နှင့်အတူ အာကာသအတွင်းမှ ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်လာသော အန္တရာယ်ပြုနိုင်သည့် ဓာတ်ရောင်ခြည်များကို စုပ်ယူပြီး လူသားတို့ကို ကာကွယ်ပေးထား၏။ လေထုထဲသို့ ထုတ်လွှတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အချို့သောဓာတ်ငွေ့များသည် ဤအိုဇုန်းလွှာတွင် အပေါက်များဖြစ်စေသဖြင့် ပြင်ပမှ ဝင်ရောက်လာသော ဓာတ်ရောင်ခြည်များ ကမ္ဘာမြေပြင်ပေါ်သို့ ထိုးဖောက်ဝင်ရောက်လာမှုကိုဖြစ်ပေါ်စေပြီး လူသားတို့အတွက် အန္တရာယ်ကို တိုးပွားစေ၏။

ထို့ကြောင့် လူသားများသည် ထာဝရဘုရားသခင်က ဟန်ချက်ညီညီ၊ ဘက်စုံမျှော်မှန်းချိန်ကိုက်၍ ဖန်ဆင်းထားသော သဘာဝပတ်ဝန်းကျင်ကို မဖျက်ဆီးမိရန် သတိပြုရမည်ဖြစ်၏။ ဤသို့ပြုခြင်းသည် မိမိကိုယ်ကို ပြန်၍ဖျက်ဆီးခြင်းနှင့် တူ၏။

## ၅။ ရေထုနှင့် လူသား

လူသားများ အသက်ရှင်ရန်အတွက် ရေသည် မရှိမဖြစ် လိုအပ်သော ပစ္စည်းတစ်ခုဖြစ်၏။ လူသားများ အသက်ရှင်ရန်အတွက် ရေကောင်းရေသန့်ကို လို၏။ သောက်သုံးရန်၊ ဆေးကြောသန့်စင်ရန်၊ စိုက်ပျိုးမွေးမြူရန်၊ စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ရေကောင်းရေသန့်များကို ထာဝရဘုရားသခင်က သဘာဝပတ်ဝန်းကျင်ထဲတွင် အလုံအလောက် ဖန်ဆင်းပေးထား၏။ လူသားများသည် တာဝန်သိသိ၊ စည်းကမ်းရှိရှိ အသုံးပြုကြမည်ဆိုပါက ဘယ်သောအခါမျှ ကုန်ဆုံးနိုင်မည်မဟုတ်ပေ။ ထို့ပြင် လျော့နည်းသွားသော ရေကောင်းရေသန့်များကို ပြန်လည်ဖြည့်ဆည်းပေးရန်အတွက်လည်း မိုးရွာသွန်းခြင်းတည်းဟူသော သဘာဝအားဖြင့် ပြန်လည်ဖြည့်ဆည်းပေးသည့် ရေဖြည့်စနစ်ကိုလည်း ဘုရားသခင်က ဖန်ဆင်းပေးထား၏။

ဘုရားသခင်၏ ဖန်ဆင်းလေ့သမျှသည် အလွန်အံ့ဩဖွယ်ဖြစ်၏။ ကောင်းမြတ်သည်ကိုလည်း တွေ့ရ၏။ အားလုံးကိုလည်း မျှတနေအောင် ချိန်ကိုက်ပေးထားသည်ကို တွေ့ရ၏။ ဤကဲ့သို့ အံ့ဩဖွယ်ရာ ဖန်ဆင်းထားသော ရေထုကို ယခုအခါ လူသားအချို့သည် တာဝန်သိသိဖြင့် အသုံးပြုရမည့်အစား၊ မိမိတို့၏ တာဝန်မဲ့စွန့်ပစ်မှုများ၊ တီထွင်ဆန်းသစ်မှုများမှ စွန့်ပစ်ပစ္စည်းများ၊ တာဝန်မဲ့သုံးစွဲမှုများအားဖြင့် ညစ်ညမ်းအောင် ပြုလုပ်လျက်ရှိသည်ကိုတွေ့ရ၏။

လူသားများနေစဉ်နှင့်အမျှ တာဝန်မဲ့ စွန့်ပစ်သော အမှိုက်သရိုက်နှင့် အညစ်အကြေးများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်သည့် အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းများနှင့် အခြား စွန့်ပစ်ပစ္စည်းများတို့ကြောင့် တစ်နေ့တခြား ရေထု ညစ်ညမ်းမှုသည် တိုးပွားလျက်ရှိ၏။ ထို့ပြင် အက်စစ်မိုး ရွာကျမှုကြောင့် အချို့အင်းအိုင်၊ ချောင်းမြောင်းများ ညစ်ညမ်းကုန်သည်ကိုလည်း တွေ့ရ၏။ ထို့ကြောင့် ရေထုညစ်ညမ်းမှုကြောင့် လူသားများအပေါ် ကျရောက်နိုင်သောအန္တရာယ်သည် တစ်နေ့တခြား ကြီးထွားလာ၏။



ဤသို့ ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များမှာ သောက်သုံးသူ လူသားနှင့် ကျေးငှက်တိရစ္ဆာန်များ ရောဂါပိုမိုထူပြော၍ သေကြေပျက်စီးစေခြင်း၊ ရေသတ္တဝါများ အဆိပ်သင့်၍ သေဆုံးခြင်း၊ အချို့ မျိုးပြုန်းကုန်ခြင်း၊ အဆိပ်သင့်ထားသော ငါးကိုစားမိသည့်အတွက် သေကြေပျက်စီးခြင်းတို့ ဖြစ်ပေါ်လာ၏။

ထို့ပြင် ရေညစ်ညမ်းမှုကြောင့် အပင်များကြီးထွားမှုကို အဟန့်အတားပြုခြင်း၊ သေကြေပျက်စီးခြင်းတို့ကိုလည်း ဖြစ်ပေါ်စေ၏။ ရေနှင့်မြေ ထိစပ်နေသောနေရာများတွင် အပြန်အလှန် မှီခို၍ အသက်ရှင်သန်နေထိုင်နေကြသော သက်ရှိများအတွက် ဟန်ချက်ပျက်ယွင်းကာ သေကြေပျက်စီးမျိုးတုန်းမှုများနှင့်လည်း နေရာများစွာတွင် တွေ့ ကြုံနေရပြီဖြစ်၏။

သစ်တောများသည် မြေဆီလွှာအောက်တွင် ရှိနေသော အမြစ်များအားဖြင့် မိုးရွာသွန်း၍ ကျဆင်းလာသောရေများကို ထိန်းသိမ်းပေးထားနိုင်သည့် သဘာဝ ရေလှောင်ကန်များဖြစ်၏။ ပူနွေးခြောက်သွေ့သောအချိန်သို့ ရောက်လာသောအခါတွင် စုပ်ယူထိန်းသိမ်းထားသော ရေများကို စမ်းရေအဖြစ် တဖြည်းဖြည်း ပြန်၍ထုတ်လွှတ်ပေးပြီး တစ်နှစ်ပတ်လုံး ပတ်ဝန်းကျင်ကို စိုပြည်စေ၏။ မြစ်ချောင်းအင်းအိုင်များ မခန်းခြောက်ရန် လျော့သွားသောရေများကိုလည်း ဖြည့်ပေး၏။

သစ်တောများကို စည်းကမ်းမဲ့ခုတ်ခြင်း၊ ရေထု ညစ်ညမ်းမှုကြောင့် သစ်ပင်များသေခြင်းတို့ကြောင့် သစ်တော ပြုန်းတီးမှုဖြစ်လာခြင်းသည် ဘုရားသခင်က ဖန်ဆင်းထားသော သဘာဝရေလှောင်ကန်ကြီးများကို ဖျက်ဆီးပစ်လိုက်ခြင်း၏ သည်နှင့် အတူတူပင်ဖြစ်၏။ ဤသို့ ဖျက်ဆီးလိုက်ခြင်း၏ အကျိုးဆက်မှာ စမ်းရေများ ခန်းခြောက်၍ ပတ်ဝန်းကျင် ခြောက်သွေ့လာခြင်း၊ ရာသီဥတုပူနွေးလာခြင်းတို့ပင်ဖြစ်၏။ ထို့ပြင် ရေများကို ထိန်းသိမ်းထားသည့် ရေလှောင်ကန်များ မရှိတော့သည့်အတွက် မိုးလွန်ကဲစွာ ရွာသွန်းသောအချိန်တွင် ရေကြီးသည့်ဒဏ်ကိုခံရပြီး၊ ပူပြင်းသောရာသီတွင် ခြောက်သွေ့၍ ရေရှားသည့်ဒုက္ခနှင့်လည်း ကြုံတွေ့ရ၏။ ဤဖြစ်ရပ်နှစ်ခုစလုံးသည် လူသားနှင့် သက်ရှိတိရစ္ဆာန်များအား သေကြေပျက်စီးစေခြင်း၊ ရောဂါဘယထူပြောစေခြင်း၊ ကောက်ပဲသီးနှံများပျက်စီး၍ အစာရေစာရှားပါးစေခြင်း စသည်တို့ကို ဖြစ်ပေါ်စေ၏။

## ၆။ မြေထုနှင့် လူသား

လူသားများသည် ခိုင်မာသောမြေသားအပေါ်တွင် ရပ်တည်၍ အသက်ရှင်သူများဖြစ်၏။ မြေမျက်နှာပြင်ပေါ်တွင် သဘာဝပေါက်ပင်များနှင့် မြစ်ချောင်းအင်းအိုင်များရှိ၏။ မြေအောက်ထဲတွင် အဖိုးတန်သော သယံဇာတပစ္စည်းများ ကိန်းအောင်းနေ၏။ မြေပေါ်မြေအောက်တွင်လည်း ကျေးငှက်တိရစ္ဆာန်မျိုးပေါင်းများစွာ မှီတင်းနေထိုင်နေကြ၏။ လူသားများသည် ဤမြေကြီးပေါ်တွင် စိုက်ပျိုးမွေးမြူ၍ နေထိုင်စားသောက်ကြ၏။ ဤသို့ စိုက်ပျိုးမွေးမြူခြင်းဖြင့် နေထိုင်စားသောက်ရာတွင် စားသောက်စရာများကုန်ဆုံးမသွားစေရန် ထာဝရဘုရားက သစ်ပင်နှင့် သက်ရှိများတွင် မျိုးပွားသည့်စနစ်ကို ထည့်သွင်း ဖန်ဆင်းထား၏။ ဘုရားသခင်၏ဖန်ဆင်းခြင်းသည် အံ့ဩချီးမွမ်း၍ မကုန်နိုင်အောင် ဖြစ်၏။

မိမိတို့ အသက်ရှင်နေထိုင်ရန်အတွက် ဤမျှ အရေးကြီးသော ကမ္ဘာမြေလွှာကို ယနေ့ လူသားများစွာတို့သည် တာဝန်မဲ့စွာ ညစ်ညမ်းအောင် ပြုလုပ်လျက်ရှိ၏။ ပြန်၍အစားမထိုးနိုင်သော မြေအောက်သယံဇာတပစ္စည်းများကိုလည်း လွန်ကဲစွာ ထုတ်လုပ်၍ တာဝန်မဲ့ အသုံးပြုလျက်ရှိ၏။ အချို့ နေရာများတွင် ပြုန်းတီးခြင်း ပြုလျက်ရှိ၏။ ဤသို့ ပြုန်းတီးခြင်းသည် ထာဝရဘုရားသခင်၏ ကောင်းမြတ်သောဖန်ဆင်းခြင်းကို အလွဲသုံးစားပြုခြင်းပင် ဖြစ်၏။

ထို့ပြင် စက်ရုံ အလုပ်ရုံများမှ ထွက်ပေါ်လာသော ဘေးထွက်ပစ္စည်းများ၊ အညစ်အကြေးများ၊ စွန့်ပစ်ပစ္စည်းများကို မြေလွှာထဲသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ သယံဇာတပစ္စည်းများကို တူးဖော်သန့်စင်ရာမှ ထွက်ပေါ်လာသော အညစ်အကြေးနှင့် လူများထံမှထွက်ရှိလာသော အညစ်အကြေးများကို တာဝန်မဲ့ စွန့်ပစ်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်မြေလွှာညစ်ညမ်းမှုများ နေရာများစွာတွင်

ကြုံတွေ့နေရ၏။ လူသားများစွန့်ပစ်သည့်ပစ္စည်းများထဲတွင် သဘာဝအလျောက် ကြေပျက်ပျောက်ကွယ်ခြင်းမပြု နိုင်သည့် ပလတ်စတစ်ကဲ့သို့သော ပစ္စည်းများကြောင့်လည်း ကမ္ဘာမြေလွှာသည် တစ်စတစ်စ ညစ်ညမ်းမှု တိုးပွားလာ၏။ ဤ ညစ်ညမ်းမှုသည် လွန်ကဲစွာ ဖြစ်ပေါ်လာပါက ကောက်ပဲ သီးနှံများ စိုက်ပျိုးခြင်းကို ထိခိုက်လာမည်ဖြစ်၏။

သစ်ပင်များသည် မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေး၏။ သစ်တောပြုန်းတီးမှုတိုးလာပါက မြေဆီ လွှာ တိုက်စားဆုံးရှုံးမှုများလာပြီး သီးနှံအထွက်နှုန်းများလည်း ကျဆင်းလာ၏။ သစ်တောပြုန်းတီးမှုကြောင့် ပူပြင်း ခြောက်သွေ့လာပြီး စိုက်ပျိုးမြေဧရိယာကို လျော့နည်းစေ၏။ ကမ္ဘာအရပ်ရပ်တွင်ရှိသော သဲကန္တာရအချို့၏ဧရိယာသည် တဖြည်းဖြည်း ကျယ်ဝန်းလာသည်ကိုလည်းတွေ့ရ၏။ ဤ ဖြစ်ရပ်များကို လူသားများ စတင်ကြုံတွေ့နေရပြီ ဖြစ်၏။

## ၇။ ပူနွေးလာသော ကမ္ဘာမြေကြီး

အထက်ဖော်ပြပါ လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာသော အခြားအကျိုး ဆက်တစ်ခုမှာ ကမ္ဘာကြီးပူနွေးလာခြင်းပင်ဖြစ်၏။ လူတို့က တာဝန်မဲ့စွာ လေထဲသို့ ထုတ်လွှတ်လိုက်သော ဓာတ်ငွေ့ အချို့တို့ကြောင့် ကမ္ဘာလေထုထဲတွင် ဖန်လုံအိမ် အကျိုး သက်ရောက်မှုဖြစ်ပေါ်လာပြီး ကမ္ဘာကြီး ပူနွေးလာခြင်း ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောဆိုလျက်ရှိ၏။ တာဝန်မဲ့သောလူသားများသည် ဘုရားသခင်က စနစ်တကျ ဖန်ဆင်းထားသော သဘာဝပတ်ဝန်းကျင်ကို ယခုအတိုင်း ဆက်လက်၍ ညစ်ညမ်းအောင် လုပ်ဆောင်နေမည်ဆိုပါက လာမည့်နှစ်တစ်ရာအတွင်း ကမ္ဘာအပူချိန်သည် ၅ ဒီဂရီမှ ၁၀ ဒီဂရီဖာရင်ဟိုက်အထိ တိုးမြင့်လာမည်ဟု သိပ္ပံပညာရှင် များက ခန့်မှန်းကြ၏။

ဤသို့ ဖြစ်ပေါ်လာပါက တိုးမြင့်လာသောအပူချိန် ကို မခံနိုင်သော လူနှင့်တိရစ္ဆာန်များ သေကြေပျက်စီးခြင်း၊ ယခုထက် ရာသီဥတုများ ဖောက်ပြန်လာ၍ ကောက်ပဲသီးနှံ များ ပျက်စီးပြီး အစာရေစာများရှားပါးခြင်းတို့ကို ဖြစ်ပေါ် လာစေနိုင်သည်ဟု ခန့်မှန်းကြ၏။ ထို့ပြင် ဤသို့ ကမ္ဘာကြီး ပူနွေးလာပါက တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်း တို့တွင်ရှိသော ရေခဲတောင်များ အရည်ပျော်မှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ပြီး ပင်လယ်ကမ်းခြေတွင် တည်ရှိသော မြို့ကြီးအချို့ ပင်လယ်ရေမျက်နှာပြင် အောက်သို့ ရောက်သွားနိုင်သည်ဟု တွက်ဆထား ကြ၏။

## ဂ။ ခရစ်ယာန်ဘာသာစိုးတို့၏ တာဝန်

ထို့ကြောင့် ခရစ်ယာန်ဘာသာစိုးတိုင်းသည် မိမိ အား ထာဝရဘုရားသခင်က ပေးအပ်ထားသော ဆုကျေးဇူး အဝဝတို့ကို တာဝန်သိသိ၊ သစ္စာရှိရှိ ထိန်းသိမ်းစောင့်ရှောက် ရမည်။

ဤသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင်...

(က) ပျောက်ပျက်ခြင်း၊ ယိုယွင်းခြင်းမရှိအောင် ထိန်းသိမ်း စောင့်ရှောက်ရမည်။

(ခ) ဆထက်ထမ်းပိုးတိုးပွားရန်၊ အမြဲရှင်သန်နေရန် ပြုစု ပျိုးထောင်ပေးရမည်။

(ဂ) ခံစားရရှိသော၊ တိုးပွားလာသော ဆုကျေးဇူးထဲမှ ထာဝရ ဘုရားသခင်ထံ ထိုက်တန်စွာ ပြန်၍ ပူဇော်ဆက်ကပ်ရမည်။

(ဃ) ရရှိသောဆုကျေးဇူးထဲမှ မေတ္တာကိုရှေ့ထားပြီး တစ်ပါး သူများနှင့် ဝေမျှသုံးစွဲရမည်။

(င) ရရှိသော ဆုကျေးဇူးများကိုလည်း မိမိအတွက် တာဝန်သိသိ၊ စည်းကမ်းရှိရှိ အသုံးပြုရမည်။❑

ဦးအောင်လှထွန်း



# ဘုရားသခင်နှင့်အတူ လျှောက်လှမ်း၍ ဝိညာဉ်ခွန်အား ဆောက်တည်ခြင်း

နော်လွင်သီတာမြင့်

ကျွန်မတို့ လျှောက်လှမ်းနေကြပါတယ်။ ပလက်ဖောင်းပေါ်၊ ကတ္တရာလမ်းပေါ်၊ မြေနီလမ်းပေါ်၊ ကျောက်ခင်း လမ်းပေါ်၊ ကားလမ်းပေါ် စတဲ့ စတဲ့လမ်းတွေပေါ်မှာ လျှောက်လှမ်းနေကြပါတယ်။ တစ်ခါတစ်ရံမှာ တစ်ယောက်တည်း လျှောက်လှမ်းတဲ့အချိန်ရှိသလို နှစ်ယောက်၊ သုံးယောက်၊ အုပ်စုလိုက် .. နေပူထဲ၊ မိုးရွာထဲ၊ နှင်းမြူထဲ၊ အမှောင်ထဲ လျှောက်နေကြပါတယ်။ အဲဒီလို လျှောက်လှမ်းနေရတဲ့လမ်းတွေ၊ လမ်းတွေထဲမှာ ဘဝလမ်းဟာ လူ့ဘဝ အသက် ရှင်နေသရွေ့ လျှောက်လှမ်းနေရတဲ့လမ်း၊ ခံစားချက်၊ ရသပေါင်းများစွာ၊ အတွေ့အကြုံများစွာနဲ့ လျှောက်ရတဲ့လမ်းပါ။ တစ်ခါတစ်ရံမှာ ပျော်ရွှင်စွာ၊ ကြည်လင်ရွှင်လန်းစွာ လျှောက်ရတဲ့အချိန်ရှိသလို ခါးသီးမှုတွေ၊ နာကျင်မှုတွေနဲ့ လျှောက်လှမ်းရတဲ့အချိန်လည်း ရှိမှာပဲ။ ဒီလို လောကရဲ့လမ်းပေါ် လျှောက်လှမ်းခြင်းကို ပုံဆောင်ပြီး ဘုရားသခင်ကို အာရုံစိုက်ဖဟိုပြုကာ ဝိညာဉ်ခွန်အားဆောက်တည်တဲ့ Labyrint (လက်ဘရင့်) လျှောက်လှမ်းခြင်းကို မိတ်ဆွေ များအား ဝေမျှပါရစေ။

Labyrint ကို ဝိညာဉ်ရေးဆိုင်ရာ တရားအားထုတ်ခြင်း၌ နှစ်ပေါင်းများစွာကတည်းက ကမ္ဘာ့နေရာ အတော်များများမှာ အသုံးပြုခဲ့ကြပါတယ်။ Labyrint မှာ ဝင်ဖို့နဲ့ ထွက်ဖို့ရန် (ဝင်ပေါက်၊ ထွက်ပေါက်) တစ်ခုတည်း သာရှိပြီး အများသိကြတဲ့ Maze (ဝက်ပါ) နဲ့ ကွာခြားပါတယ်။

Labyrint ကို အရွယ်အစား၊ ပုံစံများစွာတွေ့ရသော်လည်း အများအားဖြင့် ပတ်လမ်းကြောင်း (၇) ခုနဲ့ ပတ်လမ်းကြောင်း (၁၁) ခုပေါ် အခြေခံပြီး ရေးဆွဲတည်ဆောက်လေ့ရှိတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အများသုံး (Public Labyrinth)၊ တစ်ဦးတည်းကိုယ်ပိုင်သုံး (Private Labyrint) သယ်ဆောင်သွားလို့ရတဲ့ (Portable Labyrint) ယာယီတည်ဆောက်ထားတဲ့ (Temporary Labyrint)၊ ကြာရှည်ခံအသေတည်ဆောက်ထားတဲ့ Perma- nent Labyrinth) စသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ အချို့သော ဘုရားကျောင်းများတွင် ဘုရားကျောင်းတွင်း၌ဖြစ်စေ၊ ဘုရားကျောင်းပုရဝုဏ်အတွင်းမှာဖြစ်စေ၊ အုတ်၊ ကျောက်ပြား၊ အင်္ဂတေနဲ့အကွက်ချပုံဖော်ပြီး တည်ဆောက်ထားတဲ့ Labyrinth ရှိသလို ကျောက်တုံးကျောက်ခဲလေးတွေ၊ မြက်ပင်၊ ပန်းပင်တွေနဲ့ လမ်းကြောင်းဖော်ထားတဲ့ Laby- rinth လည်းရှိပါတယ်။ ဒါတွေ ကြာရှည်ခံအောင် တည်ဆောက်ထားတဲ့ (Permanent Labyrint) ဖြစ်ပြီး အချို့ကတော့ မိုးကာ (တာလပတ်) ထူထူကြီးမှာ ဆေးဖြူနဲ့ ပတ်လမ်းကြောင်းဆွဲပြီး ခေါက်သိမ်းလို့ရတဲ့ Labyrinth နဲ့ စာရွက်ပေါ် အဝတ်စပေါ်မှာ လက်ချောင်းလေးတွေနဲ့ လျှောက်လှမ်းပြီး တရားရှုမှတ်နိုင်တဲ့ ရွှေ့ပြောင်း၊ သယ်ဆောင်သွားလို့ ရတဲ့ Labyrinth တွေရှိကြပါတယ်။

ကျွန်မတို့ဟာ လောကဘဝခရီးကို လျှောက်လှမ်းနေတဲ့ ဘဝခရီးသည်တွေဖြစ်ပါတယ်။ ကျွန်မတို့ ဘဝခရီး လျှောက်လှမ်းတဲ့အခါ အကွေ့အကောက်၊ အလှည့်အပြောင်းတွေနဲ့ကြုံတွေ့ရသလို Labyrint မှာ လမ်းကြောင်း လေးတွေဟာလည်း အကွေ့အကောက် အလှည့်အပြောင်းလေးတွေ ရှိပါတယ်။ ကျွန်မတို့ Labtrint ထဲ၌ ဘုရားသခင်ထံ အာရုံပြု၊ တရားမှတ်ပြီး လျှောက်လှမ်းတဲ့အခါ ဒီနည်းလမ်းပဲအမှန်ရယ်လို့ ဆိုပြီး နည်းလမ်းတစ်လမ်း၊ ပုံစံတစ်ခုတည်း အမှန်ရယ်လို့မရှိပါဘူး။ အချို့က လျှောက်လှမ်းစဉ်မှာ မိမိဘဝအသက်တာကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခြင်း၊ ပဋ္ဌာနာတော် ရွတ်ဆိုဆုတောင်းခြင်း၊ ဆာလံရွတ်ဆိုခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်ကြပါတယ်။ အထောက်အကူ ဖြစ်စေမယ့် နမူနာနည်းလမ်းတစ်ခုကတော့ Labyrint အတွင်းထဲဝင်၍ မလျှောက်ခင် အဝင်ဝမှာ အသက်ဝဝ ရှူသွင်းပြီး ဖိနပ်ကို ချွတ်ရပါမယ်။ စွန်းထင်းညစ်ပေပြီး၊ နာကျင်ခါးသီးတဲ့အတွေးတွေ၊ မာနတရားတွေကို ချွတ်ပယ်ပြီး

နှိမ့်ချခြင်းနဲ့ သန့်ရှင်းစုံလင်တဲ့အရှင်နဲ့အတူ လျှောက်လှမ်းခြင်းကို ပုံဆောင်ပါတယ်။ ပြီးရင် အဝင်ဝမှာပဲ သင် ဘာကို မျှော်လင့်တမ်းတနေပါသလဲ၊ ဘုရားသခင်က သင့်ကို မည်သို့ဖိတ်ခေါ်နေပါသလဲ၊ သင်ရှေ့တိုးပြီး လျှောက်လှမ်းတဲ့အခါ ဘုရားသခင်နဲ့အတူ ဘာတွေကို ချန်ထားလိုပြီး ဘာတွေအတွက် တောင်းလျှောက်လိုပါသလဲ ဆိုတာကို စဉ်းစား ဆင်ခြင်ရပါမယ်။ ဘုရားရှင်ရဲ့အသံတော်ကို နားစွင့်ရပါမယ်။

Labyrint ထဲကို စတင်ပြီး လျှောက်လှမ်းတဲ့အခါမှာတော့ ဘုရားသခင်ကို စကားပြောခြင်း၊ မေးလျှောက်ခြင်း၊ ပတ္တနာတော်ရွတ်ဆိုခြင်း၊ ဆာလံရွတ်ဆိုခြင်း၊ တစ်စုံတစ်ရာကို အလေးအနက်ရွတ်ဆိုခြင်း၊ တိုင်တည်ခြင်း ဥပမာ-" ကျွန်ုပ် (မိမိအမည်) သည် ငြိမ်သက်ခြင်း (သို့) တရားမျှတခြင်း....ကို ရှာဖွေနေသော ခရီးသွားတစ်ယောက်ဖြစ်ပါတယ်။ ....စသည်ဖြင့် ရွတ်ဆိုခြင်းသော်လည်းကောင်း၊ ဆုတောင်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်ပါတယ်။

သင်အလယ်ဗဟိုကို ရောက်တဲ့အခါမှာတော့ အသက်ကို ပုံမှန်ရှူသွင်းရှူထုတ်ခြင်း၊ ဘုရားသခင်၏အသံတော်ကို အာရုံပြုနားစွင့်ခြင်း၊ မိမိဘဝခရီးကို မည်မျှလျှောက်လှမ်းခဲ့၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မည်မျှတွေ့ကြုံခံစားရကြောင်း ရှုမြင်ခြင်းများကို လုပ်ဆောင်နိုင်ပါတယ်။

သင်လာခဲ့တဲ့အတိုင်း အပြင်ကိုထွက်ဖို့လျှောက်လှမ်းတဲ့အခါမှာတော့ အခြားသူများအတွက်၊ လိုအပ်နေသူများ အတွက် ဆုတောင်းခြင်းနဲ့အတူ လောကကြီးထဲကို သင်နဲ့အတူ ဘာတွေယူဆောင်သွားမလဲ၊ ဘုရားသခင်နဲ့ လူများအတွက် မည်သို့ဆက်ကပ်အစေခံမလဲ ဆိုတာကို တွေးတောရှုမှတ်ခြင်းများ လုပ်ဆောင်နိုင်ပါတယ်။

အောက်ပါစာသားများကတော့ မိမိကိုယ်ကို ဘဝခရီးကို တစ်ဦးတည်းလျှောက်လှမ်းနေရတယ်။ ချစ်မယ့် ခင်မယ့်သူ၊ ဂရုစိုက်မယ့်သူလည်းမရှိဘူးလို့ ခံစားရပြီး စိတ်ပျက်အားငယ်ချိန်များမှာ Labyrint လျှောက်ချိန် တွေးတောဆင်ခြင်တဲ့အခါ အထောက်အကူပြုအားပေးတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေပေးစွမ်းနိုင်တဲ့စာသားများ ဖြစ်ပါတယ်။

**Footsteps of love**
I am walking on the earth,
The earth is my mother.
Wherever I walk, I will be home.

I am walking with people, who love me,
Their love surrounds me.
Wherever I walk I will be loved.

I am walking on the Circle of the Creator
above, Creator below.
wherever I walk I am with the creator.

I am walking upon the earth with people

who love me;

We are walking on the Circle of the Creator.
I will always be home.
I will always be loved.
I will always be with the creator.


ချစ်ခြင်း၏ခြေလှမ်းများ
ကျွန်တော်/မဟာ ကမ္ဘာမြေပေါ်မှာ လျှောက်လှမ်းနေပါတယ်
ကမ္ဘာမြေကြီးဟာ ကျွန်တော်/မရဲ့မိခင်ပါ
ဘယ်နေရာကိုပဲလျှောက်လျှောက် ဒါဟာကျွန်တော်/မရဲ့အိမ်ပါပဲ။

ကျွန်တော်/ကျွန်မဟာ ကျွန်တော်/မကို ချစ်ခင်သူတွေနဲ့လျှောက်လှမ်းနေပါတယ်။
သူတို့ရဲ့ချစ်ခြင်းမေတ္တာက ကျွန်တော်/မကို ဝန်းရံနေပါတယ်။
ဘယ်နေရာကိုပဲလျှောက်လျှောက် ကျွန်တော်/မဟာ ချစ်ခြင်းမေတ္တာနဲ့လျှောက်လှမ်းနေတာပါ။

ကျွန်တော်/မဟာ အထက်ဘဝ၊ အောက်အရပ်ဖန်ဆင်းရှင်ရဲ့အဝန်းအဝိုင်းမှာ
လျှောက်လှမ်းနေတာပါ။ ဘယ်နေရာကိုပဲ လျှောက်လျှောက် ကျွန်တော်/မဟာ
ဖန်ဆင်းရှင်နဲ့အတူလျှောက်လှမ်းနေတာပါ။

ကျွန်တော်/မဟာ ကမ္ဘာကြီးပေါ်မှာ ချစ်ခင်သူတွေနဲ့အတူ လျှောက်လှမ်းနေတာပါ။
ကျွန်တော်/မဟာ
ဖန်ဆင်းရှင်ရဲ့အဝန်းအဝိုင်းမှာ လျှောက်လှမ်းနေပါတယ်။ ကျွန်တော်/မဟာ အိမ်တော်မှာ
အစဉ်အမြဲ
ရှိနေပြီး ချစ်ခြင်းမေတ္တာကို အစဉ်အမြဲခံစားရင်း ဖန်ဆင်းရှင်နဲ့ အစဉ်အမြဲရှိနေပါတယ်။





## Labyrint ပုံ

ကျွန်တော်/မတို့ အမိကမ္ဘာကြီးမှာ ဘဝခရီးကို လျှောက်လှမ်းတဲ့အခါ အခက်အခဲ

အထက်ပါစာသားများက ကျွန်တော်/မတို့ အမိကမ္ဘာကြီးမှာ ဘဝခရီးကို လျှောက်လှမ်းတဲ့အခါ အခက်အခဲ တွေ၊ မိမိကို အန္တရာယ်ပြုမယ့်အရာတွေ ရှိနေနိုင်ငြားသော်လည်း မိမိကို ချစ်ခင်တဲ့လူများ၊ ကူညီမစတဲ့လူ၊ မိမိကို နောက်ကွယ်ကနေ ဆုတောင်းမေတ္တာပို့ပေးနေကြတဲ့သူတွေနဲ့အတူ လျှောက်လှမ်းနေကြောင်း အမှတ်ရစေပါတယ်။ အရာရာကိုသိမြင်တဲ့ မြဲတော့ ကျွန်တော်/မတို့ဟာ အထက်အောက် မြေကြီးနဲ့ကောင်းကင် နေရာမလပ်တည်ရှိနေတဲ့ ဖန်ဆင်းရှင်နဲ့အတူ လျှောက်လှမ်းနေကြောင်းကိုလည်း အမှတ်ရစေပါတယ်။ ဒါကြောင့် ကျွန်တော်/မ တို့ Labyrint အဝင်ဝမှာ ရပ်လျက် အသက်ပုံမှန်ရှူသွင်းရှူထုတ်ပြီး မိမိစိတ်နှလုံးကို ပြင်ဆင်ကြပါစို့။ မိမိတို့ရဲ့ ချစ်ခြင်းမေတ္တာရှင် ဘုရားသခင်နဲ့အတူ လျှောက်လှမ်းနေကြောင်းကိုလည်း တွေးတောဆင်ခြင်သုံးသပ်ရင်း ကျွန်တော်/မတို့ကို အစဉ်အမြဲ လက်ရှိအခြေအနေနဲ့ မျှော်လင့်တောင့်တခြင်းများကို ယုံကြည်စိတ်ချစွာဖြင့် ဘဝအသက်တာခရီးကို လျှောက်လှမ်း ချစ်လျက် လက်ကမ်းကြိုဆိုနေသော ဘုရားရှင်နဲ့အတူ ကြပါစို့။ ❑

# ပြောပါရစေ

ဦးကရင်

ရှာလုမ်ဝိုင်းတော်သားတော်က ဦးကရင်ကို စာမူတစ်ပုဒ်ရေးပါ လို့ဆိုလာတော့ ဘာသာရေးဆောင်းပါး
လည်း မရေးချင်၊ ကဗျာစပ်ဖို့လည်း ခံစားမှုမပြင်းထန်၊ ကာတွန်းကျပြန်တော့ ကြယ်တောင်မဆွဲတော့၊ ဝတ္ထုတိုပို့
ဆိုရင်လည်း စုံထောက်ဇာတ်လမ်းတိုလောက်မှ ရေးချင်တာဆိုတော့ မဖြစ်သေးဘူး။ ဒါနဲ့ စပ်မိစပ်ရာ ရင်တွင်းစကား
တွေကို ရောက်တတ်ရာရာ ရေးလိုက်ပါတယ်။ ဒါကလည်း ဦးကရင်တို့ အင်္ဂလီကန်အသင်းတော်မှာ မျက်စိရှေ့
ဖြစ်ပျက်နေတာကို ပြန်ပြောပြတဲ့သဘောပါ။ အဟွတ် အဟွတ် ... တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ (ချိတ်မချီးရ
ဘူးနော်)။

ဦးကရင်တို့ အင်္ဂလီကန်အသင်းတော်မှာ သမ္မာကျမ်းစာအုပ်ရယ်၊
စာအုပ်ရယ်က မရှိမဖြစ်ဘူး ဆိုတာတော့ အားလုံးအသိပါ။ ဆုတောင်းစာအုပ်ရယ်၊ ဓမ္မသီချင်း
ရဲ့ အမှတ်အသားလို့ဆိုရင် မမှားဘူးပေါ့ဗျာ။ အထူးသဖြင့် ဆုတောင်းစာအုပ်နဲ့ ဓမ္မသီချင်းစာအုပ်ဆိုရင်လည်း အင်္ဂလီကန်
အလိုက် စနစ်တကျ ဆိုနိုင်အောင် ထည့်သွင်းထားပါတယ်။ ဓမ္မသီချင်းစာအုပ်ထဲက သီချင်းတွေကိုကြည့်ရင် ရာသီ
အင်မတန်အဆင့်မြင့်တဲ့ ကော့ဒ် (Chord) တွေနဲ့ ဖွဲ့စည်းထားပါတယ်။ တေးဂီတရှုထောင့်ကနေကြည့်ရင်လည်း သံပုံဖွဲ့စည်းမှုဟာ
တွေ ထရလောက်အောင် အစွမ်းအစရှိပါတယ်။ သံစုံဆိုလိုက်ရရင်တော့ ကြက်သီးမွေးညင်း
လည်းမပျက်၊ မြန်မာစာဒှာန်ကရိုဏ်းလည်းကျအောင် (လူရယ်စရာမဖြစ်အောင်) ပြန်ထားပါတယ်။ တိုတိုပြောရလျှင်
"ကောင်းတယ်" ပေါ့။ ဒါနဲ့ဆက်ပြောရလျှင်..... ဒီလိုကောင်းတဲ့ ဓမ္မသီချင်းတွေကို မြန်မာလိုပြန်တဲ့အခါတွင်လည်း မူရင်းအဓိပ္ပာယ်
ခပ်ရှားရှားဗျို့ ။ လာပြီလာပြီဇာတ်လမ်း။ ........ ဦးကရင်က အပုဒ်ရေငါးဆယ်ဆိုတတ်တဲ့သူက
ခရီးထွက်တိုင်း အဲဒီနယ်ရဲ့ ဘုရားဝတ်ပြုခြင်းတွေမှာ ပါဝင်တာပေါ့။ အဲဒီမှာ အင်္ဂလီကန်အသင်းတော်ရဲ့ ညီညွတ်မှုကို
မျက်ဝါးထင်ထင်တွေ့ရတာပါပဲ။ ဘာလဲဆိုတော့ အသင်းတော်တော်တော်များများက ခရီးထွက်တတ်သူဖြစ်တာမို့
ဆိုတဲ့သီချင်းတွေက "ဖြူစင်နှလုံးသူမြတ်" "နေမင်းရောင်ခြည်ထွန်းလင်းရာမှာ" "ချမ်းသာစွာအမြဲနေတိုင်ခွင့်"....
စသဖြင့် ဖြစ်ပါတယ်။ ညီညွတ်လိုက်ကြတာဗျာ..... တနင်္ဂနွေဝတ်ပြုခြင်းမှာ
ဒါတင်ကရိုးလားဗျ။ တစ်ခါတစ်လေ ပွဲတော်ဝတ်ပြီးလို့





နေ့လည်လူငယ်ဝတ်မှာတောင် ပြန်ကြော့လိုက်သေးတယ်။ ကဲ မှတ်ပလား....။ ဩော် ဒါနဲ့ မြို့ကအသင်းတော်ကို
ပြောရလျှင်တော့ သီချင်းသံလေး မြိုင်မြိုင်ဆိုင်ဆိုင်ကြားရတာပေါ့။ ဒါပေမဲ့ ဒေါ်စန္ဒရားတို့၊ ဦးအောင်ဂင်တို့က ဆိုလို့သာပေါ့။
နို့မဟုတ်လျှင် အတူတူပဲ။ ကိုင်း....အဲဒီလိုပြောလို့ ဦးကရင်တို့ အင်္ဂလီကန်အသင်းသူ/သားတွေ အသံမတည့်လို့၊
မဆိုရဲလို့ ထင်ကောင်းထင်ပါလိမ့်မယ်။ ဒါဆိုရင်တော့ မှားသွားလိမ့်မယ်။ "ဂီတတံခါးလေးဖွင့်ပါဦး"တို့၊ "မယ်လိုဒီဝေါ်"
တို့မှာပြိုင်တဲ့သီချင်းတွေဆို ကြီးကြီးငယ်ငယ် အကုန်ရတယ်ဗျ။ ထွက်တဲ့ ဗွီစီဒီ၊ ဒီဗီဒီ မှန်သမျှ ဟောတစ်ပုဒ်
ဟောတစ်ပုဒ်အလွတ်ဆိုတာ။ ဒါဆို ဓမ္မသီချင်းတွေကို ဘာလို့မရတာလဲ။ ဘာကြောင့် မဆိုချင်ရတာလဲ။ မေးစရာပါဗျို့။
ဒီလိုပဲ ရှေ့ဆက်သွားရင်တော့ မကြာပါဘူး၊ ဓမ္မသီချင်းစာအုပ်တွေ မြေမြှုပ်ပစ်ရတော့မယ်။ သီချင်းတွေ
တော်တော်များများဆိုတတ်တဲ့သူတွေကလည်း မြေထဲရောက်ကုန်ပြီလေ။ အခုအချိန်မှာတော့ သီချင်းတစ်ပုဒ်ကို
အစပဲရတဲ့သူနဲ့၊ သူများဆိုလို့ လိုက်ဆိုတတ်တဲ့သူနဲ့ အာမင်အပိုင်းကိုပဲ ပိုင်ပိုင်နိုင်နိုင်ဆိုတတ်တဲ့သူနဲ့ အားရစရာပါပဲ။
မြင်ယောင်ကြည့်ပါ။ ဒီလိုပုံစံနဲ့ ဝတ်ပြုခြင်းမှာ သီချင်းဆိုချီးမွမ်းတဲ့ပုံကိုပေါ့။ ဘုရားသခင်ကတောင် သူ့ကိုချီးမွမ်းတဲ့
သီချင်းကို ဝင်ပြီးထောက်ပေးရမလိုဖြစ်နေပြီ။ တချို့က ဦးကရင်ကို လာပြောတာရှိသေးတယ်။ "ဆရာ ကျွန်တော်တို့
အသင်းတော်က သီချင်းဆိုတာ နေးလိုက်တာ၊ အားမရပါဘူး" တဲ့။ မနေးဘဲနေပါ့မလား။ သီချင်းမရတော့ သူ့အသံ
ကိုယ်နားထောင်၊ ကိုယ့်အသံ သူများနားထောင်နဲ့ သူစောင့်ကိုယ်စောင့် စောင့်နေရင်း သီချင်းက လေးကန်လာတော့
နေးတာပေါ့ဗျာ။ တချို့ကျပြန်တော့ "ဘုန်းကြီးကမှ မသင်ပေးတာ" တဲ့။ ဘုန်းကြီးတိုင်းလည်း အသံတည့်ချင်မှတည့်
တာလေ။ သူ့ကို အပြစ်ပြောလို့ဘယ်ရမလဲဗျ။ ဒါပေမဲ့ ဆိုတတ်ရင်တော့ အကောင်းဆုံးပေါ့။ ပြဿနာရဲ့အရင်းအမြစ်
က ဘာလဲဆိုတော့ ဓမ္မသီချင်းလေ့လာသင်ကြားခြင်းဆိုတာ မရှိလို့ပါပဲ။ အသင်းတော်အားလုံးနီးပါးက ပွဲတော်ဝတ်
မစခင်မှာပဲဖြစ်ဖြစ်၊ ပွဲတော်ဝတ်အပြီးမှာပဲဖြစ်ဖြစ် ကျမ်းစာလေ့လာသင်ကြားခြင်းတွေကို အသင်းတော်အနေနဲ့၊ ဒါမှ
မဟုတ် မိမိတို့ရဲ့အသင်းအဖွဲ့အနေနဲ့ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ ဓမ္မသီချင်းအဆိုလေ့ကျင့်ခြင်းကိုတော့ ဘယ်တော့မှ
လုပ်လေ့မရှိဘူး။ လုပ်စရာမလိုဘူးလို့ ခံယူထားတာလည်းပါတယ်ဗျာ။
ဒီလို လေ့ကျင့်မှုမရှိတော့ ဓမ္မသီချင်းတွေကို "အပ်ချလောင်း" ဆိုပြီး ဆိုတတ်လာမလားဗျ။ ဆိုနေကျ
သီချင်းပဲ ဆိုရမှာပေါ့။ မကျင့်တော့ မရဘူး၊ မရတော့ မဆိုဘူး။ ရှင်းရှင်းလေးပဲလေ။ ဒါကြောင့်မို့လို့ အင်္ဂလီကန်
အသင်းတော်တိုင်းကို ပြောချင်ပါတယ်။ ဝတ်ပြုခြင်းမှာ သက်ဝင်နိုးကြားလာအောင် ဝတ်ပြုခြင်းမစခင်မှာ ဓမ္မသီချင်း
တွေကို လေ့ကျင့်သီဆိုခြင်း ပြုလုပ်စေချင်ပါတယ်။ တစ်ပတ်မှာ မဆိုဖူးတဲ့သီချင်းအသစ်တစ်ပုဒ်လောက် ညှပ်ပြီး
လေ့ကျင့်သီဆိုသွားရင်ပဲ နှစ်အနည်းငယ်ကြာရင် ဓမ္မသီချင်းတစ်အုပ်လုံးကို သီဆိုနိုင်မှာပါ။ အသင်းတော်တိုင်းမှာ
ဓမ္မသီချင်း အများကြီးဆိုတတ်တဲ့သူတွေ ရှိပါတယ်။ သံပုံမှန်တာ မမှန်တာ အသာထား။ ဆိုတတ်တဲ့သူတွေက
ဦးဆောင်ပြီး နောက်တက်လာတဲ့ လူငယ်မောင်မယ်တွေကို လေ့ကျင့်သင်ကြားပေးရင်တော့ ဝတ်ပြုကိုးကွယ်ခြင်းကို
ပိုပြီး သက်ဝင်လာစေမှာပါ။ အခုခေတ် လူငယ်တွေနဲ့ အချို့ အမျိုးသားကြီး၊ အမျိုးသမီးကြီးတွေဟာ ဘုရားကျောင်း
တော့ တက်ပါရဲ့ ဂုဏ်တော်ချီးမွမ်းတဲ့အချိန်မှာ သီချင်းစာအုပ်လည်းကိုင်ထားပါရဲ့၊ ဒါပေမဲ့ မဆိုင်သလို လုံးဝလိုက်မဆို
တဲ့သူတွေ အများကြီးပဲဗျ။ တချို့ကပြောတော့ "အာရုံပျံ့လွင့်ချိန်" တဲ့။ အလုပ်အကြောင်း၊ မိသားစုအကြောင်း၊
ကိုယ်ရေးကိုယ်တာအကြောင်း စဉ်းစားလို့ကောင်းတဲ့အချိန် ဆိုပါလား။ ဒါကြောင့် ဒီပြဿနာဟာ ဆေးစားလို့လည်း
မရနိုင်ဘူး။ အစာရှောင်ပြီး ဆုတောင်းလည်း မရနိုင်ဘူး။ လေ့ကျင့်သီဆိုမှသာ ရနိုင်မှာပါ။ ရေးရင်းနဲ့ ရှည်သွားပြီလား
မသိဘူး။ ကဲ "တကယ်ပြင်ချင်ရင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်" တဲ့။ လူတွေရဲ့စိတ်ကိုထိတွေ့ပြီး ဘုရားသခင်
နှစ်သက်တဲ့ ဝတ်ပြုခြင်းဖြစ်လာဖို့အတွက် အထောက်အကူပြုတဲ့ ဓမ္မသီချင်းတွေကို သီဆိုလေ့ကျင့်ရအောင်။ ဓမ္မ
သီချင်းစာအုပ် အခွန့်ရှည်နိုင်မြပါစေသော်...။☐



# ရှင်မာကုခရစ်ဝင်ကျမ်းမှ ဖော်ပြသော ယေရှု၏ စုံစမ်းခံတော်မူခြင်းကို ဆင်ခြင်သုံးသပ်ခြင်း

**ဒေါက်တာပေါလ်မြင့်ထက်ထင်ရ (သန့်ရှင်းသောကားတိုင်ဓမ္မကောလိပ်)**

နိဒါန်း

ယနေ့ခေတ် ဓမ္မသစ်ကျမ်းပညာရှင်များကြားတွင် ရှင်မာကုခရစ်ဝင်ကျမ်းသည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသော ကျမ်းစောင် ဖြစ်သည်။ ခရစ်ဝင်ကျမ်းသည် အလွန်ရေးသားသော ကျမ်းစောင်ဖြစ်သည်သာမက၊ အတိုဆုံးလည်းဖြစ်သော ရှင်မာကုခရစ်ဝင်ကျမ်းများထဲတွင် အစောဆုံးဓမ္မအတွေးအခေါ်များသည်လည်း အလွန်စိတ်လှုပ်ရှားဖွယ်ရာကောင်းပါသည်။ ထို ဓမ္မအတွေးအခေါ်များထဲမှ ခရစ်တော်ယေရှု၏ စုံစမ်းခံတော်မူခြင်းနှင့်ပတ်သက်သော ဓမ္မအတွေးအခေါ်ကို ဤစာတမ်းတွင် တင်ပြသွားမည် ဖြစ်ပါသည်။



ခရစ်ယာန်တို့၏အသက်တာသည် စုံစမ်းသွေးဆောင်ခြင်းကို မကြာခဏ ကြုံတွေ့ ကြရပါသည်။ စုံစမ်းသွေးဆောင်ခြင်း (Temptation) ဆိုသည်မှာ စာတန်ထံမှလာခြင်းဖြစ်သောကြောင့် စုံစမ်းသွေးဆောင်ခြင်းသည် မကောင်းသောအရာ၊ တွေ့ကြုံရင်ဆိုင်ရန် မကောင်းသောအရာ ဟူ၍ ယေဘုယျမှတ်ယူကြပါသည်။ သို့သော် စစ်ဆေးခြင်း (Test) ဆိုသည်မှာ ကောင်းသောအရာ ဟူ၍ မှတ်ယူကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် စုံစမ်းသွေးဆောင်ခြင်း (Temptation) နှင့် စစ်ဆေးခြင်း (Test) သည် လုံးဝကွဲပြားခြားနားသော အနက်အဓိပ္ပါယ်ရှိသည် ဟူ၍ မှတ်ယူကြသည်။ အင်္ဂလိပ်ဘာသာစကားတွင်လည်း Temptation နှင့် Test ၏ အဓိပ္ပာယ်သည် လုံးဝကွဲပြားသည်ကို တွေ့ရှိရသည်။

ဤစာတမ်းတွင် ရှင်မာကုခရစ်ဝင်ကျမ်းမှဖော်ပြသော ယေရှုခရစ်တော်၏ စုံစမ်းခံတော်မူခြင်းကို အခြေပြု၍ စုံစမ်းသွေးဆောင်ခြင်း (Temptation) နှင့် စစ်ဆေးခြင်း (Test) သည် အနှစ်သာရအားဖြင့် ကွဲပြားခြားနားမှုမရှိကြောင်း၊ ခရစ်တော်၏အသက်တာသည် အမှုတော်ဆောင်သည့်အချိန်မှစ၍ လက်ဝါးကပ်တိုင်ပေါ်တွင် အသက်တော်စွန့်သည်အထိ စုံစမ်းသွေးဆောင်ခြင်း (သို့) စစ်ဆေးခြင်းကိုတွေ့ကြုံခဲ့ရသော အသက်တာဖြစ်ကြောင်း စုံစမ်းသွေးဆောင်ခြင်း (သို့) စစ်ဆေးခြင်းသည် ဖြောင့်မတ်သောသူတို့အတွက် လွှဲရှောင်၍မရသောအရာဖြစ်သောကြောင့် ၎င်းအား ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ သစ္စာစောင့်သိမှုကို သက်သေပြဖို့ရန် အခွင့်အရေးတစ်ခုအနေဖြင့် မှတ်ယူအောင်နိုင်ရန်ဖြစ်ကြောင်းကို တင်ပြသွားမည် ဖြစ်ပါသည်။

စုံစမ်း/သွေးဆောင်ခံရခြင်းနှင့် ဒုက္ခဝေဒနာ (ရုပ်ပိုင်း/စိတ်ပိုင်း) ခံစားရခြင်းသည် နီးကပ်စွာ ဆက်စပ်လျက်ရှိပါသည်။ ဒုက္ခဝေဒနာခံစားနေရသောသူသည် ဘုရားသခင်၏လမ်းဖြစ်သော ကျဉ်း၍ ဖြောင့်သောလမ်းမှ သွေဖည်ရန် ဖြားယောင်းသွေးဆောင်ခြင်းခံရနိုင်သကဲ့သို့ စုံစမ်းစစ်ဆေးခံရခြင်းကြောင့်လည်း ဒုက္ခဝေဒနာခံစားရနိုင်ပါသည်။ ရှင်မာကုခရစ်ဝင်ကျမ်းမှဖော်ပြသော ယေရှုခရစ်တော်၏ စုံစမ်းသွေးဆောင်ခံရတော်မူခြင်းနှင့်ပတ်သက်သော ဓမ္မအတွေးအခေါ်ကို ဆင်ခြင်နားလည်ခြင်းအားဖြင့် ယနေ့ ကျွန်ုပ်တို့ခရစ်ယာန်များသည်လည်း မိမိတို့၏အသက်တာကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး မိမိတို့တွေ့ကြုံရင်ဆိုင်ခံစားနေရသော စုံစမ်းသွေးဆောင်ခြင်းများကို ကြံ့ကြံ့ခံ၍ ရင်ဆိုင်အောင်မြင်နိုင်ရန်အတွက် ခွန်အားရရှိမည်ဟု မျှော်လင့်ပါသည်။

**၁။ စုံစမ်းသွေးဆောင်ခြင်း (သို့) စစ်ဆေးခြင်းကိုဖော်ပြသော မူရင်းဂရိစကားလုံး-ပိုင်ရက်စ်မော့ (peirasmos)**

စုံစမ်းသွေးဆောင်ခြင်း (Temptation) နှင့် စစ်ဆေးခြင်း (Test) တို့သည် ယနေ့ ကျွန်ုပ်တို့၏နားလည်မှု၌ ကွဲပြားခြားနားသောအဓိပ္ပာယ်ရှိသည့်စကားလုံးများဟု မှတ်ယူကြပါသည်။ ဥပမာ-စုံစမ်းသွေးဆောင်ခြင်း ဆိုသည်မှာ မကောင်းသောအရာများကို ပြုလုပ်ရန်ဖြစ်သောကြောင့် မကောင်းသောရှုထောင့်မှ နားလည်ကြပြီး စစ်ဆေးခြင်းကိုမူ ကောင်းသောရှုထောင့်မှ မှတ်ယူကြသည်။ သို့သော် သတိပြုရန်မှာ သမ္မာကျမ်းစာတွင် စုံစမ်းသွေးဆောင်ခြင်းနှင့် စစ်ဆေးခြင်းကို ဖော်ပြသော မူရင်းဂရိစာလုံးမှာ ပိုင်ရက်စ်မော့ ဟူသော စာလုံးတစ်ခုတည်းပင်ဖြစ်သည်။ ထို ပိုင်ရက်စ်မော့ ဟူသောစကားလုံးကိုပင် ရံဖန်ရံခါတွင် ဖြားယောင်းသွေးဆောင်ခြင်း (Temptation) ဟု အနက်ဖွင့်ဆိုပြီး ရံဖန်ရံခါတွင် စစ်ဆေးခြင်း (Test) ဟု အနက်ဖွင့်သည်ကို တွေ့ရှိရသည်။ ၎င်းစာလုံးအား ရှေးဦးခရစ်ယာန်များအသုံးပြုပုံကို အသေးစိတ်လေ့လာဆင်ခြင်ပြီးနောက်၊ ထင်ရှားသော ဓမ္မသစ်ပညာရှင်တစ်ဦးဖြစ်သည့် Prof. Susan R.Garrett က ရှေးဦးခရစ်ယာန်များသည် စုံစမ်းသွေးဆောင်ခြင်းနှင့် စစ်ဆေးခြင်းအား အနှစ်သာရအားဖြင့် အတူတူပင်ဖြစ်သည်ဟု နားလည်သည် ဟူ၍ ဖော်ပြထားသည်။[၁]

**၂။ စုံစမ်းသွေးဆောင်ခြင်း (သို့) စစ်ဆေးခြင်း၏ နောက်ခံဓမ္မအတွေးအခေါ်**

**စုံစမ်းသွေးဆောင်ခြင်းကို တွေ့ကြုံရင်ဆိုင်ပြီး ကြံ့ကြံ့ခံအောင်နိုင်ခဲ့သောသူတစ်ယောက်**

ယေရှုခရစ်တော်သည် စုံစမ်းသွေးဆောင်ခြင်းကို တွေ့ကြုံရင်ဆိုင်ပြီး

ကြုံကြုံခံအောင်နိုင်၍ ဘုရားသခင်အား သစ္စာရှိမှုကိုပြသရန် ဖြစ်ကြောင်း ခွန်အားပေးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ကျဉ်း၍ဖြောင့်သောလမ်းကို လျှောက်လှမ်းနေကြသော ဘုရားသခင်၏ သစ္စာရှိသောယုံသားကောင်းများအား ထိုအလိုတော်လမ်းမှ သွေဖည်စေရန် ပြုသောသူများမဖြစ်စေရန်လည်း သတိပေးထားပါသည်။

ဤစာတမ်းအား အောက်ပါဆင်ခြင်ရန်မေးခွန်းဖြင့် နိဂုံးချုပ်လိုပါသည်။ ယနေ့ ကျွန်ုပ်တို့ခရစ်ယာန်များသည် ဖြောင့်မတ်ခြင်းပါရမီအတွက် ဒုက္ခဝေဒနာခံစားခြင်းအားဖြင့် စုံစမ်းခံရန် အဆင်သင့်ဖြစ်ပါပြီလား၊ (သို့) ကျွန်ုပ်တို့သည် ဇာတိသဘောကို ရှေ့တန်းတင်၍ မိမိကိုယ်တိုင် ကျဉ်း၍ ဖြောင့်သောလမ်းကို ငြင်းပယ်ရုံမျှမက ထိုလမ်းကို သစ္စာရှိစွာ လျှောက်လှမ်းနေသောသူများအား ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း စသည်တို့ကို ပြုခြင်းဖြင့် အလိုတော်လမ်းကို လျှောက်လှမ်းခြင်းမှ သွေဖည်စေရန်အတွက် လုပ်ဆောင်နေကြသော စာတန်များ ဖြစ်နေကြပါသလား။❑

(Footnotes)

[1] Susan R. Garrett, *The Temptation of Jesus in Mark's Gospel*, (Grand Rapids: Eerdmans, 1998 ) , 5.

[2] Ecclesiasticus, သို့မဟုတ် the wisdom of Jesus, son of SIRACH ဟုခေါ်ဆိုသောစာစောင်သည် ယနေ့ ကျွန်ုပ်တို့၏ သမ္မာကျမ်းစာ၌ ပါဝင်ခြင်းမရှိသော်လည်း ရှေးဦးခရစ်ယာန်များမှ သမ္မာကျမ်းစာတွင် ပါဝင်သည်ဟု ယူဆခဲ့ကြသော စာစောင်တစ်ခုဖြစ်သည်။ ထိုစာအုပ်သည် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၈၀ ခန့်က ယေရုရှလင်မြို့တွင် ရေးသားခဲ့သော စာစောင်ဖြစ်သည်ဟု ယူဆကြသည်။ ပိုမိုသိရှိလိုပါက၊ The New Oxford Annotated Bible: New Revised Dtandare Version with the Apocrypha (Oxford: Oxford University Press, 2001) 100 apocrypha တွင်ကြည့်ပါ။

[၃] ဤကဲ့သို့ နားလည်မှုကိုလက်မခံသော ရှေးဦးခရစ်ယာန်များလည်းရှိကြောင်းကို ယာကုပ်ဩဝါဒစာ ၁း၁၂-၁၆ ကိုကြည့်ခြင်းအားဖြင့်လည်း သိရှိနိုင်ပါသည်။

[၄] ဤစာတမ်းတွင် ကိုးကားသော ကျမ်းပိုဒ်များမှာ သမ္မာကျမ်းစာအသင်းမူမှ ဖြစ်ပါသည်။

[၅] ဥပမာ၊ ရှင်မာကု ၁း၃၄၊ ၃း၁၅၊ ၇း၂၆၊ ၉း၁၀၊ ၂၈။

[၆] မဿဲ ၄း၁၁၊ လုကာ ၄း၁-၁၃နှင့် မာကု ၁း၁၂-၁၃ တို့၌ ဖော်ပြထားသော ယေရှု၏ စာတန်၏စုံစမ်းခံရခြင်းအကြောင်းကို နှိုင်းယှဉ်ကြည့်ပါ။

[၇] Joel Marcus, *The way of the lord: Christological Exegesis of the Old Testament in the Gospel of Mark* (Louisville: John Knox press, 1992), 26-27. U. Mauser, *Christ in the wilderness: The Wilderness theme in the Second Gospel and its Basis in the Biblical Tradition* (Nashville:Alec R. Allenson, 1963), 100.

[၈] ဥပမာ၊ အထက်ကဖော်ပြခဲ့သော အာဖြဟံ၊ ယောဘအကြောင်းအရာများကို ကြည့်ပါ။

[၉] ဥပမာ၊ အောက်ပါကျမ်းပိုဒ်များကိုကြည့်ပါက ခရစ်တော်၏ ဒုက္ခဝေဒနာနှင့် အသေခံတော်မူခြင်းသည် ဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၆။ ရှင်လုကာခရစ်ဝင် ၂၄း၂၅-၂၇။ ၁ကော ၁၅း၃။

[၁၀] သို့သော် ထိုသို့နားလည်ခြင်းကြောင့် ခရစ်တော်အသေသတ်ခြင်းခံရစေရန်အတွက် ကြိုးပမ်းအားထုတ်သောသူများ (ဥပမာ။ ယုဒရှကာရုတ်) သည် ဘုရားသခင့်အလိုတော်ကိုပြည့်စုံစေရန် ပါရမီဖြည့်သောသူများ ဟူ၍ ရှင်မာကုခရစ်ဝင်ကျမ်းနှင့်တကွ အခြားသော ခရစ်ဝင်ကျမ်းများမှ မမှတ်ယူပေ။ ၎င်းကို ထင်ရှားစေသောအချက်အား ရှင်မာကုခရစ်ဝင် ၁၄း၂၁။ တွင်တွေ့ရှိရသည်။ ယေရှုက လူသားသည် သွားရမည်မှန်သော်လည်း လူသားကိုပို့အပ်သူ၌ အမင်္ဂလာရှိ၏။ ထိုသူ မဘွားခဲ့လျှင် ကောင်းသည်ဟု မိန့်တော်မူ၏။ (မာကု ၁၄း၂၁)။

[၁၁] Raymond E. Brown, *The Death of the Messiah: From Gethsemane to the Grave* (New York: Doubleday, 1994), 942.

[၁၂] ပေတရုအား စာတန်ဟုခေါ်ဆိုသည့်အကြောင်းအရာကို ဖော်ပြထားသော မာကု ၈း၃၃ နှင့် နှိုင်းယှဉ်ကြည့်ပါ။

[၁၃] ဥပမာ၊ ယာကုပ် ၁း၂-၄။ ပေတရု ၁း၆-၇။ ရောမ ၅း၃-၄ ကိုကြည့်ပါ။

## သွေးလှူဒါန်းခြင်း


၂၀၁၀-၂၀၁၁ ပညာသင်နှစ်၊ ဇွန်လမှ အောက်တိုဘာလအတွင်း ဓမ္မတက္ကသိုလ် ကျောင်းသူ/သားများမှ လိုအပ်သောလူနာများအား စုစုပေါင်း သွေး (၁၅) ပုလင်း လှူဒါန်းခဲ့ပါသည်။



# တို့ဘိုးဘွားအမွေစစ်မို့ ထိန်းသိမ်းကြပါစို့

ကာရိုင်တောင်

ဘိုးဘွားအမွေအစစ် ဖြစ်သော တစ်လုံးတစ်ဝတည်းသဘောကို ကျင့်သုံးစံပြုခဲ့ကြသည့် မြန်မာမြေပေါ်ရှိ တိုင်းရင်းသားတို့၏ သက်သေအထောက်အထား စကားပုံများကို တင်ပြလိုပါသည်။ ရှင်ယောဟန် (၁၇း၁၁) တွင် ဖော်ပြထားသည့် ကျမ်းသဘောကို အခြေပြုသော်ငြားလည်း ရိုးရှင်းသော၊ ဟန်ဆောင်မှုကင်းသောအဖြစ်အပျက်များကို ထုံးသွင်းနှလုံးမူလျက် နောင်လာနောက်သားတို့ အများသက်တမ်း မရှည်စိမ့်သောငှာ ကျွန်ုပ်တို့၏ဘိုးဘေးတို့ အစဉ်အဆက် လက်ဆင့်ကမ်းလျက် ယနေ့တိုင် မှန်ကန်ကျင့်သုံးထိုက်သော စကားပုံများကို အမွေပေးခဲ့ကြပါသည်။



တစ်လုံးတစ်ဝတည်းဟူသော ဥမကွဲသိုက်မပျက်၊ တစ်ပေါင်းတစ်စည်းတည်း၊ အတူတကွ ညီညွတ်စွာ ရှင်သန်ရေးကို ရှေးကတည်းကပင် တိုင်းရင်းသားတို့၏နှလုံးသား၌ ရှိနှင့်ပြီးသည်သာမက လက်တွေ့ကျင့်သုံးလာသော အစဥ်အလာများ ဖြစ်ပါသည်။ ရှေးရိုးစဥ်ဆက် ကျင့်သုံးလာသော အသွင်အပြင်လက္ခဏာကောင်းများကို မျက်မှောက်ကာလမှသည် အနာဂတ်ကာလသို့တိုင် ဘိုးဘွားအမွေအနှစ်စစ်များ ဆက်လက်စောင့်ရှောက် လိုက်နာသင့်ကြပေသည်။ စည်းလုံးခြင်းရလဒ်ကို တိုင်းရင်းသားတို့ရင်ထဲတွင် အမြစ်စွဲနေပြီး ဖြစ်ပါသည်။ စုပေါင်းလုပ်ဆောင်ခြင်း၊ အတူတကွ ပူးပေါင်းစည်းလုံးခြင်း၊ ညီရင်းအစ်ကိုကဲ့သို့ ခင်မင်နှောင်ဖွဲ့သော စိတ်သဘောကိုပြသသည့် စကားပုံများကို လေ့လာခြင်းအားဖြင့် ညီနောင်သားချင်းတို့၏ တစ်လုံးတစ်ဝတည်းသောစိတ်ဓါတ်ကို တွေ့ရပါသည်။

ကချင်တိုင်းရင်းသားတို့၏ "သံမီးညှပ်နှင့်ကိုင်လျှင် မပူမပြုတ်နိုင်၊ အများလက်နှင့်ဝိုင်းကိုင်လျှင်မညွတ်နိုင်၊ စုပေါင်းဝိုင်းလုပ်လျှင် အမြန် အောင်မြင်ပြီးစီးသည်" ဟူသောစကားပုံကို ကြည့်ခြင်းအားဖြင့် တစ်လုံးတစ်ဝတည်း၏ အကျိုး မည်မျှတန်ဖိုးရှိကြောင်း သိရှိရပါသည်။ ထိုတစ်စိတ်တစ်သဘောတည်းရသကို တင်စားသည့်အနေနှင့် "အူကို ဆွဲလျှင် အသဲကနာသည်" ဟူသောစကားပုံမှာ မြန်မာတိုင်းရင်းသားတို့သည် ညီအစ်ကိုစွန့်ပစ်ရန် ချောက်ကမ်းပါး မရှိ၊ ဖက်နွမ်းခြောက်များကိုပစ်ရန်သာ ချောက်ကမ်းပါးရှိသည်" ဟု ပုံနှိုင်းခြင်းသည် အချင်းချင်း ဥမကွဲသိုက်မပျက် နေလိုသောသဘောထားကို ထင်ဟပ်စေပါသည်။

ကန္တာရဝတီဖွား ကယားတိုင်းရင်းသားတို့၏ စကားပုံများထဲတွင်လည်း "လူကွဲလျှင် စုန်းဖြစ်မည်" ဟု ဆုံးမ သွန်သင်ထားပါသည်၊ လူလူချင်း စည်းလုံးညီညွတ်စွာနှင့် လူ့ဘောင်ကိုအလှဆင်တတ်ရန်၊ လူသားပီသရန် ခွန်အား ပေးထားသည်ကို လေ့လာမှတ်သားမိပါသည်။

ဖားစည်သံနှင့် အစဥ်မြူးတူးခုန်ပေါက်ပျော်ရွှင်တက်ကြွနေသော ညီနောင် ကရင်တိုင်းရင်းသားတို့ကလည်း တစ်လုံးတစ်ဝတည်းအာနိသင်ကို ကောင်းကောင်းနားလည်ကြပါသည်။ ထို့ကြောင့် ယင်းတို့၏စကားပုံများတွင်-

"စည်းလုံးလျှင် အစွမ်းရှိသည်" ဟူ၍လည်းကောင်း၊ "ညီညွတ်ပါက ကြမ္မာထူးကို ခံစားရတတ်သည်" နှင့် "ညီအစ်ကိုမောင်နှမအချင်းချင်း မိခင်ဖခင်လိုသဘောထား၊ အမေအဖေကို နတ်လိုသဘောထား ဟူ၍ သွန်သင်ထား ပါသည်။ ဆက်လက်၍ မိဘမဲ့ကြက်ကလေးများ နှုတ်သီးချင်း စုနေမှ နွေးသည်" ဟူသောစကားပုံကိုလည်းကောင်း၊ "အတူတူလုပ်က အလုပ်တွင်၊ အတူတူစားလို့ မြိန်"၊ အတူတူစားလျှင် မြိန်ယှက်သည်၊ အတူတူအိပ်သော် နွေးသည်" ဟူသော အတူယှဥ်တွဲစုပေါင်းခြင်း၏ကောင်းကျိုးကို မိမိဝန်းကျင်စရိုက်အမှီပြု၍ လက်ဆင့်ကမ်း ကျင့်သုံးသင်ကြားခဲ့ ပါသည်။

ကျွဲချိုတူရိယာနှင့် တောင်စဥ်အထပ်ထပ်ကြား လန်းဆန်းနေသော ချင်းတိုင်းရင်းသားတို့၏ စည်းလုံးခြင်း သဘော အရေးပါပုံကိုလည်း ဆက်လက်တင်ပြသွားပါမည်။ တစ်လုံးတစ်ဝတည်း၊ တစ်စိတ်တစ်သဘောတည်းဟူသော စိတ်ဓါတ်ကို ချင်းတိုင်းရင်းနွယ်ဖွားတို့သည် အစဥ်ဂရုပြု ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပေသည်။ ယင်းတို့၏စကားပုံကို လေ့လာသောအခါ "ဒါ ခြေ၊ ဒါ ပုခုံး၊ အချင်းချင်း ရန်မဖြစ်နှင့်၊ ညီအစ်ကိုများဖြစ်သည်။" "လင်မယားညီလျှင် ရွာတစ်ရွာက မတိုက်နိုင်၊ ရွာတစ်ရွာ ညီညွတ်လျှင် ကိုးရွာက မတိုက်နိုင်" ဟူသော စကားပုံဆောင်ခြင်းအားဖြင့် စည်းလုံးညီညွတ်မှု၏အသီးအပွင့်တန်ဖိုးများလှကြောင်း သိရပေသည်။ ဆက်လက်၍ "အစ်ကိုကြောင့် ညီ၊ ညီကြောင့် အစ်ကို ဝမ်းသာ" ဟူသော အပြန်အလှန် မုဒိတာပွားနိုင်မှုကိုလည်း မှတ်သားရပေသည်။

ရာမညတိုင်းသား မွန်တို့၏စကားပုံများကို လေ့လာလျှင် တစ်အူထုံ့ဆင်း ညီနောင်ရင်းကဲ့သို့ "တစ်ငေ့ ထဲစီး၊ တစ်သီချင်းထဲဆို၊ တစ်ခွက်တည်းသောက်" ဟူသော တစ်လုံးတစ်ဝတည်းသဘောထားကိုလည်းကောင်း၊ "နွားကွဲ



ကျားကိုက်သကဲ့သို့ လူကွဲလျှင် သူကြီးရကြောင်း" လူ့သဘာဝကို ဖော်ပြထားပါသည်။ လူဟူသည်မှာ "အစ်ကိုနှင့်ညီ၊ တုတ်နှင့်စည်" ကဲ့သို့ ဖြစ်ကြောင်းကိုလည်း ဖွဲ့ဆိုထားပါသည်။ ဤလောကတွင် တစ်ကိုယ်တည်း ရပ်တည်၍ မဖြစ်နိုင်ကြောင်းကို "တစ်ယောက်တည်း ခရီးမသွားရာ၊ သစ်လုံးကို တံတားမခင်းရာ၊ ဘုန်းကြီးလွှန်ကို ဆရာမတင်ရာ" ဟူ၍ မှတ်သားဖွယ် ပုံဆောင်ခိုင်းနှိုင်းလေ့ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မှီတင်းနေထိုင်ကြသော ထားဝယ်တိုင်းရင်းသားတို့၏ မှတ်သားဖွယ်ရာ စကားပုံ များကိုလည်း ကြည့်ကြပါစို့။ ထားဝယ်သံအရ "ဖွိုင်ခေါက်နူဖိုလ်သား" ထိုစကားပုံအရ "မဒမခေါက်နှင့် မဒမအသား တစ်ခုကိုတစ်ခု စေးကပ်သကဲ့သို့" အချင်းချင်း စည်းလုံးသင့်သည်ကို သွန်သင်ထားပါသည်။

သွေးချင်းညီနောင် ရခိုင်တိုင်းရင်းသားတို့၏ စည်းလုံးမှု တစ်လုံးတစ်ဝတည်းစိတ်ဓါတ်ကို ဖော်ကျူးရာတွင် "တစ်ယောက်က စပ်၊ တစ်ရွာလုံး မှတ်" ဟူ၍လည်းကောင်း၊ "နှမ်းတစ်စိနှင့် နှမ်းဆီမဖြစ်"၊ "ရွာသားညီ၊ နွားခွက်စားရ"၊ "လက်သည်းဆိတ်၊ လက်မနာ" စသည့် စည်းလုံးညီညွတ်မှုရသကို ဖော်ကျူးသရုပ်ဖော်ခဲ့ကြပါသည်။

လူရှေတိုင်းရင်းသားတို့၏စကားပုံလည်း မှတ်သားဖွယ်ကောင်းလှပါသည်။ "ဝေဝေမျှမျှ လုပ်တတ်သောသူ သည် အသက်ရှည်တတ်၍ တစ်ကိုယ်ကောင်းကြံပြီး စားတတ်သောသူသည် အသက်တိုလေ့ရှိသည်"ဟု ဖော်ပြ ခိုင်းနှိုင်းကြပါသည်။

ကျယ်ပြန့်သော မောရှမ်းကုန်းပြင်မြင့်ဒေသတွင် များသောအားဖြင့် နေထိုင်ကြသည့် ရှမ်းတိုင်းရင်းသားများ၊ ဓနုနှင့် တောင်ရိုးလူမျိုးများ၊ ပအိုဝ့်လူမျိုး၊ ပလောင်လူမျိုးများနှင့် အင်းလေးကန်ဒေသနေထိုင်သော တိုင်းရင်းသားတို့၏ စကားပုံကိုလည်း ဆက်လက်ဆင်ခြင်ကြပါစို့။

ရှမ်းတိုင်းရင်းသားတို့၏ တစ်လုံးတစ်ဝတည်းစိတ်ဓါတ်ကို ပမာပြုသော စကားပုံများအနက် "စုပေါင်းစားလျှင် ချိုသည်၊ စုပေါင်းထမ်းလျှင် ပေါ့သည်"၊ "တစ်ကိုယ်တည်းနေသောခေါင်းဆောင်ကြောင့် ရပ်ကွက်တိုးပွားခြင်းမရှိ"၊ "နွားကွဲ လျှင် အမဲသားဖြစ်မည်"၊ လူကိုးယောက် ဟင်းရွက်ကိုးထုပ်၊ လူအများစားလို့ မကုန်နိုင်"၊ "အချောင်းတစ်ရာရှိသော မြား၊ လူအများ မချိုးနိုင်" စသည့် လက်လှမ်းမှီရာ စကားပုံအနည်းငယ်မျှသာ ဖော်ပြပါမည်။

အင်းလေးဒေသမှ အင်းသူ/သားတို့၏ စုပေါင်းအကျိုးအာနိသင်ကို "အများစားတော့ ဝမ်း၊ အများလုပ်တော့ တွမ်" ဟု တွေ့ရပါသည်။ ဓနုနှင့် တောင်ရိုးသားတို့ကလည်း "ယာနားနီးချင်း ဆွေမျိုးရင်း" ဟု မြန်မာတို့၏ "ခင်ရာ ဆွေမျိုး၊ မြိန်ရာဟင်းကောင်းကဲ့သို့သောသဘောကို လက်ခံကြပါသည်။ ပအိုဝ့်လူမျိုးများ၏ စကားပုံများထဲမှ "ရွာညီလျှင် ကျားမဝင်နိုင်"၊ "အားလုံးညီလျှင် ရန်လုံသည်" ဟူ၍လည်းကောင်း၊ ပလောင်တိုင်းရင်းသားတို့၏ ပုံဆောင်စကားပုံ ထဲမှ "ကျီးလို ဝိုင်းဝန်းကူညီပြီး၊ ကြက်သွန်ဖြူဥလို စုစည်းပါ"၊ "ကြက်သွန်ဖြူလို စုစည်းပြီး၊ ကျီးလို ဆော်သြပါ"၊ "စု၍စားလျှင် ပျော်သည်၊ စု၍လုပ်လျှင် ပြီးသည်၊ စု၍လှူလျှင် အကျိုးများသည်"၊ "ဝတ်ဘို့ စုပေါင်းလုပ်၊ စားဘို့ စုပေါင်းလုပ်၊ နေ့စဥ်ချွေတာလျှင် ထီးမိုးထားသည်၊ အရိပ်လို အေးပေမည်" ဟူသော စုပေါင်းလုပ်ခြင်း၏ ရလဒ်ကောင်း စွမ်းအားကို နက်ရှိုင်းစွာ အမြစ်တွယ်၍ လက်ခံကျင့်သုံးခဲ့ကြပေသည်။

ခရစ်တော် လိုလားသော တစ်လုံးတစ်ဝတည်းသဘောတရားသည် ရှေးယခင် ဘိုးဘေးတို့ကျင့်သုံးခဲ့သည့် နည်းတူ ခေတ်ကာလ မည်မျှပင်ပြောင်းလဲစေကာမူ ရှေးထုံးမပယ်၊ ကျမ်းစကား ရင်ဝယ်ပိုက်လျက် အနာဂတ်ကို တစ်လုံးတစ်ဝတည်းသောအိပ်မက် အကောင်အထည်ဖော်ရန် ကျွန်တော်၊ ကျွန်မတို့ ကျမ်းစာကျောင်းသားဘဝကပင် စတင်တာဝန်ယူထိန်းသိမ်းကြပါစို့ ဟု တိုက်တွန်းလိုက်ရပါသည်။❑

# ဝိညာဉ်ကို ပျက်စီးဆုံးရှုံးစေတတ်သော အပြစ် (၇) ပါးနှင့် ပတ်သက်၍ . . .

ဆလိုင်းရှိမှန် ( ပန်းတောင်း )



ဝိညာဉ်ကို ပျက်စီးဆုံးရှုံးစေတတ်သော အပြစ် (၇) ပါးသည် အလယ်ခေတ်အစောပိုင်းကာလရှိ ဓမ္မ အတွေးအခေါ်ပညာရှင်များ၏ သွန်သင်ချက် ဖြစ်ပါသည်။ ၁၆၆၂ ခုနှစ် ဆုတောင်းစာအုပ်ထဲရှိ ပွဲတော်မင်္ဂလာဝတ်တွင် ပညတ်တော် (၁၀) ပါးအစား Seven Deadly Sins ကို ထည့်သွင်းခဲ့သည်။ ထို့ပြင် အင်္ဂလိပ်အသင်းတော်အတွင်း၌ ပြာဟုဒ္ဓဟူး မှစ၍ ဝါတွင်းကာလတစ်လျှောက်လုံးရှိ ဝတ်ပြုကိုးကွယ်ခြင်းတို့တွင် ထည့်သွင်းအသုံးပြုခဲ့ကြပါသည်။ Roman Catholic အသင်းတော်တွင် ဤ Spirituality ပိုင်းကို စဉ်းစားလာသည့်အခါ များစွာကျယ်ပြန့်ကြောင်း သိမြင်လာခဲ့ရသည်။ အကြောင်းမှာ လူတစ်ယောက်၏ "ဝိညာဉ်ရေး" "Spiritual" ကိုလေ့လာလျှင် သူ၏အကျင့်သီလ၊



အနေအထိုင်၊ အပြောအဆို စသည့် အမူအရာလက္ခဏာများကို အဓိကထား လေ့လာခဲ့သောကြောင့် ဖြစ်သည်။ ဤအချက်အားလုံးသည် လူတစ်ယောက်၏ဝိညာဉ်ရေးကိုတိုင်းတာခြင်းပင်ဖြစ်သည်။ ရှေးယခင်က လူတို့သည် အကျင့်သီလကို အဓိကမထားဘဲ ဝိညာဉ်ရေးကိုသာ အကောင်းဆုံးဖြစ်ရန် လိုသည်ဟု ခံယူတတ်ကြပါသည်။ အမှန်မှာ ဝိညာဉ်ရေး မည်မျှပင်ကောင်းနေသော်ငြားလည်း အကျင့်မကောင်းခဲ့သော် သူတစ်ပါးရှေ့တွင် အမြင်စောင်းစရာ၊ နှာခေါင်းရှုံ့စရာ ဖြစ်လာတတ်ပါသည်။ ထို့ကြောင့်လည်း "အပြစ်" "Sin" ဟူသောအချက်ကို စဉ်းစားလာခဲ့ကြပါသည်။ သမ္မာကျမ်းစာတော်တွင် ဤ "အပြစ်" နှင့်ပတ်သက်၍ အဓိကအချက် (၂) ချက်ကို ဖော်ပြပါသည်။

ၡင်းတို့မှာ . . .

(၁) ဘုရားသခင်ကို ဆန့်ကျင်ခြင်း

(၂) ဘုရား၏ပညတ်တော်များကို မစောင့်ရှောက်ခြင်း . . တို့ပင် ဖြစ်သည်။

လူ ဟူသည်မှာ ဘုရားသခင်အလိုတော်အတိုင်း လိုက်နာစောင့်ရှောက်ခြင်း၊ ဘုရားသခင်အလိုတော်အတိုင်း ပြုမူလုပ်ဆောင်ခြင်း၊ ဘုရားသခင်အလိုတော်နှင့် ဆန့်ကျင်ဘက်ပြု၍ လိုက်လျှောက်ခြင်းကို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထိုသို့ ပြုလုပ်နိုင်ရန်လည်း ဘုရားသခင်သည် လူကို လွတ်လပ်သောစိတ်ဆန္ဒကို ပေးခဲ့ပါသည်။ ထို့အတူ ရှင်ပေါလုကလည်း "အပြစ်" ဆိုသောစကားလုံးကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် "မိမိကိုယ်ကို မထိန်းချုပ်နိုင်ခြင်း" ဟုဆိုခဲ့ပါသည်။ ရှင်ယာကုပ်နှင့် အခြားသော တမန်တော်များကလည်း "အကျင့်သီလမရှိခြင်း" ကို အပြစ်ဖြစ်ကြောင်း သင်ကြားခဲ့သည်။ သမ္မာကျမ်းစာတော်တွင် အပြစ် ဟုဆိုရာ၌ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲလျက်ကျူးလွန်ခဲ့သည်ဖြစ်စေ၊ ကျူးလွန်မှုသည် "အပြစ်" ဖြစ်ကြောင်း သွန်သင်ထားပါသည်။

ဤကဲ့သို့ သွန်သင်ပြဋ္ဌာန်းတော်မူချက်များအားလုံးသည် လူ၏အကျင့်စာရိတ္တကို မြှင့်တင်ပေးခြင်းနှင့် သက်ဆိုင်ပေသည်။ ဤအချက်များကို စတင်၍လေ့လာခဲ့သည်မှာ "အလယ်ရာစုခေတ်" နောက်ပိုင်း (သို့) အသင်းတော်အာဏာကြီးထွားလာသည့်အချိန်၌ ဖြစ်ပေါ်လာခဲ့သည်။ အထူးသဖြင့် အသင်းတော်ကြီးသည် မကောင်းမှုများ၊ အလွဲသုံးစားမှုများ စတင်ဝင်လာသည့်အချိန်၌ဖြစ်ဟန်တူပါသည်။ ထိုအချိန်ကာလ၌ ခရစ်ယာန်များသည် အာဏာကို အလွဲသုံးစားမှုများ၊ ငွေကြေးအလွဲသုံးမှုများနှင့် "လိင်"အလွဲသုံးစားမှုများ ရှိလာခဲ့ပါသည်။ ထို့ကြောင့် ခရစ်ယာန်ကျင့်ဝတ်များကို ပြန်လည်ပြင်ဆင်ဖို့ လိုအပ်လာခဲ့ကာ ဝိညာဉ်ကို ပျက်စီးဆုံးရှုံးစေသော အပြစ် (၇) ပါးနှင့်ပတ်သက်၍ သွန်သင်ဆုံးမလာခဲ့သည်။ နောက်ပိုင်းတွင် "Moral Philosophy" "အကျင့်စာရိတ္တနှင့်ဆိုင်သော ဒဿနိကဗေ" ပညာရပ်များအဖြစ် သင်ကြားခြင်း၊ ထို့ပြင် ခေတ်မီသော ပြဇာတ်များအနေဖြင့် ပြသခဲ့ကာ ကဗျာ၊ လင်္ကာနှင့် နတ်သမီးပုံပြင်များနှင့် ရုပ်ရှင်ဇာတ်ကားများတွင် ထည့်သွင်းအသုံးပြုပါဝင်လာသည်။ ထို့ကြောင့် ဤ Seven Deadly Sins သည် မိမိကိုယ်ကိုပြန်လည်စစ်ဆေးရန်အတွက် စက်ယန္တရားကြီးပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်ကို ပြန်လည်မစစ်ဆေးမိလျှင် မိမိအသက်တာသည် ပျက်စီးဆုံးရှုံးသွားမည်ဖြစ်သည်။ ရှေးယခင်က ဂျူးလူမျိုးများသည် ဤ "ခုနစ်" ကို လျှို့ဝှက်နံပါတ်အဖြစ် အသုံးပြုကြပေသည်။ အထူးသဖြင့် လူ၏ဝိညာဉ်ကိုပါ ပျက်စီးဆုံးရှုံးသွားစေသော အပြစ် (၇) မျိုးမှာ . . .

(၁) Pride - မာနကြီးခြင်း

(၂) Envy - မနာလိုငြူစူခြင်း

(၃) Enger - ဒေါသထွက်ခြင်း

(၄) Sloth - ပျင်းရိခြင်း

(၅) Greed - တပ်မက်ခြင်း

(၆) Gluttony - အစားကျူးခြင်း

(၇) Lust- တဏှာရာဂကြီးခြင်း စသည်တို့ဖြစ်ပါသည်။

အထူးသဖြင့် ဤ အပြစ် (၇)မျိုးကို နေ့ရက်အစဉ်အလိုက် ဖျောက်ဖျက်နိုင်ရန် နေ့ရက်များ သတ်မှတ်ခဲ့ကြသည်။ ၎င်းတို့မှာ တနင်္ဂနွေနေ့အတွက် "မာနကြီးခြင်း" ကိုဖျောက်ဖျက်ရမည်။ တနင်္လာနေ့အတွက် "မနာလိုခြူစူခြင်း" ကို ဖယ်ရှားရမည်။ အင်္ဂါနေ့တွင် "ဒေါသအမျက်ထွက်ခြင်း" ကို ရှောင်ရှားဖို့ သတ်မှတ်ကြသည်။ ဗုဒ္ဓဟူးနေ့တွင် "ပျင်းရိခြင်း" မရှိစေရန် ကြိုးစားလုပ်ဆောင်ကြသည်။ ကြာသပတေးနေ့တွင် "တပ်မက်ခြင်း"ကိုတတ်နိုင်သမျှ ကင်းဝေးအောင် ပြုလုပ်ကြသည်။ သောကြာနေ့တွင် "အစာကျူးခြင်း" ကို ရှောင်ကြဉ်သည်။ စနေနေ့တွင် "တဏှာရာဂကျူးခြင်း" မဖြစ်စေရန် ကာကွယ်ကြသည်။

## (၁) Pride

မာနကြီးခြင်းသည် လူသားများဘဝကို အကြီးအကျယ် ဖျက်ဆီးနောက်ယှက်လျက်ရှိသည့် "အပြစ်" ပင်ဖြစ်သည်။ အကြောင်းမှာ ဤ "မာန" သည် မကောင်းမှုအပေါင်း၏ ဇစ်မြစ်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူ့အထဲ၌ မရှိသင့်မရှိထိုက်သောအရာတစ်ပါးဖြစ်သည်။ ခရစ်တော်ရှင်က တစ်ယောက်အောက်တစ်ယောက် အစေခံဖို့ရန် သွန်သင်ထားပါသည်။ ထို့ကြောင့် ဤအချက်များကို ရှောင်ရှားကာ နှိမ့်ချခြင်းအသက်တာဖြင့် အမှုတော်ကို ပါဝင်ဆက်ကပ်သင့်ပေသည်။

## (၂) Envy

မနာလိုခြူစူစောင်းမြောင်းခြင်းသည် လူတိုင်းလိုလိုပင် အနည်းနှင့်အများ ရှိတတ်ကြသည်။ အဘယ်ကြောင့် ဆိုသော် ပုထုဇဉ်သတ္တဝါများဖြစ်သောကြောင့်ဖြစ်သည်။ မိမိထက်သာသူများကို ခြူစူမုန်းထားခြင်း၊ မိမိမပြုလုပ်နိုင်သည့်အရာများ သူတစ်ပါးလုပ်နေသည့်အခါတွင် သူတစ်ပါးအား ခြူစူစောင်းမြောင်းတတ်ကြသည်။ ထို့ကြောင့် ရှေးကနဦးအသင်းတော်ကတည်းကပင် ဤခြူစူစောင်းမြောင်းခြင်းကို အပြစ် (၇) ပါးစာရင်း၌ အရေးကြီးဆုံးဖြစ်သည်ဟု သွန်သင်ခဲ့သည်။

Envy ဆိုသောစကားလုံးသည် Sadness, Sorrow (or) grief ဟူ၍ အဓိပ္ပါယ်သက်ရောက်လျက်ရှိရာ "မကောင်းသောစိတ်ထား ပြင်းပြစွာ ခံစားရခြင်း" ဟုဖော်ပြရပေမည်။ ထို့ကြောင့် ကိုယ်တော်ရှင်မိန့်တော်မူခဲ့သကဲ့သို့ နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကာ ကိုယ်တော်၏အမှုတော်ကြီးကို ဆုံးခန်းတိုင်အောင် ထမ်းဆောင်ဖို့ရန် ဖြစ်ပေသည်။

## (၃) Anger

အမျက်ဒေါသသည် လူသားတို့အား ပျက်စီးယိုယွင်းစေတတ်သော စိတ်လှုပ်ရှားမှုအခြေခံတစ်ခု (One of the basic emotions) ဖြစ်ပေသည်။ နို့စို့သူငယ်ပင်လျှင် ဒေါသကြီးတတ်ကာ အော်ဟစ်ငိုယိုတတ်သည်။ ထို့ပြင် လူကြီးသူမများလည်း ဒေါသကြောင့် ရောဂါဝေဒနာများ ခံစားရသည့်အပြင် တချို့မှာ ဒေါသအလွန်အကျွံထားမှုကြောင့် ရုတ်တရက် အသက်ပင် သေဆုံးရခြင်းမျိုး ဖြစ်တတ်ပါသည်။ အထူးသဖြင့် ဒေါသကိုရှေ့ထားလျှင် အများအားဖြင့် အမှားပါလာတတ်သည်။ တစ်ခါတစ်ရံတွင် မိမိဖြစ်လိုသောအလိုဆန္ဒအတိုင်း ဖြစ်မလာသည့်အခါများ၌ ဒေါသထွက်ကာ



အလိုမကျဖြစ်နေတတ်သည်။ ထိုကဲ့သို့ "ဒေါသ" အမျက်ကြီးလာသည့်အခါ အမှားအမှန်ကို ဝေခွဲမရတော့ဘဲ မလုပ်သင့်မလုပ်ထိုက်သောအရာများကို ကိုယ်ထိလက်ရောက် ကျူးလွန်မိတတ်ပေသည်။ ဤအမှုကို သည်းခံခွင့်လွှတ်တတ်ပြီး စာနာထောက်ထားညှာတာမှုရှိမှသာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့သော ဒေါသအမျက်ကို လုံးဝစွန့်ပစ်ရန် လိုအပ်ပါသည်။

## (၄) Sloth

တချို့သောပုဂ္ဂိုလ်များသည် မိမိဘဝတိုးတက်မှုအတွက် အမြဲကြိုးစားရုန်းကန်နေသကဲ့သို့ တချို့မှာမူ အပျင်းရောဂါစွဲလျက်ရှိသည်။ ဤကဲ့သို့ ပျင်းရိခြင်းသည် ဝိညာဉ်ရေးကိုပျက်စီးသွားစေသည့်အရာများဖြစ်သည်။ နောက်ဆုံးတွင် အပျင်းရောဂါစွဲကပ်လာကာ ဘဝတစ်ခုလုံးပါ ပျက်စီးစေပေသည်။ အထူးသဖြင့် "သူ့အချိန်နှင့်သူ အလုပ်လုပ်နေရမည်ဖြစ်သည်။ အချိန်ဇယားနှင့် အလုပ်လုပ်တတ်အောင် ကြိုးစားရမည်။" အိပ်ရာထချိန်ထ၊ ဆုတောင်းသည့်အချိန်ဆုတောင်း၊ စာဖတ်သည့်အချိန် စာဖတ်ကာ အလုပ်ကို အချိန်ခွဲ၍ လုပ်ဆောင်တတ်ရမည်။ ထို့ကြောင့် အချောင်ခိုခြင်း၊ ပေါ့ဆခြင်း၊ အပျင်းထူခြင်း အစရှိသည့် အရာများအားလုံးသည် သတ္တိညံ့ဖျင်းခြင်းနှင့် ပျင်းရိလုံ့လဝီရိယမဲ့နေခြင်းကြောင့်ဖြစ်ပါသည်။ ဤအကျင့်များအားလုံးသည် သခင်ယေရှု၏ နည်းလမ်းတော်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ထို့ကြောင့် အမှုတော်မြတ်အတွက် သူ့နေရာနှင့်သူ ဇွဲလုံ့လဝီရိယဖြင့် ထိုက်သင့်သောကြိုးစားမှုနှင့်အတူ ဆက်ကပ်သွားနိုင်ဖို့ရန်အတွက် ဤ "ပျင်းရိခြင်း" ဟူသော ဝေါဟာရကို ဖျောက်ဖျက်ပစ်ရမည်ဖြစ်သည်။

## (၅) Greed

တပ်မက်ခြင်းစိတ်သည် အတွင်းစိတ်သဘောနှင့် သက်ဆိုင်ပါသည်။ လူတိုင်းတွင် တပ်မက်လိုချင်သောစိတ်သည် ရှိစမြဲပင်ဖြစ်သည်။ ဤစိတ်ဓာတ်ကို ဖျောက်ပစ်ရန် အလွန်ခက်ခဲပါသည်။ လူတိုင်း ထင်ပေါ်ကျော်ကြားလိုစိတ်၊ ချမ်းသာကြွယ်ဝလိုစိတ်၊ ပညာထက်မြက်လိုစိတ်ရှိကြသည်။ ထို့ပြင် ရုပ်ခန္ဓာတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းများလည်းရှိပေသည်။ ထိုအရာများအားလုံးသည် ဖခမည်းတော်နှင့်မစပ်ဆိုင်၊ လောက၌သာဆိုင်ပေသည်။ သမ္မာကျမ်းစာတော်၌လည်း ဤကဲ့သို့ တပ်မက်ခြင်းများမရှိစေရန် ကိုယ်နှင့်သက်ဆိုင်သောသူ၏ မည်သည့်အရာကိုမျှ မတပ်မက်စေရန် သတိပေးထားပါသည်။ (ထွက်မြောက်၊ ၂း၁၇) အကြောင်းမှာ လူ ဟူသောသတ္တဝါသည် ဘယ်သောအခါမျှ ရောင့်ရဲတင်းတိမ်မှု ဟူ၍မရှိတတ်ချေ။ ချမ်းသာပြီးရင်းချမ်းသာချင်ကြသည်။ ထို့ကြောင့် ဤအရာများထဲမှ လွတ်မြောက်နိုင်ဖို့ရန်အတွက် ရောင့်ရဲတတ်ဖို့ အထူးလိုအပ်သည်။

## (၆) Gluttony

အစားအသောက်သည် လူတို့၏ကျန်းမာရေး၊ ခန္ဓာခွန်အား၊ အလိုဆန္ဒပြည့်ဝဖို့ရန်အတွက် လိုအပ်သော အရာဖြစ်သည်။ စားသောက်ခြင်းသည် အပြစ်မဖြစ်သော်လည်း လိုသည်ထက်ပို၍ လွန်ကျူးစွာစားသောက်လျှင် အပြစ်ဖြစ်ပါသည်။ အကြောင်းမှာ အစားကျူးခြင်းသည် ယုံကြည်ခြင်းကိုအားနည်းစေကာ ဘုရားသခင်၏မေတ္တာကို ခေါင်းပါးစေသောကြောင့် ဖြစ်ပေသည်။ ပေါလုက ထိုသို့သောသူများသည် ဘုရားကို သူတို့၏ဗိုက်ထက်အလေးမထားကြကြောင်း (ဖိလိပ္ပိ ၃း၁၉) ၌ဖော်ပြထားသည်။ ထို့ကြောင့် အစားကျူးခြင်းသည် Thomas Aquinas ဖော်ပြထားသကဲ့သို့ ကိုယ်ကိုချုပ်တီးခြင်းနှင့် မိမိကိုယ်ကိုငြင်းပယ်မှသာ ဤ ကျူးလွန်ခြင်းကို ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်သည်။ ဤအပြစ်မှကင်းလွတ်ဖို့ရန်အတွက် အစာရှောင်ခြင်း၊ ကောင်းမြတ်ခြင်းပါရမီများနှင့် ဆန့်ကျင်ဖက်ဖြစ်သောကြောင့်

(၇) **Lust**

ဤ စိတ်သဘောသည် ဝိညာဉ်ရေးနှင့် ဆန့်ကျင်ဖက်သဘောဆောင်ပါသည်။ အထူးသဖြင့် ဤ တဏှာရာဂ တပ်မက်ခြင်းကို ထိန်းချုပ်ဖို့ရန် လိုအပ်ပါသည်။ ဤစိတ်ကို မထိန်းချုပ်နိုင်ခဲ့သော် မိမိ၏ဝိညာဉ်ရေးကို ထိခိုက်လာနိုင်ပါသည်။ ဆုတောင်းသောအခါ ဝတ်ပြုကိုးကွယ်သောအခါများတွင် ဤတပ်မက်မှုကိုသာ စိတ်ထဲ စွဲလမ်းနေတတ်ပါသည်။ စိတ်ကို စွဲစေသည်။ ဤတပ်မက်မှုသည် အကြီးဆုံးအပြစ်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် လူ၏စိတ်ကိုလည်း တည်ငြိမ်မှုကိုမဖြစ်စေနိုင်ပေ။ အထူးသဖြင့် ခရစ်တော်ရှင်သည် ဤစိတ်ထားကို ကာယကံသာမဟုတ်၊ မနောကံဖြင့်လည်း မပြစ်မှားမိစေရန် အစဉ် သွန်သင်ခဲ့ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ Seven Deadly Sins များကို လေ့လာကြည့်လျှင် ဤအချက်များအားလုံးသည် လူမှုရေးပြဿနာများ၊ လူမှုရေးဖောက်ပြန်မှုများပင် ဖြစ်ပေသည်။ ဤအချက်များကို Social Evil ဟုဆိုနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း Spiritual ပိုင်းနှင့်ပတ်သက်မှုရှိနေကာ အခြားတစ်ဖက်တွင် Moral ပိုင်းနှင့် သက်ဆိုင်နေပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဤအချက်များအားလုံးသည် ခရစ်ယာန်တို့၏ကိုယ်ကျင့်တရားများ (Christian Ethics) ပင်ဖြစ်သည်။ ထို့ကြောင့် ဤအချက်များကို နေ့စဉ်နှင့်အမျှ စဉ်းစားဆင်ခြင်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သောအပြစ်များသည် လူတိုင်း၌ ဖြစ်လေ့ဖြစ်ထရှိသောကြောင့်ဖြစ်ပါသည်။ ဤအပြစ်များအားလုံးကို ရှောင်ရှားသွားနိုင်ဖို့ရန်အတွက် အမှုတော်ဆောင်တစ်ယောက်အနေဖြင့် (Saving Virtues) အကျင့်သီလစောင့်ထိန်းသူအဖြစ် ကြိုးစားသွားရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမှုတော်ဆောင်၌ ငွေမရှိ၊ ပစ္စည်းဥစ္စာမရှိ၊ ဘာမျှမရှိပေ။ သို့သော် ထို ဘာမျှမရှိသည့်အနေအထား၌ အကျင့်သီလများကို စောင့်ထိန်းကာကွယ်မှုရှိရမည် ဖြစ်သည်။ သို့မှသာ ဝိညာဉ်အသက်တာပိုင်းကို ပိုမိုရင့်သန်လာစေမည်သာမက သူတစ်ပါးတို့၏လေးစားခြင်းကို ခံရပေမည်။ အထူးသဖြင့် အမှုတော်ဆောင်သည် သူများလက်ခံနိုင်သော ဥပမိရုပ်၊ ငွေကြေး၊ ဂုဏ် စသည့်အရာများမရှိသော်လည်း အမှုတော်ဆောင်၏အကျင့်သီလကောင်းများရှိကြောင်းကို ဖော်ပြရမည်ဖြစ်သည်။

ယခင်က ဤအချက်များအားလုံးကို အသက်အရွယ်အလိုက် စဉ်းစားခဲ့ကြပါသည်။ ပထမအသက်အရွယ် (မွေးကင်းစအရွယ်) တွင်ပင် အစားကျူးခြင်း (နို့သောက်ကျူးခြင်း) ရှိတတ်သည်။ အသက် (၁) နှစ်နှင့် (၂)နှစ်အရွယ်တွင် "ဒေါသ" အမျက်များ ပါလာတတ်သည်။ (၅)နှစ်နှင့် (၆)နှစ်အရွယ်တွင် တပ်မက်လာတတ်သည်။ ကျောင်းသားအရွယ်တွင် ငြူစူစောင်းမြောင်းတတ်လာသည်။ ထို့နောက် အပျို/လူပျိုအရွယ်တွင် "မာန" များဝင်လာပေသည်။ အသက် (၁၅) နှစ် (၃၀) ကြားတွင် လိင်ဆိုင်ရာတပ်မက်မှုများရှိလာကာ အသက် (၃၅-၄၀) ကြားတွင် ပျင်းရိလာတတ်ပေသည်။ ထို့နောက် အသက် (၄၅-၆၀) အရွယ်တွင် apathy ခေါ် စိတ်မဝင်စားခြင်း၊ စိတ်မပါခြင်း အနေအထား ဖြစ်လာတတ်ပါသည်။

ဤအဖြစ်အပျက်များအားလုံးသည် မမြင်ရသော်လည်း လူ၏စိတ်ထဲ၌ အစဉ်အမြဲ ဖြစ်ပျက်နေသောအရာများဖြစ်သည်။ သို့သော် "ပုပ်လျှင် ပေါ်မည်။ ဟုတ်လျှင် ကျော်မည်" ဟူသောစကားအတိုင်း လုပ်ဆောင်ခဲ့သမျှအပြစ်သည် ဘုရားရှေ့ လူရှေ့တွင် တစ်ချိန်ချိန်၌ အပုပ်ကောင်ကဲ့သို့ အမှန်ပင်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်ပျက်စီးဆုံးရှုံးခြင်းများမှ ကာကွယ်ဖို့ရန်အတွက် ဘုရားသခင်နှင့် အစဉ်ဆက်သွယ်နေရမည်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်ပျက်စီးဆုံးရှုံး ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ရှုဆင်ခြင်ခြင်းနှင့် ကောင်းမှုကုသိုလ်များကိုပြုခြင်း စသည့်အရာများကိုပြုလျက် ဘုရားသခင်ထံ အစဉ် တိုးဝင်ချဉ်းကပ်ရမည်ဖြစ်သည်။ ထို့ပြင် ဤဝဲဂယက်ထဲ၌ကြုံတွေ့နေရသော အသင်းသူ/အသင်းသားများကိုလည်း ခရစ်ယာန်ကျင့်ဝတ်နှင့်ညီညွတ်အောင် ဆုံးမသွန်သင်လမ်းညွှန်ပြသရမည် ဖြစ်သည်။❑





# ဖွဲဆု

(ကမ္ဘာဦးကျမ်း ၃၂း၂၄-၂၉)

"ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်မြတ်၌ အာမင်။"

အားလုံး မင်္ဂလာပါ…။

ဓမ္မမိတ်ဆွေအပေါင်းတို့ကို ကျွန်တော် မေးခွန်းလေးတစ်ခု မေးပါရစေ။ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးနဲ့ နဘမ်းလုံးရဲတဲ့လူ ရှိပါသလား။ ဒါမှမဟုတ် ခြင်္သေ့နဲ့ကော နဘမ်းလုံးရဲတဲ့လူ ရှိလား။ မရှိဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ လူ၊ တိရစ္ဆာန်မပြောနဲ့ ‥ ဘုရားသခင်နဲ့ နဘမ်းလုံးတဲ့လူတစ်ဦး သမ္မာကျမ်းစာမှာ ရှိပါတယ်။ အဲဒါကတော့ (ကမ္ဘာ၊ ၃၂း၂၄-၂၉) ကိုဖတ်ကြည့်ရင် တွေ့ရမှာဖြစ်ပါတယ်။ သူကတော့ အခြားလူမဟုတ်ဘူး၊ ယာကုပ်ပဲဖြစ်ပါတယ်။ ဒီအဖြစ်အပျက်လေးကိုမပြောခင်မှာ သူ့ရဲ့ နောက်ခံသမိုင်းကို အနည်းငယ်ပြောပြချင်ပါတယ်။ ယာကုပ်ဟာ သူ့အစ်ကို ဧသောနဲ့ ပြန်လည်သင့်မြတ်ဖို့အတွက် ပြင်ဆင်ပြီး သွားတွေ့ဖို့လုပ်သောအခါ လမ်းခုလပ်မှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တစ်ခုဖြစ်ပါတယ်။ သူ့ရဲ့မိသားစုနှင့်အတူ ဧသောကိုပေးဖို့ လက်ဆောင်တွေလည်းပါတယ်။ လက်ဆောင်များနဲ့ မိသားစုကို ချောင်းတစ်ဖက်ကမ်းသို့ ကူးစေပြီး သူတစ်ယောက်တည်း ကျန်နေတဲ့အချိန်မှာ ဖြစ်ပျက်ခဲ့တဲ့အရာလည်း ဖြစ်ပါတယ်။ ယာကုပ်ဟာ ဖခင်ထံမှ ကောင်းချီးလုယူတဲ့ကိစ္စ၊ ပြဿနာလုပ်ထားတဲ့အတွက် သူ့အစ်ကိုဧသောကို တွေ့ရမှာ ကြောက်ရွံ့နေတယ်။ အဲသည်လိုအခြေအနေမျိုးမှာ မထင်မှတ်ဘဲ လူတစ်ဦးရောက်လာပြီးတော့ သူ့ကို နဘမ်းလုံးတော့တာပဲ။ ယာကုပ်လည်း သူနဲ့နဘမ်းလုံးတာ ဘယ်သူလဲ ဆိုတာကို သေချာမသိဘူး။ ဧသောရဲ့တုံ့ပြန်မှုကို ကြောက်ရွံ့နေတဲ့အချိန်မှာ ဖြစ်ပျက်နေတဲ့အတွက် ဧသောလို့ ထင်ချင်ထင်နိုင်တယ်။ ဒါမှမဟုတ် ဧသောလွှတ်လိုက်တဲ့လူတစ်ဦးလို့လည်း ထင်နိုင်ပါတယ်။ ဒါပေမဲ့ ယာကုပ်ကတော့ ဘယ်သူမှန်းမသိဘူး။ နဘမ်းလုံးနေတဲ့လူကို ရန်သူလို့ဘဲ ထင်နေမှာပေါ့နော်။

ကမ္ဘာ ၃၂း၂၅ မှာတော့ ဘုရားသခင်ရဲ့ကရုဏာ၊ အလျှော့ပေးမှု၊ ညှာတာမှုပုံစံတွေကိုတွေ့ရမှာဖြစ်ပါတယ်။ ယာကုပ်ဟာ ဘုရားသခင်နဲ့ တစ်ညလုံး မိုးလင်းတဲ့အထိ နဘမ်းလုံးခဲ့တယ်။ နောက်ဆုံးမှာတော့ ယာကုပ်ရဲ့ပေါင်ဆစ်ကို ပြုတ်သွားခဲ့ရတယ်။ လူတစ်ယောက်လို ယာကုပ်နဲ့နဘမ်းလုံးရင်တော့ ယာကုပ်နိုင်ဖို့ သေချာပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ဘုရားသခင်က ယာကုပ်နဲ့အတူရှိနေခြင်း၊ ဒါမှမဟုတ် ဘုရားဖြစ်နေခြင်းကို ဖော်ပြလိုက်ရင် အဲသည်နေရာမှာဘဲ ယာကုပ်ဟာ ချက်ချင်း သေသွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ (ထွက်၊ ၃၃း၁၈-၂၀) တွင် မောရှေဟာ "ငါ့မျက်နှာကို ဘုရားရဲ့မျက်နှာတော်ကို မြင်ချင်လို့ တောင်းဆိုခဲ့ဖူးပါတယ်။ ဘုရားက ဘာပြန်ပြောခဲ့သလဲဆိုတော့ မြင်လျှင် အသက်ရှင်ရသောလူ တစ်စုံတစ်ယောက်မျှမရှိ" ဟူ၍ ပြောခဲ့ပါတယ်။ ဒါပေမဲ့ မောရှက ဘုရားရဲ့နောက်ကျောကို မြင်ခွင့်ရခဲ့ပါတယ်။ ဘုရားရဲ့မျက်နှာကို မြင်တွေ့ရတဲ့လူတိုင်း သေဆုံးရမှာဖြစ်လို့ ဘုရားရဲ့အလျှော့ပေးမှုပုံစံကို

တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်နဲ့ကျွန်တော်တို့ အတွင်းကျကျ မိတ်သဟာယဖွဲ့နိုင်ဖို့ရန်အတွက် ကိုယ်မှာရှိတဲ့အရာတစ်ခုခုကို ဆုံးရှုံးနိုင်တာကို သတိထားအမှတ်ရဖို့ဖြစ်ပါတယ်။ (ကမ္ဘာ၊ ၃၂:၂၆-၂၈) မှာ ယာကုပ်ဟာ ပေါင်ဆစ်ပြုတ်သွားပေမယ့်လို့ ဌဲမလျှော့ဘူး။ ဘုရားကို မလွှတ်တမ်း တွယ်ဖက်ပြီး နဘမ်းလုံးနေခဲ့တယ်။ ဘယ်လောက်တောင် တွယ်ဖက်ထားသလဲဆိုရင် "ငါ့ကို လွှတ်ပါ" ဟု ဘုရားက ပြန်ပြောရတဲ့အထိပါပဲ။ ဒါကြောင့် ဘုရားကို တွယ်ဖက်ထားမိရင် လက်မလွှတ်တာ ကောင်းပါတယ်။ ဒါပေမဲ့ ကိုယ်တွယ်ဖက်ထားတဲ့အရာက ဘာလဲ၊ ဘယ်အရာလဲ ဆိုတာကိုတော့ ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်းသိဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ယာကုပ်က သူနဲ့နဘမ်းလုံးတဲ့သူဟာ တန်ခိုးရှင်ဘုရားဖြစ်ကြောင်း သိသွားတာနဲ့ တစ်ခါတည်းမေးလိုက်တာက "နာမတော်ကား အဘယ်သို့နည်း" ဖြစ်တယ်။ ဘာဖြစ်လို့ အဲသလိုမေးသလဲဆိုရင် အဲဒီခေတ်က အမည်နာမအမျိုးမျိုးနဲ့ ဘုရားတွေ အများကြီးရှိနေလို့ပဲဖြစ်ပါတယ်။ (ဥပမာ-ရေစောင့်ဘုရား၊ မြေစောင့်ဘုရား၊ လဘုရား၊ နေဘုရား စသည်) ဒါပေမဲ့ ဘုရားက သူ့ရဲ့နာမကို မပြောဘူး။ ယာကုပ်ကို ကောင်းချီးပေးသွားခဲ့တယ်။ ပြီးတော့ ယာကုပ်ကို "ဣသရေလ" ဆိုတဲ့ အမည်သစ်ကို ပေးခဲ့တယ်။ ဣသရေလ ဆိုတဲ့အဓိပ္ပာယ်က အနိုင်ရသောသူ၊ ဘုရားသခင်နဲ့ အတူတကွ ရှန်းကန်လှုပ်ရှားခြင်း၊ ဘုရားသခင် ကိန်းဝပ်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ယနေ့ ကျွန်တော်/ကျွန်မတို့ ဘုရားကို နိုင်စရာမလိုပါဘူး။ ကိုယ့်ရဲ့အတ္တ၊ မာန်မာန၊ ငါ ဆိုတဲ့အရာတွေနဲ့ လောကရဲ့ မကောင်းမှုဖိအားတွေကိုနိုင်ပြီး ဘုရားရှေ့မှာ ဘုရားကြိုက်တဲ့အနေအထား၊ အခြေအနေမျိုးဖြစ်အောင် နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက်အသက်ရှင်တဲ့အခါမှာ ဌဲမလျှော့ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးအတွက် မလွယ်ကူမှန်း သိပါတယ်။ ဒါပေမဲ့ ယာကုပ်လိုပဲ ဌဲနဘဲနဲ့ လုံ့လဝီရိယထုတ်ဖို့ လိုအပ်ပါတယ်။ ယာကုပ်ရရှိတဲ့ကောင်းချီးဟာ ဌဲဆုပဲ ဖြစ်ပါတယ်။ ယာကုပ်တစ်ယောက်တည်းရှိနေတဲ့အချိန်၊ တိတ်ဆိတ်တဲ့အချိန်မှာ ဘုရားသခင်ရောက်ရှိလာကြောင်းကို ဒီကျမ်းပိုဒ်က ဖော်ပြနေပါတယ်။ ဒါကြောင့် တိတ်ဆိတ်တဲ့အချိန်မှာ ဘုရားနဲ့စကားပြောနိုင်သလို ဘုရားက ဘာပြောသလဲဆိုတာကိုလည်း ကြားနိုင်မှာဖြစ်ပါတယ်။ ဥပမာ၊ သခင်ယေရှု ဂေသရေမန်ဥယျာဉ်မှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ဆုတောင်းခဲ့ကြောင်း မာကု၊ ၁၄:၃၂-၃၆ မှာ တွေ့နိုင်ပါတယ်။ နေ့စဉ်အသက်တာမှာ ကျွန်တော်တို့ တိတ်ဆိတ်စွာ ဘုရားနဲ့အချိန်ယူခြင်းဖြင့် ဘုရားရဲ့ အလိုတော်ကို သိနိုင်သလို စုံစမ်းခြင်းတွေကို ဘယ်လိုကျော်လွှားမလဲဆိုတာ ခွန်အားယူဖို့အတွက် အခုလို တိတ်ဆိတ်စွာ အချိန်ယူသင့်ပါတယ်။ မယုံရင် ကျွန်တော်တို့ လက်တွေ့စမ်းသပ်ကြည့်ပါ။ ဘုရားထံမှာ သင်အဖြေတစ်ခုခု ခံစားသိရှိလာမည်မှာ သေချာပါတယ်။ (ဥပမာ - Meditation,ကမ္မဋ္ဌာန်းရှုခြင်း) ဒီနေရာမှာ ယာကုပ်ဟာ စိတ်နှလုံးသား ပြင်ဆင်ပြီးသားဖြစ်နေလို့ ကောင်းချီး ခံစားရခြင်းဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့အစ်ကိုနဲ့ ပြန်လည်သင့်မြတ်ဖို့အတွက် တောင်းပန်ဖို့ အဆင်သင့် ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ နှလုံးသားအဆင်သင့်ဖြစ်နေလို့ပဲဖြစ်တယ်။ တကယ်လို့ ယာကုပ်ဟာ အစ်ကိုသောကို ရှောင်ပုန်းနေမယ်ဆိုရင် ဒီကောင်းချီးနဲ့ လွဲချော်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဆက်ဖတ်ကြည့်ရင် ယာကုပ်ဟာ အစ်ကိုသောနဲ့ ပြန်လည်သင့်မြတ်မှုကို ရရှိသွားကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် လူလုချင်း မိတ်သဟာယ ပျက်ယွင်းမှုဟာ ဘုရားနဲ့ ကျွန်တော်တို့ရဲ့ မိတ်သဟာယဖွဲ့မှုကို အဟန့်အတားဖြစ်စေပါတယ်။ ဒီဌဲဆုနဲ့ပတ်သက်လို့ အရှုံးနဲ့ရင်ဆိုင်ခဲ့ရပေမယ့် ဌဲလုံ့လမလျှော့တဲ့လူတစ်ယောက်အကြောင်းကို ပြောပြချင်ပါတယ်။ ဒီဌဲဆုနဲ့ပတ်သက်လို့ ကုန်သည်အလုပ်ကနေ အရှုံးပေး ထွက်ခွာလာခဲ့ရပါတယ်။ ၁၈၃၂ ခုနှစ်မှာ အောက်လွှတ်တော်အမတ်အဖြစ် အရွေးခံခဲ့ပေမဲ့ ထပ်မံရှုံးနိမ့်ခဲ့ပြန်တယ်။ ၁၈၃၃ ခုနှစ်မှာ ကုန်သည်အလုပ်ကို ပြန်လည်လုပ်ကိုင်ခဲ့ပေမယ့် အရှုံးနဲ့ရင်ဆိုင်ခဲ့ရပြီး ဆုံးရှုံးခဲ့တဲ့ငွေကြေးတွေကို (၁၇) နှစ်တိုင်တိုင် ပေးဆပ်ခဲ့ရပါတယ်။ နောက်ပိုင်း မိန်းမလှတစ်ဦးနဲ့ ချစ်ကြိုက်ပြီး အိမ်ထောင်ပြုခဲ့ပေမယ့် မကြာခင်မှာပဲ သူ့အမျိုးသမီး ဆုံးသွားခဲ့ရပြန်တယ်။ ဒီလိုနဲ့ နောက်အိမ်ထောင်ထပ်ပြုခဲ့ပေမယ့် သူ့ရဲ့ ဒုတိယဇနီးဟာ သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလို ဖြစ်ခဲ့ရပြန်တယ်။ ၁၈၃၈ ခုနှစ်မှာ အောက်လွှတ်တော်



အမတ်အဖြစ် ဝင်ရောက်အရွေးခံခဲ့ပေမယ့် ထပ်မံရှုံးနိမ့်ခဲ့ပြန်တယ်။ ၁၈၄၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲတွင် ပါဝင်အရွေးခံခဲ့ပေမယ့်လည်း ထပ်ပြီး ရှုံးနိမ့်ခဲ့ရပြန်တယ်။ ၁၈၅၅ ခုနှစ်မှာ ပြည်နယ်အမတ်အဖြစ် အရွေးခံရာ ရှုံးနိမ့်ခဲ့ရပြန်တယ်။ ၁၈၅၆ ခုနှစ်မှာ ဒုတိယသမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံခဲ့ပေမယ့် ထပ်မံရှုံးနိမ့်ခဲ့ပြန်တယ်။ သူ့ဘဝမှာ အရှုံးတွေနဲ့ပဲ ရင်ဆိုင်ခဲ့ရပေမယ့် ဌဲမလျှော့ဘဲ ဆက်လက်ဝင်ရောက်အရွေးခံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ၁၈၆၀ ပြည့်နှစ်မှာတော့ သူ့ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခဲ့ပြီး သမိုင်းမှာ ထင်ရှားကျော်ကြားတဲ့ အမေရိကန်သမ္မတကြီးတစ်ဦး ဖြစ်လာခဲ့ပါတယ်။ သူကတော့ အခြားလူမဟုတ်ပါဘူး။ အေဘရာဟင်လင်ကွန်း ပဲဖြစ်ပါတယ်။ ဒီအချက်လေးကို အခြေခံပြီး အချက် (၄) ချက်အားဖြင့် ခွန်အားပေးချင်ပါတယ်။

၁။ ဘုရားရဲ့အလိုတော်ကို သိရှိဖို့ရန်အတွက် နေ့စဉ်အသက်တာမှာ ဘုရားသခင်နဲ့ တိတ်ဆိတ်စွာ အချိန်ယူဖို့ ဖြစ်ပါတယ်။

၂။ ဘုရားသခင်နဲ့ အတွင်းကျကျ မိတ်သဟာယဖွဲ့တဲ့အခါမှာ ကိုယ့်ဘက်က ဆုံးရှုံးမှု၊ နစ်နာမှုရှိလာခဲ့ရင် ဌဲမလျှော့ဘဲ ဘုရားသခင်ကို တွယ်ဖက်ထားဖို့၊ ချီးမွမ်းဖို့ ဖြစ်ပါတယ်။

၃။ ဘုရားသခင်က တစ်ခါတစ်ရံမှာ ချက်ချင်းအဖြေမပေးဘဲ ကောင်းချီးပေးတဲ့ဘုရားဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်စိတ်ချဖို့ ဖြစ်ပါတယ်။

၄။ ကျွန်တော်တို့ရဲ့ နေ့စဉ်အသက်တာမှာ ဘုရားနဲ့ အစဉ်အမြဲ နဘမ်းလုံးနေကြရပါတယ်။ ယာကုပ်လိုပဲ ဌဲရှိရှိနဲ့ ကောင်းချီးမရသရွေ့ ဘုရားကို မလွှတ်တမ်း တွယ်ဖက်ထားသလို၊ ကျွန်တော်တို့လည်း ထာဝရခရီးအဆုံးတိုင်အောင် ဘုရားသခင်ကို မလွှတ်တမ်း တွယ်ဖက်ရင်း ဆက်လက်လျှောက်လမ်းကြပါစို့လို့ ခွန်အားပေးတိုက်တွန်းရင်း ကျွန်တော့်ရဲ့ ဝေမျှမှုကို ကဗျာလေးတစ်ပုဒ်နဲ့ လက်ဆောင်ပေးရင်း အဆုံးသတ်ပါရစေ။

အလိုတော်ဆိုတာ . . .

တစ်ခါတလေ. . . . .ဘဝ ဆိုတာ
နားလည်ရခက်သား. . . .
ဖြစ်ချင်တာက "ဆန္ဒ"
ဖြစ်နေတာက. . . ." ဘဝ" လေ
တစ်ခါတစ်ရံ. . . . . အလိုတော်ဟာ
ဝန်ခံရခက်သား. . . .
ဘုရားအလိုတော်လား၊ ကိုယ့်အလိုလား. . . . .
ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ . . .
ဒီနှစ်ခုကြားက . . .
အကောင်းဆုံးဖြစ်လာတာဟာ
ဘုရားပြောတဲ့ အလိုတော်လား . . . ။

ကမ္ဘာအဆက်ဆက် ကြီးပွား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဘုန်းဂုဏ်တော်သည် ထွန်းကားပါစေသတည်း အာမင်။

ဂျိုးဇက်ဘရန်မိုင် (တတိယနှစ်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်)

# ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့်

(၂ တိ ၂း၁)

ဖွေးဘော (ဒုတိယနှစ်)

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော် ချီးမွမ်းပါတယ်။ ကျွန်တော်ဟာ စစ်တွေသာသနာပိုင်နယ်၊ ကာလ်ဝါရီ ဘုန်းကြီးပိုင်နယ်၊ ကြပ်ချောင်းရွာမှ လူငယ်တစ်ဦးဖြစ်ပါတယ်။ ဝေးလံတဲ့အရပ်ဒေသကနေ ဘုရားသခင်ရွေးချယ်တော်မူခြင်းကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ ကျွန်တော် သက်သေခံလိုတာက သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သို့မရောက်ရှိမီ ဘုရားသခင် ကူညီမစခဲ့တဲ့ဖြစ်ရပ်တစ်ခုကို ချစ်သော ဓမ္မမိတ်ဆွေများအားလုံးကို ဝေမျှချင်ပါတယ်။

၂၀၀၇ ခုနှစ်မှာ ပလက်ဝ ရှင်ယောဟန်ကျမ်းစာကျောင်း၌ တစ်နှစ်တက်ရောက်ခဲ့ပါတယ်။ ကျမ်းစာကျောင်းတက်ရောက်ရင်း မကြာခင်နှစ်လအတွင်းမှာဘဲ အပြင်းအထန် မကျန်းမမာ ဖြစ်ခဲ့ပါတယ်။ မမျှော်လင့်ဘဲ အခုလို ကြုံတွေ့ရတဲ့ရောဂါကြောင့် စိတ်ပူပန်မှု၊ ဝမ်းနည်းမှုဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်အထိ တစ်ခါမှ ဆေးထိုးမခံခဲ့ဖူးပါဘူး။ အနည်းငယ် မကျန်းမမာချိန်မှာ စားဆေးနဲ့ပဲ သက်သာပျောက်ကင်းမှုကို ရရှိခဲ့ပါတယ်။ ဆေးထိုးရမှာကို အလွန်ကြောက်ပါတယ်။ ဒါပေမဲ့ အခုတော့ ရှောင်လွှဲလို့မရတော့ပါ။ ခန္ဓာကိုယ်မှာ ဆေးထိုးအပ်ပေါက်နေရာများစွာရှိအောင် ဆေးကုသမှုကို ခံရပါတယ်။ ဖြစ်တဲ့ရောဂါက အသည်းရောင်အသားဝါ၊ အစာအိမ်၊ အာဟာရချို့တဲ့မှု ဆိုတဲ့ ရောဂါသုံးမျိုး ခံစားရပါတယ်။ အဲဒီအချိန်မှာ ငွေတစ်ကျပ်မှမရှိခဲ့ပါဘူး။ ဘုရားသခင်ထံ ဆုတောင်းခြင်းနဲ့ပဲ ခွန်အားယူခဲ့ရပါတယ်။ ဒါပေမဲ့လည်း (ကျော်...) ကျမ်းစာကျောင်းသား ဆရာရှိုက်ာမှ ဆရာ/မ များထံ အကူအညီတောင်းပေးခဲ့ပြီး ဘုရားသခင်ကျေးဇူးတော်ကြောင့် လိုအပ်သောငွေကြေးများကို အဆင်ပြေစွာဖြင့် ရရှိကာ ဆေးကုသမှုကို ခံယူခဲ့ပါတယ်။ ဒါပေမဲ့လည်း သိပ်မသက်သာသေးဘဲ ဖြစ်နေပါတယ်။ ငွေလည်း မရှိ ရွာနဲ့လည်းဝေး၊ အဆက်အသွယ်လည်းမရသေးတဲ့အတွက် ကျွန်တော် အင်မတန်မှ စိတ်ပျက်ခဲ့ပါတယ်။ တစ်ခါတလေ စဉ်းစားရင်းနဲ့ ကျမ်းစာကျောင်းဆက်တက်ချင်တဲ့စိတ်များ လျော့နည်းလာပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်





မကြာခဏ ပြောတဲ့စကားက "ကျမ်းစာကျောင်းမတက်တော့ဘူး၊ ရွာပြန်ပြီး နီးစပ်ရာ ဆရာဝန်များနဲ့ဘဲ ဆေးကုသမှုခံယူတော့မယ်" လို့ အနီးကပ်ပြုစုပေးသော ဆရာရှိုက်ာနဲ့ သူငယ်ချင်းများကို အမြဲတမ်း ရင်ဖွင့်ခဲ့ပါတယ်။ သူတို့က ခရစ်တော်ရဲ့ အမှုတော်ဆောင်ခြင်းအသက်တာနဲ့ပတ်သက်ပြီး ခွန်အားပေးကာ ရွာမပြန်ဖို့ တားခဲ့ကြပါတယ်။ သမ္မာကျမ်းစာတော်အားဖြင့် ခွန်အားရရန် အမျိုးမျိုး အားပေးခဲ့ကြပေမယ့် ခံစားရတဲ့ဝေဒနာကြောင့် ပျော်ရွှင်ငြိမ်သက်မှုကို မရရှိခဲ့ပါဘူး။ တစ်လကျော်အထိ ဆေးကုသမှုခံယူခဲ့ပေမယ့် ပကတိ ကျန်းမာခြင်းအဖြစ်အနေကို မရောက်သေးတဲ့အတွက် အလွန်စိတ်ပျက်ခဲ့ရပါတယ်။ ကျွန်တော်ဆုတောင်းရင်း "ရောမသြဝါဒစာ ၈း၂၆ တွင် "ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏" ဟူသော တမန်တော်ရှင်ပေါလု၏သက်သေခံချက်ကို သတိရမိပါတယ်။ မကြာခင်မှာပဲ သာသနာပိုင်ကြီး ဗာနဗထောင်ဝေ့ ဟာ အသင်းတော်ကိစ္စကြောင့် ရန်ကုန်သို့သွားစဉ် ကျွန်တော့်အတွက် လိုအပ်သော (Tepeter) အသည်းအားတိုးဆေးကို ဝယ်လာပေးပြီး၊ လ/ထသာသနာပိုင်ဖရန်စစ်စိန်အောင်မှတစ်ဆင့် ယူလာပေးပြီး၊ ကျန်းမာရေးပြန်လည်သက်သာလာခဲ့ပါတယ်။ အဲဒီဆေးဟာ ကျွန်တော်နေတဲ့အရပ်မှာ အလွန်ရှားပါးတဲ့ဆေး ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အကူအညီအားဖြင့် မရှိတဲ့အထဲမှ ရှိအောင် ပြင်ဆင်ပေးပြီး လွတ်မြောက်ချမ်းသာခွင့်ကိုရရှိလာခဲ့တာဟာ သူ့ရဲ့အလိုတော်ပဲ ဆိုတာ သိရပါတယ်။

"ကျွန်တော် ဘယ်နေရာရောက်နေသလဲ" ဆိုတဲ့မေးခွန်းနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ခရစ်ယာန်ဖြစ်တဲ့အတွက်ကြောင့် (သို့) ဘုရားအစေကိုခံဖို့အတွက်ပြင်ဆင်နေတာကြောင့် အခုလို ကြုံတွေ့ရတဲ့အမှုဟာ ဘုရားသခင်ဘုန်းတော် ထင်ရှားစေဖို့အတွက်ပါလား ဆိုတာ ကျမ်းစာအားဖြင့် ခွန်အားရရှိခဲ့ပါတယ်။ ဒီလိုအခြေအနေကနေ ဘုရားသခင်ဟာ လွတ်မြောက်ချမ်းသာခွင့်ကို ပေးတော်မူပြီး ကျွန်တော် အလွန်တက်ချင်တဲ့ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကို ၂၀၀၉ ခုနှစ်တွင် တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ဘုရားသခင်ကျေးဇူးတော်အားဖြင့် ယခုနှစ် ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယနှစ်၌ တက်ရောက်နေပြီ ဖြစ်ပါတယ်။

ကိုယ်ခန္ဓာရှိသောကြောင့် ရောဂါနှင့်မကင်းနိုင်ဘူး ဆိုသလို ခရစ်တော် ခြေရာခံလိုက်လျှောက်သူများဖြစ်ကြသောကြောင့် အမျိုးမျိုးသောဒုက္ခပြဿနာများနဲ့ မတွေ့နိုင်ပါဘူးလို့ ဘယ်သူမှ မုချပြောနိုင်မှာမဟုတ်ပါဘူး။ လူတိုင်းဟာ ဘဝပြဿနာတွေနဲ့ တွေ့ကြုံနေရပါတယ်။ စတင်မွေးဖွားချိန်မှာ ငိုခြင်းနဲ့ ဘဝကိုစတင်ခဲ့သောလူသားဟာ သေခြင်းကို အစဉ်ကြောက်နေရပြီး တစ်ဖန် သူ့ရဲ့သေခြင်းမှာလည်း ငိုကြွေးမှုဖြင့် အဆုံးသတ်ရပြန်တယ်မဟုတ်လား။ ကျန်းမာရေးချို့တဲ့ကြ··၊ ငွေကြေးခက်ခဲ···၊ အိမ်ထောင်ရေး အဆင်မပြေ···၊ စားဝတ်နေရေးကျပ်တည်း၊ ဆင်းရဲမွဲတေ ···၊ သားသမီးများက လေလွင့်၊ အရက် မူးယစ်စွဲလန်း···၊ ပင်ပန်းငတ်ပြတ်၊ ရောဂါဖိစီး···၊ ဘဝခရီးမှာပြဿနာပေါင်း သောင်းခြောက်ထောင်၊ ဒုက္ခဆင်းရဲခြင်းသည် တံခါးဝကို မခေါက်ဖူးသည့်အိမ်ဆိုပြီး ရှိမယ်မထင်ပါ။ ဒါပေမဲ့လည်း မကြောက်ပါနဲ့၊ ဘုရားသခင်ဟာ ကျွန်တော်တို့ကို ကူညီဖို့ ကျွန်တော်တို့၏ဖိတ်ခေါ်သံကို အစဉ်အမြဲနားထောင်နေသူဖြစ်ကြောင်း အစဉ်သတိရဖို့ လိုပါတယ်။ လွတ်မြောက်နိုင်သော ခွန်အား တန်ခိုးအာဏာကိုလည်း ယုံကြည်သူတစ်ယောက်စီတိုင်းအတွက် ပေးထားကြောင်းအောက်မေ့ပါ။ (၁ကော ၁၀း၁၃) ဘုရားသခင်ရဲ့လူ ယောဘဟာ စုံစမ်းမှုမျိုးစုံကို လိုက်လိုက်လဲ့လဲ့ လက်ခံရင်ဆိုင်နိုင်ခဲ့သူမဟုတ်ပါလား။ သူ့ရဲ့ ခိုင်မြဲတဲ့ ယုံကြည်ခြင်းကြောင့် လွတ်မြောက်ခြင်းချမ်းသာကို ရရှိခဲ့ပါတယ်။ ဒါကြောင့် လောကပြဿနာအမျိုးမျိုးနဲ့ တွေ့ကြုံနေရတဲ့အချိန်မှာ ၂ တိ ၂း၁ "ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့" ဟုဖော်ပြသကဲ့သို့ ဘုရားသခင်ထံ ယုံကြည်ခိုလှုံရာတွင် မိမိဘဝအဆုံးတိုင် ခိုင်ခံ့ခြင်း ရှိကြပါစို့···။

*ဖွေးဘော (ဒုတိယနှစ်)*



# မမေ့နိုင်သော (၃)ရက် အတွေ့အကြုံ

ဘုန်း/ကင်နွှန် ဒေါက်တာ မာကု စောမောင်ဒို

ကျွန်တော်ဟာ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၊ ဆရာ/မ မွေးထုတ်ရေးအစီအစဉ်နဲ့ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဘာကလေမြို့ရှိ The Church Divinity School of the Pacific (CDSP) ၌ ဓမ္မပညာဆည်းပူးရန် စေလွှတ်ခြင်း ခံခဲ့ရပါတယ်။

၁၉၉၂ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့၌ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘန်ကောက် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာခဲ့ပါတယ်။ ထိုနေ့ မွန်းလွဲ ၂:၀၀ နာရီတွင် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှ ရန်ကုန်လေဆိပ်သို့ ဆင်းခဲ့ပါတယ်။ လေဆိပ်ထဲသို့ဝင်သွားသောအခါ လူဝင်မှုကြီးကြပ်ရေးမှူးတစ်ဦးက ကျွန်တော့်ကို D.form တောင်းသည့်အခါ "ပါမလာခဲ့ဘူး။ အိမ်မှာ သိမ်းထားပါတယ်" လို့ဖြေတဲ့အခါ "အဲဒါ မပါလို့ မရဘူး၊ မြန်မြန်ပြန်ယူ" လို့ ကျွန်တော့်ကိုပြောခဲ့ပါတယ်။ လေယာဉ်ကွင်းဆင်းတာ စောသွားလို့ တော်ပါသေးတယ်။ ပြန်ယူဖို့ အချိန်ရခဲ့ပါတယ်။ ပထမဦးဆုံးအကြိမ် ပြည်ပ ခရီးစဉ် ဖြစ်ခဲ့သည့်အတိုင်း ဘာတွေလိုအပ်သလဲဆိုတာ ကျွန်တော် မသိခဲ့ပါဘူး။ လေယာဉ်စီးရမှာကိုတော့ စိတ်မလှုပ်ရှားခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် ပြည်တွင်းလေယာဉ် တစ်ခေါက်စီးခဲ့ဖူးလို့ပါ။ ကျွန်တော် သယ်သွားတဲ့ အိတ်နှစ်လုံးကို Luggage မလုပ်ခဲ့ပါ။ ကိုယ်နှင့်အတူ သယ်သွားပါတယ်။ သယ်သွားခွင့်လည်း ရခဲ့ပါတယ်။

ကျွန်တော့်အကျင့်က မကြာခဏ ဆာတတ်ပါတယ်။ ဒါကြောင့် ထမင်းဘူးသယ်သွားဖို့ ပြင်ဆင်ခဲ့ပါတယ်။ သို့သော် သူငယ်ချင်းများက ထမင်းဘူးမသယ်ရန် ဟန့်တားကြသည့်အတွက် ချန်ထားခဲ့ပါတယ်။ ဘန်ကောက် လေဆိပ်မှာ ည ၉:၃၀ နာရီမှ နောက်တစ်နေ့နံနက် ၆:၀၀နာရီအထိ စောင့်ခဲ့ရတဲ့အတွက် တော်တော်ကို ဆာခဲ့ပါတယ်။ အစားအစာတစ်ခုခု ဝယ်စားဖို့ကလည်း ပိုက်ဆံ



အမေရိကန်ဒေါ်လာ (၆၇) ဒေါ်လာပဲ ရှိခဲ့တယ်။ သွားရဦးမယ့်ခရီးကလည်း အဝေးကြီး။ ဘန်ကောက်မှ ဆိုးလ်၊ ဆိုးလ်မှ လော့စ်အိန်ဂျယ်လိစ်၊ လော့စ်အိန်ဂျယ်လိစ်မှ ဆန်ဖရန်စစ္စကို၊ ဆန်ဖရန်စစ္စကိုမှ ဘာကလေမြို့။ ပိုက်ဆံ ဘယ်လောက် လိုဦးမယ်မှန်းမသိ။ ဒါကြောင့် အဆာခံပြီး တစ်ညလုံး စောင့်ခဲ့ရပါတယ်။ အိပ်မငိုက်အောင် လေဆိပ်ထဲမှာ ဟိုလျှောက်ဒီလျှောက် လျှောက်ခဲ့ပါတယ်။ အဲသလို လျှောက်ရင်း ဆိုင်းဘုတ်တစ်ခုကို မကြည့်မိဘဲ မဝင်ရတဲ့ နေရာတစ်ခုကို ဝင်မိခဲ့ရာ ရဲတစ်ဦးရဲ့စစ်ဆေးခြင်းကိုခံရပြီး လေဆိပ်ဟိုတယ်သို့ အပို့ခံခဲ့ရပါတယ်။ ဟိုတယ်တည်းခိုခ တစ်ည (၅၄) ဒေါ်လာ ပေးရမှာဖြစ်တဲ့အတွက် ဟိုတယ်မှ ပြန်လှည့်လာခဲ့ရပြီး လေဆိပ်ထဲမှာပဲ မိုးလင်းတဲ့အထိ ဆက်လက်ပြီး နေခဲ့ရပါတယ်။

ဩဂုတ်လ (၂၈) ရက်နေ့မနက် ၄:၀၀ နာရီ ထိုးတော့ အိတ်နှစ်လုံးကိုသယ်ပြီး North West Airline ရုံးကိုရှာပြီး လေယာဉ်လက်မှတ်ကို အတည်ပြုဖို့ သွားခဲ့ပါတယ်။ သတင်းနဲ့ စုံစမ်းရေးဌာနတစ်ခုတွင် ဖုန်းဆက်ခွင့်ရခဲ့ပါတယ်။ North West Airline နဲ့အဆက်အသွယ်ရပြီး ဂိတ်နံပါတ် (၃၆) သို့လာခဲ့ပါရန် မှာကြားသည့်အတိုင်း အိတ်နှစ်လုံးဆွဲပြီး အပြေးအလွှား သွားခဲ့ပါတယ်။ ဂိတ်ဝရောက်တော့ အမျိုးသမီးတစ်ဦးက လေယာဉ်စီးခွင့်လက်မှတ် (Boarding Pass)၊ နိုင်ငံကူးလက်မှတ်နှင့် လေယာဉ်လက်မှတ်တို့ ထုတ်ပြရန်တောင်းဆိုသည့်အခါ လေယာဉ်လက်မှတ် ပျောက်ဆုံးနေကြောင်း သိလိုက်ရပါတယ်။ ဘယ်လိုပဲရှာရှာ ရှာမတွေ့ပါ။ ပြန်စဉ်းစားကြည့်တဲ့အခါ ဖုန်းဆက်တဲ့အထိ လေယာဉ်လက်မှတ်ရှိနေတုန်းပါ။ ဘယ်လိုပျောက်သွားတာပါလိမ့်။ ဒုက္ခပါပဲ။ လေယာဉ်လက်မှတ် မရှိတော့ရင် လေယာဉ်စီးလို့မရဘူး။ ဒါနဲ့ ပြေးလွှားလာခဲ့တဲ့လမ်းအတိုင်း ပြန်လျှောက်ခဲ့ပါတယ်။ သို့သော် လမ်းတစ်လျှောက် လေယာဉ်လက်မှတ် ကျပျောက်သွားတာ ရှာလို့မတွေ့တော့ဘူး။ လျှောက်ရင်းနဲ့ ဖုန်းဆက်ခဲ့တဲ့နေရာအထိ ရောက်သွားပါတယ်။ စားပွဲပေါ် ကြည့်လိုက်တော့ လေယာဉ်လက်မှတ်က ဒီအတိုင်း ရှိနေခဲ့တာ တွေ့ရပါတယ်။ တော်ပါသေးရဲ့၊ ကျေးဇူးတော်ကြီးလှပါတယ် ဒို့ အဘ လို့ ရေရွတ်မိပါတယ်။ လေယာဉ်လက်မှတ်ကို ကောက်ယူလိုက်ပြီး အိတ်နှစ်လုံးနဲ့အတူ ဂိတ်အမှတ် (၃၆) သို့ ပြန်ပြေးသွားခဲ့ပါတယ်။ ဇောချွေးပြန်နေတာပါပဲ။ အဲဒီတော့မှ ဆိုးလ်ကိုထွက်ခွာသွားမယ့်လေယာဉ်ပေါ်က် ထဲကို ဝင်ခွင့်ရခဲ့ပါတယ်။ သယ်ခဲ့တဲ့အိတ်နှစ်လုံးထဲက တစ်အိတ်က (၁၅)ပိဿာနဲ့ နောက်တစ်အိတ်ကလည်း (၇)ပိဿာနီးနီးလောက် ရှိပါတယ်။ (၂၂) ပိဿာလေးတဲ့ အလေးကိုထမ်းသယ်ပြီး လေဆိပ်ထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ခဲ့တာ ဘယ်လောက်ပင်ပန်းမလဲ ဆိုတာ စဉ်းစားကြည့်ပါ။ တွန်းလှည်းတွေအများကြီးရှိပေမယ့် ပိုက်ဆံပေးရမှာစိုးလို့ မသုံးခဲ့ပါဘူး။ သူတစ်ပါးကိုလည်း မမေးရဲဘူး။ ဘာကြောင့်လဲဆိုရင် ဒီလူ ခရီးသွားအတွေ့အကြုံမရှိဘူး ဆိုတာ သူတစ်ပါးကို မသိစေချင်လို့ပါ။ လူလိမ်လူညာတွေနဲ့တိုးမှာကိုလည်း စိုးရိမ်မိပါတယ်။ ဒါနဲ့ အိတ်သယ်ပြီး လျှောက်သွားတာ သူများအတွက် အထူးအဆန်း ဖြစ်နေတာကို မစဉ်းစားခဲ့မိပါဘူး။

လေယာဉ်ထဲရောက်သွားတော့ အံ့ဩမိပါတယ်။ လေယာဉ်က အကြီးကြီးပဲ။ ဘန်ကောက်ကနေ ဆိုးလ်မြို့ကို သွားမှာဖြစ်ပါတယ်။ ပြတင်းပေါက်နားထိုင်ခုံရထားတော့ ဟန်ကျနေတာပါပဲ။ အပြင်ကရှုခင်းကို ကြည့်ရှုနိုင်တယ်လေ။ ခရီးစဉ်က (၅) နာရီကြာမယ်လို့ လေယာဉ်လက်မှတ်ထဲမှာ ပါပြီးသား။ ဒါနဲ့ လေယာဉ် တစ်နာရီစီးပြီးတဲ့နောက် အပြင်က ရှုခင်းတွေကိုကြည့်လိုက်တဲ့အခါ ခုနက မြင်ခဲ့တဲ့ရှုခင်းတွေနဲ့ တော်တော်တူပါလားလို့ စိတ်ထဲမှာ ထင်မိတယ်။ ဩော် တခြားနိုင်ငံတွေရဲ့ရှုခင်းတွေကလည်း ယိုးဒယားနဲ့ဆင်တူပါပဲလား။ မထင်မမှတ်ဘဲ နှစ်နာရီ ပြည့်တဲ့အခါ လေယာဉ်က လေယာဉ်ကွင်းကို ဆင်းသက်သွားပါတယ်။ ဒါနဲ့ ဘေးနားက ထိုင်တဲ့လူကို မေးကြည့်တယ်။ ဆိုးလ်ရောက်ပြီလား။ သူက မဟုတ်ဘူး၊ လေယာဉ် အနည်းငယ်ချို့ယွင်းလို့ ဘန်ကောက်ကိုပြန်ဆင်းနေတာ။ ဆိုးလ်ကိုရောက်ဖို့ အချိန် ၄း နာရီကြာမယ်လို့ သိထားပြီးသား။ ဘာကြောင့် နှစ်နာရီနဲ့ရောက်ရတာလဲ စဉ်းစားလို့ မရခဲ့ဘူး။ လေယာဉ်မဆင်းခင် လေယာဉ်ပျံပေါ်မှာတော့ တစ်ခုခု ကြေညာခဲ့ပါတယ်။ ဘာကြေညာမှန်း နားမလည်ခဲ့ဘူး။

စောင့်နေစဉ် ကျောင်းသားတစ်ယောက် အပြေးအလွှား ရောက်လာပါတယ်။ အဲဒီ ကျောင်းသားဟာ ကျွန်တော့်ကိုသွားကြိုခဲ့တဲ့သူ ဖြစ်နေပါတယ်။ လမ်းမှာ ကားတအားကျပ်လို့ ကျွန်တော့်ကိုကြိုဖို့ အချိန်မီ ရောက်မလာခဲ့ဘူး။ သူက ကျွန်တော့်အတွက် တော်တော်စိတ်ပူမိကြောင်း ပြောလာပါတယ်။ ခဏကြာသော် အဆောင်မှူး ရောက်လာပြီး ကျွန်တော်နေရမယ့်အခန်းကိုပြပါတယ်။ ဒေါ်လာ (၂၀၀) ပေးပါတယ်။ အစားအစာဝယ်စားနိုင်မယ့်ဆိုင်ကိုလည်း ပြပါတယ်။ ကျွန်တော် အခန်းထဲဝင်ပြီး ကျေးဇူးတော်ကို တအားချီးမွမ်းလိုက်ပါတယ်။ ပြီးတော့ ဆိုင်သွားပြီး ပေါင်မုန့်ကြီးကြီးတစ်လုံးနဲ့ ပန်းသီးဖျော်ရည်ကြီးကြီးတစ်ပုလင်းဝယ်ပြီး အားရပါးရထိုင်စားပြီး တအားညောင်းညာတာမို့ အိပ်ရာဝင်ပါတော့တယ်။ ကျွန်တော့်ကိုလာကြိုတဲ့လူက အချိန်မီရောက်လာခဲ့ရင် ဒီလိုတန်ဖိုးရှိတဲ့အတွေ့အကြုံမျိုး ရခဲ့မှာမဟုတ်ဘူး လို့ စဉ်းစားရင်း ဒီလိုအခက်အခဲတွေကို ကြုံကြိုက်စေတာရော၊ ဒီအခက်အခဲတွေကို ကျော်လွှားအောင်မြင်ခွင့်ပေးပြီး ကျောင်းသို့ ချောချောမောမော ပို့ဆောင်ပေးတဲ့ဘုရားရှင်ကို အထူးကျေးဇူးတင်ရှိမိပါတယ်။

နံနက်မိုးလင်းပြီး ဗိုက်ဆာတာနဲ့ ပေါင်မုန့်နဲ့ ပန်းသီးဖျော်ရည် စားသောက်ပြန်ပါတယ်။ စားစရာဆိုလို့ ဒါပဲရှိတာကိုး။ စားပြီးတာနဲ့လျှောက်ကြည့်ရဦးမယ်။ မနေ့ညက ကျောင်းကို ဘာဖြစ်လို့ လွယ်လွယ်ကူကူနဲ့ ရှာမတွေ့ခဲ့ရတာလဲဆိုပြီး ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေတယ်။ ဒါနဲ့ မြေပုံကိုင်ပြီး ကျောင်းကိုပတ်ပြီး တစ်ခေါက်ပြီးတစ်ခေါက် လျှောက်ခဲ့ပါတယ်။ လျှောက်ရင်း ကျောင်းကိုဝိုင်းရံထားတဲ့ လမ်းသုံးလမ်းကို မှတ်ထားပါတယ်။ အဲ့သလိုလျှောက်ရင်း မွန်းလွဲ (၃)နာရီလောက်မှာ ရှေ့မှာ အမျိုးသားတစ်ဦး တွေ့တယ်။ စိတ်ထဲမှာ ဒီလူ "ငါ့ဆရာ‥ ဆရာဇော်လတ်နဲ့တယ်တူပါလား" လို့ထင်မိတယ်။ ဒါနဲ့ "ဆရာ" လို့ ခေါ်ကြည့်မယ်၊ မဟုတ်ရင် လှည့်ကြည့်မှာ မဟုတ်ဘူးပေါ့။ ကျွန်တော့်ဆရာ ‥ ဆရာဇော်လတ် (ယခု သိက္ခာတော်ရဆရာ ဒေါက်တာဇော်လတ်) ဘာကလေမြို့မှာ ရောက်နေတယ်ဆိုတာ ကြိုတင်ပြီး လုံးဝမသိခဲ့ရပါဘူး။ အမေရိကန်ရောက်နေတယ်ဆိုတာတော့ သိတယ်။ ခေါ်လည်းခေါ်ရော သူ လှည့်ကြည့်တယ်။ သူက တကယ်ပဲ ဆရာဇော်လတ်ပဲကိုး။ သူက ကျွန်တော့်ကိုမေးတယ်။ "မောင်ဒိုး၊ မင်း ဘယ်တုန်းက ရောက်လဲ။ ဘယ်ကျောင်းမှာတက်မလဲ စသည်ဖြင့်ပေါ့။ သူမေးသည့်အတိုင်း "ဆရာရေ၊ မနေ့ညကမှရောက်တာ၊ CDSP ကိုတက်မယ်။ ကျွန်တော့်ခရီးစဉ်က ပင်ပန်းလိုက်တာ၊ ဗိုလ်လည်းမဝဘူး။ ပေါင်မုန့်စားရတာ အားမရဘူး" စသည်ဖြင့် ကျွန်တော့် အဖြစ်အပျက်နဲ့ ခရီးစဉ်အတိုချုပ်ကိုပြောပြလိုက်ပါတယ်။ ဒါနဲ့သူက "အိမ်လိုက်ခဲ့၊ အိမ်မှာ ဆရာကတော်လည်းရှိတယ်။ ထမင်းဟင်း ကောင်းကောင်းချက်ကျွေးမယ်" ဆိုပြီး သူနေတဲ့တိုက်ခန်းသို့ ကျွန်တော့်ကို ခေါ်သွားပါတယ်။ သူနေတဲ့နေရာနဲ့ ကျွန်တော်နေတဲ့နေရာ မိနစ် (၄၀)ခန့်လျှောက်ရပါတယ်။ ချက်ပြုတ်စားသောက်ပြီး စကားစမြည်ပြောပြီးနောက် ည (၁၀း၃၀) ခန့်မှာ ကျွန်တော့်ကို သူ့ရဲ့ကားနဲ့ လိုက်ပို့ပေးခဲ့ပါတယ်။ ကျေးဇူးကြီးလှပါ၏ အဖ လို့ ကျွန်တော်ပြောပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတော့တယ်။

ဒီလောက်ကြီးတဲ့ အမေရိကန်နိုင်ငံမြို့မှာ အချိတ်အဆက်မရှိဘဲနဲ့ အသိတစ်ယောက်ကိုရှာဖို့ဆိုတာ သမုဒ္ဒရာအောက်မှာ အပ်တစ်ချောင်းရှာရသလို ခက်ပါတယ်။ (၃)ရက်ခန့် အခက်အခဲအမျိုးမျိုးကြုံရပြီးတဲ့နောက် လုံးဝမျှော်လင့်မထားတဲ့ ကျွန်တော့်ဆရာနဲ့ ဆုံလိုက်ရပါတယ်။ ကျွန်တော့်ဆရာက ဘာကလေမြို့မှာနေတာ နည်းနည်းကြာသွားပြီ ဆိုတော့ ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် အစစအရာရာ ကျွန်တော် အဆင်ပြေခဲ့ပါတယ်။ အားလုံးဟာ ဘုရားသခင်ရဲ့ ကြိုတင်ပြင်ဆင်မှုကြောင့်ပါပဲ။ ဘုရားရှင်မတတ်နိုင်တာ ဘာမှမရှိဘူး ဆိုတဲ့ ကျမ်းစကားဟာ အင်မတန်မှန်ပါလားလို့ သက်သေခံပါရစေ။❑



# ဆုတောင်းခြင်း၏ တန်ခိုး

မိုင်မေမီနန်း (ပထမနှစ်)

ကျွန်မက ရန်ကုန်သာသနာပိုင်နယ်၊ ဥသျှစ်ပင်ဘုန်းကြီးပိုင်နယ်၊ ရားဖြူကွင်းရွာမှ လူငယ်တစ်ဦးဖြစ်ပါတယ်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ပထမနှစ်မှာ တက်ရောက်နေပါတယ်။ မိဘများကတော့ ဦးသန်းစိန်နဲ့ ဒေါ်မေထွန်း ဖြစ်ပါတယ်။ ညီမလေးတစ်ယောက် ရှိပါတယ်။ မိဘများမှာ ယုံကြည်သူခရစ်ယာန်များမဟုတ်ပေ။ ကျွန်မ အသက် (၅) နှစ်အရွယ်မှာ ဗတ္တိဇံ ခံယူခဲ့ပါတယ်။ ကျွန်မ ခရစ်ယာန်တစ်ဦးဖြစ်လာဖို့ ကျွန်မရဲ့အဖွားက ဗတ္တိဇံခံယူစေခဲ့ပါတယ်။ ကျွန်မ ခရစ်ယာန်ဖြစ်လာခဲ့ပေမယ့် ခရစ်ယာန်ဆိုတာ ဘာလဲ၊ ခရစ်တော်က ဘယ်သူလဲ ဆိုတာ အဲဒီအချိန်မှာ မသိခဲ့ပါဘူး။ ဒါပေမဲ့ ဘုရားကျောင်းကို မှန်မှန်တက်ခဲ့ပါတယ်။ ကျွန်မ (၅) တန်း၊ (၆) တန်း ရောက်တဲ့အခါ ဗုဒ္ဓဘာသာဝင်သူငယ်ချင်းတွေနဲ့ ကျူရှင်အတူတက်ခဲ့ရပါတယ်။ ကျွန်မကို ခရစ်ယာန်လို့ပြောရင် ကျွန်မ အရမ်းစိတ်ဆိုးခဲ့ပါတယ်။ ဒီလို ခရစ်ယာန်အဖြစ်ဝန်ခံဖို့ ဝန်လေးရခြင်းက ကျွန်မ အပြစ်ကျူးလွန်ခဲ့ခြင်းလို့ ခံစားမိပြီး နောင်တရခဲ့မိပါတယ်။



ဘဝရဲ့ ဆင်းရဲခြင်းဒဏ်တွေကြားထဲ ပညာကို ကောင်းမွန်စွာ သင်ကြားနိုင်ဖို့ အခွင့်ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ (၁၀) တန်းအောင်ရင် သက်သေခံမယ်လို့ ဘုရားသခင်ဆီမှာ ကတိပြု ဆုတောင်းထားပါတယ်။ ဒါ့အပြင် ကျွန်မ တက်ချင်တဲ့ ကျမ်းစာကျောင်းကိုလည်း တက်ခွင့်ရတဲ့အတွက်လည်း ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။

ကျွန်မ (၁၀) တန်းကို (၃) နှစ်ဖြေဆိုပြီးမှ အောင်မြင်ခဲ့ပါတယ်။ ကျွန်မ (၁၀ )တန်းစတက်တဲ့အချိန် မှာတော့ စာကြိုးစားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်မ စာဖတ်ခြင်းအပေါ် စိတ်ဝင်စားမှု အားနည်းလာပါတယ်။ ဒီလိုနဲ့ စာမလုပ်တာများလာတော့ နောက်ဆုံး စာမလိုက်နိုင်တော့ဘူး။ အဲဒီနှစ်မှာ (၁၀) တန်းကို ကျရှုံးခဲ့ပါတယ်။ နောက်တစ်နှစ်မှာ ဉသျှစ်ပင် ဘော်ဒါဆောင်မှာ နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ စာကို အလေးမထားဘဲ ပုံမှန်မလုပ်ခဲ့ဘူး။ သူငယ်ချင်းတွေနဲ့ အားနေရင် စကားပဲပြောပြောနေခဲ့ပါတယ်။ ကျမ်းစာဖတ်ဖို့၊ ဆုတောင်းဖို့က ဝေးသေး။ ဘုရားသခင်နဲ့ နီးမလိုလိုနဲ့ ဝေးဝေးသွားခဲ့ပါတယ်။ ဟိုလိုလို ဒီလိုလိုနဲ့ပဲ အချိန်ကုန်သွားခဲ့တယ်။ ဒါကြောင့် ကျွန်မ နောက်တစ်နှစ် (၁၀) တန်းကျပြန်တယ်။ ဒါကိုသိလိုက်တဲ့အချိန်မှာ ဘုရားရဲ့စောင်မမှုကို အရမ်းတောင့်တခဲ့တယ်။ ဘုရားသခင်က ကျွန်မကို ဘာလို့အောင်ခွင့်မပေးတာလဲ ဆိုပြီး အော်ငိုမိခဲ့တယ်။ အဲဒီနှစ်မှာ မိသားစုစီးပွားရေးကလည်း အဆင်သိပ် မပြေတာကြောင့် ကျူရှင်တက်ဖို့ အခက်အခဲရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ကျူရှင်တက်ဖို့ ကူညီထောက်ပံ့ပေးတဲ့သူ ပေါ်လာခဲ့ပါတယ်။ မိဘရဲ့ကျေးဇူးကြောင့်လည်း ပါပါတယ်။ ကျွန်မကို ရွာက ဓမ္မပညာ ဆရာမတွေက ကျမ်းစာဖတ်ဖို့၊ ဆုတောင်းဖို့ အားပေးတိုက်တွန်းပါတယ်။ ကျွန်မ အဲဒီအချိန်ကစပြီး နေ့တိုင်း ပတ္ထနာတော်ကြီးကိုရွတ်ပြီး ဆုတောင်းဖြစ်တယ်။ ကျွန်မ အရာအားလုံးကို အဆင်ပြေပြေနဲ့ ကျော်လွှားနိုင်ခဲ့တယ်။ ဒီလိုနဲ့ ဆယ်တန်းကို တတိယအကြိမ် ဖြေဆိုခဲ့ပါတယ်။ စာမေးပွဲအောင်ဖို့ သူငယ်ချင်းတွေက ဗေဒင်တွက်ကြတယ်။ ယတြာချေဖို့ အဆောင်တွေ ယူထားကြတယ်။ ကျွန်မကိုလည်း အဆောင်ယူသွားဖို့ ပြောခဲ့ပါတယ်။ ကျွန်မက "ဒါက ကျွန်မတို့ဘုရားရဲ့အလိုတော်နဲ့ဆန့်ကျင်ဘက်ဘဲ" လို့ပြောပြီး ငြင်းလိုက်တယ်။ ကျွန်မ စာမေးပွဲ စဖြေသည့် ပထမနေ့ ကစပြီး စာမေးပွဲခန်းရောက်တိုင်း ပတ္ထနာတော်ကြီးကို ဆိုပြီးမှ စာမေးပွဲဖြေခဲ့တယ်။ မေမေကယုံကြည်သူ မဟုတ် ပေမယ့် စာမေးပွဲဖြေပြီးသည့်နောက်လည်း ဘုရားကျောင်းပုံမှန်တက်ဖို့ အမြဲတိုက်တွန်းခဲ့တယ်။ ကျွန်မ ဘုရားကို ယုံကြည်ခြင်းအပြည့်ဖြင့် အလုံးစုံ အပ်နှံခဲ့ပါတယ်။ ကျမ်းစာလည်း ပုံမှန်ဖတ်ဖြစ်ခဲ့တယ်။ ဒီလိုနဲ့ ၂၀၀၇ခုနှစ်၊ ဂူလိုင် လတွင် ကျွန်မရဲ့အပျော်ရွှင်ဆုံးနေ့ ဖြစ်ခဲ့ပါတယ်။ ကျွန်မရဲ့နာမည်က အောင်စာရင်းထဲပါလာခဲ့ပါတယ်။ ဒါက ဘုရား ရဲ့ကျေးဇူးတော်သက်သက်ပဲလို့ ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မရဲ့ ဘုရားအပေါ် အားကိုးမှုကြောင့် ဘုရားက ပြန်လည်ပေးခဲ့သည့်ဆုဖြစ်တယ်လို့ ခံယူမိပါတယ်။ ကျွန်မ ခွန်အားယူရတဲ့ ကျမ်းပိုဒ်တစ်ပိုဒ်ကို ဖော်ပြချင်ပါတယ်။ (မဿဲ၊ ၂၁း၂၁-၂၂) သခင်ယေရှုက "ယုံကြည်ခြင်းပါလျက် ပတ္ထနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့ရကြလိမ့်မည်" လို့ ပြောထားပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ဘုရားထံ ခွန်အားယူလျက် ဘုရားပေးသောဉာဏ်ပညာအားဖြင့် အရာရာကို ဆုတောင်းခြင်းဖြင့် အစပြုမယ်ဆိုရင် လုပ်ဆောင်သမျှဟာ အောင်မြင်ပါလိမ့်မယ်လို့ သက်သေခံ တိုက်တွန်း ပါရစေ။❑



# သတိရနေမှာပါ

ရှေးဦးစွာ ရှာလုပ်မဂ္ဂဇင်းထဲမှာ သက်သေခံခွင့်ရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်သလိုပဲ ယနေ့ထိ တိုင်အောင် အသက်ရှင်ခွင့်နှင့်အတူ ဓမ္မပညာအတွေးအခေါ်များကို သင်ယူလေ့လာဆည်းပူးနိုင်ဖို့ ကူညီအားပေးကြတဲ့ ရပ်နီး၊ ရပ်ဝေးအလှူရှင်များ၊ အထူးသဖြင့် (၅) နှစ်တိုင်တိုင် ကျောင်းဝင်ကြေးထောက်ပံ့ပေးတဲ့ အင်္ဂလန်နိုင်ငံ St John's Hartly Witney (uk) အသင်းတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ထိုက်တဲ့သူ အားလုံးကို ကျေးဇူးအထူးတင်ကြောင်း ပြောလိုပါတယ်။

(၅) နှစ်တာကာလမှာ တွေ့မြင်သင်ကြားခဲ့ရတဲ့ စာပေအတွေ့အကြုံ၊ ဗဟုသုတတွေနှင့် အသင်းတော်၊ သာသနာတော်၊ လူသားများအတွက် ပြန်လည်အသုံးပြုနေမှာပါ။ စာရေးသူကိုယ်တိုင် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းသားဘဝမှာ မေ့မရနိုင်တဲ့ အဖြစ်အပျက်ကလေးတွေ၊ အခက်အခဲလေးတွေ၊ အကောင်း အဆိုးတွေနှင့် ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်။ တကယ်တော့ ဒါတွေဟာ ကျွန်ုပ်အတွက် အသက်တာမှာ ရင့်ကျက်ဖို့၊ ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ပေးခဲ့တယ်လို့ဘဲ နားလည်ခံယူတယ်။ ၂၀၀၇ ခုနှစ်၊ ဒုတိယနှစ်တက်နေစဉ် စာမေးပွဲဖြေဆို တဲ့အခါ လက်ဖဝါးပေါ်မှာ လူနာမည်သုံးလုံး ခိုးရေးခြင်းကြောင့် ကျောင်းတစ်နှစ် ရပ်ဆိုင်းခြင်းခံခဲ့ရတယ်။ ဒီလိုနဲ့ ရွာကိုရောက်တော့ ပတ်ဝန်းကျင်ရဲ့ ဝေဖန်ကဲ့ရဲ့မှုတွေ၊ မိသားစုရဲ့ ပြင်းပြင်းဆက်ဆံမှုတွေကို လက်တွေ့ခံစားခဲ့ရတယ်။ တကယ်တော့ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးဟာ (The Association for Theological Education in South East Asia) နိုင်ငံတကာအသိအမှတ်ပြုတဲ့ ကျောင်းတော်ကြီးဖြစ်နေတော့ ဘယ်လိုမှ လူတွေကို ဖြေရှင်းခွင့်မပေးနိုင်ဘူးလို့ ပြောရရင်လည်း အတိုင်းအတာတစ်ခုအနေနှင့် မှန်နေတယ်။

ဒါပေမဲ့ အထီးကျန် စိတ်ပျက်အားငယ်နေတဲ့အချိန်မှာ နှစ်သိမ့်အားပေးတဲ့ ကျွန်တော့်ရဲ့သူငယ်ချင်း ဘုန်းတော်ကြီး တိမောသေ၊ (အနားယူ နယ်စီးသာသနာပိုင်ကြီး) ဗာနဗထောင်ဝေ့။ ဒါ့အပြင် တမန်တော်ကြီး ရှင်ပေါလုက "ငါ့သား သင်သည် ယေရှုခရစ်၌ရှိသောကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့" ဆိုပြီး တစ်ဖန် အားပေးပြန်တယ်။ (၂တိ၊ ၂း၁)။ သို့သော် မကြာခင် (၂၀၁၁)၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှာ ကျွန်တော် ဘွဲ့ယူပြီး ဌာနေကို ပြန်ရတော့မယ်။ ဆိုတော့ ကျွန်ုပ်ရဲ့ ဩတ္တပစိတ်ထဲမှာ တစ်စုံတစ်ဦးက (စတီဗင်) မင်း အမှုတော်ဆောင်တစ်ဦးဖြစ်ပြီဆိုရင် လူတွေကို အတတ်နိုင်ဆုံး နှစ်သိမ့်၊ အားပေး၊ နားလည်ပေးရမယ် လို့ ပြောသံကို ကြားယောင်နေမိတယ်။ နောက်ပြီးတော့ ရှင်ပေါလုက သခင်ဘုရားနှစ်သက်တော်မူတဲ့အရာတွေဟာ ဘယ်အရာတွေဖြစ်တယ်ဆိုတာကို (မင်း) သင်ယူပါ လို့ ဆိုပြန်တယ် (ဧဖက်၊ ၅း၁၀)။

ဒါကြောင့် သခင်ဘုရား နှစ်သက်တော်မူတဲ့အရာဟာ သူဖန်ဆင်းထားတဲ့ လူသားတွေအပေါ် ကရုဏာ၊ နှစ်သိမ့်အားပေးဖို့နှင့် သင်ကြားကူညီဖို့လည်း ပါဝင်နေတယ်ဆိုတာကို ချက်ချင်း သတိရပြန်တယ်။ ဒီသဘော တရားတွေကို နေ့စဉ် သတိရပြီး သခင်ယေရှုခရစ်၌ရှိတဲ့ စိတ်သဘောကို ကျွန်ုပ်တို့၌လည်း ရှိစေဖို့၊ နားလည် ခံယူနိုင်ဖို့ ကူညီဆုတောင်းပေးကြပါလို့ သက်သေခံဝေငှရင်း ...

ကီမိုမြေမှ (စတီဗင် B.Th IV)

# သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
# တတိယနှစ်ကျောင်းသား/သူများ၏
# တစ်လတာ (Internship)
# ကွင်းဆင်းလေ့လာခြင်းခရီးစဉ်

**မွန်ပြည်နယ်(မော်လမြိုင်မြို့)**

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ တတိယနှစ်ကျောင်းသား/သူများ၏ တစ်လတာ (Internship) ကွင်းဆင်းလေ့လာခြင်းကို မော်လမြိုင်မြို့ရှိ မြန်မာခရစ်ယာန်အရေပြားအထူးကုဆေးရုံ (Myanmar Christian Leprosy Hospital) တွင် လေ့လာခဲ့ပါသည်။

၁။ စတင်ထွက်ခွာခြင်း။

မွန်ပြည်နယ် (မော်လမြိုင်မြို့)၊ အထူးကုအရေပြားဆေးရုံသို့ ၂၀၁၀၊ မတ်လ (၄) ရက်၊ ကြာသပတေးနေ့၊ ညနေ (၆း၀၀) နာရီတွင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းဝင်းမှ ကျောင်းကားဖြင့် အဝေးပြေးကားဂိတ်၊ ၎င်းမှ (ချမ်းမြေ့ကြွယ်) ကားဖြင့် ည (၇း၀၀) တွင် ဆက်လက်ထွက်ခွာကြရာ၊ မော်လမြိုင်မြို့ အဝေးပြေးကားဂိတ်သို့ (၅.၃. ၂၀၁၀) သောကြာနေ့ မနက် (၅း၃၀) နာရီတွင် ရောက်ရှိခဲ့ပါသည်။ ထို့နောက် အသင့်ကြိုသော ဆေးရုံကားဖြင့် အရေပြားအထူးကုဆေးရုံသို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။ နေ့လယ် (၁၁း၄၅) နာရီတွင် ၎င်းဆေးရုံမှ နံနက်စာကို အမဲသားဟင်းလျာဖြင့် ညှော်ခံကျွေးမွေးပြီး နွေးထွေးစွာကြိုဆိုကြသဖြင့် ပင်ပန်းသမျှအရာအားလုံး လန်းဆန်းပျောက်ကင်းစေပါသည်။





**၂။ လေ့လာရေးသွားခြင်း။**

၆.၃ . ၂၀၁၀ (စနေနေ့) တွင် ကျောင်းသား/သူများအားလုံး (၁၈၈၇) ခုနှစ်တွင် အုတ်မြစ်ချခဲ့ တည်ဆောက်ခဲ့သော (St.Matthew's) ဘုရားကျောင်းသို့ လေ့လာကြည့်ရှုကြရာတွင် ၎င်းဘုရားကျောင်းသည် သမိုင်းဝင်ပြီး လှပသော ဘုရားကျောင်းတစ်ကျောင်းဖြစ်သည်ကို တွေ့ခဲ့ရသည်။ သို့သော် စိတ်မကောင်းစရာတစ်ခုမှာ ဆားဓါတ်ကြောင့် (ဆား)ပွင့်များ ကြွေကျလာခြင်း၊ တဖြည်းဖြည်း တိုက်စားပျက်စီးခြင်းတို့ပင်ဖြစ်သည်။ ပြန်လည်ပြုပြင်၍မရပေ။ ချဉ်ရည်ပက်ဖျန်းခြင်းဖြင့် အနည်းငယ် သက်သာမှုရှိသည်ဟု ကျောင်းထိုင်ဘုန်းတော်ကြီး ဆန်နီမူးဗင်း၏ပြောပြချက်အရ သိရသည်။ ဆားပွင့်ရခြင်းမှာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားများက ၎င်းဘုရားကျောင်းတွင် ဆားသိုလှောင်ခဲ့သောကြောင့် ဖြစ်သည်။ မော်လမြိုင်မြို့ပေါ်တွင် (အင်္ဂလီကန်) ဘုရားကျောင်း ရှင်ဩဂုတ်စတင်းနှင့် ရှင်မဿဲ (၂)ကျောင်း၊ ဘုန်းတော်ကြီး (၂) ပါး ရှိပါသည်။ တစ်ပတ် (၂)ခါ မော်လမြိုင်မြို့ပေါ်ရှိ အသင်းသူ/သားများနေအိမ်သို့ အလှည့်ကျ သွားရောက်မိတ်သဟာယဖွဲ့ခဲ့သည်။

၁၃.၃. ၂၀၁၀ နေ့တွင် (မော်လမြိုင်) တောင်ဝိုင်းသို့ ဆရာဉာဏ်လင်းမှ ဆေးရုံကားဖြင့် လိုက်ပို့ပေးခြင်းဖြင့် လေ့လာခဲ့ရပါသည်။ ၂၀.၃. ၂၀၁၀ နေ့တွင်လည်း စက်စဲကမ်းခြေသို့ ဆေးရုံကားဖြင့် သွားရောက်ခဲ့ပါသည်။ လမ်းခရီးတွင် ကားဘီးပေါက်သွားသော်လည်း နေ့လယ် (၁၁း၀၀) နာရီတွင် ကောင်းမွန်စွာ ရောက်ရှိခဲ့ပါသည်။ စက်စဲကမ်းခြေသို့အရောက် နံနက်စာကိုသုံးဆောင်ကြပြီး ရေချိုးသူချိုး၊ ဆိုင်ကယ်ဖြင့် ကမ်းခြေပတ်သူပတ်၊ ဂီတာတီးသူတီးနေကြရင်း ညနေ (၃း၀၀) နာရီတွင် ပြန်လည်ထွက်ခွါခဲ့ကြရာ ညနေ (၆း၀၀)နာရီတွင် ဆေးရုံဝင်းသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ခရီးစဉ်တစ်လျှောက်လုံးတွင် စိတ်ရှည်လက်ရှည်ထားပြီး မောင်းပေးသော ဆရာဉာဏ်လင်းနှင့်အဖွဲ့များကိုလည်း ကျေးဇူးတင်ပါသည်။

**၃။ သင်တန်းဖွင့်ပွဲအစီအစဉ်**

သင်တန်းဖွင့်ပွဲအစီအစဉ်ကို သင်တန်းခန်းမဆောင်၌ ပြုလုပ်ကြရာ အခမ်းအနားမှူးအဖြစ် ဆရာမနန့်လဲ့လဲ့ဝင်းမှဦးဆောင်ပြီး ဒေါက်တာမိုရင်း (ဆေးရုံအုပ်ကြီး) မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောခြင်း၊ မိတ်ဆက်ပေးခြင်း၊ သင်တန်းနှင့်ပတ်သက်၍ ရှင်းပြခြင်း၊ အူမတောင့်မှ သီလစောင့်နိုင်သကဲ့သို့ ကျန်းမာရေးကောင်းမှ အစစအရာရာလုပ်နိုင်မည်ဖြစ်ကြောင်း၊ ပညာကိုလိုချင်ရင် ပညာကိုတောင်းစားရမည်ဖြစ်ကြောင်း၊ သို့သော် အစစအရာရာကိုအုပ်ထိန်းသူမှာ ဘုရားသခင်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသွားခဲ့ပါသည်။

**၄။ ကွင်းဆင်းလေ့လာခြင်း၊ သင်ကြားခြင်း အစီအစဉ်။**

အဖွဲ့လိုက် ကွင်းဆင်းလေ့လာခြင်း၊ သင်ကြားခြင်းအစီအစဉ်ကို ဆရာမနန့်လဲ့လဲ့ဝင်းမှ စီစဉ်ပြုလုပ်ပေးရာ တွင် နံနက် (၉း၀၀-၁၂း၀၀) အထိ ဆေးရုံတွင် ဌာနသုံးခု (OPD-Out patient Department, Pharmacy and Ward) တွင် (lepers နှင့်အခြား) လူနာများအား လက်တွေ့လေ့လာသင်ယူပြီး၊ မွန်းလွဲပိုင်း (၁း၀၀-၄း၀၀) နာရီအထိ ကျန်းမာရေးဆေးပညာများကို သင်ယူခဲ့ကြရပါသည်။ ဤကဲ့သို့ လက်တွေ့လက်ဆောင်ခြင်းအားဖြင့် လူနာများနှင့် မိတ်သဟာယဖွဲ့နိုင်ခြင်း၊ အပြန်အလှန်ဝေမျှနိုင်ခဲ့ပါသည်။ နံနက်တိုင်း မွန်နှစ်ခြင်းဘုရားကျောင်းတွင် ဝတ်ပြုကြပြီး (ကွာယာ) သီဆိုပေးခြင်း၊ အလှည့်ကျဦးဆောင်ခြင်း၊ တရားဒေသနာများ ဝေငှပေးခဲ့ကြပါသည်။ တနင်္ဂနွေနေ့တိုင်းတွင်လည်း ရှင်ဩဂုတ်စတင်းဘုရားကျောင်းနှင့် ရှင်မဿဲဘုရားကျောင်းသို့တက်ရောက်ကြပြီး ပွဲတော်မင်္ဂလာဝတ်တွင် ပါဝင်ကူညီရသည်။ ၁၇.၃. ၂၀၁၀ နေ့တွင် ဘားအံလူငယ်များနှင့် မော်လမြိုင်လူငယ်များ စုပေါင်းမိတ်သဟာယ

အစီအစဉ်တွင် စာရေးသူကိုယ်တိုင် သမ္မာကျမ်းစာလေ့လာခြင်း ဦးဆောင်ခဲ့ပါသည်။ ၎င်းနောက် ဆရာထွန်းထွန်းဝင်းမှ မိတ်သဟာယအစီအစဉ်ကို ဦးဆောင်ပေးကာ၊ ဘုန်းတော်ကြီးပီတာကူသေး၏ ဆုတောင်းကောင်းချီးပေးခြင်းဖြင့် အစီအစဉ်ကိုရုပ်သိမ်းခဲ့ပါသည်။

### ၅။ နွေရာသီ ဓမ္မပညာသင်တန်း (မော်လမြိုင်)

၂၉.၃.၂၀၁၀ နေ့မှ ၂.၄.၂၀၁၀ နေ့အထိ မွန်နှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်းတွင် လူငယ်၊ ဓမ္မပညာသင်တန်းကို (MICT) ကျောင်းသား/သူများနှင့်ပူးပေါင်းပြီး ကလေးများအား သမ္မာကျမ်းစာ၊ သီချင်း၊ အကစသည့်များကို သင်ကြားပေးခဲ့ရပါသည်။ သင်တန်းတာဝန်ခံမှာ ဆရာမမိုးမိုးနိုင် ဖြစ်ပြီး ဆရာ/မပေါင်း (၂၅)ဦး၊ ကလေးသူငယ်ပေါင်း (၈၇)ဦး၊ သင်တန်းတွင် KG, Primary, Junior and Youth တို့ဟူ၍ အတန်း (၄)တန်းခွဲပါသည်။ သင်တန်း၏ဆောင်ပုဒ်မှာ "ခရစ်တော်၌ စည်းလုံးညီညွတ်ခြင်း" ဖြစ်သည်။

### ၆။ မော်လမြိုင် အင်္ဂလီကန်အီစတာပွဲ။

၄.၄.၂၀၁၀ တနင်္ဂနွေနေ့တွင် ရှင်မဿဲဘုရားကျောင်းတွင် အီစတာပွဲတော်ဝတ်ကိုစီရင်ကျင်းပပြီး၊ ကျွန်ုပ်တို့ ကျောင်းသူ/သားများမှ ကွာယာသီချင်းတစ်ပုဒ်သီဆိုကာ ပွဲတော်ဝတ်အပြီးတွင် အသင်းတော်မှညှိခံသော သကြန်ထမင်းကို သုံးဆောင်ကြသည်။

### ၇။ သင်တန်းပိတ်ပွဲအခမ်းအနား။

၆.၄.၂၀၁၀ နေ့ နံနက် ၉:၀၀ နာရီတွင် တစ်လတာသင်ယူခဲ့ကြသောသင်ခန်းစာများကို စာမေးပွဲဖြေဆိုကြပြီး ညနေ (၂:၀၀) နာရီတွင် သင်တန်းပိတ်ပွဲအစီအစဉ်ကို ဆရာမနန်းလဲ့လဲ့ဝင်းမှ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ရာ ဆေးရုံအုပ်ကြီး၏ ကျေးဇူးတင်စကားပြောခြင်း၊ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးခြင်း၊ ဘုန်းတော်ကြီးဆန်နီမူးဗင်းမှ အမှာစကားပြောခြင်း၊ သင်တန်းသူ/သားများကိုယ်စား ဆရာစတီဖင်မွေဆီးမှ ကျေးဇူးတင်စကားပြောခြင်း၊ ထို့နောက် ဆရာ/မများအား လက်ဆောင်ပစ္စည်းပေးခြင်း၊ ဘုန်းတော်ကြီးဆန်နီမူးဗင်း၏ဆုတောင်းကောင်းချီးပေးခြင်းအားဖြင့် အစီအစဉ်ကိုရုပ်သိမ်းပါသည်။

### ၈။ Myanmar Christian Leprosy Hospital (Mawlamyine)

မော်လမြိုင် အနာကြီးဆေးရုံသည် နှစ်ပေါင်း (တစ်ရာကျော်) တည်ရှိနေသည်ကို သိရှိရသည်။ ၎င်းအပြင် နိုင်ငံတော်အစိုးရက တရားဝင် အသိအမှတ်ပြုထားသောဆေးရုံကြီးလည်းဖြစ်သည်။ ယခုလက်ရှိ ဆေးရုံအုပ်ကြီးမှာ ဒေါက်တာမိုရင်းဖြစ်ပြီး၊ ဝန်ထမ်းပေါင်း (၅၆) ဦးရှိသည်။ ဌာနဆိုင်ရာဖွဲ့စည်းပုံမှာလည်း အစိုးရဆေးရုံနှင့် တူညီသလောက်ရှိသည်။ ၎င်းဆေးရုံတွင်လည်း လူမျိုးဘာသာမရွေး ကုသ၊ ပြုစုစောင့်ရှောက်ပေးသည့်အပြင်၊ မိမိတို့နေအိမ်၊ မြို့ ရွာများသို့ မပြန်ချင်ကြသောရောဂါသည်တချို့တို့အားလည်း ပြန်လည်ထူထောင်ရေး နေအိမ်၊ မြေယာများကိုလည်း တည်ဆောက်ချထားပေးသည်ကိုတွေ့ရှိရ၍ ခေတ်အဆက်ဆက် တာဝန်ယူလုပ်ဆောင်ခဲ့ကြသော ဆရာဝန်ကြီးများနှင့်တကွ နှစ်ပေါင်း (၁၀၀) ကျော်တိုင်အောင် လူသားအကျိုးပြုဆေးရုံကြီးအဖြစ် ရပ်တည်ပေးသောဆေးရုံကြီးသည် နှစ်တစ်ရာကျော်မှသည် နှစ် (၁၀၀၀) ကျော်တိုင်အောင် ဆက်လက်ရပ်တည်နိုင်ပါစေကြောင်း သတိရဆုတောင်း မေတ္တာပို့သပါသည်။



### ၉။ ကျေးဇူးတင်ခြင်း။

မော်လမြိုင်၊ အနာကြီးဆေးရုံသို့ တစ်လတာ ကွင်းဆင်းလေ့လာခြင်းအစီအစဉ် ဖြစ်လာရန်အတွက် တာဝန်ယူလုပ်ဆောင်ပေးခဲ့သော ကျောင်းတော်ကြီးမှ တာဝန်ရှိကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/မများ၊ အလှူရှင်များ၊ လိုလေသေးမရှိအောင် ညှိခံလက်ခံပေးသော အနာကြီးဆေးရုံမှ ဆေးရုံအုပ်နှင့်တကွ ဆရာ/မများ၊ မော်လမြိုင်မြို့ရှိ အင်္ဂလီကန်ဘုန်းတော်ကြီးနှင့်တကွ အသင်းသူ/သားများ၊ လေ့လာရေးခရီးသွားရာတွင် ကားမောင်းကူညီပေးသော ဆရာဉာဏ်လင်းနှင့် ကျေးဇူးတင်ထိုက်သောသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ၁၀။ အပြန်ခရီး (ရန်ကုန်)

မော်လမြိုင်မှ ရန်ကုန်သို့ ချမ်းမြေ့ကြွယ် Express ကားဖြင့် မနက် (၈:၀၀) နာရီတွင် ထွက်ခွာခဲ့ကြရာ ညနေ (၄:၀၀) နာရီကျော်တွင် အမိကျောင်းတော်ကြီးသို့ အသင့်ကြိုသောကျောင်းကားဖြင့် ချောမောစွာဖြင့် ပြန်လည်ရောက်ရှိခဲ့ကြပါသည်။ ၉.၄.၂၀၁၀ နေ့တွင် မိမိတို့ဌာနေသို့ အသီးသီး ပြန်ခဲ့ကြပါသည်။❑

## ဟာသ

### အဟုတ်မှတ်လို့

ဆန်းဒေးစကူးတက်ဖို့ အလွန်အပျင်းထူတဲ့ ယုဒအောင် ဆိုတဲ့ ဆန်းဒေးစကူးကလေးဟာ ထူးထူးဆန်းဆန်း ဆန်းဒေးစကူးတက်လာတာကို ဆရာမဖွေးဖွေးဝင်းက အံ့သြတကြီး မေးလိုက်တယ်။
ဆရာမ ။ ။ "သားလေး ဘုရားကျောင်းလာတဲ့အတွက် ဆရာမ အရမ်းဝမ်းသာတယ်ကွဲ့။ ဩော် ဒါနဲ့ သားက ဘာစိတ်ကူးပေါက်လို့ ဆန်းဒေးစကူးတက်တာလဲ ပြောပြပါဦး...ဆရာမကို" ဆိုတော့ ကလေး သူ့လက်ကို စုပ်ရင်း ခေါင်းကလေးကိုကုတ်ပြီး ဖြေလိုက်တဲ့ပုံက ...
"သားမေမေကပြောတယ်..ဆရာမက သကြားလုံးကျွေးမယ်တဲ့။ ဟုတ်တယ်မဟုတ်လားဟင်" ။ (ပူစီခင်)

### အသင်အပြကောင်းတဲ့ဆရာ

ဖခင်များရဲ့ တစ်နေ့တာအစီအစဉ်တစ်ခုမှာ ဓမ္မဆရာတစ်ဦးက အရက်သောက်တာဟာ ကျန်းမာရေး ထိခိုက်တဲ့အကြောင်း ဟောပြောပြီး ပရိသတ်တွေမြင်သာလာအောင် တီကောင်တစ်ကောင်ကို အရက်ခွက်ထဲ ထည့်ပြီး အရက်ရဲ့အပူရှိန်ကြောင့် သေသွားတဲ့တီကောင်ကို ထောင်ပြပြီးတော့...
"ဟောဒီမှာ ကြည့်ကြ၊ အရက်က ဘယ်လောက်တောင်ပူလဲဆိုတာ တီကောင်တောင်သေသွား တယ်။ ဒါကြောင့် အရက်မသောက်နဲ့" လို့ပြောတဲ့အခါ နောက်ဆုံးခုံမှာ အရက်ပုလင်းကို ခါးကြားထဲညှပ်ထားတဲ့ အသင်းသားတစ်ဦးက ယိုင်တိယိုင်တိုင်ထပြီး ..
"ဆရာကလည်းဗျာ...ဒီလောက်ကြီးတဲ့တီကောင်တောင်သေသွားနိုင်ရင် ကျွန်တော်တို့ ခန္ဓာကိုယ်ထဲမှာ ရောဂါဖြစ်စေနိုင်တဲ့ ရောဂါပိုးတွေသေသွားနိုင်တာပေါ့ ဟဲ ဟဲ...." လို ပြောလိုက်လေသတည်း။ (ပူစီခင်)

ယနေ့ အသင်းတော်သည် မှန်မှန်ပင် တိုးတက်နေပါသည်။ အသင်းတော်၏ခြေလှမ်းတို့သည် မြဲမြံသော၊ ခိုင်မာသောတည်တံ့မှုဖြင့် မှန်မှန်ကြီး လှမ်းလျက်ရှိပါသည်။ အသင်းတော်၏ခြေလှမ်း ထက်မြက်သွက်လက်ရေး အတွက် တစ်ဦးစီပါဝင်သော အသင်းတော်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်တစ်ဦးစီ၏ အားထုတ်မှုကို အပြည့်အဝ ရယူရသည်။ အခြေခံအားဖြင့် ခရစ်တော်ကို ယုံကြည်စိတ်ချစွာ ကိုးကွယ်လျက် ခရစ်တော်ကိုသိသော ခရစ်ယာန်များ အသွင်ကိုဆောင်ကာ အသင်းတော်အပေါ် နားလည်မှု၊ သဘောပေါက်မှုရှိသူများဖြစ်သည်။ ထိုအထဲတွင် လူငယ်များသည် အသင်းတော်၏ခြေလှမ်းကို သွက်လက်စေရေးအတွက် ဆောင်ကြဉ်းရာတွင် တစ်ထောင့်တစ်ကဏ္ဍမှနေ၍ ပါဝင်လျက် ရှိနေပေသည်။

အသင်းတော်၏ခြေလှမ်းများ သွက်လက်ထက်မြက်ရေးတွင် လူငယ်၏စွမ်းအား၊ လူငယ်၏အားထုတ်မှု၊ ဆက်ကပ်မှု၊ ပံ့ပိုးမှုသည် သူ့အတိုင်းအတာနှင့်သူ ရေ့ရာန်းမှ အရေးပါသည်ကတော့အမှန်ပင်။ ဤသို့အရေးပါခြင်း၏ အကြောင်းရင်းကား လူငယ်သည် မိမိ၏ကိုယ်ပိုင်အချိန်များတွင် ကိုယ်ရေးကိုယ်တာအတွက်သာမက အသင်းတော်အတွက် အချိန်ပိုလုပ်အားပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ အသင်းတော်အတွက် အချိန်ပေးရမည်ဖြစ်ကြောင်း သဘောပေါက်သောကြောင့်လည်းဖြစ်သည်။

သို့ရာတွင် အသင်းတော်အတွက် မိမိကိုယ်ပိုင်အချိန်ကို ဖဲ့ဝေပေးခြင်းတွင် စည်းစနစ်နှင့် တန်ဖိုးရှိမှုကို အလေးအနက် နားလည်ထားတတ်ရန်လိုပါသည်။ အသင်းတော်အတွက် အချိန်ပေးသည်ဟုဆိုသော်လည်း မိမိပေးသော အချိန်ကို တန်ဖိုးရှိရှိအသုံးမပြုပါက အသင်းတော်အတွက် အကျိုးဖြစ်ထွန်းလိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် အသင်းတော်အတွက် အချိန်ပေးရာတွင် အချိန်၏တန်ဖိုးကို နားလည်ရမည်။ လေးစားရမည်။ စည်းစနစ်ကျစွာ သုံးတတ်ရမည်။ အချိန်ဖြင့် လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်တတ်ရန် လိုအပ်ပေသည်။

လူသားတို့က အချိန်ကို စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ် စသည်ဖြင့် တွက်ချက်သတ်မှတ်ထားကြပါသည်။ အချိန်ကြောင့် အရာဝတ္ထုမှန်သမျှသည် ဟောင်းနွမ်းရင့်ရော်ပျက်စီးသွားရသကဲ့သို့ အချိန်ကြောင့် သစ်လွင်တောက်ပ လန်းဆန်းလာကြရသည်။ အချိန်ကြောင့် အဟောင်းနှင့်အသစ်တို့သည် သံသရာလည်နေ၍ အချိန်သည် တလောကလုံးကို စိုးမိုးထားပေသည်။

# ရွှေရတုမှသည်

## ဘော်ဒွေးကြာ (ဘားအံ)





အောင်မြင်မှုမှန်သမျှကို ကြည့်မည်ဆိုလျှင် အချိန်ကို တန်ဖိုးရှိရှိအသုံးချတတ်မှု၊ အချိန်၏တန်ဖိုးကို နားလည်မှု၊ အချိန်ယူတွေးတော၊ ကြံဆတီထွင်စမ်းသပ်နိုင်မှုတို့ကြောင့်ပင်ဖြစ်သည်။ လောကတွင် မဖြစ်နိုင်သောအရာနှင့် မအောင်မြင်သောကိစ္စ ဟူ၍မရှိ၊ မဖြစ်နိုင်သေးသည့်အရာနှင့် မအောင်မြင်သေးသည့်ကိစ္စတို့သာရှိပါသည်။ ထို့ကြောင့် အောင်မြင်မှု၊ တိုးတက်မှုအားလုံးသည် အချိန်ကို နည်းလမ်းတကျ သုံးစွဲတတ်သည့်အပေါ်တွင် မူတည်ကြောင်း တွေ့ရှိရပေသည်။ အသင်းတော်အတွက် မိမိပေးသောအချိန်ကို မိမိကိုယ်တိုင်က တန်ဖိုးသိလျက် နည်းလမ်းတကျ သုံးသွားဖို့ရန် ဖြစ်သည်။ အချိန်ကို လေးစား၍ အချိန်၏အတိုင်းအတာကို တွက်ဆတတ်ဖို့ရန် လိုအပ်ပေသည်။

အချိန်ကို တန်ဖိုးထားလေးစားကြမည်ဆိုလျှင် တိုင်းပြည်အတွက်၊ အသင်းတော်အတွက်၊ မိမိအတွက်ပါမကျန် အကျိုးရှိရှိ၊ တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ဆောင်ရွက်ရမည့်တာဝန်မှန်သမျှကို စက္ကန့်၊ နာရီ၊ နေ့ရွှေ့ ညရွှေ့မလုပ်ဘဲ သတ်မှတ်ထားသည့် အတိုင်းအတာအတွင်း ပြီးစီးအောင်ဆောင်ရွက်ရပေမည်။ အကျိုးအကြောင်း၊ ဆီလျော်ပါလျက် မဆောင်ရွက်ခြင်း၊ မပြုလုပ်ခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးမှုမရှိခြင်းတို့ကြောင့် စီမံထားသော၊ ရည်ရွယ်ထားသော၊ ကြံစည်ထားသောလုပ်ငန်းတို့သည် မအောင်မြင်ဘဲ နစ်နာဆုံးရှုံးရမည်မှာ ဓမ္မတာပင်ဖြစ်တော့သည်။ အထူးသဖြင့် မိမိကိုယ်ပိုင်အချိန်ကို ဝေမျှပေးကမ်းသော်လည်း အကျိုးတရားကား ပေါ်မလာခြင်းပင်ဖြစ်ပေသည်။

အသင်းတော်၏ သမိုင်းကဏ္ဍတွင် အင်္ဂလီကန်လူငယ်များအသင်း၏ မြဂိုးကြီးနောက်ဆက်တွဲလုပ်ငန်းများကို မေ့ထား၍ ရနိုင်မည်မဟုတ်ပါ။ မြဂိုးကြီး လူငယ်ဓမ္မနီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်များ၊ ကြံစည်အားထုတ်မှုများကို အကောင်အထည်ဖော်ခဲ့ကြသကဲ့သို့ ၁၉၈၅ ခုနှစ်၊ အင်္ဂလီကန်လူငယ်များအသင်း၏ (၂၅) နှစ်မြောက် ငွေရတုသဘင်တွင်လည်း ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲ၊ ဆုံးဖြတ်ချက်များချမှတ်၊ စိန်ခေါ်မှုများနှင့်အတူ တက်လှမ်းအကောင်အထည်ဖော်ခဲ့သည်မှာ ယခုဆိုလျှင် နှစ် (၅၀) ပြည့်ဆီသို့ ရောက်ခဲ့ပါတော့သည်။ ကြိုတင်ပြင်ဆင်မှုလုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ အချိန်၏ရွေ့လျားမှုနှုန်းထားအတိုင်း ၂၀၁၀၊ နှစ် (၅၀) ပြည့် ရွှေရတုသဘင်ဆီသို့ ကေန်မုချဦးတည်ရောက်လာမည် ဖြစ်ပါတော့သည်။ အသင်းတော်၌ ခေါင်းဆောင်ကောင်း မပြတ်လပ်ရန်၊ ပိုမိုပေါ်ထွက်ရန် အသင်းတော်၏ဝိညာဉ်ရေး ပိုမိုနက်ရှိုင်းရန်၊ အသင်းတော်ကိစ္စအဝဝကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်မှာ အချိန်ကို လေးစား၍ တန်ဖိုးထားရှိမှုအပေါ် မူတည်ပေသည်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့် ဆိုသကဲ့သို့ မိုးလွန်မှ ထွန်ချလျှင် အလဟဿဖြစ်ရမည်မှာ ကေန်ဖြစ်သည်။ လသာတုန်းဗိုင်းငင်၍ အချိန်ရှိခိုက် လုံ့လစိုက်တတ်မည်ဆိုလျှင် ရေနက်ရာသို့ ရွှေ့ ဦးလော့၊ သင်၌တစ်ခုလိုသေးသည်၊ အကျွန်ုပ်ကို စေခိုင်းတော်မူပါ ဟူသော ပန်းတိုင်သည် အနေးနှင့်အမြန် နီးကပ်လာမည်သာဖြစ်လျက် အ၊ လ၊ င၊ သ ၏ မူ (၅) ချက်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ယုံကြည်ခြင်းနှင့် ကျင့်သုံးမှုကို ခံယူကျင့်သုံးရာတွင်လည်းကောင်း၊ ဝိညာဉ်ရေး၊ စည်းရုံးရေး၊ ငွေရေးကြေးရေး၊ အသင်းအဖွဲ့အရေးများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အချိန်ကို တန်ဖိုးရှိရှိ အသုံးချတတ်မှုက အဆုံးအဖြတ်ပေးမည်သာဖြစ်သည်။

ဤသို့ဆိုလျှင် လူငယ်တိုင်းနှင့်အကျုံးဝင်နေပြီး တစ်ဦးစီ တစ်ဦးစီသည် မိမိအသက်တာကို ခရစ်တော်နှင့် အသင်းတော်အတွက် တည်ဆောက်ရာတွင် တန်ဖိုးရှိသောအချိန်ကို အကျိုးရှိရှိ ဆက်ကပ်ပေးလှူနိုင်ကြပါစေကြောင်း "ရွှေရတု" မှသည် ...။

ဆန္ဒမွန်ဖြင့်

ဘော်ဒွေးကြာ (ဘားအံ)



# ထီးအေးနယ်မှ ရောင်စုံရသများ

(မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
(၂၀၀၉-၂၀၁၀) ပညာသင်နှစ်၊ ဒုတိယနှစ်ကျောင်းသူ/သားများ၏ ကွင်းဆင်းလေ့လာရေးခရီးစဉ်)

## စောကလိုထူးဝါး (ဒုတိယနှစ်)

အသက်ရှင်စဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခရီးပေါင်းများစွာ၊ နေရာဒေသမျိုးစုံ၊ လူအမျိုးမျိုးနှင့် နေထိုင်တွေ့ ကြုံခဲ့ဖူးပါသည်။ ထိုသို့သောခရီးစဉ်များစွာထဲမှ ၂၀၁၀ ပြည့်နှစ်၊ မတ်လတွင်သွားခဲ့သော ခရီးစဉ်သည် ကျွန်တော့်အတွက်သာမက ခရီးသွားဖော်အားလုံးအတွက်ပါ တစ်သက်တာ မမေ့နိုင်ဖြစ်ခဲ့ပါသည်။ ပြန်တွေးမိလေတိုင်း ကြည်နူးဝမ်းသာမိသကဲ့သို့ ပြင်ဆင်ပို့ဆောင်ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကို ထပ်ခါထပ်ခါ ချီးမွမ်းမိပါသည်။ သွားခဲ့သောခရီးစဉ်ကို တွေးမိလေတိုင်း ဤခရီးသွားရန် အကြောင်းဖန်လာပုံကို ပြန်လည်မြင်ယောင်မိပါသည်။

မေ့မရနိုင်သောခရီးကို အတူသွားလာနေထိုင်ခဲ့သော ခရီးသွားဖော်များမှာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ဒုတိယနှစ်တွင် ပညာသင်ယူနေကြသော ကျောင်းသား/သူ (၇) ဦးဖြစ်ပါသည်။ နာမည်နှင့်တကွ ဖော်ပြရလျှင် (၁) စောကလိုထူးဝါး (တောင်ငူ)၊ (၂) နော်ပလေလိုဖော (တောင်ငူ)၊ (၃) ဂိုးဇက်ဘရန်မိုင် (မြစ်ကြီးနား)၊ (၄) စီစီလျာမိုးမိုးဝင်း (မြစ်ကြီးနား)၊ (၅) စောခလေးစော (ဘားအံ)၊ (၆) ဒံယေလစနိုင်ထွင့်ဦး (ရန်ကုန်)၊ (၇) ဆလိုင်းမိုက်ကယ်နိုင်ထွန်း (ရန်ကုန်) တို့ဖြစ်ကြပါသည်။ ကျွန်တော်တို့သွားခဲ့သော ခရီးစဉ်မှာ အပျော်သက်သက်သွားခဲ့သောခရီးစဉ် မဟုတ်ပေ။ စိတ်ကူးပေါက်၍ ထသွားဖြစ်ခဲ့သောခရီးစဉ်လည်း မဟုတ်ခဲ့ပေ။ တစ်နေ့သောအခါ ကျွန်တော်တို့သူငယ်ချင်းခုနစ်ယောက် စာသင်နေချိန်တွင် ဆရာကြီးဦးအောင်လှထွန်းမှ ကျွန်တော်တို့အား နွေရာသီကျောင်းပိတ်ရက်အတွင်း တစ်လခန့် "Mission" ခရီးစဉ်သွားရမည်ဟု ပြောပါသည်။ ထိုသတင်းကို ကြားသိရသည့်အချိန်မှစ၍ ကျွန်တော်တို့အားလုံး ခရီးစဉ်အပေါ် အတွေးကိုယ်စီဖြင့် မျှော်မှန်းခဲ့ကြပါသည်။ "Mission" ခရီးစဉ်ဟု ဆိုရာတွင် အခြားမယုံကြည်သူများထံ အဓိကထား အာရုံစိုက်သွားရောက်ခြင်းမဟုတ်ဘဲ ယုံကြည်သူ မိမိခရစ်ယာန်မိသားစုများအတွင်း၌သာ သွားရောက်၍ အပြန်အလှန်အတွေ့အကြုံဝေငှခြင်း၊ အပြန်အလှန်သင်ယူမှုများပြုခြင်းဖြင့် ဘုရားရှင်အား ပိုမိုသိရှိလာနိုင်ရန်အတွက်ဖြစ်သည်။ ဆရာကြီး ဦးအောင်လှထွန်းမှ ကျွန်တော်တို့အား "တောင်ငူသာသနာပိုင်နယ်သို့ သွားရမည်" ဟုပြောသောအခါ ကျွန်တော်တို့အားလုံးမှာ ဤခရီးစဉ်ကို အမြန်သွားလိုစိတ်များ ဖြစ်လာခဲ့ပါသည်။ ဆရာကြီးဦးအောင်လှထွန်းသည်လည်း ကျွန်တော်တို့အား လိုအပ်သောပြင်ဆင်မှုများကို အမြဲမပြတ် ပြုလုပ်ပေးခဲ့ပါသည်။ ဆေးကျောင်းသားများမဟုတ်သော်လည်း အများစုဖြစ်တတ်သော ရောဂါများကို ကုသနိုင်ရန် ဆေးပညာရပ်ကို ဆရာကြီးမှ သင်ကြားပေးခဲ့ပါသည်။ ကျွန်တော်တို့အဖွဲ့ကို ဦးဆောင်ပေးမည့်သူမှာ ဆရာမနော်မြတ်စုမွန် (ခ) ချိုတူး ဖြစ်ပါသည်။ အထူးသဖြင့် ဆရာကြီးဦးအောင်လှထွန်းမှ ကျွန်တော်တို့အား မိမိသွားရောက်သောနေရာတွင် ပုံသက်သေကောင်းပြရန်၊ ဆုတောင်းခြင်းအမှု အမြဲပြုရန် သွန်သင်ခဲ့ပါသည်။ ခရီးစဉ် Mission Trip သွားရမည်ဟု သိသည့်နေ့ကပင် ကျွန်တော်တို့သူငယ်ချင်း (၇)ဦးသည် လိုအပ်သောပြင်ဆင်မှုများကို ပြုခဲ့ပါသည်။ သူငယ်ချင်းများ အတူတကွ ဆုတောင်းခြင်း၊ တာဝန်များခွဲဝေသတ်မှတ်ခြင်း၊ ခရီးစဉ်၌အသုံးပြုရန် လိုအပ်သော ငွေကြေးများအတွက် စုဆောင်းခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းများ လေ့ကျင့်ခြင်းတို့ဖြင့် စိတ်လှုပ်ရှားစွာ ပြင်ဆင်စောင့်ဆိုင်းခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ မတ်လ (၄)ရက်နေ့တွင် ရထားဖြင့် တောင်ငူမြို့သို့ စတင်ထွက်ခွာခဲ့ပါသည်။ ဆရာကြီးဦးအောင်လှထွန်းနှင့် ဆရာမနော်မြတ်စုမွန်တို့သည် တောင်ငူမြို့ ၌ ကြိုတင်ရောက်နှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သူငယ်ချင်း (၇) ဦးသည် အတွေးကိုယ်စီဖြင့် ရထားနှင့်ခရီးနှင်ကာ (၄) ရက်နေ့တွင် စတင်ထွက်ခွာခဲ့သည်။ နေ့လည် (၁) နာရီခန့်တွင် တောင်ငူမြို့သို့ ရောက်ပါသည်။ ရာသီဥတုပူပြင်းသည့်ဒဏ်ကြောင့် ပင်ပန်းသယောင်ရှိသော်လည်း မိမိတို့ သွားရမည့်ခရီး နီးကပ်လာပြီကိုသိ၍ တက်ကြွပျော်ရွှင်စွာပင် နေပူဒဏ်ကို အန်တုရင်း တောင်ငူသာသနာဝင်းသို့ သွားရောက်ခဲ့ပါသည်။

အနားယူသာသနာပိုင် ဆရာတော်ကြီး ဂျော့ချ်ကျော်မြ၊ နယ်စီးသာသနာပိုင် ဆရာတော်ကြီး ဒေါက်တာစောဂျွန်ဝေးလ်မီ၊ ကြိုတင်ရောက်နှင့်နေသော ဆရာကြီးဦးအောင်လှထွန်း၊ ဆရာမချိုတူးနှင့် အခြားနယ်ခံ တာဝန်ရှိသူများ၏စီစဉ်ပေးမှုကြောင့် တောင်ငူသာသနာရုံးဝင်း၌ တစ်ပတ်ခန့်နေထိုင်ကာ လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ခွင့်ရခဲ့သည်။ တောင်ငူမြို့တွင်ရှိစဉ် ဗတ္တိဇံဆရာရှင်ယောဟန်အသင်းတော်နှင့် ရှင်ပေါလုကာသီဒြယ်အသင်းတော် သို့ သွားရောက်ကာ မိတ်သဟာယပြုစေခဲ့သည်။ ထို့ကြောင့် ၎င်းအသင်းတော်ရှိ အသင်းသူ/သားများနှင့် ရင်းနှီးခွင့်ရ အသင်းတော်တွင်ပြုလုပ်သော အစီအစဉ်များ၌ပါဝင်ခွင့်ရခဲ့ပါသည်။ ထို့အပြင် အသင်းသားအချို့မှ အလှူငွေများ လှူဒါန်းသကဲ့သို့ ထမင်းတည်ခင်းဧည့်ခံကျွေးမွေးခြင်းများ ရှိခဲ့ပါသည်။ နေ့ခင်းအချိန်များတွင် ဆရာကြီး ဦးအောင်လှထွန်းမှ ထီးဒေးသို့ ခရီးမဆက်မီ ကျွန်တော်တို့ (၇) ယောက်သည် မိမိ လိုအပ်မှုများကို သင်ကြားပြင်ဆင်ပေးခဲ့ပါသည်။ ကြိုးစားလုပ်ဆောင်ပြီး ဘုန်းတော် သွားသောနယ်၌ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် တတ်စွမ်းသရွေ့ ကြိုးစားလုပ်ဆောင်ပြီး ဘုန်းတော် ညိုးနွမ်းစေမည့်အပြုအမူ ပြောဆိုမှုကို ရှောင်ကြဉ်မည်ဟု နယ်စီးသာသနာပိုင်ကြီး ဒေါက်တာစောဂျွန်ဝေးလ်မီ၊ ဆရာကြီးဦးအောင်လှထွန်းနှင့် ဆရာမချိုတူးရှေ့တွင် ကတိပြုခဲ့ကြသည်။ ထီးဒေးခရီးစဉ်ကို သာသနာပိုင်ဆရာကြီး နှင့်တကွ နယ်စီးဘုန်းတော်ကြီး၏စီစဉ်ပေးမှုဖြင့် အဆင်ပြေစွာ ခရီးဆက်နိုင်ခဲ့ပါသည်။ ထီးဒေးဘုန်းကြီးပိုင်နယ်၊ အောင်နန်းချိုရွာရှိ ရှင်မာရိအသင်းတော်သို့ ရောက်ရှိခဲ့သည်။ နယ်စီးဘုန်းတော်ကြီးနှင့်တကွ အသင်းသူ/သားများ၏ နွေးထွေးသော ကြိုဆိုမှုကြောင့် ကြည်နူးဝမ်းသာမိခဲ့ရပါသည်။ ထိုနေ့ မွန်းလွဲပိုင်းအချိန်တွင် ဘုန်းတော်ကြီးစောလို၏

ဦးဆောင်မှုဖြင့် ကျွန်တော်တို့အဖွဲ့ထဲမှ စောခလေးစောသည် ခြောက်အိမ်စုရွာသို့ကြိုတင်သွားရောက်ကာ အသင်းသူ အသင်းသားများနှင့်အတူ မိတ်သဟာယဖွဲ့ ဝတ်ပြုခဲ့ပါသည်။ ကျန်ရှိသော ကျွန်တော်တို့မှာ နံနက်အိပ်ရာထချိန်တွင် တစ်နေရာ၌ အတူတကွစုဝေး၍ တစ်နေ့တာအတွက် ဆုတောင်းခွန်အားယူခြင်းဖြင့် အစပြုခဲ့ကြပါသည်။ ၎င်းနောက် နေ့ခင်းအချိန်တွင် ရှင်မာရိအသင်းတော်ရှိ ဓမ္မပညာကလေးများအတွက် သင်တန်းပြုလုပ်ခဲ့ပါသည်။ သမ္မာကျမ်းစာ သင်ကြားခြင်း၊ ဂုဏ်တော်ချီးမွမ်းသီချင်းသင်ကြားခြင်း၊ မိတ်သဟာယ ကစားခြင်းများဖြင့် အလှည့်ကျ တာဝန်ယူ လုပ်ဆောင်ခဲ့ပါသည်။ နံနက်ဝတ်၊ ညဝတ်များကိုလည်း ပုံမှန်ပြုလုပ်ကာ အားလပ်ချိန်များတွင် အသင်းသားများထံ သွားရောက်မိတ်သဟာယပြုခဲ့သည်။ ညနေပိုင်းတွင် ရေအနက် လက်တစ်လုံးသာသာရှိသော အောင်နန်းချိုချောင်းတွင် ရေစစ်ချိုးခဲ့ရသည်မှာ ကြည်နူးဖွယ်ဖြစ်ခဲ့သည်။ ညနေပိုင်းအချိန်များတွင် လူငယ်များနှင့်မိတ်သဟာယပြုကာ ဓမ္မတေးများ သင်ကြားပေးခဲ့ပါသည်။ ဤသို့ဖြင့် အောင်နန်းချိုတွင် (၃) ရက် ခန့်နေခဲ့ပါသည်။ အောင်နန်းချိုရှိ အသင်းသားများ၏ ပြောကြားချက်အရ ခြောက်အိမ်စုရွာသည် ခရီးဝေးပြီး တောင်ပေါ်ဒေသတွင် ရှိကြောင်း သိခဲ့ရသည်။ (၁၅ ) ရက်နေ့ နံနက် (၈) နာရီခန့်တွင် အောင်နန်းချိုမှ ခြေလျင်ဖြင့် စတင်ထွက်ခွာခဲ့သည်။ အောင်နန်းချိုရွာခံလူငယ်တချို့နှင့် ကလေးသူငယ်များ၏ ခရီးစဉ်တစ်ထောက် ပို့ဆောင်ပေးမှုကြောင့် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ဤသို့ ခရီးနှင်လာရင်း လမ်းခုလတ်တွင် ဆိုင်ကယ်လူကြုံများရှိ၍ တချို့မှာ လိုက်ပါသွားခဲ့သည်။ ကျန်သောသူငယ်ချင်းများမှာ လမ်းလျှောက်ရင်း၊ နားရင်းဖြင့် ခရီးဆက်ခဲ့ပါသည်။ နွမ်းနယ်မောပန်းသော်လည်း လမ်း၌ ကွေ့ဝိုက်စွာ စီးဆင်းနေသော ချောင်းများကို ဖြတ်ရသောအခါ အေးမြမှုနှင့်အတူ နွမ်းလျမှုများ ရေစီးကြောင်းနှင့်ပါသွားသည်ဟု ထင်ရပါသည်။ ရယ်ရွှင်စရာ စကားများပြောလိုက်၊ သီချင်းဆိုလိုက်၊ နားလိုက်၊ တစ်ယောက်နှင့်တစ်ယောက် စောင့်လိုက်ဖြင့် ခရီးဆက်ခဲ့သည်။ လမ်း၏အနေအထားမှာ ကျဉ်းပြီး တောင်ကမ်းပါးယံကဲ့သို့ဖြစ်လျက် တစ်ဖက်တွင် ချောက်ရှိသည်။ ရွာခံများအနေနှင့် ဆိုင်ကယ်ကို ကြောက်ရွံ့မှုမရှိ စီးနိုင်သော်လည်း ထီးဒေးနယ်ကိုမရောက်ဖူးသည့် ကျွန်တော်တို့အတွက်မူ စိတ်လှုပ်ရှား ဖွယ်ရာဖြစ်ခဲ့ရသည်။ လမ်းခရီးတစ်လျှောက် ရွာများ၊ နေပူကွင်းများ၊ အုံ့ဆိုင်းနေသောတောများကို အပူအအေး မျှတစွာ ခံစားလျက် ခရီးဆက်ခဲ့ပါသည်။ ကျွန်တော်တို့အား ခြောက်အိမ်စုရွာတွင် ကြိုတင်ရောက်ရှိပြီးသော သူငယ်ချင်း စောခလေးစောနှင့် ရွာခံကလေးအချို့ လာရောက်ကြိုဆိုခဲ့သည်။ ခြောက်အိမ်စုရွာသို့ရောက်ခါနီးတွင် လမ်းတစ်လျှောက် စိမ်းစိုလျက်ရှိသော ဖာလာပင်များနှင့်အတူ အေးမြသော စိမ့်စမ်းရေကို အသုံးပြုရန် ရေငင်နေကြသော ရွာခံအချို့ကို တွေ့၍ ကျွန်တော်တို့သွားမည့်ရွာသို့ ရောက်တော့မည်ဟု သိခဲ့သည်။ ထို့အတူ ဤအရပ်၌ ရေရှားမည်ဟု မှန်းဆမိ လိုက်သည်။ ညနေ (၄)နာရီခန့်တွင် ခြောက်အိမ်စုရွာရှိ သွပ်မိုး၊ ပျဉ်ထောင်ဖြင့် ရှင်းလင်းသပ်ရပ်စွာတည်ဆောက်ထားသော သာသနာ့အိမ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုညနေတွင် အသင်းတော်လူကြီးတစ်ဦး၏အိမ်တွင် သွားရောက်ကာ ညနေစာ သုံးဆောင်ခဲ့ပါသည်။ ကျွန်တော်တို့သွားလိုသည့်ခရီးကို ကောင်းမွန်စွာရောက်ရှိခဲ့သည့်အတွက် ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါသည်။ တာဝန်ခံဘုန်းတော်ကြီး၏ ကြိုတင်စီစဉ်မှု၊ အသင်းသူ/များတို့၏ ဖေးဖမှုကြောင့် နေရေး၊ ထိုင်ရေး ယင်းဒေသရှိ အသင်းသူ/သားများနှင့် တစ်သွေးတစ်သားတည်းနေပြီး အပြန်အလှန်ဖေးမကူညီခြင်းပြုရန်၊ သာသနာပြု အတတ်နိုင်ဆုံး မိမိခြေထောက်ပေါ်ရပ်တည်ပြီး အမှုတော်ဆောင်သည့်အလေ့အထကို ကြုံတွေ့ခံစားမိစေရန်နှင့် ထီးဒေး နယ်၏ ရာပြည့်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများပြုရာတွင် ပါဝင်ကူညီရန် ဖြစ်သည်။ ပွဲတော်အတွက် ပြင်ဆင်မှုများ မပြုရသေးသည့်အချိန်တွင် အသင်းသူ/သားများ၏ တောင်းဆိုမှုကြောင့် ဓမ္မပညာကလေးများသင်တန်းကို (၅) ရက်ခန့် ပြုလုပ်ခွင့်ရခဲ့သည်။ ထီးဒေးနယ်ရှိ ဓမ္မပညာကလေးများသည် လိမ္မာရေးခြားရှိပြီး ဆရာသမားများကို ဂါရဝထားတတ်သော



ကလေးများဖြစ်သည်။ အဖွဲ့ခေါင်းဆောင် ဆရာမနော်မြတ်စုမွန်မှစ၍ ကျွန်တော်တို့အားလုံးသည် နေ့စဉ်နေ့စဉ် နံနက် အိပ်ရာမှထသောအခါ အတူတကွ ဆုတောင်းပြီး နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းခြင်းများပြုခြင်းဖြင့် နေ့သစ် တစ်နေ့တာကို အစပြုခဲ့သည်။ ထိုသို့ ဆုတောင်းပြီးသည်နှင့် ကျွန်တော်တို့အားလုံး အလှည့်ကျတာဝန်ကိုယ်စီခွဲဝေကာ ရေခပ်သောသူက ခပ်၊ ထမင်းချက်သောသူက ချက်၊ ဓမ္မပညာကလေးများနှင့် နံနက်ဝတ်တက်သူက တက်ဖြင့် လုပ်ဆောင်ခဲ့သည်။ ထမင်းစားရာတွင် မိမိသူငယ်ချင်းချက်သောထမင်း နပ်၏၊ မနပ်၏၊ ဟင်းအရသာရှိ၏၊ မရှိ၏ကို ဂရုမစိုက်ဘဲ အားရပါးရ သုံးဆောင်ကြပါသည်။ အသင်းသားများအနေနှင့်လည်း မိမိတို့အိမ်မှ ဟင်းများကို ချက်ပြုတ်ပြီး လာရောက်ပေးကမ်းသောအခါ သူတို့၏စေတနာကို ကျေးဇူးတင်မိသည်။ ကျွန်တော်တို့ ထီးဒေးနယ်သို့ ရောက်သော အချိန်တွင် တောင်ငူသာသနာပိုင်နယ်၊ ဝေဲဂေလီနှင့်ဖွံ့ဖြိုးရေးဌာနမှဦးဆောင်၍ သောက်သုံးရေရရှိရန် စီစဉ်ပေးနေချိန် ဖြစ်သည်။ ရွာသားများ ရေအလွယ်တကူရရှိရန် ရေပိုက်များသွယ်ပေးခြင်း၊ ရေသိုလှောင်ကန်များ တည်ဆောက်ခြင်း ပြုလုပ်ကြသည်။ ထို့ကြောင့် ကျွန်တော်တို့ကျောင်းသားများသည် အလှည့်ကျ ၎င်းတို့၏ ရေရရှိရေးလုပ်ငန်းများတွင် ပါဝင်လေ့လာကူညီခွင့်ရခဲ့ပါသည်။ နံနက်စာ အတူတကွသုံးဆောင်ပြီးသည်နှင့် ဓမ္မပညာသင်ကြားခြင်း၊ ရေပိုက်သွယ်ခြင်း၊ ကျောက်ဆည်ကန်ဆောက်ခြင်း၊ ချက်ပြုတ်ခြင်း စသော ကဏ္ဍအသီးသီးတို့တွင် နေ့စဉ်အလှည့်ကျ ခွဲဝေလုပ်ဆောင် ကြသည်။ ဓမ္မပညာသင်ကြားရာတွင် သမ္မာကျမ်းစာ၊ ဓမ္မတေး၊ အင်္ဂလီကန်ကျင့်သုံးမှု၊ အသင်းတော်အကြောင်း သိကောင်းစရာများ ပါဝင်သည်။ နေ့ခင်းသင်တန်းနားချိန်တွင် အသင်းသားများအိမ်သို့ သွားရောက်မိတ်သဟာယပြုပြီး တည်ခင်းကျွေးမွေးသော တောင်ပေါ် သံပုရာဖျော်ရည်နှင့် စားစရာများကို စားသောက်ခဲ့ပါသည်။ ထို့နောက် ဓမ္မပညာသင်တန်းကို ပြန်လည်အစပြုခဲ့သည်။ သင်တန်းကာလတစ်လျှောက်နှင့် ကျွန်တော်တို့သွားသော မိတ်သဟာယ ပြုခြင်းများတွင် အမြဲတမ်း ဂီတာတီးပေးခြင်းဖြင့် ဆက်ကပ်အမှုဆောင်သော စောဘီးဘောကိုလည်း ကျွန်တော်တို့အားလုံး လှိုက်လှဲစွာ ကျေးဇူးတင်မိသည်။ ညပိုင်းအစီအစဉ်များတွင် ကလေးငယ်များအား မိတ်သဟာယပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ ဆုပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် တည်းခိုရာနေရာ သာသနာ့အိမ်တော်သို့ ပြန်လည်စုရုံးပြီး အတူတကွ တစ်နေ့တာ ဖြစ်ပျက်တွေ့ကြုံလုပ်ဆောင်ခဲ့သောအရာမှန်သမျှအပေါ် ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ပြီး ဆုတောင်းကာ အိပ်စက်အနားယူခဲ့သည်။ ထို့ပြင် မိခင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ကျင့်စဉ်သင်ကြားပေးခြင်း၊ နှုတ်ကပတ်တော်လေ့လာခြင်းများ ပြုလုပ်ခဲ့သည်။ (၂၂) ရက်နေ့တွင် တဲစုရွာသို့ သွားရောက်ခဲ့သည်။ ပူပြင်းသော တောင်ကုန်းများ၊ သစ်ပင်များအုပ်ဆိုင်းနေသော တောင်လျှောများကို တစ်လှည့်စီဖြတ်သန်း၍ သွားစဉ် မောပန်းညောင်းညာ သော်လည်း ဦးဆောင်သူ ဆရာမနော်မြတ်စုမွန်၏ တက်ကြွသောပြုမှုမှု၊ ရေမှ ဦးဆောင်လမ်းပြမှုကြောင့် ကျွန်တော် တို့သည်လည်း မောပန်းသည့်ကြားမှ ပျော်ရွှင်စွာပင် ခရီးဆက်ခဲ့သည်။ ပျူဟာဖော်ရွေလှသော တဲစုရွာတွင် (၃) ရက်ခန့် နေခဲ့သည်။ ထို (၃) ရက်တာအတွင်း ဓမ္မပညာသင်တန်းပြုလုပ်ပေးခြင်း၊ ညပိုင်းတွင် လူငယ်များနှင့် မိတ်သဟာယဖွဲ့ ခြင်း၊ ဓမ္မတေးသီချင်းသင်ကြားခြင်၊ မိခင်များအား ကွာယာသင်ကြားပေးခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ ထို့အပြင် လူငယ်တို့၏ ဦးဆောင်မှုဖြင့် ရေပူ၊ ရေအေး၊ ရေနွေး ချောင်းသုံးချောင်းဆုံသည့် အံ့ဩဖွယ်နေရာသို့ သွားရောက်ကာ လူငယ်များနှင့်အတူ ပျော်ရွှင်စွာ ရေချိုးခဲ့သည်။

ထို့နောက် (၆)အိမ်စုရွာသို့ ပြန်လာကာ လေးအိမ်စုရွာတွင် ကျင်းပမည့် ထီးဒေးရာပြည့်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုတွင် တတ်အားသရွေ့ ပါဝင်ကူညီအားဖြည့်ခဲ့ပါသည်။ ရာပြည့်ပွဲတော်တွင် လာမည့်ဧည့်သည်များ တည်းခိုရန်၊ ကျွေးမွေးရန် ပြင်ဆင်ကြသော ရွာသားများ၏ ချစ်စဖွယ်ဓလေ့ကိုလည်း တွေ့ရသည်။ ရွာသားများနှင့်အတူ ရာပြည့်ပွဲတော်အတွက် မဏ္ဍပ်ဆောက်ရန် ဝါးလုံးများသယ်ခဲ့သည်။ လေးလံသောဝါးများကို ယောက်ျား၊ မိန်းမမခွဲခြားဘဲ သယ်ကြသော အမျိုးသမီးအချို့ကို မြင်ခဲ့၍ သူတို့၏ အသင်းတော်အပေါ် အစေခံမှုကို လေးစားမိသည်။ ထို့ပြင်

ဆရာကြီးဦးအောင်လုထွန်းမှ ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုရာတွင် ဆေးပညာနှင့်ပတ်သက်၍ လူအများစု ဖြစ်လေ့ဖြစ်ထရှိသောဝေဒနာများကို ကုသရန် သင်ကြားပေးခဲ့သည်။ ထို့နောက် ထီးဒေးနယ်တွင် နေ့စဉ် မကျန်းမမာသောသူအချို့ကို တတ်စွမ်းသလောက် ကုသနိုင်ခဲ့သည်။ လက်တင်ခံမည့်လူငယ်များကိုလည်း သင်ကြားမှုများ ပြုလုပ်နိုင်ခဲ့သည်။ ကျွန်တော်တို့ ထီးဒေးနယ်သို့သွားသောအချိန်သည် ဝါတွင်းကာလ ဖြစ်သည်။ သောကြာနေ့ကြီးတွင်လည်း သခင်ခရစ်တော်၏ ကားတိုင်ခရီးစဉ်ကို အသင်းသားများနှင့်အတူ ဝတ်ပြုပါဝင်ခွင့်ရပြီး ကျွန်တော်တို့ (၇) ဦးမှ သခင်ခရစ်တော်၏စကားတော် (၇) ခွန်းကို တစ်ယောက်တစ်ခွန်းစီယူကာ အခြေပြု၍ တရားဒေသနာဝေမျှခွင့်ရခဲ့ပါသည်။ ထို့ပြင် တမော်ခိုရွာရှိ အသင်းတော်သို့သွားကာ ထိုရွာရှိ အသင်းသူ/သားများနှင့် မိတ်သဟာယပြုခွင့် ကလေးငယ်များအား နှုတ်ကပတ်တော်သင်ကြားခွင့် ရခဲ့ပါသည်။ ထို့ပြင် ခြောက်အိမ်စုရွာရှိ အသင်းသူအသင်းသားများက ဦးဆောင်လျက် ကလေးသူငယ်များနှင့်အတူ ရွာနှင့်မနီးမဝေးရှိ ကိုးတစ်ချောင်းသို့ တစ်နေ့တာခန့် ပျော်ရွှင်စွာ ပျော်ပွဲစားထွက်ခဲ့သည်။ ရွာသားအချို့နှင့် ကျောင်းသားတို့သည် ချောင်းရိုးတစ်လျှောက် ငါးများကိုဖမ်းပြီး အချို့မှာ ချောင်းစပ်တွင် နေရာထိုင်ခင်းများနှင့် ချက်ပြုတ်ရန်နေရာတို့ကို ပြင်ဆင်နေကြသည်။ ငါးဖမ်းသူများရောက်လာသောအခါ ယူဆောင်လာသော ငါးများနှင့် ဆန်များကို ဝါးဗူးထဲထည့်ကာ ချက်ပြုတ်စားသောက်ခဲ့ကြသည်။ ဝါးဗူးနှင့်ချက်ထားသော ထမင်းဟင်းကို ဝါးခွက်နှင့် ငှက်ပျောဖက်ပေါ်တွင် တည်ခင်းကာ လက်ရေတစ်ပြင်တည်းစားခဲ့ရသည်မှာ မမေ့နိုင်ဖွယ် ကြည်နူးခဲ့ရသည်။ သခင်ယေရှုထမြောက်ရာ အီစတာပွဲနေ့ နံနက်တွင် ပွဲတော်ဝတ်အပြီး နှုတ်ဆက်ပွဲကျင်းပခဲ့ပါသည်။ အသင်းသားများ၏ တန်ဖိုးမဖြတ်နိုင်သော မေတ္တာလက်ဆောင်များကို လက်ခံရရှိသကဲ့သို့ ကျွန်တော်တို့အဖွဲ့အနေနှင့်လည်း ထီးဒေးဘုန်းကြီးပိုင်နယ်အတွက် လိုအပ်သော မီးစက်ဝယ်ရန် အလှူငွေ (၁၅၅၀၀၀) ကျပ်တိတိအားဖြင့် ကူညီခဲ့ပါသည်။ နေ့လည် (၁၂) နာရီခန့်တွင် ခြောက်အိမ်စုရွာမှ အောင်နန်းချို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ခရီးစဉ်မှာ ဝေးသော်လည်း အပြုံးမပျက် လိုက်ပို့ကြသော လူငယ်အချို့ကြောင့် ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ အောင်နန်းချိုရွာသို့ ပြန်လာရာတွင် ခရီးစဉ်တစ်ဝက်မှစ၍ ဆိုင်ကယ်ကယ်ရီဖြင့် လိုက်ပို့ခဲ့သည်။ လမ်းတွင် ကြမ်းတမ်းသောကျောက်ခဲများ၊ တောင်ကုန်းများ၊ ချိုင့်ခွက်များ၊ ကမ်းပါးယံများ၊ ကွေ့ဝိုက်စီးဆင်းနေသောချောင်းငယ်ကလေးများကို ဖြတ်ကျော်ခဲ့ရသည်။ ကျွန်တော်တို့သူငယ်ချင်းအများစုမှာ ကြမ်းတမ်းသောလမ်းခရီးကို မသွားဖူးကြ၍ ဤလမ်းခရီးကို ဆိုင်ကယ်ဖြင့် လိုက်မောင်းဖို့စွာဖြတ်ခဲ့ရသည်။ အတွေ့အကြုံအသစ်ပေးသော ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ အောင်နန်းချိုရွာတွင် တစ်ညတာခန့် နား၍ (၅) ရက်နေ့တွင် တောင်ငူသို့ အပြန်ခရီးနှင်ခဲ့သည်။ တောင်ငူသာသနာဝင်း၌နေစဉ် ကျွန်တော်တို့အား မိသားစုသဖွယ် နေထိုင်ချက်ပြုတ်စားသောက်ခွင့်ပေးသော သာသနာပိုင်ကြီးဒေါက်တာစောဂျွန်ဝေးလ်မီကိုလည်း ကျေးဇူးတင်ပါသည်။

တောင်ငူသို့ ပြန်ရောက်စဉ် ညနေစာဖြင့် တည်ခင်းဧည့်ခံသော အနားယူသာသနာပိုင်ဆရာတော်ကြီးဂျော့ဂ်ျကျော်မြနှင့်အတူ မိသားစုဝင်အားလုံးကို ကျေးဇူးတင်ပါသည်။ တောင်ငူမြို့သို့ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် သာသနာပိုင်ကြီး၏စီစဉ်ပေးမှုဖြင့် ပျားစခန်းရွာရှိ ကျွန်တော်တို့သူငယ်ချင်း နော်ပလေလိုဖော၏ မိသားစု ဗိမာန်တော်နှင့် နော်ဘူဘောဆုတောင်းတောင်သို့ ဆရာစောထီစိုး၏ပို့ဆောင်မှုဖြင့် သွားရောက်လည်ပတ်ခဲ့ရသည်။ ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်တွင် အတူတကွ ပါဝင်ခွင့်ရခဲ့သည်။ ထိုနေ့တွင်ပင် သံတောင်ကြီးမြို့ရှိ ရှင်ဂျော့ဂျ်က်ကျွန်တော်တို့အဖွဲ့ကို ရှင်ဂျော့ဂျ်က်အသင်းတော် ဘုန်းတော်ကြီး ဖိလိပ္ပုတင်အုန်းနှင့် မိသားစုမှ ပျူငှာစွာ ကြိုဆိုဧည့်ခံပြီး ညနေစာ တည်ခင်းကျွေးမွေးခဲ့သည်။ ထို့နောက် တောင်ငူသို့ ပြန်လာခဲ့သည်။ ကျွန်တော်တို့ခရီးစဉ်သည် တစ်လတာဖြစ်၍ တစ်လပြည့်သောအခါ မိမိတို့သက်ဆိုင်ရာ သာသနာပိုင်နယ်သို့ (၇)ရက်နေ့တွင် ထွက်ခွာခဲ့ကြသည်။



ကျွန်တော်တို့၏ တစ်လတာခရီးစဉ်ကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ရှေ့ဆက် အမှုတော်ဆောင်ခြင်းအတွက် လိုအပ်သော အသိအမြင်များ၊ အတွေ့အကြုံများ၊ ခံယူချက်များ ရရှိစေပါသည်။ ကျွန်တော်တို့သည် ဤခရီးစဉ်အတွင်း အတူနေထိုင်စဉ် သွေးတော်စပ်သူများမဟုတ်သော်လည်း ခရစ်တော်၌ ညီအစ်ကိုမောင်နှမဖြစ်သည်ဟူသောအသိစိတ်ဖြင့် ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။ တစ်ဦးနှင့်တစ်ဦး နားလည်မှုများပိုလာသည်နှင့်အမျှ စည်းလုံးမှုလည်း တိုးလာပါသည်။ ထို့ပြင် အသင်းသားများနှင့် အတူနေထိုင်ခြင်းကြောင့် ၎င်းတို့၏ အားသာချက်၊ လိုအပ်ချက်များကို သိလာသည်။ မိမိတို့၏ ရှေ့ဆက်အမှုတော်ဆောင်ခြင်းအတွက် လိုအပ်မှုများနှင့်အတူ မိမိ၌ရှိသော ဆုကျေးဇူးဖြင့် မည်သို့အကျိုးရှိစွာ အမှုဆောင်ရမည်ကို သိလာသည်။ အချို့သောအမှုဆောင်များအနေနှင့် နေရာရွေး၍ အမှုဆောင်လိုကြသော်လည်း ဤခရီးစဉ်ဖြင့် ဘုရားသခင်၏အလိုတော်ကို ပို၍ သိမြင်လာကာ ကျရာနေရာတွင် ကျရာတာဝန်ကို ထမ်းဆောင်လိုစိတ်များ ပိုလာစေပါသည်။ ထီးဒေးခရီးစဉ်မှ ရရှိလာသော ပျော်ရွှင်မှုများ၊ အတွေ့အကြုံများကိုရေးရလျှင် ကုန်နိုင်မည်မထင်ပါ။ သေချာသည်မှာ ဤထီးဒေးနယ်တွင် တစ်လခန့် နေထိုင်လေ့လာခြင်းဖြင့် အမှုတော်ဆောင်ရန် ပြင်ဆင်နေကြသော ကျွန်တော်တို့အတွက် ခွန်အားနှင့် ဆောက်တည်ဖွယ်ရာများစွာပေးသော ခရီးစဉ်ဖြစ်ကြောင်း ဝန်ခံသိမှတ်သကဲ့သို့ ထိုခရီးစဉ်အားဖြင့် ပြင်ဆင်မှုပေးသော အဖဘုရားသခင်၏ ကျေးဇူးတော်ကိုလည်း အတူတကွ ချီးမွမ်းမိပါသည်။❑

## ဟာသ

### အသစ်

နှစ်သစ်ကူးအကြိုညတွင် ဖိုးကျော်အား ဓမ္မဆရာက နှစ်သစ်မှာ မည်ကဲ့သို့နေထိုင်သွားမည်နှင့် ပတ်သက်၍ အင်တာဗျူးခဲ့ပါသည်။

ဆရာ ။ ။ ဖိုးကျော် လာမည့်နှစ်သစ်မှာ ဘယ်လိုအသက်တာနဲ့ နေထိုင်သွားဖို့ စိတ်ကူးထားလဲ ခင်ဗျာ။

ဖိုးကျော်။ ။ ကျွန်တော်လား····နှစ်သစ်ဆိုတော့ ·· အပြစ်သစ်နဲ့ပေါ့ဆရာ ဟိ ဟိ "။ (ပူစီခင်)

### "စာတန်ကြီးက ပိုပြီးကြောက်နေပြီတဲ့"

လောကကြီးမှာ စာတန် ကြာကြာမနေရဲတော့ဘူး၊ လူတွေကိုကြောက်နေပြီတဲ့။

ဘာကြောင့်လဲဆိုတော့···

လူတွေက အပြစ်ကိုပြုတိုင်း သူ့အပေါ်မှာ ပုံချကြလို့တဲ့။ ဟော···ကြည့်ဦး သူ့ကိုအပြစ်တင်မယ့် လူတွေ ဒီလောကကမ္ဘာကြီးထဲမှာ နှစ်စက္ကန့်အတွင်း (၅) ယောက် မွေးဖွားလာတယ်။ သူ နေလို့မရဲတော့ဘူး။ ထွက်ပြေးနေပြီ။ (သောမတ်စ်ဘရန်မိုင်)



# မြင့်မိုရ်ထက်မြင့်သော မေတ္တာ

အားမိုင် (နာဂရိပ်သာ)

"အဘသည် သူ့ကိုမြင်လျှင် သနားသောစိတ်ရှိသည်နှင့် ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဖက်လျက် နမ်းရှုံ့လေ၏" (လုကာ ၁၅း၂၀)

(၁)

"သားငယ် လာပါဦး"

ညှော်ခန်း၌သတင်းစာဖတ်နေရာမှ ထွက်လာသောအဖေ့ အသံကို သူ မလွန်ဆန်နိုင်၊ အချိန်က ည ၁၁း၃၀ ရှိပြီ။ အဖေသည် ညနက်မှပြန်လာတတ်သော သူ့အကျင့်တွေကို ဘယ်တော့မှမနှစ်သက်ပေ။ အခုလည်း သူ့အား တမင်ထိုင်စောင့် နေခြင်းဖြစ်ကြောင်း သူသိသည်။ ထို့ကြောင့် အဖေနှင့်မျက်နှာချင်း ဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရသည်။

"မင်း ဒီအချိန် ဘယ်လျှောက်သွားနေတာလဲ၊ မင်းကို ငါ ညနက်တဲ့အချိန်အထိ လျှောက်မလည်ပါနဲ့လို့ ဒီလောက်ပြောလည်း ဘာကြောင့် နားမထောင်ရတာလဲ၊ မင်းအစ်ကိုကြည့်ပြီး နမူနာယူစမ်းပါ"

စက်သေနတ်လို တရစပ် ပစ်သွင်းတော့မည့် ဖေဖေ့စကားလုံးတွေကို သူ မကြားချင်တော့။ ထို့ကြောင့် "သား အရမ်းပင်ပန်းနေပြီ ဖေဖေ၊ ဒါကြောင့် သွားအိပ်တော့မယ် ဂွတ်နိုက်" ဟုပြောပြီး ထသွားမည်ပြုစဉ် ..

"မဂွတ်နိုက်သေးဘူး ဟောကောင်၊ မင်း အခု ဘယ်ကပြန်လာတာလဲ"

ဖေဖေ့စကား၌ ဒေါသသံ ပါလာသည်။ သူ့အား စိတ်တိုနေသည်ကို သဘောပေါက်သည်။ ထို့ကြောင့် အသာပြန်ထိုင်ရသည်။ ဖေဖေ မေးသောမေးခွန်းကို သူ မဖြေသေး။

"ဟောကောင် မင်းကို ငါမေးနေတာ မကြားဘူးလားကွာ"

"နိုက်ကလပ်က ပြန်လာတာ"

သူ မလိမ်ချင်၊ ဘယ်တော့မှလည်း လိမ်ခဲ့တာမဟုတ်။ ဒါကြောင့် အမှန်ကိုအမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ ဖေဖေ မကြိုက်ဆုံးသော ကလပ် ဆိုသည့်စကားကြားသောအခါ ...

ဖေဖေ့ဒေါသ ထိပ်ဆုံးသို့ရောက်သွားလေသည်။

"ဘာပြောတယ်ကွ၊ မင်းကို ငါ နိုက်ကလပ် မသွားရဘူး လို့ပြောထားတာ မင်း သိတယ်မဟုတ်လား၊ မင်း ငါ့ကို အရွဲ့တိုက်နေတာလားကွ"

"ဖေဖေ့စိတ်ထဲမှာ ထင်တဲ့အတိုင်း ဖေဖေ့မှာ ဖြစ်မှာပဲ"

"မင်း .. တောက်၊ မင်း ငါ့ကို ဘုကန့်လန့်စကားတွေ မပြောနဲ့ ဟောကောင်၊ မင်း နိုက်ကလပ်သွားတယ်ဆိုတာ ကောင်းတဲ့နေရာမဟုတ်လို့ တားနေတာကွ၊ မင်းတစ်ခုခုဖြစ်မှာစိုးလို့ ငါ တားနေတာ၊ ကလပ်တက်ရတိုင်း မင်းကိုယ်မင်း ဂုဏ်ယူမနေနဲ့"

"သားက ဘာဂုဏ်မှမရှိပါဘူး၊ ဖေဖေသာ ဂုဏ်တွေ၊ ငွေတွေ တွက်နေတာ"

"မင်းက ဘာမှမလုပ်အဲ တစ်နေကုန်လျှောက်သွားနေတာက လူ့တန်ဖိုး ဘာမှမရှိဘူးလို့ပြောနေတာကွ"

"ဘာလဲ ဖေဖေ့ပိုက်ဆံ ကုန်သွားမှာစိုးလို့လား"

"ဟောကောင် မင်း ငါ့ကိုမစော်ကားနဲ့"

"တော်ပါတော့ ဖေဖေရာ၊ ညီလေးလည်း ကိုယ့်အခန်းကို ကိုယ်သွားတော့"

ဒါကိုတော့ ကိုကြီးကို ကျေးဇူးတင်ရမည်။ ကြာရင် ဖေဖေ့လက်သီးက သူ့မျက်နှာပေါ် ရောက်လာတော့မည်။ အခုလည်း တစ်ချိန်လုံး လှေကားပေါ်မှာ ရပ်ကြည့်နေရင်းမှ ဖေဖေ့ဒေါသကိုဝင်ထိန်းပေးရင်း သူ့အား ထွက်ပေါက်ပေးလိုက်ခြင်းဖြစ်သည်။

"ဂွတ်နိုက်နော် ဖေဖေ"

သူ တမင်ပြောလိုက်ခြင်းပင်ဖြစ်သည်။ ဖေဖေကတော့ ဒေါသဖြစ်လျက် ကျန်ရစ်ခဲ့လေသည်။

အခန်း (၂)

သူ ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်ပြီး ဒီနေ့အကြောင်းကို ပြန်တွေးမိသည်။ မိမိ ဘာများမှားနေလို့လဲ၊ လက်ရှိ အဖေ့အခြေအနေအရဆိုရင် ဘာကိုမှကြောင့်ကြစရာရှိလို့လဲ၊ ငွေကြေးဥစ္စာအနေနဲ့ကြည့်မလား၊ ပိုင်ဆိုင်မှုအရာတွေနဲ့ပဲကြည့်မလား၊ နောင်ဆယ်နှစ်တောင်စား၍မကုန်နိုင်ပေ။ မိမိအပြင်ထွက်၍သုံးဖြုန်းနေတာတွေက ဖေဖေ့လိမ္မော်ခြံမှ တစ်ရက်ဝင်ငွေစာပင်မရှိ ပြီးလျှင် အလုပ်သမားဆိုရင်လည်း ရာထူးအမြင့်ဆုံး မန်နေဂျာမှစ၍ အနိမ့်ဆုံးခြံစောင့်အထိ ဝန်ထမ်းပေါင်း နှစ်ရာရှိသည်။ ဤမျှလောက်ပေါများနေတဲ့ အလုပ်သမားတွေကြားမှာ သူဘာလုပ်စရာရှိဦးမည်နည်း။ လုပ်စရာပင်မလို၊ ကိုကြီးဆိုလျှင် ဖေဖေ့အလုပ်တွေကို ကူညီလုပ်ကိုင်ပေးနေတာပဲ၊ ဒါတောင်မှ မလောက်နိုင်သေးဘူးလား၊ ဘာမဟုတ်တဲ့ မိမိသုံးစွဲနေတာ၊ ပျော်ပါးနေတာလေးကို ဖေဖေက လိုက်ပြီးတွက်ချက်နေလိုက်တာ၊ ဦးကပ်စေးလို့သာ ခေါ်ရမလိုလို။

"ဟူး . . .စိတ်မောလိုက်တာကွာ" သူ အသံထွက်၍ ညည်းမိသည်။

"ဟာ‥ ဟုတ်ပြီ၊ ငနောင် ဆီကို ဖုန်းဆက်ပြီး အကြံတောင်းကြည့်ဦးမှ"

သူငယ်ချင်း ငနောင့်ကို သတိရ၍ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ငနောင် ဆိုတာ နာမည်အရင်းက ရဲထွန်းနောင်၊ သူနဲ့ငယ်သူငယ်ချင်း၊ ကစားဖော်ကစားဖက်၊ တိုင်ပင်စရာရှိရင်လည်း သူနဲ့ အမြဲတမ်း တိုင်ပင်နေကြ၊ ယခုလည်း စိတ်လေလေနဲ့ သူ့ဆီ ဖုန်းဆက်ခြင်းပင်ဖြစ်သည်။ ဘာရယ်တော့မဟုတ်၊ ညဥ့်နက်ပြီမို့ ဖုန်းတော်တော်နဲ့မကိုင်ပေ။ နှစ်မိနစ်ခန့်ကြာမှ ထူးလာသည်။

"ဟဲလို ငနောင်၊ ငါပါဟ သားငယ်"

"ဟေ့ကောင် ညကြီးအချိန်မတော် ဘာအရေးကြီးလို့ ဖုန်းဆက်တာလဲကွ"

ငနောင်အသံက အိပ်ချင်မူးတူးနဲ့ မာန်သံအနည်းငယ် ပါလေသည်။ သူဆက်တဲ့အချိန်ကလည်း ဆယ့်နှစ်နာရီ ကျော်နေပြီကိုး။

"ဘာရယ်တော့ မဟုတ်ပါဘူးကွ၊ စိတ်ညစ်လို့ ဆက်လိုက်တာ"

"မင်းလို အရာရာပြည့်စုံတဲ့ကောင်က စိတ်ညစ်စရာတွေ ရှိနေသေးလို့လားကွာ"

"ရှိတယ်ကိုယ့်လူ၊ အရာရာပြည့်စုံပါတယ် ဆိုတဲ့ ငါ့ဆီမှာ စိတ်ညစ်စရာတွေ ပုံလို့ရှိတယ်ကွ"

"ကဲ ဘာလဲ အမြန်ပြောပါဦး"

"ငါ့အဖေနဲ့ ကွိုင်နေလို့"

"အဖေနဲ့သားပဲကွ၊ တစ်ခါတလေတော့ ကွိုင်မှာပေါ့"

"အခုဟာက အကြီးကြီး ကွိုင်တက်တာ၊ အဖေက ငါ့ကို ဘာမှတန်ဖိုးမရှိတဲ့ကောင်တဲ့ကွာ၊ အဲဒါကို ငါ မခံချင်ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"ဘယ်လိုမှလုပ်မနေနဲ့ ဟေ့ကောင်၊ မင်းအဖေ ပြောတဲ့အတိုင်း water follow fish follow နေလိုက်ပေါ့"

"မနောက်နဲ့ ဟေ့ကောင်၊ ငါက ငါ့အဖေကို တစ်ခုခုလုပ်ပြချင်လို့ကွာ၊ ငါ့ကိုတန်ဖိုးမရှိဘူးလို့ပြောတယ်။ လုံးဝမခံနိုင်ဘူးကွ"

"ဒါဆိုလည်း မင်းအိမ်ကထွက်ပြီး အပြင်မှာ စီးပွားရေးတစ်ခုခု လုပ်ပေါ့ကွာ၊ ငါ အရမ်းအိပ်ချင်ပြီ သားငယ်"

"ဟုတ်တယ်၊ ငါအပြင်ထွက်ပြီး တစ်ခုခုလုပ်မှ ဖြစ်မယ် Thank You, Good Night သူငယ်ချင်း"

သူ ဖုန်းချပြီး ပြန်စဥ်းစားသည်။ ဟုတ်တယ်၊ ဖေဖေ့ထံ အရင်းအနှီးယူ၍ စီးပွားရေးလုပ်မည်။ သူ့ဘဝမှာ တန်ဖိုးမရှိဘူးဟု ပြောသောဖေဖေ့ကို သူပြန်၍ တန်ဖိုးရှိကြောင်း ပြရပေမည်။ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။

အခန်း (၃)

"ဒေါက် ဒေါက် ဒေါက်".

မနေ့ညက ဘယ်အချိန်အိပ်ပျော်သွားသည်မသိ၊ ကိုကြီး တံခါးလာခေါက်မှ နိုးသည်။ ကိုကြီးက သူ့ခုတင်ဘေးနားမှာထိုင်၍ …

"ညီလေးထတော့ Breakfast စားဖို့ ဖေဖေ စောင့်နေတယ်"

မနေ့ညအရှိန်ကလည်း မပြေသေး၍ သူ ဖေဖေနဲ့ ထပ်မတွေ့ချင်ပါ။ ဒါပေမဲ့ မနေ့ညကဆုံးဖြတ်ချက်ကိုတော့ ဖေဖေ့ကိုပြောပြရမည်။ ထို့ကြောင့် သူ မထချင်ထချင်နဲ့ ထကာ "ညီလေးဆင်းလာခဲ့မယ် ကိုကြီး" ဟုပြောပြီး ရေချိုးခန်းဝင်မည်ပြုစဥ် …

"ညီလေး ဖေဖေနဲ့စကားပြောရင် အတတ်နိုင်ဆုံး မင်းစိတ်ကိုလျှော့ကွာ ‥ နော်"

အစ်ကိုကြီးက သတိပေးခြင်းပင်။ သူ့အတွက်ဆို အမြဲ ကာကွယ်ပေးနေကြ။ ယခုလည်း ဖေဖေနဲ့ စကားထပ်မများရန် သတိပေးခြင်းပင်ဖြစ်သည်။ "အင်းပါ" သူပြောပြီး ရေချိုးခန်းထဲ ဝင်သွားသည်။ သူဆင်းလာသောအခါ ထမင်းစားခန်းမှာ ဖေဖေနဲ့ အစ်ကိုကြီး ထိုင်စောင့်နေတုန်းရှိသေးသည်။ ဖေဖေသည် ဘယ်သောအခါမှ နံနက်စာကို သူတစ်ယောက်တည်းမစားပေ။ မိသားစုစုံမှ စားတတ်သည်။

"လာ ညီလေး၊ ဒီနေ့ မင်းကြိုက်တဲ့ ပေါင်မုန့်ကြက်ဥကြော်နဲ့ နွားနို့ လုပ်ထားပေးတယ်"



ကိုကြီးက ဖေဖေနဲ့သူ့ကြားမှာ ရန်စထပ်မပွားစေချင်၍ စကားချိုသွေးနေခြင်းပင်ဖြစ်သည်။ ဖေဖေက ဘာမှမပြော၊ သူကပင် "ဖေဖေ့ကိုပြောစရာရှိလို့" သူ စပြောလိုက်မှ ဖေဖေ့ မျက်နှာထောင်လာသည်။

"ဘာပြောမလို့လဲ"

"သားကို ရပိုင်ခွင့်ရှိတဲ့အမွေပေးတော့"

"ဘာကွ"

"သား အမွေတောင်းနေတာဖေဖေ၊ သားမှာ ဖေဖေ့ဆီက အမွေတော့ရပိုင်ခွင့်ရှိမယ်ထင်တယ်၊ ဒါကြောင့် သား ရထိုက်တဲ့အမွေကိုပေးတော့ လို့တောင်းတာ"

သူ တည်ငြိမ်စွာပြောလာသောစကားတွေကြောင့် ဖေဖေ ယိုင်လဲမတတ်ဖြစ်သွားသည်၊ ကုလားထိုင်ကို အားယူပြီးမှ …

"မင်း ‥ မင်း အမွေတောင်းရလောက်အောင် အိမ်က ထွက်သွားမလို့လားကွ"

"ဟုတ်တယ်"

"ညီလေး မင်း ဘာတွေပြောနေတာလဲ"

ကိုကြီးက ဖေဖေ့ကိုထူရင်း ပြောသည်။ ဘေးမှ ထမင်းချက်အန်တီကြီးက ပါးစပ်ဟလျက် ဘာမှမပြောနိုင်အောင် အံ့အားသင့်လျက်ရှိနေသည်။

"ကျွန်တော်ဆုံးဖြတ်ပြီးပြီ ကိုကြီး၊ ဒီအိမ်မှာနေရင် ကျွန်တော် ပျော်မှာမဟုတ်ဘူး၊ ဒါကြောင့် အပြင်ထွက်ပြီး စီးပွားရေးလုပ်မယ်၊ တန်ဖိုးရှိတဲ့လူဖြစ်အောင် ဖေဖေ့ကို လုပ်ပြချင်တယ်"

ဖေဖေက သူ့ကိုစေ့စေ့ကြည့်၍ …

"မင်း ဆုံးဖြတ်ချက်ကို ပြင်လို့ရသေးတယ် သားငယ်၊ ငါ ဘယ်သူ့ကိုမှ တင်းကျပ်တာမျိုးမလုပ်ချင်ဘူး"

"ကျွန်တော်ဆုံးဖြတ်ပြီးပြီ ဖေဖေ၊ ပြင်မှာလည်း မဟုတ်ဘူး"

"ညီလေး မင်း မဟုတ်တာလျှောက်မလုပ်နဲ့ကွာ"

အစ်ကိုကြီးက သူ့အား အံ့အားကြီးစွာ ဝင်တားသည်။ သူကတော့ တုတ်တုတ်မျှမလှုပ်။ အတန်ကြာမှ ဖေဖေက ‥

"မင်း ဒီလောက်ဆန္ဒပြင်းပြနေတော့မှ မင်း ရသင့်တဲ့ငွေတွေကို ငါ မနက်ဖြန် အပြီးစီစဥ်ပေးမယ်"

"ကျေးဇူးပဲဖေဖေ၊ သား အပြင်သွားတော့မယ်"

သူ ခပ်တည်တည်နဲ့ပင် အပြင်ထွက်လာခဲ့သည်။ ဧည့်ခန်း သော့တွဲများချိတ်သောအုတ်နံရံမှ ကားသော့ယူပြီး စိတ်လက်ပေါ့ပါးစွာ ထွက်လာခဲ့တော့သည်။

အခန်း (၄)

ဧည့်ခန်းမှာ သူရယ်၊ ကိုကြီးရယ်၊ ဖေဖေနဲ့ ရှေ့နေကြီးတို့သာရှိသည်။ ရှေ့နေကြီးက စာရွက်စာတမ်းများကို လိုအပ်သလို ပြင်ဆင်၍ သူ့အား လက်မှတ်ထိုးခိုင်းသည်။ ပြီးမှ ဖေဖေ့ကို ဆက်၍ထိုးခိုင်းသည်။ ဖေဖေ့လက်တွေ တုန်ခါနေတာကို သူ မြင်ဖြစ်အောင် မြင်လိုက်သည်။ အမွေစာရွက်ထဲ၌ သူစီးနေကျ ကား၊ နယ်မှ ခြံနှစ်ခြံနှင့် ငွေများကို ထည့်သွင်းပေးထားသည်။ ယနေ့မှစပြီး သူ လွတ်လပ်ပြီ၊ မိမိဘဝကို မိမိစိတ်တိုင်းကျ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရပြီ။ မည်သူမျှ နှောင့်ယှက်မည့်သူ မရှိ။ ကိစ္စအားလုံးပြီးသောအခါ သူ ကားသော့ကိုယူပြီး ထွက်လာခဲ့လေသည်။ ဖေဖေကတော့ မျက်ရည်ကျလျက် တံခါးဝမှာ ကျန်ရစ်ခဲ့သည်။ ပြီးတော့ မှာလိုက်သေးသည်။

"ဒီအိမ်က မင်းကိုအမြဲစောင့်နေမှာပါ သားရယ်"

သူ အိမ်ကသာ ထွက်လာသည်။ ဘယ်သွားရမှန်းမသိ။ ဒါကြောင့် ငနောင်အိမ်သို့ ဦးတည်၍ထွက်လာသည်။ ငနောင်အိမ်ရောက်တော့ ငနဲက အိပ်ရာပင် မထသေး။ သူသွားနှိုးမှ အိပ်ချင်မူးတူးနဲ့ …

"စောစောစီးစီး ဘာကိစ္စဖြစ်ပြန်ပြီလဲ"

"ငါ အိမ်ကဆင်းလာတာ"

သူပြောလိုက်တော့ ငနောင်က အံ့အားသင့်စွာနဲ့‥

"ဘာ…အိမ်ကဆင်းလာတာ ဟုတ်လား"

"ဟုတ်တယ် မင်းအိမ်မှာ ခဏနေလို့ရမလား"

ငနောင်က အတန်ကြာတွေဝေနေပြီးမှ …

"ဟာ‥ ဒါတော့မဖြစ်ဘူး ဟေ့ကောင်၊ မင်းသိတဲ့အတိုင်း ငါ့မိဘတွေက မင်းကိုခွင့်ပြုမှာမဟုတ်ဘူး… ပြီးတော့ မင်းလို အိမ်ကနေထွက်လာတဲ့အထိ မိုက်တဲ့ကောင်ကိုလည်း ငါလက်မခံဘူး"

"ဘာ"

သူ မခံချင်စိတ် ထောင်းခနဲဖြစ်လာသည်။ ဒါလား။ သူငယ်ချင်းကောင်း။ သူ့အိမ်မှာ ခဏနေမယ်ဆိုတာတောင် လက်မခံနိုင်ဘူးတဲ့။

"ရတယ် ငနောင်၊ ငါ တခြားမှာပဲ သွားတည်းတော့မယ်"

သူ စိတ်ပေါက်ပေါက်နဲ့ ပြန်ထွက်လာသည်။ ဆက်နေလျှင် စကားများဖို့သာရှိသည်။ နောက်ဆုံး အိမ်တစ်လုံးငှားပြီး နေလိုက်သည်။ သူ့အကျင့် နိုက်ကလပ်တက်၊ လောင်းကစားလုပ်တာတွေကတော့ မပျက်။ ခုချိန်မှာ တားမည့်သူ မည်သူမှမရှိ၊ လွတ်လပ်စွာနေဆဲ။ ယခုချိန်ထိ ဘာအလုပ်မှ မလုပ်ရသေးပေ။ တစ်နေ့ ...

"အိမ်ရှင်တို့ .. အိမ်ရှင်တို့"

အောက်ကခေါ်သံကြား၍ ထကြည့်တော့ ရဲများနဲ့ ရပ်ကွက်လူကြီးများ။ ဘာအကြောင်းကိစ္စမှန်းမသိ..၊ သူ ဆင်းလာတော့မှ ...

"မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ဖမ်းတယ်။ ဒီမှာ ဝရမ်းလည်းပါပါတယ်"

"ဗျာ.. ဘာပိုင်နက်ကျူးလွန်မှုလဲဗျ၊ ကျွန်တော် ဘယ်သူ့ပိုင်နက်မှမကျူးလွန်ပါဘူး"

ထိုအချိန်တွင် လူအုပ်ထဲမှ အသက်လေးဆယ်ကျော်ရှိ လူကြီးတစ်ယောက်ထွက်လာပြီး ...

"မင်း ငါ့အိမ်မှာ ကျူးကျော်နေထိုင်တာ တစ်လကျော်ပြီ၊ ဒါကြောင့် ငါ မင်းကိုတရားစွဲတာ။ မင်း တရားရုံးမှာလာဖြေရှင်းပါ။ ဆရာတို့ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ"

သူ ဘာမျှမတတ်နိုင်။ အိမ်ငှားတုန်းကလည်း နှုတ်ဖြင့်သာ ငှားခဲ့သည်။ ဘာစာချုပ်မှလည်း မလုပ်ခဲ့ပေ။ မိမိငှားတုန်းကတော့ အခုလူကြီးမဟုတ်၊ တခြားသူ...။ အခုတော့မှ သူ အလိမ်ခံရမှန်း သိတော့သည်။

အခန်း (၈)

သူ အမှုတွေလိုက်ရ၍ နယ်မှခြံတွေကို ရောင်းလိုက်ရသည်။ သူစီးနေကျကားနဲ့ ငွေတွေပါ တက်တက်စင်အောင် ကုန်သွားသည်။ အဲဒါအပြင် ထောင် (၆) လပင်ကျလိုက်သေးသည်။ ယခုတော့ သူမှာ ပိုင်ဆိုင်မှုဟူ၍ ဘာမှမရှိတော့။ ထောင်ကထွက်လာပြီး အပြင်မှာ အလုပ်ရှာလုပ်တော့လည်း ဘာမှမလုပ်တတ်သောသူ့အတွက် အလုပ်ကမရှိ၊ လုပ်ပြန်တော့လည်း နေ့စဉ် အဆူအငေါက်ခံနေရသေးသည်။ ယခုတွင်ပင် သူ့မှာ ညစာစားရန် ပိုက်ဆံမရှိ။ ဘယ်လိုသွားရှာရမှန်းလည်း မသိပေ။ ဗိုက်ကလည်း တစ်နေကုန် ဘာမှမစားရသေး၍ တဂွီဂွီသောင်းကျန်းနေပေပြီ၊ မခံနိုင်တော့သည့်အဆုံး တစ်လမ်းဝင်တစ်လမ်းထွက် အိပ်ပေါက်စေ့ လိုက်လံတောင်းစားရတော့သည်။ စားနေရင်းမှ ယခင်အတိတ်အကြောင်းတွေ ပြန်တွေးမိသည်။ မိမိ အဖေ့အိမ်မှာနေတုန်းက ယခုလိုဖြစ်လာမည်ဟု ဘယ်တော့မှမတွေးခဲ့ပေ။ ဖြစ်ဖို့လည်း အကြောင်းမရှိ၊ အိမ်မှာရှိသောဝန်ထမ်းများပင် နပ်မှန်အောင် မပူမပင် ထမင်းစားရသည်။ လုံခြုံစွာ အိပ်စက်ရသည်။ ယခုတော့ မိမိမှာဖြင့် သူများအိမ်က အကြွင်းအကျန်ကို တောင်းစားရသည့်အဖြစ်။ အိပ်ပြန်တော့လည်း လုံခြုံမှုမရှိ၊ လမ်းဘေးမှာ..။ သူ တစ်ခုခုကိုတော့လုပ်ရမည်။ ဟုတ်ပြီ၊ ငါ အဖေ့ဆီပြန်ပြီး အဖေ့ကိုတောင်းပန်ကြည့်မယ်။ အိမ်က အနိမ့်ဆုံးအလုပ်သမားပင်ဖြစ်ရပါစေ၊ ငါ လုပ်မယ်။ ငါ မှားခဲ့ပြီ၊ ငါ အရမ်းကိုမှားခဲ့ပါပြီ။ သားမိုက်ကို ခွင့်လွှတ်ပေးပါ ဖေဖေရယ် ...။

အခန်း (၇)

သူ ဟိုးအဝေးကပင် အိမ်ကို ကြည့်နေမိသည်။ အိမ်ကိုဝင်ဖို့ရန် ခပ်ကြောက်ကြောက်ပင်ရှိသည်။ အိမ်အနားကိုပင် မကပ်ရဲ။ "ဟင် ဖေဖေ ဝရန်တာကနေပြီး ငါ့ဘက်ကိုကြည့်နေပါလား။ ဟာ အိမ်ထဲဝင်သွားပြီ .. ၊ ငါ့ကိုမြင်လိုက်လို့များ စိတ်တိုသွားတာလား။ မဖြစ်ပါဘူး၊ မသွားတာပဲကောင်းပါတယ်" သူထွက်သွားရန်အလှည့်၌ ...

"သားငယ်"

ဖေဖေ့အသံကို သူ အတိုင်းသားကြားရသည်။ သူ လှည့်ကြည့်တော့ ဖေဖေပြေးလာပြီး သူ့ကိုသေချာကြည့်၍ ..

"သား ... သားငယ်ဟုတ်တယ်နော်။ သားလေး ဖေဖေ့ဆီ ပြန်လာတာမဟုတ်လားဟင်"

ဖေဖေ့မေးခွန်း၌ ဝမ်းသာခြင်း၊ ကရုဏာသက်ခြင်းများပါကြောင်း သူ ခံစားမိပါသည်။

"သား အရမ်းမှားခဲ့ပါတယ်၊ ဒီလောကမှာ အမိုက်ဆုံးသူဟာ သားပါ။ သားကိုခွင့်လွှတ်ဖို့ ဖေဖေ့ကို မတောင်းဆိုရဲပါဘူး...။ သားကို ခွင့်မလွှတ်ပါနဲ့နော်"

"သားငယ် ဖေဖေ့ဆီ ပြန်လာတာလား ဆိုတာ ဖြေဦး လေ"

"ဟုတ်ပါတယ်ဖေဖေ.. သား ဖေဖေ့ဆီမှာ အနိမ့်ဆုံးအလုပ်တစ်ခုဖြစ်ဖြစ် ရဖို့ လာခဲ့တာပါ။ ဖေဖေ့ရဲ့သားလို့တော့ အခေါ်မခံထိုက်ပါဘူး။ သားရဲ့မိုက်တွင်းနက်မှုတွေက ခွင့်မလွှတ်နိုင်လောက်အောင် များနေလို့ပါ ဖေဖေ"

ထိုအချိန်မှာ ဖေဖေက သူ့ကိုဖက်၍ ငိုယိုပြီး မျက်ရည်စများနဲ့ ...

"သား ဖေဖေ့ဆီပြန်လာတာကိုကြားရတော့ ဖေဖေ အရမ်းဝမ်းသာတယ်သား၊ သားအစ်ကိုကြီး သိရင်လည်း ဝမ်းသာမှာ...။ ဖေဖေလေ သားကို နေ့တိုင်းမျှော်နေတာပါ သားရယ်၊ သားပြန်လာမယ့်ရက်တွေကို စောင့်နေတာပါ"

ဖေဖေ့ရဲ့နှလုံးအိမ်မှ စီးဆင်းလာသော မေတ္တာစကားတွေကို သူ ခံစားမိရင်း နောင်တမျက်ရည်များနဲ့ နှုတ်ဖျားထက်မှ "ဩော် ဖေဖေရယ်" လို့ တုန်ယင်စွာ ရေရွတ်မိသည်။

"လာ..သား အိမ်ထဲကိုဝင်ကြစို့၊ ဒီအိမ်ဟာ မင်းအိမ်ပါပဲ၊ ဘာမှကြောင့်ကြမနေနဲ့။ အဖေရဲ့သားလေးဟာ အဖေ့ရဲ့သားပဲပေါ့။ သားရဲ့အစ်ကိုကြီးလည်း အိမ်မှာရှိတယ်"

သူ ဖေဖေ့နောက်သို့ မဝံ့မရဲလိုက်လာသည်။ အိမ်က ဝန်ထမ်းတွေက သူ့ကိုမမှတ်မိကြ၊ ငေး၍ သူ့ကို လိုက်ကြည့်နေကြသည်။ သူတို့ဧည့်ခန်းထဲရောက်တော့ ကိုကြီးက သူ့အား မြင်လိုက်တာနဲ့ ချက်ချင်း သူ့ရဲ့ပိန်လှီလှသောကိုယ်လုံးကိုဖက်ကာ ပီတိမျက်ရည်များဖြင့် ...

"ဟာ ညီလေး မင်းပြန်လာတယ်နော်၊ ဝမ်းသာလိုက်တာ ငါ့ညီရာ"

"သားကြီး ဝန်ထမ်းတွေကို အကုန်ခေါ်လိုက်၊ ဒီနေ့ည အိမ်မှာ ပွဲလုပ်မယ်။ ပျောက်သွားတဲ့ဖေဖေ့သားငယ်၊ မင်းရဲ့ ညီ ပြန်လာတဲ့အထိမ်းအမှတ်နဲ့ အကြီးကျယ်ဆုံးသောပွဲကို လုပ်မယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"နေဦး၊ အခု မင်းညီကို အရင်ကအတိုင်းဖြစ်အောင် အဝတ်အစား၊ ပစ္စည်းတွေ ဆင်ပေးလိုက်ဦး"

"ဟုတ်ကဲ့ သား စီစဉ်လိုက်ပါ့မယ်"

"သားငယ် ဘာမှစိတ်အားမငယ်နဲ့၊ အရာအားလုံးကို ဖေဖေ ခွင့်လွှတ်ပြီးသားပါ။ ဖေဖေ့ဘဝမှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲ။ သားကို အဖေ အမြဲချစ်နေလျက်ပါ"

ဖေဖေရဲ့ နွေးထွေးလှသောအကြင်နာတွေကို ဩော် ဖေဖေရယ်၊ မိုက်တွင်းနက်ခဲ့တဲ့သား ..ဖေဖေ့အပေါ် ဆိုးခဲ့တဲ့သားကို မငြိုငြင် အပြစ်မမြင်တဲ့အပြင် "သားအဖြစ်"တောင် ပြန်ပေးနေပါလား။ ဖေဖေ့ရဲ့မေတ္တာတရားတွေက ကြီးမားလှပါတယ်။ မြင်းမိုရ်တောင်ထက် အဆသန်းပေါင်း များစွာ ကြီးမားနေပါပကောလား။ "ဒီနေ့မှာ အပျော်ဆုံး"တဲ့၊ ဖေဖေ့ကို အမြဲ စိတ်ဆင်းရဲမှုတွေပေးခဲ့တဲ့သား၊ အမိုက်ကောင်ပြန်လာတော့ အပျော်ဆုံးပါပဲတဲ့။ ဖေဖေ့.. ကျေးဇူးတွေဟာ ကြီးမားလှပါပေတယ် ဖေဖေရယ်...။

(ကြီးမားလှသော ဖခင်များရဲ့မေတ္တာကို ဂုဏ်ပြုလေးစားလျက်)

အားမိုင် (နာဂရိပ်သာ)

"ဟိုမောင်နမနှစ်ယောက် ဘယ်လဲ… "
"ဘုရားကျောင်းကို သွားမလို့ပါ… "
"ဒီနေ့ တနင်္ဂနွေနေ့မှမဟုတ်တာ"
အရင်အပတ်လည်း သွားပြီးပြီမဟုတ်လား… "
"ကွာယာက စနေနေ့တိုင်းရှိတယ်လေအဖေရဲ့ … "
"မင်းတို့ဟာကလည်း ပြီးကိုမပြီးနိုင်ဘူး၊ ကွာယာကျင့်လိုက်၊ အစည်းအဝေးတက်လိုက်၊ စုပေါင်းဝတ်တွေသွားလိုက်နဲ့ အာရုံကိုနှောက်နေတာပဲ‥ "
"ကိုပေါ်လာ ရှင်ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်သားနဲ့ သမီးတွေ ဒီအရွယ်မှာ ဘာသာရေးကိုစိတ်ဝင်စားတာ ကျေးဇူးတင်ရမယ်လေ"
"ဒါလား စိတ်ဝင်စားတာ၊ ငါ့အမြင်တော့ လတ်လျား လတ်လျားပဲမြင်တယ်၊ မင်းလည်းဘာထူးလဲ"
"အလို …. မြားဦးက ကျွန်မဘက် လှည့်လာနေပါလား"



# လျှို့ဝှက်သင်တန်း



"အေးလေ၊ မင်းတို့သားအမိတွေ အတူတူပဲဟာ၊ တနင်္ဂနွေနေ့ရောက်ပြီဆိုရင် မင်းက ဘုရားကျောင်းတက်ပြီး ပြန်လာပါလား၊ ဒီလိုမဟုတ်ဘူး၊ မိခင်အစည်းအဝေးရှိလို့ ဆိုပြီး တက်လိုက်ပြန်ရော၊ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး၊ နေ့လည် စုပေါင်းဝတ်ကတစ်မျိုး၊ ဒီကြားထဲ လျှပ်တစ်ပြက်အစီအစဉ်တွေက ရှိလိုက်သေး၊ ဘာတဲ့… ဆေးရုံတက်တဲ့လူမမာတွေကို သတင်းသွားမေးရတာနဲ့၊ ရှုပ်ယှက်ကို ခတ်နေတာပဲ… "

"အမလေးနော်‥တဖောက်ဖောက်နဲ့ ပေါက်ပေါက်ဖောက်သလို ဝေဖန်တတ်လိုက်တာ၊ ဒီမှာ ကိုပေါ်လာ၊ ဘုရားကျောင်းတိုင်းမှာ ဘယ်အသင်းသားမဆို ကိုယ့်အသိစိတ်နဲ့ တစ်မျိုးမဟုတ်တစ်မျိုးတော့ ပါဝင်ကြတာပဲ၊ ရှင်သာ ကိုယ်နဲ့မဆိုင်သလိုနေနိုင်တာ အံ့ပါရဲ့‥"

"ဟော့ ငါ့ကိုဆွဲမထည့်နဲ့၊ သခင်၊ သခင်ခေါ်တိုင်း ကောင်းကင်နိုင်ငံကို ဝင်ရတာမဟုတ်ဘူး၊ ခမည်းတော် အလိုကိုဆောင်မှသာ ဝင်ရမှာ" လို့ ကျမ်းစာက ပြောတာ မင်းအသိပဲ၊ ဒီတော့ ဘုရားကျောင်းသွားတဲ့လူတိုင်း သန့်ရှင်းပါတယ်လို့ ပြောနိုင်လား…."

"အလို… ရှင်က ဒီလိုကျတော့အသိသား၊ ဒါဆိုရင် ရှင်ကအသိခေါက်ခက် အဝင်နက်နေနေတယ်ပေါ့"

"ထင်ချင်သလိုထင်လေ၊ အရေးကြီးတာက မင်းလုပ်တဲ့အမှုတော်ဆောင်လုပ်ငန်းဟာ ဘုရားသခင်ရဲ့ ဘုန်းတော် ထင်ရှားစေဖို့ပဲ၊ မင်းကိုယ်မင်း တော်တယ်ဆိုပြီး အသံကောင်းဟစ်မနေနဲ့၊ နားညည်းတယ်"

ဦးပေါ်လာလည်း ဒေါ်မြခင်ကို ပြောပြီးသည်နှင့် မိမိ၏သောက်ဖော်သောက်ဖက်များရှိရာ ဆုံမှတ်သို့ ထွက်သွားလေ၏။

×××××

"ယောဟန်ရေ… သွားကြမယ်ဟေ့"
"အဖေ၊ ဂျိုးဇက်လာခေါ်ပြီ၊ သားသွားမယ်နော်"
"ဘယ်ကိုလဲ"
"ကွာယာကျင့်ဖို့ပါ"

"တစ်ရက်တလေပဲ၊ မသွားဘဲနေကြပါလား"

"သွားမကျင့်ရင် ကွာယာဆိုတဲ့အခါ သီချင်းမညီတော့ ဘယ်နားထောင်လို့ကောင်းမှာလဲ အဖေ"

"သီချင်းပဲ… ဘယ်လိုဆိုဆိုပေါ့၊ မင်းတို့ဟာ ပိုကိုပိုလွန်းတယ်၊ ဒီလောက်သွားချင်ရင် အားလုံးသွားကြ၊ ပြန်မလာကြနဲ့ဟေ့"

ယောဟန်တို့မောင်နှမလည်း သူတို့၏အဖေ ဒေါသထွက်သည်ကိုသိ၍ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မိမိတို့အခန်းထဲသို့ ဝင်သွားလေတော့၏။

×××××

(၃)

"ဒီမယ် ကိုပေါ်လာ၊ ရှင့်မှာ တစ်နေ့တစ်နေ့ ဒကာခံတဲ့လူတွေနဲ့ ဟန်ကျနေပါလား"

"အဲဒါ မင်းကို ဘာထိခိုက်လဲ"

"ရှင် အချိန်ကို ဖြုန်းနေတာလေ၊ ဒါတင် ဘယ်ကမလဲ၊ သူများတကာတွေ ရောဂါထူပြောတဲ့ခေတ်ကြီးမှာ ရောဂါမရအောင် ဂရုစိုက်ကာကွယ်ကြတာ၊ ရှင်ကတော့ ရောဂါကို ဝယ်ယူနေသလိုပဲ၊ "သေရည်သေရက်ဟာ ရန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်တာ" ရှင်သိပါတယ်နော်"

"ဟော့၊ ငါက တစ်ချိန်လုံး မူးရူးနေလို့လား၊ ညနေရုံးဆင်းမှ မိတ်ဆွေတွေနဲ့ အေးအေးဆေးဆေး စကားပြောရင်း စားသောက်ကြတာလေ"

"တခြားနေ့ဆို ပြောမနေတော့ပါဘူး၊ ဒီလို တနင်္ဂနွေနေ့ကိုတော့ ရှောင်စေချင်တာပေါ့၊ နောက်ပြီး ရုံးအားရက်ဖြစ်လို့ ဘုရားကျောင်းကို တက်သင့်တယ် မဟုတ်လား…."

"ဟ၊ ငါလည်း ပွဲနေ့ကြီးတွေရောက်ရင် ဘုရားကျောင်းသွားတာပဲလေ"

"ရှင်ကလည်း … ဘုရားကျောင်းတက်တာများ ဈေးဆစ်နေရသေးတယ်၊ တကယ်ဆို ကျွန်မတို့ မိသားစုက သူများတွေလို မကြွယ်ဝပေမယ့် နေ့စဉ် ကျန်းကျန်းမာမာနဲ့ ကောင်းမွန်စွာ စားသောက်နေရလို့

ဘုရားသခင်ကျေးဇူးတော်ကို ပိုချီးမွမ်းသင့်တယ်မဟုတ်လား”

“ငါမှမအားတာ၊ စနေနေ့လည်း အချိန်ပိုဆင်းရတယ်၊ ရုံးပိတ်ရက်က ဒီ တနင်္ဂနွေတစ်ရက်ပဲရှိလို့ ဒီနေ့ကိုတော့ ငါလည်း အေးအေးဆေးဆေး အနားယူချင်တာပေါ့”

“ရှင်ကလည်း၊ ဘုရားသခင်က ကျွန်မတို့ကို တစ်ပတ်မှာ (၆) ရက်လုံးလုံးပေးထားပြီးပဲ၊ သူ့အတွက် တစ်ရက်တော့ အချိန်ပြန်ပေးသင့်တယ်လေ”

“အပိုတွေလာမပြောနဲ့ မင်းတို့လို ငါ အချိန်မပေးနိုင်ဘူး”

“အင်းလေ ရှင့်မှာ ဝိညာဉ်ရေးရာ အံ့မှိုင်းနေတော့ ဘာသာရေးမှာ ဘယ်အချိန်ပေးနိုင်ပါ့မလဲ၊ တစ်နေ့ကျရင် တစ်စုံတစ်ဦးကို ရှင်ပေးနိုင်တဲ့ အကြီးမားဆုံးလက်ဆောင်ဟာ ရှင့်ရဲ့အချိန်ပဲဆိုတာ ရှင်သိလာမှာပါ…”

xxxxx

“ဦးလေးပေါလာ၊ ရွာက ဆတ်သားခြောက်တွေ ပို့လာလို့ အဖေက ထမင်းစားလာပါတဲ့”

“အေး …အေး ၊ လာခဲ့မယ် ပြောလိုက်”

“ကိုပေါလာ ရှင် သိပ်နေမကောင်းချင်ဘူးဆို၊ အိမ်မှာပဲ နားနေပါလား”

“ဟာ …၊ ဦးမျိုးလုက စေတနာရှိလို့ တကူးတကခေါ်နိုင်းတာ သွားရမှာပေါ့၊ မင်းတို့ ဘုရားကျောင်းသွားတော့မယ် မဟုတ်လား၊ သွားကြလေ…၊ ငါ အိမ်သော့ယူသွားမယ်”

ဒေါ် မြခင်လည်း ပြောလျှင် ရမည်မဟုတ်မှန်း သိ၍ သားနှင့်သမီးကိုခေါ် ပြီး ဘုရားကျောင်းကို ထွက်သွားလေ၏။

ဦးပေါလာလည်း အိမ်သော့ယူပြီး ဦးမျိုးလုတို့အိမ်အရောက် …

“ဟော၊ ဦးပေါလာ ခင်ဗျား ပေါ်လာသေးသကိုး”

“ဟ…၊ နာမည်ကိုက ပေါလာလေ၊ ပေါ်လာရမှာပေါ့၊ ဘယ်လိုလဲ လူစုံပြီလား”

“စုံပြီ၊ တက်လာခဲ့”

ဦးပေါလာလည်း အိမ်ပေါ်သို့ တက်လာရာ လှေကားထိပ်နားအရောက် အိမ်ထဲသို့ဝင်မည်အပြု မိုက်ခနဲ ဖြစ်သွားပြီး ဝုန်းခနဲ လဲကျလေတော့၏”

xxxxx

(၅)

“သန့်ရှင်း ….သန့်ရှင်း …. သန့်ရှင်း ‥ ဘုန်းကြီးသောဘုရားသခင်…. ”

“ဟာ… အင်မတန်မှ သာယာနာပျော်ဖွယ်ကောင်းတဲ့သီချင်းသံပါလား….၊ ပတ်ဝန်းကျင်တစ်ခုလုံး ကြည့်ရတာ ကြည်နူးစရာသိပ်ကောင်းတာပဲ၊ ငါ ဘယ်ရောက်နေပါလိမ့်၊ ငါ့မိန်းမကော … ”

“ဟော၊ သီချင်းသံထပ်ကြားရပြန်ပြီ၊ အဲဒီနေရာဘက်ကို သွားကြည့်ဦးမှ”

“အလို လူတွေအများကြီးပါလား၊ ဝတ်ရုံဖြူတွေ ကိုယ်စီဝတ်လို့ သံပြိုင်သီဆိုနေကြတာပဲ…”

“ဟာ၊ ဒီလမ်းက ရွှေနဲ့လုပ်ထားတာပဲ”

“ကောင်း … ဒါ . … ဒါ … ”

ဦးပေါလာလည်း မိမိရောက်နေသောနေရာကို သဘောပေါက်မိသလိုဖြစ်ကာ အံ့ဩထိတ်လန့်၍ စိတ်လှုပ်ရှားမှုတို့ဖြင့် လူတစ်စုဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။

လူအချို့ ဘုရားသီချင်းကို ချီးမွမ်းနေကြ၏။ လူအချို့တို့သည် ကခုန်ကာ ဘုရားသခင်ကိုပူဇော်နေကြ၏။ လူတချို့သည် တယော၊ စောင်း၊ ပတ်သာကိုတီး၍ ဘုရားသခင်ကို ကိုးကွယ်နေကြ၏။ ပတ်ဝန်းကျင်တစ်ခုလုံး “ဘုရားသခင်ဘုန်းကြီးပါစေသတည်း”ဟူသော ချီးမွမ်းသံများသာ သောသောညံနေ၏။

ဦးပေါလာစိတ်တွင်လည်း ကြက်သီးမွေးညင်းများထကာ ချီးမွမ်းလိုစိတ် တဖွားဖွားပေါ်လာလေ၏။ ထိုစဉ် လူတစ်ဦးသည် ဦးပေါလာထံသို့ ချဉ်းကပ်လာပြီး…

“ခင်ဗျား ဒီမှာဘာလာလုပ်နေတာလဲ”

“ဗျာ၊ ကျွန်တော်လား”

“လာလေဗျာ၊ ဘုရားသခင်ကို အားလုံးချီးမွမ်း ကိုးကွယ်ပြီး ပျော်ရွှင်သီဆိုနေကြချိန်မှာ ခင်ဗျားလည်း ပါဝင်ပေါ့”

“ဟုတ် ‥ ဟုတ်ကဲ့”

“ခင်ဗျားကို ဘုရားသခင်က ဆုကျေးဇူးတွေ အများကြီးပေးထားတယ်မဟုတ်လား၊ ပြော‥ ခင်ဗျား ဘာကျွမ်းကျင်လဲ‥ ”

“ကျွန်တော် … ကျွန်တော်”

“ဘာလဲ ခင်ဗျားက အတီးသမားလား”

“မ … မဟုတ်ပါဘူး”

“ဒါဆိုရင် ခင်ဗျားဘာသီချင်းတွေရလဲ၊ ပြော‥ ကျုပ်တို့ အတူတူချီးမွမ်းကြရအောင်”

“ဗျာ… ဟို … ဟို… ကျွန်တော် ဘာ သီချင်းမှမရပါဘူး”

“ဒါဆို ခံစားရ ဆိုတဲ့သီချင်းတော့ရမှာပေါ့”

“အဲ ‥ ခံစားရ ဆိုတာဘာလဲ”

“ဟောဗျာ …မင်း ခရစ်ယာန်မဟုတ်ဘူးလား၊ လူတိုင်း ဆိုတတ်တဲ့ ခံစားရသီချင်းတောင်မှ မရဘူးလား၊ ဒါဆိုရင် ခင်ဗျားဟာ ဒီနေရာနဲ့ လုံးဝမထိုက်တန်ဘူး”

“သွား… ” ဟု ဆိုပြီး တွန်းထုတ်လိုက်လေတော့၏။

xxxxx

(၆)

“အား… .ကျွတ်… ကျွတ်… ကျွတ်”

“ဟော၊ ဦးပေါလာ သတိရပြီဟေ့”

“အား ‥ ပူတယ်… ပူတယ်”

“ကိုပေါလာ ရှင့်နဖူးက ယောင်နေလို့ ရေနွေးနဲ့ အုပ်ပေးတယ်လေ”

ဒီတော့မှ ဦးပေါလာလည်း တဖြည်းဖြည်း မျက်လုံးဖွင့်လာပြီး သူ့ကို စိုးရိမ်စိတ်ဖြင့် ကြည့်နေကြသော မိတ်ဆွေများနှင့် ဇနီးသည်ကို တွေ့ရ၍….

“ငါ ဘယ်ရောက်နေတာလဲ မြခင်”

“ရှင် ဆေးရုံပေါ်မှာလေ”

“ဩော်… ”

“ရှင် ဦးမျိုးလုတို့လှေကားပေါ်အတက်မှာ လိမ့်ကျသွားလို့ ခေါင်းက လှေကားလက်ရမ်းနဲ့ဆောင့်မိတော့ ရှင် မေ့သွားတယ်လေ”

“ဟုတ်လား၊ ဆရာဝန်က ဘာပြောသေးလဲ”

“သွေးတိုးရှိတယ်၊ အစားအသောက်ဆင်ခြင်ပါတဲ့… သဘောပေါက်တယ်နော်”

“အင်း… ”

“တော်သေးတာပေါ့၊ ခေါင်းကို ဓါတ်မှန်ရိုက်ကြည့်တော့ အတွင်းဒဏ်မကျန်ခဲ့ဘူးတဲ့၊ ဘုရားကျေးဇူးတော်ပဲ ကိုပေါလာရေ‥ ”

“အေးကွာ‥ .ဟုတ်ပါတယ်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပါ၊ ဘုရားသခင်ကျေးဇူးတော်ကြောင့်ပဲပေါ့ မြခင်ရာ”

xxxxx

(၇)

“ဟာ ‥ မေမေရေ ‥ ဘုရားကျောင်းက ဘုန်းတော်ကြီးဦးလုကာနဲ့ ဖခင်၊ မိခင်တွေလာကြတယ်”

“အလို ‥ လူစုံတက်စုံပါပဲလား”

“ဒေါ် မြခင်ရေ ဦးပေါလာ သက်သာရဲ့လား”

“ကောင်းသွားပါပြီရှင်၊ လာကြ‥ထိုင်ကြပါရှင်”

“အေးဗျာ‥ကျုပ်တို့လည်း ဆေးရုံကိုလာကြည့်မယ်လုပ်တုန်း ဆင်းသွားပြီဆိုလို့ အခုမှပဲ အေးအေးဆေးဆေး အိမ်ကိုအလိုက်လာကြတာ”

ထိုစဉ် မောင်ယောဟန်သည် ဦးပေါလာကိုတွဲ၍ ဧည့်ခန်းသို့ထွက်လာခဲ့၏။

“ဦးပေါလာ‥ သက်သောင့်သက်သာနေပါဗျ”

“ရပါတယ်၊ ကျွန်တော် သက်သာနေပါပြီ”

“အေးဗျာ၊ ဒီလိုစကားကြားရတာ ဝမ်းသာပါတယ်၊ ဒါဆိုရင် ကျုပ်တို့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းကြစို့… ကဲ ဦးဒေးဗစ်ရေ၊ ချီးမွမ်းခြင်းသီချင်းတွေနဲ့ စလိုက်ရအောင်”

“အသစ်ပြုပြင်မှုပါ၊ နှစ်သက်တော်မူသမျှ‥ ဝိညာဉ်သက်သွင်းမှုပါ”

"ဖြူစင်နှလုံးသူမြတ်… ယေရှုတည်နေတတ်သည်"

ဦးပေါ်လာသည် အသင်းတော်မှလူကြီးများ သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုနေသည်ကို ပြုံး၍နားထောင်လေ၏။ သီချင်းစာသားများ အလွတ်မရ၍ မဆိုနိုင်သော်လည်း လက်ကလေးများခေါက်၍ စည်းချက်လိုက်နေ၏။

"ကဲ.. အခုအချိန်တော့ အထူးဆုတောင်းပေးမှာဖြစ်ပါတယ်"

"ဟိုး၊ ခဏလေးနေကြပါဦး" ဟု ဦးပေါ်လာ၏ အလန့်တကြားဟန့်တားသံကြောင့် အားလုံး အံ့ဩသွားကြလေသည်။

"ဟိုလေ…ဟိုသီချင်း မဆိုကြဘူးလား"

"ဘာသီချင်းလဲ ကိုပေါ်လာရဲ့…၊ ရှင်ကလည်း လူကြီးတွေ အားနာစရာ"

"ဟာ…ရပါတယ်၊ ပြောပါဦး ပေါ်လာ"

"ဟိုလေ…"ခံစားရဆုကျေးဇူး" ဆိုတဲ့ သီချင်းလေ"

"သြော်..ဦးပေါ်လာက ခံစားခဲ့ရသမျှ ဆုကျေးဇူးတွေကို ချီးမွမ်းချင်လို့ကိုး"

"ဟုတ်ကဲ့၊ ကျွန်တော်က တခြားသီချင်းတွေ ကောင်းကောင်းမရသေးပေမယ့် ဒီ ခံစားရဆုကျေးဇူးသီချင်းကိုတော့ ကောင်းကောင်းရပါပြီ"

"ဟုတ်လား…ဒါဆိုရင် အားလုံး အတူတူ ချီးမွမ်းသီဆိုကြတာပေါ့ဗျာ"

"ခံစားရ ဆုကျေးဇူးကောင်းချီးမင်္ဂလာ … ကျေးဇူးတော်ကာလ၏နေ့ရက်များ"

ဓမ္မသီချင်း ၂၁၀ တွင်လည်း "သီချင်းဆို၍ ရွှင်လန်းတော့" ဟု ပါရှိသည်နှင့်အညီ ဦးပေါ်လာတစ်ယောက် အများနှင့်အတူ သီချင်းကိုလိုက်ဆိုနေစဉ် သူ့ အင်မတန်မှ ပျော်ရွှင်၍ ဝမ်းသာနေကြောင်း သူ၏မျက်နှာကိုကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။

အသင်းတော်လူကြီးများ ပြန်သွားကြလေပြီ။ ညနေခင်းနေမင်းကြီးလည်း ပျောက်ကွယ်လုနီးပြီ၊ မကြာခင် မိုးချုပ်တော့မည်။

"ကိုပေါ်လာ၊ ရှင့်ကို ကျွန်မမေးစရာရှိတယ်"

"မေးလေ"

"ရှင်နဲ့ကျွန်မ ပေါင်းလာတာ နှစ်ပေါင်းအတော်ကြာပြီ၊ ရှင် ဘုရားသီချင်းကို စိတ်ပါလက်ပါဆိုတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ပြီးတော့ …

"…."

"ရှင် ခံစားရ ဆုကျေးဇူး"သီချင်းကို ဘယ်လိုလုပ်စာသားရော သံစဉ်ပါ ရနေတာလဲ"

ဦးပေါ်လာသည် မိန့်မိန့်ကြီး ပြုံး၍ "မင်း မသိသေးပါဘူး မိန်းမရာ" ဟု ဖြေဆို၍ အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

မကြာမီ (၇) နာရီထိုးတော့မည်၊ (၇) နာရီထိုးလျှင် ကိုးရီးယားကားလာတော့မည်ဖြစ်၍ ဒေါ်မြခင်တစ်ယောက် တီဗွီရှေ့တွင် အဆင်သင့်…။

ဦးပေါ်လာသည်လည်း တိတ်တဆိတ် အပေါ်ထပ်မှ သားအခန်းဆီသို့ဝင်သွားပြီး …

"သားရေ … ဒီနေ့လည်း အဖေ့ကို ချီးမွမ်းခြင်းသီချင်းတစ်ပုဒ် ထပ်သင်ပေးပါဦးကွ" ဟု ပြောလိုက်လေတော့သတည်း။ ❑



# ETIQUETTE TO BE OBSERVED

Revd. Salai David
H.C.T.C., Yangon

Etiquette (manner) is very important in human relationship. Therefore etiquette to be observed in five particular areas are described below.

A. Good Manners.

1. Do not bite your nails or our fingers in your mouth or nose.
2. Do not expectorate (to cough or spit out) when you are in company.
3. Do not belch or yawn when in company. If you cannot help it say, "I'm sorry."
4. Do not blow your nose or spit out or remove the ear wax when others are present.
5. Do not scratch any part of your body for some time when you are in company.
6. Do not look at anyone from the side of your eyes, look straight at the person.
7. Don't look through the key-hole.
8. Do not stand by to hear what others are talking. Don't behaves-drop-ping.
9. When you sneeze do not make a big noise.
10. Do not allow your nails to grow long. See that your finger nails are free from dirt.
11. Do not crack your finger-joints while in company.
12. When laughing do not make a very loud noise.
13. Avoid whistling.

B. On Honesty.

1. Never tell lies. Always speak the truth. A lair or a rogue is never at peace.
2. There is nothing as disgraceful as being called a lair.

3. Be honest. If you have done a mistake, admit it when you are asked about it. It shows good breeding and courage.
4. Telling lies to escape punishment is cowardice and the mark (sign) of an ill-bred boy.
5. Avoid exaggeration. Say what you have seen or heard as you had seen or heard.
6. Do not speak about rumours as truth.
7. Copying in the test is very mean. It is not necessary for the teacher to be present at the test if you are an honest boy. Never copy in any test.

C. AT SCHOOL.

1. Try to get a good name at school. A good name is more precious than gold.
2. Cultivate a sense of respect for yourself, for your companions and for those who are in authority, and show this sense of respect in your outward behaviour.
3. Talk in a quiet tone of voice. This is one of the qualities of a gentleman.
4. You should never make the teacher call for silence and order in class; it would be to insult him in his own premises.
5. Be always quite in time for class. If you happen to come late, do not make straight for your seat, nor stand shuffling awkwardly at the door. Respectfully walk up to the teacher and say in a low voice: "Good morning" or "Good-day, Sir." Then give your excuse in some polite form:

Eg. "Excuse me, Sir, the train came late", or
"Excuse me Sir, I had trouble with my bike."

D. IN THE CLASS-ROOM.

1. If during class you have something to say to the teacher; or if you want to ask him a question, frame your words always in some polite form
e.g. "Please Sir, may I go out for a few seconds?" or
2. Do not talk during class. Do not try to hide your head and speak stealthily when the teacher turns away his head.
3. Listen attentively to the lesson. Do not read any books or notes not belonging to the lesson, during class.
4. When the teacher speaks to the class leave your other work immediately and listen to him.
5. Follow what he says and act accordingly.
6. Do not shirk the work giving or do it halfheartedly. Put all your energy in your work and try to give entire satisfaction to the teacher.



7. Whatever you do, do it well.
8. Keep all the regulations of your school very exactly.
9. As a well-bred boy regard the class-room as a sacred place. Don't do anything unbecoming in the class-room.
10. If learn to behave well now you will behave well afterwards. You will then be loved and respected.
11. And ill-bred man is disliked and not permitted in good company.

E. AT GAMES.

1. In playing games play with interest. There should be no quarrelling or cheating. Be sportsman like.
2. Do not play foul.
3. If you win, do not crow over your victory. If you are defeated congratulate your opponent.
4. Whether you lose a game or whether you have to argue a point, never lose your temper. Do not sulk.
5. If anyone points out some fault of yours say nicely:
"Thank you" or "sorry, I shall be careful next time" or something equivalent.
6. In games boys will tell lies to win. This is meaningless.
7. Be always ready to apologies.

Christian life is centered on love of God and love of other people. Etiquette plays a vital role in following a good Christian life, also.

Presented by

**Revd. Salai David**
H.C.T.C., Yangon

ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | စာ | အမှား | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|
| ၁။ | ၂(ရောင်စုံ) | Saya Hillary Min Min (M.Th in Music) | (M.Th in Liturgy & Music) |
| ၂။ | ၅ | ရန်ကုန်ဖြန့်ချိရေးမှူး စထွန်းထွန်းဝင်း | စထက်အောင်သူ |
| ၃။ | ၁၃ | နောက်ဆုံးစာကြောင်း ဆင်ခြင်ဖို့တော့ကွယ် | ဆင်ခြင်ဖို့တော့လိုပြီကွယ် |
| ၄။ | ၂၁ | အမှတ် (၁၂) ချင်း(ခူမီး) | ချင်း (အရှိ) |
| ၅။ | ၂၂ | အမှတ်(၁၅)ဒုတိယမြောက်ရင်တွင်းစကားသည် အမှတ်(၄၅)မှရင်တွင်းစကားအဖြစ် ပြင်ဆင်ဖတ်ရှုရန် | |
| ၆။ | ၁၉ | အမှတ် (၂) ဂျူးလော့ကျောက်ထက် | ဂျူးလော့ကျော်ထိုက် |
| ၇။ | ၇၄ | (၂) (Envy) ဒုတိယပိုဒ် တတိယစာကြောင်း | ကိုယ်နှင့်စပ်ဆိုင်သောသူကို |
| ၈။ | ၉၁ | လေးပိုဒ်မြောက်စတုတ္ထမြောက်စာကြောင်းလက်တွေ့လက်ဆောင် | လက်တွေ့လုပ်ဆောင် |

# ပတ်ဝန်းကျင်ကပေးတဲ့ သင်ခန်းစာများ

## မောင်ကောင်းကြီး

နာရီလက်တံသည် ဓါတ်ခဲအား ရှိနေသရွေ့ ပုံမှန်လည်ပတ်နေသကဲ့သို့ ကျွန်တော်တို့လည်း ဘုရားပေးတဲ့ ခွန်အားရှိနေသေးသရွေ့ ဘုရားရှင် အမှုတော်လုပ်ငန်းမှာ ပါဝင်အသုံးတော်ခံသင့်တယ်။

ပန်းပွင့်လေးတွေတူကြပေမယ့် သင်းပျံ့တဲ့ရနံ့တွေကို ပေးစွမ်းနိုင်တဲ့အပွင့်လည်းရှိသလို ဆိုးရွားလှတဲ့ရနံ့လေး တွေထုတ်တဲ့ ပန်းပွင့်လေးတွေလည်းရှိသတဲ့။ ဒီအထဲမှာ ဘာရနံ့လေးမှ မပေးစွမ်းနိုင်တဲ့အပွင့်လည်း ရှိသတဲ့။ ကျွန်တော်တို့ကော၊ တစ်ပါးသူအတွက် ဘယ်လိုပုံသက်သေတွေပြမလဲ။ ကောင်းတာကို ပြကြမလား၊ ဆိုးတာကို ပြမလား။ ဒါမှမဟုတ် လောကကြီးကနေ တိတ်တဆိတ် ထွက်ခွာသွားမလား။

ခြသေ့်က တောမှာနေရင် ဘုရင်ဖြစ်ပေမယ့် တိရစ္ဆာန်ဥယျာဉ်ရဲ့ လှောင်အိမ်ထဲမှာရောက်သောအခါ သူတောင်းစား ဖြစ်သွားသတဲ့။ ကျွန်တော်တို့လည်း ရှိနေသင့်တဲ့နေရာမှာရှိနေဖို့ အရေးကြီးတယ်။ ဒါမှမဟုတ်ရင် တန်ဖိုးလျော့သွားနိုင်တယ်နော်။

သဇင်ပန်းလှတာကို လူတွေက မြင်ပေမယ့် သဇင်ပန်း ပွင့်လန်းရှင်သန်နိုင်ဖို့အတွက် မြေသြဇာပေးစွမ်းခဲ့တဲ့ အင်ကြင်းပင်ကို လူတွေက မမြင်ကြဘူး။ လိုအပ်ရင် ခုတ်ပစ်လိုက်သေးတယ်။ သူတစ်ပါးအတွက် လုပ်ပေးလိုက်လို့ သူတစ်ပါး ဂုဏ်တက်လာပေမယ့် သူ့အား ကူညီပေးခဲ့တဲ့ ကျွန်တော်တို့ကိုကျတော့ တစ်ခါတစ်ရံ လူတွေက မမြင် ကြဘူး။ မတော်ရင် အပြစ်တင်ခံရသေးတယ်။

ရေလိုက်ငါးလိုက်နေတာ ကောင်းပေမယ့် ရေကျလို့ ငါးမကျရင် ငါးဒုက္ခရောက်ပြီး သောင်ပြင်မှာ ဘဝဆုံး သွားနိုင်တယ်။ ကျွန်တော်တို့လည်း သူများလုပ်တိုင်းလိုက်လုပ်နေတာ တစ်ခါတစ်ရံ အဆင်ပြေပေမယ့် အကျင့်ပါသွားရင် ပြုပြင်ဖို့မလွယ်တော့ဘူး။ အဲဒါ သတိနဲ့ ဆင်ခြင်သင့်တယ်။

ရွာဦးဇရပ်ဟာ ညည့်သည်တွေနားခိုရန် ဆောက်လုပ်ထားပေမယ့် ခိုးသားဓါးပြတွေအတွက် ရိပ်သာဖြစ်သွား နိုင်တယ်။ ကျွန်တော်တို့က ကိုယ့်စိတ်ကူးနဲ့ကိုယ် ကောင်းတယ်လို့ထင်ပြီး လုပ်လိုက်ပေမယ့် ပတ်ဝန်းကျင်အတွက် အနှောင့်အယှက် ဖြစ်သွားနိုင်တယ်။

အောက်ချင်းငှက်၊ ခွေးတို့တွင်ရှိသော သစ္စာတရားသည် ခိုင်မြဲ၏။ ဖော်ပြပါသတ္တဝါတို့ထက် မြင့်မြတ်သော ကျွန်တော်တို့ လူသားတွေကော ဘုရားအပေါ်၊ အချင်းချင်းအပေါ် သစ္စာရှိကြရဲ့လား။

သိုးကလေးတွေက မိမိသခင်ရဲ့ ဝင်ငွေတိုးတက်ဖို့အတွက် အမွေးအားဖြင့် ပေးဆပ်ခဲ့တယ်။ ကျေးငှက်ဆပ် ခဲ့တယ်။ ကျွန်တော်တို့ကော ဘုရားရှင်ရဲ့ တပည့်တော်၊ ယုံကြည်သူတိုးပွားလာဖို့အတွက် ဘာတွေနဲ့ပေးဆပ်ခဲ့ပြီလဲ၊ ပေးဆပ်နေပြီလား၊ ဘာနဲ့ပေးဆပ်သွားမလဲ ··· စဉ်းစားဖို့လိုတယ်။□





Third Year



Final Year

# HOLY CROSS THEOLOGICAL COLLEGE (1935-2010)




# DIAMOND JUBILEE